# သပေမှသတ္တာ
# အပေဝရှုပေဟာနှင့်

မိုးမိုး(အင်းလျား)



# ၁

မြရင်စိန် ဈေးကိုရောက်တော့ ၁၀ နာရီကျော်ပြီ။ ဆိုင်အမိုးပေါ်မှ နေခြည်ပြောက်တို့သည်ပင် ထိုင်ခုံပေါ်သို့ ကျစပြုနေပြီ။ အရောင်းထိုင်း၍ ဆိုင်ဖွင့်နောက်ကျသော သူတို့အတန်းတွင် တစ်ဆိုင်နှစ်ဆိုင်မျှသာ မဖွင့်ရသေးဘဲ ကျန်တော့သည်။ သူ့ဘေးမှ အလတ်စတစ်စများရောင်းသော ဒေါ်ရွှေဥသည်ပင် သူ မလာတော့ဘူးထင်၍ သူ့ဆိုင်မှတန်းများပေါ်သို့ တစ်စ နှစ်စ လွှားတင်ထားနှင့်လေပြီ။ ထိပ်ဘက် ကက်ဆက်တန်းမှလည်း သီချင်းများကို အပြိုင်အဆိုင် ဖွင့်၍ နားကွဲလုမတတ် ရှိနေလေပြီ။

မြရင်စိန်သည် သံပတ်ပေးထားသော အရုပ်တစ်ရုပ်လို စတင် လှုပ်ရှားတော့သည်။ ပထမဆုံး ဒေါ်ရွှေဥဘက်လှည့်၍ ‘ဈေးဦးပေါက်ပလား’ဟု နှုတ်ဆက်လိုက်သည်။ ဒေါ်ရွှေဥက ထုံးစံအတိုင်း ခေါင်းခါပြလေသည်။ ‘ညည်းမလာတော့ဘူး မှတ်လို့’ဟု ပြောကာ၊ ဝါးလုံးတန်းပေါ်မှ လွှားထားသော ပိတ်စများကို ပြန်ယူသွားသည်။ မြရင်စိန်က ‘အစ်မ ကလေးက ညက ဂျီကျလွန်းလို့ အိပ်ရေးပျက်သွားတယ် အဒေါ်ရယ်’ဟု ပြောပြီး ဆိုင်ထိုင်ခုံမှ အံဖုံးတံခါးကို သော့ဖြင့် ဖွင့်သည်။ တံခါးရွက်လေးကို ရှေ့သို့တွန်းလိုက်ပြီး ဆိုင်ခုံအတွင်းသို့ ခြေနှစ်ချောင်းသွင်းကာ ဝင်လိုက်သည်။ ထိုင်ခုံလည်းဖြစ်၊

ပစ္စည်းများ သိမ်းဆည်း သိုလှောင်ရာလည်းဖြစ်သော သစ်သားဂိုဒေါင်ငယ်လေးအတွင်းမှ ပစ္စည်းများကို ထုတ်ယူသည်။ ပထမဆုံး ကြက်မွေးတစ်ချောင်းပါလာ၏။ အပေါ်သို့ ပစ်တင်လိုက်သည်။ နောက် ပုဆိုးစုတ်တစ်ထည်ထွက်လာသည်။ ခါးတစ်ဝက်ကို ကုန်းကာ ဆိုင်ခုံကို ကြက်မွေးဖြင့် လှည်းကျင်းသည်။ ပုဆိုးစုတ်ဖြင့် သုတ်သည်။ ပြီးတော့မှ အထုပ်များကို တစ်ထုပ်ပြီးတစ်ထုပ် ဆွဲတင်လေသည်။

သူ့ဆိုင်ကတော့ အထူးတလည် များများစားစား ခင်းကျင်းနေစရာမလို။ အချိန်ကြာကြာမယူရ။ သူ အဓိက ရောင်းသည်က လေယာဉ်မောင်ဗိုက်စများသာ ဖြစ်သည်။ ဆိုင်ပေါ်တင်တော့လည်း အခေါက်လိုက်။ သိမ်းတော့လည်း အခေါက်လိုက်။ တရိုကထ မများလှ။

ပုဆိုးစဖြင့် ထုပ်ထားသော အထုပ်ကို ဖြည်လိုက်သည်။ ခုံပေါ်တွင်ပုဆိုးစကို ခင်းသည်။ ပြီးတော့ ဗိုက်စများကို ခေါင်လိုက်တန်းစီကာ သားရေကြိုးဖြင့် ထိန်းပြီး ထောင်လိုက်သည်။ နောက်တစ်ထုပ်ကိုဖြည်ပြီး ကျန်အစများကို ဆက်၍ထောင်သည်။ လေးပေမျှသာရှိသော ဆိုင်ခန်းရှေ့မျက်နှာစာသည် လေယာဉ်မောင်ရောင်စုံတန်းဖြင့် ပြည့်သွားလေသည်။ ပြီးမှ လက်ကျန်ဖော့စ လေးငါးစကို နောက်ဘက် ဝါးလုံးတန်းပေါ် လွှားတင်လိုက်သည်။ သည်မျှနှင့် သူ့ဆိုင်ခင်းသည့်ကိစ္စ ပြီးပေပြီ။

ခေါင်းပေါ် မော့ကြည့်လိုက်တော့ ကြေးနန်းကြိုးဖြင့် ရစ်ပတ်ချိတ်ဆွဲထားသော ဘုရားအိုးကို မြင်သည်။ ပန်းသည့်ကောင်လေးက တင်ထားခဲ့ဟန်တူသော သပြေညွန့်နှစ်စီးကိုလည်း တွေ့ရသည်။ ဘုရားပန်း လဲရပေဦးမည်။ ပန်းအိုးကို မထုတ်ကာ ရေဘုံဘိုင်သို့ ထွက်ခဲ့ပြန်သည်။ ထိုစဉ် အုတ်လှေကားပေါ်မှ ဆင်းလာသော သောင်းထိုက်ကို သူ မြင်လေသည်။ သို့သော်မမြင်ဟန်ပြုကာ ရေဘုံဘိုင်ဆီသို့ ဆက်လျှောက်ခဲ့သည်။ သောင်းထိုက်က

သူ့လက်မှ ဖော့ရောင်စုံများကို မျှောမကျအောင် ထိန်း၍ကိုင်ရင်း သူ့အား လိုက်ကြည့်နေသည်ကို သူက လှည့်မကြည့်ဘဲနှင့် သိနေလေသည်။

ဘုရားဖိုးကိုကိုင်ပြီး ပြန်လာတော့ ဘောင်းထိုက်သည့် သူတို့ဆိုင်တန်း၏ ထိပ်ဆုံးဆိုင်ကို ရောက်နေသည်။ သူ့ကို လှည့်မကြည့်အားသေး။ ပိတ်စများကို တိုင်းပေးနေရသည်။ မြရင်စိန် ဆိုင်ပေါ်တက်ပြီး ဘုရားဖိုး လှမ်းချိတ်နေစဉ် တစ်ချက်လှည့်ကြည့်သည်။ မြရင်စိန်က တွန့်တက်သွားသော အင်္ကျီခါးစကို မသိမသာ ဆွဲချလိုက်သည်။ ပြီးမှ တစ်လက်စတည်း 'လေယာဉ်မောင်' ဟူသည့် ဆိုင်းဘုတ်လေးကိုပါ ချိတ်လိုက်လေသည်။

စိန်ဂျွန်းဈေးသည် တစ်စ တစ်စ လူစည်ကားစ ပြုလာသည်။ အပေါ်ဈေးမှာတော့ အတော်ပင် အလုပ်ဖြစ်နေကြရော့မည်။ မြရင်စိန်တို့ အောက်ဈေးမှာတော့ ဈေးဝယ်သူများကို လည်တဆန့်ဆန့်ဖြင့် မျှော်နေကြရသဲ။ ဈေးတစ်ဈေးထဲ ကတ္တရာလမ်းတစ်ခုသာခြားပေမည့် အခြေအနေချင်းကတော့ အလွန်ကွာသည်။ အပေါ်ဘက်မှာက ပို၍ ရောင်းကောင်းသည်။ လူပိုစည်သည်။ အပေါ်ဘက်က လျှံကျလာမှ စိတ်ကူးရ၍ ဆင်းလာပါမှ အောက်ဈေးက ဈေးသည်တွေ ရောင်းကြရလေသည်။

မြရင်စိန်တို့ဆိုင်တန်းက အောက်ဈေး အပေါ်ဘက်တန်း။ အပေါ်ဘက်တန်းသည် ထိပ်က ကက်ဆက်ဆိုင်တွေနှင့် ဆက်နေကြသည်။ ကက်ဆက်ဆိုင်တန်းက လူစည်ကားသည်။ အထူးသဖြင့်လည်း ကက်ဆက်ဝယ်သူတွေသာ ဆင်းလာတတ်ကြသည်။ ရောင်းသူတွေကလည်း အပြိုင်အဆိုင်ဖွင့်ပြကြ၊ ဝယ်သူတွေကလည်း ဖွင့်ခိုင်းကြ ရွေးကြနှင့် ဆူညံရှုပ်ထွေးနေတတ်သည်။ ထို့ကြောင့်လည်း အထည်ဝယ်သူတွေက တော်ရုံနှင့် သူတို့ကို ရှောင်တိမ်းပြီး ဝင်လာမနေတော့၊ ကွေ့ရှောင်ပြီး လူရှင်းရာဘက်မှ အောက်ဘက်သို့ ဆင်းသွားကြလေသည်။ သည်တော့လည်း မြရင်စိန်တို့မှာ ထိပ်ဘက်

နှင့် နီးပါလျက် ဈေးက ရောင်းမကောင်းတတ်၊ လူတစ်ယောက်စ နှစ်ယောက်စ ဆင်းလာသည်ဆိုလျှင်ပင် ဈေးခေါ် ရသည်မှာ အမော။

ဈေးဦး မပေါက်သေးပေမင့် အချိန်တန်တော့ ထမင်းက ဆာလာသည်၊ မော့ချွန်ဆိုင်မှ မမဆင့်တို့ ဂျင်းရွှန်ဆိုင်မှ ဒေါ်ခင်မြင့်တို့ပင် ထမင်းချိုင့်တွေကို ဖွင့်ရန် ပြင်နေကြပြီ။ မြရင်စိန်က ထမင်းချိုင့်ကို လှမ်းကိုင်မည် ပြုပြီးမှ သည်မနက် ဟင်း ပါမလာသည်ကို သတိရလေသည်၊

'ထမင်းစားတော့မလို့လား'

မေးလိုက်သူက သောင်းထိုက်၊ မြရင်စိန်က မော့မကြည့်ဘဲနှင့် သိသည်။

'မစားသေးပါဘူး'

ထမင်းချိုင့်ဆီမှ လက်ကိုရုတ်ရင်း မြရင်စိန်က ဖြေလိုက်သည်၊

'ဈေးဦးပေါက်ပလား'

'ဒီအချိန်လား ဝေးပါသေးရဲ့၊ ဘယ်နှနာရီ ထိုးပလဲ'

မြရင်စိန်က နာရီခေါင်းရှိ၍ ခေါင်းကိုပါ ခါယမ်းဖြေသည်၊

'ငါ့မှာ နာရီမှ မရှိတာ'

သောင်းထိုက်က ပြုံးဖြီးဖြီးနှင့် ပြောသည်။ သောင်းထိုက်မှာ အသားဖြူသော်လည်း လူက ဝိန်လွန်းသဖြင့် မွဲခြောက်ခြောက် ဖြစ်နေသည်။ ဆံပင်ရှည်၍ ပို၍ပင် ကြည့်ရခက်သေးသည်။ သို့သော် မျက်နှာက ချို၍ ခင်မင်ဖွယ်တော့ ရှိသေး၏။

'သူဌေးတွေပဲဟာ ဝယ်ပတ်ပေါ့ မော်လမြိုင်လည်း ခဏ ခဏ ရောက်နေတာပဲ'

'ဘယ်ကလာ၊ ငါ့ပိုက်ဆံ တစ်ပြားမှ မပါပါဘူးဆို၊ နင်ကလည်း သိသားနဲ့၊ ဒီတစ်ခါ မော်လမြိုင်သွားရင် နင် လိုက်မလား'

'တော်ပါပြီဟယ်၊ ငါ့ဟာငါ အေးအေးဆေးဆေး နေပါရစေ'

'နင်ပဲ ဈေးရောင်းမကောင်းဘူးဆို ညည်းညည်းနေပြီးတော့'

'ဒီလိုပဲပေါ့'

မြရင်စိန်တို့ စကား ကောင်းနေစဉ် ဈေးဝယ်သူ တစ်ယောက် နှစ်ယောက် ဆင်းလာသည်။ ထိပ်ဆုံးက ပါတိတ်ဆိုင်ကို ခဏရပ်ကြည့်ပြီး ဆက်လျှောက်လာသည်၊ မြရင်စိန်က စကားပြောနေပေမယ့် သူ့အလုပ်ကို သူ မမေ့၊ 'လာလေ ကြည့်ပါဦး၊ လေယာဉ်မောင်တွေ ရောင်စုံရှိတယ်'ဟု ပြောရင်း လက်ကလည်း သူ့ပိတ်စတွေပေါ် ဝဲပြလိုက်သေးသည်၊ သောင်းထိုက်ကပါ ဝယ်သူမြင်သာစေရန် သူ့ကိုယ်ကို ဘေးသို့ ယိုင်ပေးသည်၊ အမျိုးသမီး နှစ်ယောက်က တစ်ချက်သာ ငဲ့ကြည့်ပြီး ရှေ့သို့ ဆက်လျှောက်သွားလေသည်၊ သောင်းထိုက်က မြရင်စိန်ကို မျက်နှာချင်း ဆိုင်ပြန်သည်၊

'ဒီမှာ ထိုင်နေရတာထက်စာရင်တော့ တော်သေးတာပေါ့၊ ခုတလော ဈေးတွေကလည်းကျနေတော့ ရှုံးချည်းနေတာ ဘာလုပ်မလဲ'

သောင်းထိုက် အဒေါ် ဒေါ်ကြည် ဆင်းလာသည်ကို မြင်၍ မြရင်စိန်က မေးဆတ်ပြလိုက်သည်၊ သောင်းထိုက်က သူ့အဒေါ် လက်မှ အထုပ်ကို လှမ်းယူပြီး မြရင်စိန်ကို နှုတ်ဆက်သည်။ သူ့အဒေါ်ကလည်း မြရင်စိန်ကို 'ဈေးဦးပေါက်ပြီလား'ဟု ပြုံး၍ နှုတ်ဆက်သည်၊ မြရင်စိန်က ခေါင်းခါပြသည်၊

သူတို့တူဝရီး ထွက်သွားကြမှ မြရင်စိန်က ဝမ်းထဲမှ တကြွတ်ကြွတ် ဆာနေသည်ကို သတိပြန်ရလေသည်။ ချိုင့်လွတ်တစ်ခုကို ဖြုတ်ယူပြီး ဆိုင်အောက် ဆင်းလိုက်သည်၊

'အဒေါ်ရေ ခဏကြည့်လိုက်ပါဦး၊ မုန့်ဟင်းခါးသွားဝယ်မလို့'

'ဘေး ဘေး မစားရသေးဘူးလား ညည်း'

'မစားရသေးဘူး၊ အခေါ်တော'

'ခုနကပဲ စားလိုက်တယ်'

အောက်ဘက်ကို ဆင်းလာခဲ့ပြီး မုန့်ဟင်းခါးတစ်ပွဲ ဝယ်ရလေသည်။ စောစောစီးစီး ငွေတစ်ကျပ်တော့ ထွက်သွားပြန်ပြီဟု စိတ်ထဲမှ နှမြောလိုက်မိသေးသည်။ သို့သော် မတတ်နိုင်၊ ထမင်းတစ်လုတ်တော့ ဝင်ထားမှ တစ်နေ့ကုန် အောင် ထိုင်နိုင်မည်။

လူသွားလမ်းပေါ်မှာကျသော ထောင့်ဆိုင်များကတော့ ရောင်းနေကြရပြီ၊ လေယာဉ်မောင်ဈောင်းသည်ချင်းအတူတူ သူ့ဆိုင်က အရောင်းပိုစုံသော်လည်း၊ နေရာကောင်းရထားသူကသာ အရောင်းသွက်သည်၊ သူတို့မှာတော့ ဈေးဦးမပေါက်ဘဲ ပြန်ရသည့်နေ့တွေက မနည်းတော့၊ ခုတလော အထည်တွေ ဈေးကျသည့်ပြင် အရောင်းကလည်း ထိုင်းပါဘိခြင်း၊ ယခင်လကဆိုလျှင် ဆိုင်ရှင်ကို လုပ်ကျွေးလိုက်ရသည်နှင့် ဘာမျှမခြား၊ ဆိုင်ခန်းငှားခ တစ်ရာပေးလိုက်ရတော့ ခရီးစရိတ် စားစရိတ်ပင် အိတ်ထဲက စိုက်လိုက်ရသေးသည်၊ နေရာကောင်းကောင်းရဖို့ကို သုံးရာ လေးရာပေးပြီး ငှားချင်သော်လည်း သူ့မှာ မတတ်နိုင်၊ သူ့အစ်မနှင့် ခဲအိုမှာလည်း ငွေပိုက ရှိသည်မဟုတ်၊ နေရာကောင်းမှာ ပစ္စည်းကောင်းတင်ပြီး ရောင်းနိုင်ဖို့က ငွေ အရင်းအနှီး လိုသည်။ ငွေမြှုပ်ထားပြီး ချက်ချင်း ပြန်ရလိမ့်မည်ဟု ကံသေကံမ တွက်ထား၍ မရ၊

ထမင်း စားရသည်မှာလည်း စိတ်ကမဖြောင့်၊ ထမင်းစားမကောင်း ရသည့်အထဲ လူတွေ တမွှံမွှံကျလာသည်ဆိုလျှင်ပင် သူတို့အတန်းကို ဆင်းလာမည်လားဟု မျှော်ရသည်မှာ ထမင်းချိုင့်ဆီတွင် စိတ်က မရှိတော့၊ မိန်းကလေး ငယ်ငယ် ကျောင်းသူအရွယ်လေးတွေ ဝင်လာပြီဆိုလျှင် သူ့မှာ မျှော်လင့်ခြင်းဖြင့် အားတက်လာရသည်၊ သည်လို မိန်းကလေးတွေက လေယာဉ်မောင်

လုံချည်ကို အဝတ်များသည်။ ထမင်းချိုင့်ကို ခေါက်ချကာ 'လာ ညီမရေ လေယာဉ်မောင်တွေ ရောင်းစုံရှိတယ်'ဟု ပြောဖြစ်အောင် ပြောလိုက်ပြီးမှ ထမင်း ဆက်စား၍ရလေသည်။

မြရင်စိန် ထမင်းစား၍မပြီးခင်မှာ မိန်းကလေးနှစ်ယောက် အုတ်လှေကားမှ ဆင်းလာလေသည်။ အသက်နှစ်ဆယ်ဝန်းကျင်၊ ဆံပင်ရှည်ရှည်ကို ကျောပေါ် ဖြန့်ချထားကြသည်။ တစ်ယောက်က အလတ်စတစ်အင်္ကျီ ဝမ်းဆက် ဝတ်ထားသည်။ ဖိနပ်ဖြူဖြူပါးပါး စီးထားသည်။ နောက်တစ်ယောက်က ဇာအနက်ပွင့်နှင့် လုံချည်ပန်းရောင် ပြောင်၊ လေယာဉ်မောင်၊ နိုင်ငံခြားဖိနပ်အမြင့်ကြီး စီးထားသည်။ သူတို့ ဝတ်စားဆင်ယင်ပုံကို လျှပ်တစ်ပြက်အတွင်း ကြည့်ရှု မှတ်သားတတ်သည်က မြရင်စိန်၏ အကျင့်။

သူတို့ခမျာ သည်အတန်းကို ဝင်ချင်လွန်း၍ ထိပ်တွင် ပိတ်ရပ်နေသော ကက်ဆက်သမားများကို အတော်ပင် ရှောင်တိမ်းနေရသည်။ ဗိုလ်ကျော်တို့ကလည်း အလိုက်မသိတတ်။ သူတို့လိုရာ မဲနေပြီဆိုလျှင် မိန်းကလေးများကိုပင် ကိုယ်ရှိန်သတ်ပြီး လမ်းဖယ်ပေးဖို့ သတိမရချင်။ ထို့ကြောင့်လည်း တော်ရုံမိန်းကလေးများက သူတို့အတန်းကို မဝင်တော့ဘဲ ရှောင်သွားတတ်သည်။ မြရင်စိန်က ဗိုလ်ကျော်ကို စိတ်ထဲမှကျိန်ဆဲလိုက်ပြီး မိန်းကလေးနှစ်ယောက်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် လှမ်းကြည့်နေရသည်။

ရှောင်တိမ်းပြီး ဝင်လာသည့်ကြားကပင် ကောင်မလေးနှစ်ယောက်သည် ဗိုလ်ကျော့် တံတောင်ဆစ်နှင့် တိုက်မိလိုက်သေးသည်။ တစ်ယောက်သော မိန်းကလေးက ပါတိတ်ဆိုင်ရှေ့မှာရပ်ပြီး လျှားထားသော လုံချည်တစ်ထည်ကို လက်ညှိုးထိုးပြသည်။ ကျန်မိန်းကလေးက ခေါင်းခါပြသည်။ သူတို့ ဆက်လျှောက်လာကြလေသည်။ ထိုစဉ် မျက်နှာချင်းဆိုင်မှ မစပ်စု

ကြီးက 'လာလေ ညီမ၊ ဝိုင်စတွေ ကြည့်ဦးမလား၊ အနံ့ကြီးတွေ'ဟု လှမ်း၍ ခေါ်သည်။ မစပ်စုဟူသည်က မြရင်စိန်က ပေးထားသော နာမည်။ ဈေးတစ်ခုလုံး ဟိုဆိုင်ဝင် သည်ဆိုင်ထွက်ဖြင့် စကားအရောင်းအဝယ် လုပ်တတ်လွန်း၍ ဖြစ်သည်၊ မိန်းကလေးနှစ်ယောက်က တစ်ချက်မျှ ဝင့်ကြည့်ပြီး ဆက်လျှောက် လာလေသည်၊ သို့သော် မစပ်စုကြီး လှမ်းခေါ်လိုက်၍ ဟိုဘက်ရောက်သွားသဖြင့် သူ့ဆိုင်ရှေ့နှင့် ဝေးသွားသည်၊ သို့သော် လမ်းက ကျဉ်း၍ တော်ပါသေးသည်၊

'လေယာဉ်မောင်တွေလေ၊ အရောင်စုံတယ် ကြည့်ပါဦး'

မြရင်စိန်က ကိုက်တံလေးဖြင့် သူ့ပိတ်စများကိုခေါက်ရင်း လှမ်းခေါ်လိုက်သည်၊ မိန်းကလေးနှစ်ယောက် ကပ်လာသည်၊

'ကိုယ်ပြောတာ ဒီအရောင်လေးပေါ့'

တစ်ယောက်က သခွေသီးမှည့်ရောင်လေးကို လက်ညှိုးထိုးပြီး ပြောသည်၊ အကင်းပါးသော မြရင်စိန်က သွက်သွက်လက်လက် ဆွဲထုတ်ပြီး ဖြန့်ပြလိုက်သည်။

'အို နေပါစေ၊ မထုတ်ပါနဲ့'

တစ်ယောက်က တားသည်၊

'ကြည့်ပါ ရပါတယ်၊ တခြား အရောင်တွေလည်း ရှိတယ်လေ'

'တစ်ကိုက် ဘယ်လောက်လဲ'

တစ်ယောက်က မေးသည်။

'ဈေးအေး တစ်ခါတည်းပြောမယ်နော်၊ နှစ်ဆယ်နဲ့ပဲယူ၊ သူက အရောင်ကောင်းလို့ တခြားဟာတွေဆိုရင် ဆယ့်ရှစ်ကျပ်လည်း ရတယ်'

ဈေးချင်လွန်း၍ မဆစ်ခင်ကပင် လျှော့ချလိုက်သည်။ တစ်ယောက်က ဝယ်ချင်ပုံရနေသည် မဟုတ်လား။

'အို ဈေးတွေကျနေတဲ့ဟာ၊ ဆယ့်ခြောက်ကျပ် မရဘူးလား'

မြရင်စိန် အကြီးအကျယ် စိတ်ပျက်သွားသည်။ ခက်သည်။ လူတွေက သတင်းကြားနှင့် ဈေးတွေကျနေတယ်ချည်း ပြောပြောနေသည်၊ ဈေးရောင်းရသည်မှာ စိတ်ညစ်စရာ ကောင်းလှသည်၊ တကယ်တော့ သူတို့ ထင်သလောက် ဈေးက မကျ။ ဒိုင်မှာ ၁၉ ကျပ် အတိ ပေးခဲ့ရသော ပိတ်ကို ၁၆ ကျပ်နှင့် သူတို့မှိုလို့ ဆစ်ရက်ပလေ။

'မရပါဘူးရှင်၊ ဒါလောက် ခွာမပြောပါဘူး၊ ဈေးဦးမပေါက်သေးလို့ပါ၊ နောက်ဆုံး လိုချင်ရင် ဆယ့်ကိုးခွဲနဲ့ ယူသွား၊ ဒါ့ထက်တော့ လျှော့လို့ မဖြစ်ဘူး'

မြရင်စိန်က အပြတ် ပြောရတော့သည်။

'ဒီလိုဆိုလည်း အတော်ပဲထားလိုက်ပါ'

ပယ်ချင်သည့် မိန်းကလေးကလည်း အပြတ်ဆိုလိုက်ကာ လှည့်ထွက်တော့မည်ဟန် ပြင်သည်။ ကျန် မိန်းကလေးကလည်း 'ကြည့်ဦးမယ်' ဟူသော သဘောဖြင့် ဆက်လျှောက်သွားသည်။ မြရင်စိန် စိတ်မောရပြန်သည်။ မတတ်နိုင်။

ထမင်းစားပြီးသော် အိပ်ငိုက်စ ပြုလာသည်။ နေကလည်း ပူပြင်းလှသည်။ သွပ်မိုးတိုဖောက်၍ မှန်တပ်ထားသော အပေါက်မှ နေရောင်ခြည်သည် ဆိုင်ပေါ်သို့ တည့်မတ်စွာ ကျရောက်နေသည်။ သွပ်အောက်မှ မိုးထားသော ဝါးကပ်သည်လည်း နွေလ၏ အပူရှိန်ကို ကာကွယ်နိုင်စွမ်း မရှိတော့။

အိပ်ရေးပျက်ခဲ့သည့်ဒဏ်ဖြင့် မျက်လုံးများ ကျိန်းစပ်လာသော်လည်း တစ်မှေးမှေးဖို့ကိုပင် စိတ်မကူးဝံ့။ ဈေးရောင်းပါးချိန်တွင် တချို့ဈေးသည်များ တစ်ရေးအိပ်လေ့ရှိကြသော်လည်း မြရင်စိန် မည်သည့်အခါမျှ မအိပ်။

သူ တစ်မှေးငိုက်နေစဉ် ဝယ်မည့်သူ တစ်စုံတစ်ယောက်က သူ့ဆိုင်ကို မမေးတော့ဘဲ ကျော်လွှားသွားမှာ စိုးလှသည်။ ထို့ကြောင့်လည်း ဆီးသီး တစ်ထုပ်ကို ဝယ်စားပြီး သူ အားတင်း နေလေသည်။

ဆိုင်ရှေ့မှ မစပ်စုကြီးကတော့ ဆိုင်တကာ လှည့်စပြုပြီ။

'မေ့ညီး မပေါက်သေးဘူးလား၊ ဒီအစလေးက ဒီလို ခင်းပါလား၊ ဒါမှ အမြင်လှမှာပေါ့' စသည်ဖြင့်လည်း လိုက်၍ ဆရာလုပ်နေသည်။ သူ့ ယောကျ်ားက ရုပ်ရှင်ရုံတစ်ရုံတွင် လုပ်နေ၍ အပိုဝင်ငွေမည်မျှရကြောင်း လည်း ကြွား၍နေသည်။ သူ့ဆိုင်က အစတွေမှာ တစ်လနေ၍မှ ၁၀ ကိုက် ပြည့်အောင် မရောင်းရတတ်သော်လည်း သူ့ခေါင်းပေါ်မှာတော့ အဆင်သစ် အဆင်ဆန်းများသာ အမြဲ မြင်ရသည်။ သူ ရောင်းရသည်ထက် သူ ဝယ်ဝတ်သည်က များနေ၍ သူ့ယောကျ်ား ဝင်ငွေကောင်းသည်ဆိုခြင်းမှာ ဖြစ်နိုင်ပေသည်။

ဒေါ်ရွှေဥကတော့ သဘောကောင်းသည်။ အေးလည်း အေးဆေး သည်။ ကူလည်း ကူညီတတ်သည်။ သူ မရောင်းရပေမင့် သူများ ရောင်းရ လျှင် သူ ဝမ်းသာသည်။ 'အာလိုချင်လို့လဲ ဟိုဘက်ဆိုင်မှာ ရှိတယ်လေ' ဟုလည်း ရောင်းရစေချင်သည့် စေတနာဖြင့် ခေါ်ပေးတတ်သည်။ မြရင်စိန် ၏ ဘယ်ဘက်အေးက ဆိုင်ကတော့ ဆိုင်လွတ်။ ငှားထားသူက ရောင်း မကောင်း၍ ဆိုင်ပေါ်တွင် မရောင်းတော့၊ ပိတ်များကို အပြင်ဘက် လမ်းဘေးမှာ သွားပုံ၍ ရောင်းသည်၊ သူ့နည်းက ရောင်းရသော်လည်း အေးရန်မကောင်းလှ၊ အဆင်မသင့်လျှင် ပြေးရ လွှားရ ရှောင်ရ တိမ်းရ၊

ပါတီတ်ဆိုင်က လင်မယားနှစ်ယောက်ကတော့ အေးအေးဆေးဆေး အချိုကြီးသမားတွေ။ အထည်ကောင်းကို ကိုင်သည်၊ ဈောက်သည်ပေး သည်။ သို့သော် အပေါ်ဈေးမှာလောက် အလုပ်မဖြစ်။ အပေါ်ဈေးမှာ

တော့ ၁၀ ရပ်ကွက်ဈေးလိုပင် ဒိုင်တွေ ရှိသည်။ အရောင်းအဝယ် ဖြစ်သည်။

သူတို့ဘက်မှာ ကောင်းကောင်းရောင်းဝယ်နေသည်ကတော့ ကက်ဆက်သမားတွေ။ သူတို့ကတော့ လည်လည်း လည်သည်၊ ရှုပ်လည်း ရှုပ်သည်၊ အသစ်၊ အဟောင်း၊ အကောင်း၊ အညံ့ ဝယ်သူကိုကြည့်ပြီး ရောင်းသည်၊ အထူးသဖြင့်တော့ အသံသွင်းပြီးသား တိပ်ခွေများက သူတို့အတွက် တွက်ခြေကိုက်လေသည်။ တစ်ခွေကို မရဘူးဆိုလျှင် တစ်ဆယ် အနည်းဆုံး။

ကက်ဆက်လောကမှာတော့ ဗိုလ်ကျော်တို့က ဖွံ့၊ ကိုယ့်ဆီမှာ ပစ္စည်းမရှိလျှင်လည်း သူများပစ္စည်းကိုဆွဲကာ ကြားထဲက အမြတ်ရအောင် ရောင်းတတ်သည်။ သူသည် တစ်နေရာတည်းမှာ အတည်တကျ ထိုင်မနေ။ ကက်ဆက်တန်းတစ်လျှောက် ဟိုသည်ကူးကာ လက်ပြောင်းလက်လွှဲလုပ်ကာဖြင့် သူ့အတွက်ကျန်အောင် ဖန်နေတတ်သည်၊ သူများ အရောင်းအဝယ်လုပ်နေလျှင်လည်း သူက ဝယ်သူဘက်မှ အသာရစေသလိုလို၊ ရောင်းသူဘက်မှ အကွက်ဝင်စေသလိုလိုနှင့် ဒလန် ဝင်လုပ်တတ်သည်၊ သို့သော်တော်ရုံ စဉ်းစားတွေဝေနေသူများက သူ့ကြောင့် မြန်မြန်ဈေးတည့်သွားတတ်သဖြင့် သူ့ကို အားကိုး နေကြရလေသည်။

ဗိုလ်ကျော်က သောင်းထိုက်ထက်တော့ ရုပ်ဖြောင့်သည်၊ အရောင်းအဝယ် လုပ်နေကြသူချင်းတူတူ ဗိုလ်ကျော်က တစ်ပန်းသာသည်။ ဗိုပြီးဝတ်နိုင် သုံးနိုင်သည်။ ရှိုးဖြောင့်သည်ဟု ဆိုရပေမည်၊ သို့သော် မြရင်စိန်ကမူ ဗိုလ်ကျော်ကို သောင်းထိုက်လောက် မခင်မိပေ၊ ဗိုလ်ကျော်ကလည်း မြရင်စိန်ကို တစ်ခါတစ်ရံ ပရောပရည် လုပ်တတ်သော်လည်း သိပ်အလေးထားပုံ မရချေ။

သောင်းထိုက်ကတော့ မြရင်စိန်ကို စိတ်ဝင်စားသည်မှာ ထင်ရှား လှသည်။

မြရင်စိန် အတွေးကောင်းနေဆဲ လူကြီးတစ်ယောက် ဝင်လာသည်၊ လက်ထဲမှာလည်း ပိတ်စငယ်တစ်စ ကိုင်ထားသည်၊ မြရင်စိန်ဆီကို တန်းတန်း မတ်မတ် ရောက်လာသည်၊ တန်တော့ ရှပ်အင်္ကျီစ ဝယ်မည် ထင်ပါရဲ့၊ သို့မဟုတ်လျှင်လည်း အိမ်က အမျိုးသမီးအတွက် ဝယ်မည် ထင်သည်၊ အရောင်ချင်း တိုက်ကြည့်ဖို့ အင်္ကျီစလေးကို ထည့်ပေးလိုက်ဟန်တူသည်၊

'လာလေ၊ ဘာရောင်လိုချင်လို့လဲ'

မြရင်စိန် ခရီးဦးကြိုပြုလိုက်သည်၊

'ဒီအရောင်မျိုး ရှိလား'

သူ ပြသည်က သက်နုံးရောင်၊ ခုခေတ် မိန်းကလေးတွေကလည်း အရောင်ဆန်းဟူသမျှ မျိုးစုံအောင် ဝတ်တတ်သည်။ မြရင်စိန်က အနီးစပ်ဆုံး အစကို ဆွဲထုတ်ပြလိုက်သည်၊

'ဒီ အရောင်လား'

'မဟုတ်ဘူး ဒီအရောင်အတိုင်း လိုချင်တာ'

'အဲဒီ အရောင် အတိအကျတော့ မရှိဘူး၊ ဒီအရောင်လေးနဲ့လည်း လိုက်သားပဲ'

'ဟင့်အင်း၊ ဘုန်းကြီးက ဒီအရောင် သေသေချာချာ မှာလိုက်တာ၊ သင်္ကန်းချုပ်ဖို့'

'ဪ၊ လေယာဉ်မောင်ထဲမှာတော့ ဒီအရောင် မရှိပါဘူး'

'လေယာဉ်မောင် မဟုတ်ဘူး ဖော့စ ဝယ်ခိုင်းတာ'

မြရင်စိန် စိတ်မော သွားသည်၊ ဒီလူနှယ် ကြောင်လိုက်ပါဘိ။ လေယာဉ်မောင်ရောင်းသည့်ဆိုင်မှာ ဖော့လာရှာသည်၊ ထိုသူထွက်သွားမှ

နောက်ဘက်တွင် လက်ကျန်ဖော့စလေးများ ချိတ်ထားသည်ကို သတိရ လေသည်။

ညနေစောင်းလာ၍ လူစည်ကားလာသည်။ အောက်ဘက်ကို ဆင်းလာ သူတွေလည်း အတော်များလာသည်။ ပါတိတ်ဆိုင်၊ အလတ်စတစ်ဆိုင်၊ ဖော့ရုပ်ဆိုင်တွေ ဈေးဦးပေါက်ကုန်ပြီ။ သို့သော် များများစားစား မဟုတ်။ တစ်ကိုက်စ၊ နှစ်ကိုက်စ၊ မစပ်စုကြီးနှင့် သူတော့ ဈေးဦးမပေါက်သေး။ ပွကလည်း ပွ၊ ဘိုက်ကလည်း ဘိုက်လှပြီ။ အအေးတစ်ခွက်လောက် သောက် ချင်သော်လည်း မသောက်တော့။ ပုလင်းထဲမှ ရေကိုသာ ခွက်ထဲ မထည့် တော့ဘဲ မော့ချလိုက်သည်။

လူတွေ တဖွဲဖွဲဝင်လာသည်။ မိန်းမကြီးတစ်ယောက်နှင့် ကောင်မလေး တစ်ယောက် သူ့ဆိုင်ရှေ့မှာ ရပ်လေသည်။ သူက ထုံးစံအတိုင်း ဖိတ်ခေါ်ပြီး ဝိတ်စတွေပေါ် လက်ဖြင့် ငေ့ပြသည်။

'သမီး ဘာရောင်ယူမှာလဲ'

မိန်းမကြီးက ကောင်မလေးကို မေးသည်။

'အပြာနုလေ'

မြရင်စိန်က အပြာနုရောင် နှစ်ရောင်ရှိသည့်အနက် နှစ်မျိုးစလုံးကို သွက်သွက် လက်လက် ဆွဲထုတ်လိုက်သည်။

'ဒီအရောင်လေး ကောင်းသားပဲ'

မိခင်ဖြစ်သူက ကြည်ပြာနုလေးကို လက်ညှိုးထိုးပြလိုက်သည်။ သမီး ဖြစ်သူက အနည်းငယ် ပိုရင့်သောအရောင်ကို ကိုင်လိုက်သည်။

'တစ်ကိုက် ဘယ်လောက်လဲ'

'နှစ်ဆယ်ပါ ရောင်းဈေးပဲ၊ ပိုမပြောတော့ဘူး'

မိန်းမကြီး မျက်မှောင်ကြုတ်သွားသည်။

'ဆယ့်ရှစ်ကျပ် မဟုတ်ဘူးလား၊ တခြားဆိုင်တွေမှာ ဆယ့်ရှစ်ချည်းပဲ'

'မရပါဘူးရှင်၊ အရောင်လိုက်လို့ပါ၊ ဟောဒီ အရောင်တွေဆို ဆယ့်ရှစ်ရတယ်၊ ဒီလို အရောင်ရင့်တွေဆိုရင် နှစ်ဆယ်၊ ဒါဆိုရင် ဆယ့်ကိုး၊ ကျွန်မတို့ ယူရတာကိုက ကွာတယ်'

မြရင်စိန်က ပန်းရောင်နှင့် နက်ပြာတို့ကို ထိုးပြရင်း ရှင်းပြသည်၊

'ဒီအရောင်က သိပ်မှ မရင့်တာ'

တောင်မလေးက ပြောသည်။

'ကဲကွယ်၊ ဈေးဦးပေါက် ဆယ့်ကိုးခွဲနဲ့ယူ'

သားအမိနှစ်ယောက် အင်တင်တင် လုပ်နေသည်။ မြရင်စိန်ကလည်း ရောင်းချင်လှပြီ။

'ကဲ ကဲ ဆယ့်ကိုးနဲ့ပဲယူ၊ အဲဒါ တစ်မတ်ပဲမြတ်တယ်၊ ဈေးရောင်း မကောင်းလို့'

သားအမိနှစ်ယောက် သဘောတူသွားသည်၊

'ဘယ်လောက်ဖြတ်မလဲ'

'လေးတောင် တစ်မိုက်'

ပိတ်စက များများ မရှိ၊ မြရင်စိန်က ကိုက်တံနှင့် ဆွဲကြည့်သည်။ လေးတောင် တစ်ထွာ ရှိသည်။

'လေးတောင့်တစ်ထွာရှိတယ်၊ ယူလိုက်နော်'

'ဟင့်အင်း၊ လေးတောင်တစ်မိုက်ပဲ ယူမယ်၊ ဒါတောင် ပိုယူထားတာ'

ခက်ပြီ၊ လေးတောင်တစ်မိုက်ဖြတ်လိုက်လျှင် ကတ်သီးကတ်သတ် တစ်မိုက် ကျန်နေမည်။ တစ်မိုက်ထဲတော့ ရောင်းလို့ရမည် မဟုတ်တော့။

ပိတ်က ဆယ်ကိုက်တစ်မျှ သုံးလေးကျပ်လောက် မြတ်သည်၊ အလွန်ဆုံး မြတ်မှ ငါးကျပ်။ တစ်မိုက် အဆုံးခံရလျှင် ဘာမျှ မကျန်တော့။

'တစ်မိုက်တည်းကျန်ရင် ပုပ်သွားမှာစိုးလို့ပါ ညီမရယ်၊ အကုန်ပဲ ယူလိုက်ပါနော်'

ကောင်မလေးက ခေါင်းခါသည်။

'ကဲ ဒီလိုဆိုလည်း တခြားမှာ ရှာဦးမယ်'

အမေကြီးက ပြန်ထွက်ဖို့ ပြင်သည်။

'နေပါဦး၊ လေးတောင်တစ်မိုက်လိုချင်ရင် ဒီအရောင်ထဲက ယူပါလား'

မြရင်စိန်က ကြည်ပြာနုကို ထိုးပေးသည်။

'ဟင့်အင်း၊ ဒီအရောင်ပဲ ကြိုက်တယ်'

ကောင်မလေးက မလျှော့။

'ကဲ၊ လာ လာ'

မိန်းမကြီးက လောဆော်သည်။

မြရင်စိန် စိတ်ပျက်ရပြန်သည်၊ သက်ပြင်းချကာ ပိတ်စ နှစ်စကို သားရေကြိုးစည်းထဲ ပြန်သွင်းလိုက်ရလေသည်။

လူတွေကတော့ တသဲသဲ လာနေဆဲ။ မြရင်စိန်တို့အတန်းကို ဝင်လာသူလည်း ရှိသည်၊ ကျော်သွားသူလည်း ရှိသည်၊ လှည့်ကြည့်သူလည်း ရှိသည်၊ မကြည့်ဘဲ လျှောက်သွားသူတွေလည်း ရှိသည်။ ဈေးမရောင်းရသည့်အထဲ ဗိုလ်ကျော်တို့ ကက်ဆက်သံတွေကလည်း ဆူလှသည်။ ဖွင့်လိုက်ကြသည်မှာ အပြိုင်အဆိုင်၊ ဝယ်သူလာလျှင် ဓာတ်ထုပ်တွေဖွင့်ပြ၊ တရားခွေတွေ ဖွင့်ပြ၊ ရယ်စရာဓာတ်လမ်းတွေ ဖွင့်ပြနှင့် ဆူညံနေသည်။ မြရင်စိန် စိတ်ပျက်လက်ပျက် ထိုင်နေသည်ကို ကြည့်ပြီး ဗိုလ်ကျော်က သီချင်းတစ်ခွေ ပြောင်းဖွင့်သည်။

'ဒီက ချစ်လိုက်ရတာ မင်း အသိဆုံးပါ မောင့်ရင်ထဲက လာမင်းငယ်'

ဗိုလ်တော့်က သီချင်းကိုလိုက်ဆိုရင်း မြရင်စိန်ကို လှမ်းကြည့်သည်၊ မြရင်စိန် မျက်နှာ လွှဲပစ်သည်။ ကောင်မလေး ဖြူဖြူချောချောလေး တစ်ယောက် ဆင်းလာလေသည်။ ကောင်မလေးက လေယာဉ်မောင် သစ်ရွက် စိမ်းရောင်ကို အထက်အောက် ဆင်တူ ဝတ်ထားသည်၊

မြရင်စိန် ထင်သည့်အတိုင်းပင် သူ့ဆိုင်ရှေ့မှာ ရပ်သည်၊

'တစ်ကိုက် ဘယ်လောက်လဲ'

ခရမ်းရောင်လေးကို လက်ညှိုးထိုးပြီး မေးသည်။

'ဆယ့်ကိုးနဲ့ယူသွား ညီမ'

ဈေးခေါ်ကို တစ်ခါတည်း ပြောလိုက်သည်။ ပါးစပ်အညောင်း မခံချင်တော့။ ကောင်မလေးက ဘာမျှမပြောဘဲ ဆက်လျှောက်သွားသည်။

'လာပါဦး၊ ဘယ်လောက်ရမှ ယူမှာလဲ'

မြရင်စိန် စိတ်အနည်းငယ်တိုသွား၍ လှမ်းအော်လိုက်သည်။ ကောင်မလေးက လှည့်မကြည့်။ 'ဈေးတည့်အောင်ပြောဦးမှပေါ့'ဟု မြရင်စိန်က တစ်ခွန်းထပ်အော်မှ 'မေးကြည့်တာပါ'ဟု ပွင့်တပွင့် လှည့်ပြောသည်၊ ဈေးရောင်းရသည်မှာ အောက်တန်းကျလိုက်ပါဘိ။

'တချို့ကလည်း ကိုယ့်ဆိုင်မှာမေးပြီး တခြားဆိုင်မှာ သွားဝယ်တာ၊ တချို့ကလည်း မဝယ်ဘဲနဲ့ လျှောက်မေးနေတာ'

ဘေးမှ ဒေါ်ရွှေညက လှမ်းပြောသည်၊

မြရင်စိန် စိတ်ပျက်လာပြီ။ အကြွေးဆယ်ပြားယူပြီး အိမ်သာဘက် ထွက်ခဲ့သည်။ အကြောင်းမထူးမှန်း သိသည့်တိုင် ပြန်ရောက်ရောက်ချင်း ဒေါ်ရွှေညကို 'ရောင်းရလား'ဟု မေးလိုက်သေးသည်၊ ဒေါ်ရွှေညက ရယ်ပြီး ခေါင်းခါပြလေသည်၊

တဖြည်းဖြည်း အချိန်လင့်လာလေပြီ။ ဈေးသန့်ရှင်းရေးသမားတွေ ပင် ဖလားကိုယ်စီဖြင့် ဝင်လာကြပြီ၊ မြရင်စိန်က ဆယ်ပြားစေ့ကို အသံမြည်အောင် ပစ်ထည့်လိုက်သည်၊ 'ဈေးဦးတောင် မပေါက်သေးဘူး'ဟုလည်း ပါးစပ်မှ မလိုတမာ ရေရွတ်လိုက်သေးသည်။

ငါးနာရီကျော်ပြီဆိုတော့ မျှော်လင့်ချက်မရှိတော့။ ရုံးဆင်းသမားတွေ ကုန်ပြီ၊ သောင်းထိုက်တို့ တူဝရီးပင် လာနေကြပြီ၊ သူတို့က ဆယ်ရပ်ကွက်ဈေးနှင့် စိန့်ဂွန်းဈေးကို ကူးနေသူတွေ၊ မနက် အထည်လာပို့သည်။ ညနေငွေသိမ်းသည်။ အကြွေးပေးသည်၊ သည်က ဈေးသည်တွေက ဒိုင်ကို သွားစရာ မလိုတော့၊ သူတို့ဆီမှယူလျှင် စရိတ်ငြိမ်းသည်၊

သောင်းထိုက်က မြရင်စိန့်ကို အရင်ဆုံး ဦးတိုက်ပြီး ဝင်သည်။

'ဘယ်လိုလဲ'

မြရင်စိန်က နှုတ်ခမ်းမဲ့ပြလိုက်သည်၊

'ဒါကြောင့် ပြောတာပေါ့၊ နင် မော်လမြိုင်ကို လိုက်ခဲ့ဖို့ကောင်းတယ်'

'ဆိုင်ကို ဘယ်သူနဲ့ထားမလဲ'

'တစ်လလောက် ပြန်ငှားလိုက်ပေါ့၊ ဟိုမှာ အဆင်ပြေရင် ပြန်အပ်'

'နင်ပြောတော့ လွယ်လိုက်တာ၊ ဒီမှာ ကျန်တာတွေ ဘယ်လိုလုပ်မလဲ၊ ငါ့အစ်မကလည်း လွှတ်မှာ မဟုတ်ပါဘူး' ·

သူ့အခေါ် လှမ်းခေါ်၍ သောင်းထိုက် ထွက်သွားလေသည်၊ မြရင်စိန်က သက်ပြင်းကို ချလိုက်သည်၊

ဒီနေ့လည်း ဈေးဦးမပေါက်ဘဲ ပြန်ရဦးမှာပါလား။

❑

# ၂

မြရင်စိန်တို့ ဘဝကတော့ စုံခဲ့ပြီဟု ဆိုရမည်။ ကလေးထိန်း အိမ်ဖော်ဘဝ၊ ဟင်းရွက်သည်ဘဝ၊ ဂိုလ်ချုပ်ဈေး ပုံကျဈေးသည်ဘဝ၊ လေဟာပြင်ဈေးသည်၊ ထိုမှသည် ယခု စိန်ဂျွန်းဈေးသည်။ အသက်နှစ်ဆယ်အတွင်းမှာ ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည်။

မြရင်စိန်တို့ ညီအစ်မကို အထက်အညာ မြို့ကလေးတစ်မြို့မှာ မွေးခဲ့သည်။ မိဘများကတော့ သာခန် လက်လုပ်လက်စားဝင်။ ဖခင်မှာ အရပ်လက်သမားတစ်ဦး။ မြရင်စိန် အသက် ဆယ်နှစ်ခန့်အရွယ်မှာ မကျွပ်တစ်ခု ဆောက်စဉ် ပြုကျ၍ ခြေထောက်မှာ ဒဏ်ရာရသွားသည်။ အဖေ အလုပ်မလုပ်နိုင်တော့ အမေက မိန်းမတို့ကျွမ်းကျင်ရာ အလုပ်တစ်ခုအဖြစ် ဈေးထွက် ရောင်းသည်။ နှစ်နှစ်ခန့်အကြာမှာ အဖေ ဆုံးလေသည်။

အသက် ဆယ့်နှစ်နှစ်အရွယ်မှာပင် ဘဝအလှည့်အပြောင်းနှင့် ကြုံခဲ့ရသည်။ တစ်သက်တာ မမေ့နိုင်သော အဖြစ်ကလေးတစ်ခုဝါပင်။

'ညည်းတို့လည်း ဆင်းရဲလှတယ်အေ၊ ကလေးလည်း စားရတာတောင် မဝတာ၊ ခုကြည့် လူရုပ်တောင် မပေါ်တော့ဘူး ဟိုမှာ ဘာပဲပြောပြော ထမင်းတော့ ဝဝ စားရမှာပဲ'

ပြောလာသူက ဆွေမျိုးဆိုလည်း ဟုတ်၊ ကျေးဇူးမကင်းသူလည်း ဖြစ်သော အရီး ခေါ်သဲပင်။ အရီးက မန္တလေးကို မကြာခဏ ရောက်သည်။

အရိုးနှင့်ခင်မင်သော ကုန်သည်အိမ် တစ်အိမ်က ကူဖော်လောင်ဖက် မိန်းကလေးတစ်ဦး လိုချင်သည်ဆိုကာ အရိုးကို ရှာခိုင်းသည်။ အရိုးက မြရင်စိန်ကို သတိရသည်၊

အမေ့မှာ အဖေ ဆုံးပြီးကတည်းက ရပ်ရွာ အကူအညီဖြင့် သမီး နှစ်ယောက်ကို ကျွေးမွေးနေရသည်၊ အစ်မ မြရင်ကြည်ကတော့ အပျိုဘော် ဝင်စအရွယ် ဆယ့်ခြောက်နှစ်ရှိပြီ ခုနစ်တန်းမအောင်ခင် ကျောင်းမှထုတ် လိုက်ရသည်၊ အမေ့ကို ဈေးကူရောင်းသည်၊ ပွပြင်းသော အညာနေ အောက်တွင် မိန်းမသားချည်းသာဖြစ်သော အမေတို့ သားအမိသုံးယောက် မှာ ထမင်းဝရုံမျှကိုပင် ပင်ပန်းကြီးစွာ ရုန်းကန် နေရလေသည်၊

မန္တလေးမြို့ပေါ်မှာ နေရမည်ဆိုတော့ ကလေးအရွယ်သာ ရှိသေး သော မြရင်စိန်အဖို့ စိတ်ဝင်စားဖွယ် ဖြစ်၍နေလေသည်။

'ဘာမှလဲ ပင်ပင်ပန်းပန်း မလုပ်ရပါဘူးဗျာ၊ ကလေးထိန်းရုံတင်ပါ'

အမေကတော့ သမီးလေးကို သူတစ်ပါးအိမ်မှာ အခိုင်းအစေ အဖြစ် မထားချင်၊ မထားရက်ပေ။ မျက်ရည်ဝဲ၍ နေလေသည်။

'ဘယ်လိုလဲ လုံမလေး၊ မန္တလေးကိုလေ၊ အရိုးနဲ့လိုက်မယ် မဟုတ် လား၊ အိမ်အကျယ်ကြီးနဲ့နေရမှာ၊ ထမင်းလည်း ဟင်းကောင်းကောင်းနဲ့ စားရမယ်၊ မုန့်တွေလည်း စားရမယ်'

အရိုးက မြရင်စိန်ကို လှည့်၍ စည်းရုံးလေသည်။

'လိုက်မယ် အရိုးသဲ့ အင်္ကျီအသစ်လည်း ချုပ်ပေးရမယ်'

ဆယ့်နှစ်နှစ်သာရှိသေးသော မြရင်စိန်သည် မိန်းကလေးပီပီ လှချင် တတ်နေပြီ။ အသစ်အဆန်းကို မက်မောတတ်ပြီ။ အတွေ့အကြုံသစ်ကို စူးစမ်းချင်ပြီ။

မြရင်စိန်ကပါ လိုက်ချင်သည်ဆိုတော့ အမေက ရှည်ရှည်ဝေးဝေး မတားတော့။ လောလောဆယ်ပင် အမိုးက ငွေတစ်ရာထုတ်ပေးသည် ဆိုတော့ အမေ့ရင်က မချိသော်လည်း မငြင်းတော့ပြီ။

'သူက ဘာမှ လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး ခေါ်သွဲရယ် ဖြစ်ပါ့မလား။ တော်ကြာ တလေး အရိုက်အပြု ခံနေရမှဖြင့်'

အမေက စိုးရိမ်စွာ ပြောရှာသေးသည်။

'အိုအေ၊ သူတို့က ဒီလို မဟုတ်ပါဘူး။ သဘောကောင်းပါတယ်၊ ငါကလည်း ညည်းသမီး ဒုက္ခရောက်အောင် လုပ်ပါ့မလား၊ သူတို့မှာ ပွဲရုံ တစ်ဘက်နဲ့မို့ ကလေးကြည့်ရုံသက်သက် ခေါ်တာပါ။ ကလေးကလည်း အခါလည်လောက် ရှိပါပြီ၊ အေးပါတယ်'

အမေက မျက်စိစုံမှိတ်ကာ သဘောတူလိုက်ရသည်။ တစ်လ နှစ်ဆယ် ပေးမည်၊ အဝတ်အစားလည်း ဆင်ဦးမည်ဆိုတော့ မငြင်းသာပြီ၊ သည်မှာ တော့ ရှင်မီးတစ်ထည်နှင့်သာ ပြီးနေရသည်၊ ခြစ်ခြုတ်၍ ဝယ်နိုင်ပြန် တော့လည်း သမီးကြီး အပျိုမကို ဆင်ရသေးသည်၊ ကဲ သူ့ထိုက်နဲ့ သူ့ကံ ပေပဲ၊ သွားပေရော့။

မန္တလေး သွားရမည့် ညကတော့ အမေ မျက်နှာ မကောင်းလှ၊ စောစီးစွာ အိပ်ရာဝင်သည်။ မြရင်စိန်မှာလည်း အထုတလည် ပြင်ဆင် ထုပ်ပိုးစရာ မရှိ။ ဖောဖော အိပ်ဖို့သာ ရှိသည်၊ မြရင်ကြည် ကတော့ သူ့ညီမလေးကို ရင်မှာအပ်ကာ ကြိတ်၍ ငိုသည်၊ 'လိမ်လိမ်မာမာနေနော်' ဟု တိုးတိုး မှာသည်။ 'မပျော်ရင် ခေါ်သွဲလာတဲ့အခါ ပြန်လိုက်ခဲ့' ဟုလည်း ပြောသည်။ မြရင်စိန်ကတော့ ငိုချင်စိတ် မရှိပေ၊ အမေတို့ အစ်မတို့နဲ့ ခွဲရမှာမို့ စိတ်မကောင်းသော်လည်း သူတစ်ပါးအိမ်မှာ နေရမည့်ကိစ္စအတွက် ဝမ်းနည်းရကောင်းမှန်း မသိပေ။

မန္တလေးကိုရောက်တော့လည်း လူတွေ အိမ်တွေ စည်ကားလှသည်ကို ကြည့်ကာ ပျော်ပင် ပျော်မိသေးသည်။ မြရင်စိန် နေရသည့်အိမ်က ပွဲရုံနှင့်အိမ် တွဲနေသည့် ပွဲစားတန်းမှ အိမ်တစ်အိမ် ဖြစ်သည်။ မြရင်စိန်က အိမ်ရှင်၏ တစ်ဦးတည်းသော ကလေးငယ်ကို ထိန်းရသည်။ ကလေးထိန်းဖို့သာ ဆိုသော်လည်း လက်တိုလက်တောင်း ခိုင်းလျှင်လည်း လုပ်ပေးရသည်။ ထမင်းတော့ မချက်ရ။ မြရင်စိန်ကတော့ ရောက်ရောက်ချင်း အင်္ကျီလုံချည် အသစ်လေးတွေ ဆင်ပေးသည်နှင့်ပင် ကျေနပ်၍ နေပေပြီ။ မြရင်စိန်တို့ အဖို့တော့ ပညာတတ်ဖို့ လူတန်းစေ့နေနိုင်ဖို့ဆိုသည့် အရာများကို တွေးပင် မတွေးတတ်ခဲ့ပါချေ။ သုံးတန်းအောင်ရုံမျှ သင်ကြားခဲ့ရသော ပညာကိုပင် လုံလောက်ပြီဟု ယုံကြည် နေလေသည်။

မန္တလေးအိမ်ကိုရောက်ပြီးမှ ပထမဆုံး စိတ်ညစ်ရသည်က မြရင်စိန် အပျိုဖြစ်လာခြင်းပင်။ သိုသိပ်လျှို့ဝှက်စွာ နေရမည့်အရာများကို သိလာသောအခါ သူ့စိတ်ကပါ ပြောင်းလဲလာလေသည်။ ယောကျ်ားလေးများ ရှေ့တွင် လုံချည်ရင်ရှား၍ ရေချိုးရသည်ကိုပင် စိတ်က မလုံမလဲ ဖြစ်လာသည်။ ဘယ်သူကများ ငါ့ကို ကြည့်နေမလဲဟူသော စိတ်ဖြင့်လည်း မျက်စိကစားတတ်လာသည်။ ပြီးတော့ မြရင်စိန် သိသိသာသာ ဖွံ့ဖြိုးလာသည်။

သည်တော့လည်း ယောကျ်ားလေးတွေများသော အိမ်မှာ ပြဿနာပေါ်လာသည်။ ပွဲရုံဆိုတော့ လူအဝင်အထွက်ကလည်း များသည်။ နေ့စဉ်သွားလာဝင်ထွက်နေသူများကပင် မြရင်စိန်ကို ဂရုစိုက်၍ ကြည့်လာကြသည်။ ပြီးတော့ ထိလာ ရိလာကြသည်။ မည်မျှပင် သတိထား၍ နေပါသည် ဆိုသော်လည်း အပျိုဘော်ဝင်စအရွယ်တို့၏ လှုပ်ခတ်သော စိတ်သဘာဝကို မြရင်စိန် မတားဆီးနိုင်။

ပို၍ခက်သည်က မြရင်စိန်၏ အိမ်ရှင်မ အစ်မ မညိုပင်။ မညိုသည် သူ့ယောကျ်ားနှင့် တန်းတူ စီးပွားရေးကို ဝင်ရောက်လုပ်ကိုင်နေသူ ဖြစ်လေသည်။ တစ်ခါ တစ်ခါ ယောကျ်ားဖြစ်သူထက်ပင် သူက ပို၍ လာဘ်မြင်ကာ ရှေ့မှ ဦးဆောင်ဦးရွက် ပြုသွားတတ်သည်။ မိန်းမဆိုတော့ လျှာတလည်း ထက်သည်။ ဩဇာပို၍ သက်ရောက်သည်။ ပြီးတော့ မညိုသည် ယောကျ်ားများကို ဂရုမစိုက်လေဟန်ဖြင့် ရင်းရင်းနှီးနှီး အရောတဝင် နေလေ့ ရှိလေသည်။ ဤသည်ကပင် သူ့စီးပွားရေး၏ ကဏ္ဍတစ်ရပ် ဖြစ်လေသည်။

မြရင်စိန်က တက်လူ၊ ပွင့်သစ်၊ သည်တော့ အားလုံး၏ စိတ်ဝင်စားမှုက မြရင်စိန်ဆီ စူးစိုက်လာကုန်သည်။ ထိုအချက်ကို အကင်းပါးသော မညိုက မြင်သည်၊ ထိုအခါ မြရင်စိန်ကို ချုပ်ချယ်လာသည်။

'မြရင်စိန် အိမ်ရှေ့မှာ ဘာလုပ်နေတာလဲ၊ အဝတ်တွေ လျှော်လို့ ပြီးပြီလား'

'ပြီးပြီ အစ်မ'

'ပြီးရင် အိမ်ထဲမှာနေလေ၊ ဒီမှာ ဘာလုပ်နေတာလဲ'

ကလေးက ကြီးလာပြီဆိုတော့ မြရင်စိန် ထိန်းနေစရာ မလိုတော့၊ သည်တော့ အိမ်အလုပ်တွေက မြရင်စိန်ဆီ ရောက်လာသည်။ ထမင်းချက် မိန်းမကြီးတစ်ယောက် ရှိနေ၍ အခြား တာဝန်ရကိစ္စများကို မြရင်စိန် လုပ်ရသည်။ အလုပ် အားလျှင်တော့ သနပ်ခါး အဖွေးသား လိမ်းကာ မြရင်စိန် အနားယူရပြီ။ သို့သော် မြရင်စိန်အတွက် နေစရာမရှိ၊ ယောကျ်ားတွေရှိသောနေရာမှာ နေသည်ကို အစ်မက မကြိုက်၊ မီးဖိုချောင်တွင်လည်း မနေချင်၊ အိမ်ပေါ် ထပ်ကလည်း ပူလှ အိုက်လှသည်၊

ကြာတော့လည်း စိတ်ကျဉ်းကျပ်လာသည်။ သူ ဖြီးလိမ်းဝတ်စားနေသမျှကိုလည်း အစ်မက ကြည်ဖြူပုံမရတော့။ အချုပ်အချယ် မျက်လုံးများအောက်မှာ အနေကျုံ့လာဖန်များ၍ လွတ်လပ်မှုကို လိုချင်မိလေသည်။

ပွဲရုံတွင် လူငယ် အလုပ်သမားလေးတွေ များစွာရှိသည်။ သူတို့က ရောက်စကနှင့်မတူဘဲ တစ်နေ့တခြား ဝိုပြည်ဖွံ့ဖြိုးလာသော မြရင်စိန်ကို စိတ်ဝင်စားလာကြသည်။ ချစ်ခင်ကျွမ်းဝင်နိုင်ရန် ချဉ်းကပ်ကြသည်။ သူတို့ထဲတွင် အေးဆောင် အကဲဆုံး။ မြရင်စိန်ကလည်း အေးဆောင်ကို တခြားသူများထက် ဦးစားပေးသည်။

ပွဲရုံတွင် အလုပ်သမားများကို ထမင်းမကျွေး။ သူတို့ထမင်း သူတို့ယူလာကြသည်။ ညအိပ်သူ တစ်ယောက်နှစ်ယောက်ကိုသာ ကျွေးသည်။ အေးဆောင်က ညအိပ်သူများနှင့်ရောကာ သူ့ထမင်းဘူးကို ဖွင့်၍ စားသည်။ အလုပ်သမားများကို ထမင်းကျွေးရသော မြရင်စိန်သည် အေးဆောင်အတွက်ပါ စေတနာပိုကာ ထည့်ကျွေးတတ်လေသည်။ ဤသည်ကို အစ်မညိုက မကြိုက်။ ပထမတော့ မသိမသာ သတိပေးသည်။ နောက်တော့ ပြောင်ဖွင့်ပြော၍ မြရင်စိန်ကို ဆူသည်။

'ညည်းလည်း အရွယ်ရောက်လာပြီ အနေအထိုင် ဆင်ခြင်ပေါ့ ယောက်ျားလေးတွေနဲ့ ပလူးပလဲနေတာ ငါ မကြိုက်ဘူး'

မြရင်စိန် သတိထား၍နေသည့်ကြားမှပင် ပြဿနာက တက်ရပြန်သည်။

မြရင်စိန်က မျက်နှာသာပေးမှန်းသိ၍ အေးဆောင် အတင့်ရဲလာသည်။ တစ်နေ့ နေ့လယ်ထမင်းစားပြီးချိန် မြရင်စိန်က ပန်းကန်များ သိမ်းနေသည်။ အေးဆောင်သည် လက်ဆေးပြီး အိမ်ရှေ့မထွက်သေးဘဲ လက်ကို အေးအေးဆေးဆေး သုတ်ကာ မြရင်စိန်ကို ထုံးစံအတိုင်း စကားပြောဖို့

စောင့်နေသည်။ မြရင်စိန်က မသိဟန်ဆောင်ကာ တံမြက်စည်း ဆက်လှည်းနေသည်။

'ဟော့ ဒီမှာ'

အေးဆောင်က တိုးတိုးခေါ်သည်၊ ထမင်းချက်သည့် အခေါ်ကြီး ခေါ်မြိုင် ရှိနေ၍ မြရင်စိန် မသိမသာ မေးငေါ့ပြသည်။

'ခဏလေးပါ'

အေးဆောင်က ရေသောက်ဟန်ပြုရင်း သူ့အနားလာဖို့ မျက်စိပ်ပြသည်။ မြရင်စိန် တံမြက်စည်းလှည်းမပျက်။ အေးဆောင်က သူ့နားတိုးလာသည်။

'ထွက်တော့လေ၊ ဘာလုပ်မလို့လဲ'

မြရင်စိန်က အေးဆောင်ကို အိမ်ရှေ့မြန်မြန်ထွက်ဖို့ ပြောသည်၊ အစ်မညိုလည်း အိမ်မှာရှိနေသည်ဆိုတော့ မြရင်စိန် စကား မပြောရဲ၊

'နင့် ပေးစရာရှိလို့'

ဆယ်ကျော်သက်အရွယ် မြရင်စိန်၏ရင်က သစ်ရွက်ကို လေတိုးလိုက်သကဲ့သို့ ဖျတ်ခနဲ ခါသွားလေသည်။

'ဘာလဲ၊ အိမ်ရှေ့ မြန်မြန်ထွက်စမ်းပါ၊ ငါ ကြောက်တယ်'

ဘာမှန်း မသိခင်ကပင် မြရင်စိန် မူပျက်နေပြီ၊

'ဇာ'

အေးဆောင်၏ အသံက အကျယ်ကြီး မြည်သွားသလို ထင်လိုက်သည်၊ မြရင်စိန် မျက်နှာ ရှိန်းခနဲ ပူသွားလေသည်၊ ခေါ်မြိုင်ကို အထိတ်တလန့် လှည့်ကြည့်လိုက်သည်၊ ခေါ်မြိုင်က ရေကပြင်ဘက် ဆင်းသွား၍ သူတို့အဖြစ်ကို မသိ၊

'ရော့ ရော့၊ မြန်မြန်ယူပါဟယ်'

အေးဆောင်က မြရင်စိန် လက်ထဲ အတင်း ထိုးထည့်သည်။

'ဟင့်အင်း ဟင့်အင်း၊ ငါ မယူရဲဘူး'

မြရင်စိန်က လက်ကိုကာ၍ ငြင်းသည်။

'ယူပါဟယ်၊ တော်ကြာ သူများတွေမြင်ကုန်မယ်၊ လိမ်မာပါတယ် ယူနော်၊ နင့်ကို ငါ ချစ်လို့'

မြရင်စိန် ရင်က တဒိန်းဒိန်း မြည်လျက်ရှိသည်၊ ထိုစဉ် အိမ်ရှေ့မှ လူရိပ်ကို မြင်လိုက်ရသည်၊ အေးဆောင် တစ်ချိုးတည်း လစ်လေသည်၊ အေးဆောင်လက်က လွှတ်ချလိုက်သော စာခေါက်ကလေးသည် ကတုန်ကယင် ဖြစ်နေသော မြရင်စိန်လက်ထဲလည်း မရောက်ဘဲ လမ်းခုလတ်မှာ ကျသွားသည်၊ မြရင်စိန်က ကမန်းကတန်းကောက်ကာ ထဘီအထက်ဆင် ကြားထဲသို့ ထိုးထည့်လိုက်ရသည်။

အစ်မညို နောက်ဖေးသို့ ဝင်လာလေသည်၊ မျက်စိမျက်နှာပျက်နေသော မြရင်စိန်ကို သေချာစွာကြည့်သည်။

'မြရင်စိန်၊ ညည်း ဘာဖြစ်နေတာလဲ မှန်မှန်ပြောစမ်း၊ အေးဆောင် ထမင်းစားပြီးတော ကြာလှပြီ၊ ခုမှ ထွက်လာတယ်၊ ငါမအားလို့ ဝင်မကြည့်နိုင်တာ'

'ဘာ ဘာမှမဖြစ်ပါဘူး အစ်မ'

မြရင်စိန်က အထစ်ထစ် အငေါ့ငေါ့ ဖြေသည်၊

'ဘာမှသာမဖြစ်တယ်၊ ညည်းကြည့်ရတာ တစ်စက်မှ ဂနာမငြိမ်ဘူး၊ ခက်တယ်၊ ဒီအတိုင်းဆို ညည်းကို ဒီလိုထားလို့ မဖြစ်တော့ဘူး'

မြရင်စိန် လန့်သွားသည်၊ အစ်မညိုကို တောင်းပန်သလို မော်ကြည့်မိသည်၊ ဘာပဲပြောပြော ကောင်းကောင်းမွန်မွန် စားသောက်နေရသည့် ဘဝကို မြရင်စိန် မစွန့်လွှတ်နိုင်။

'အေးဆောင်ကိုရင်လည်း အလုပ်က ထုတ်ပစ်မှ၊ ညည်းကိုရင်လည်း တောပြန်ပို့မှ၊ ငါ့အိမ်ပေါ်မှာတော့ ရှုပ်ရှုပ်ယှက်ယှက် အဖြစ်မခံနိုင်ဘူး'

အစ်မကြီးက ပြတ်သားစွာ ဆိုသည်။

'ကျွန်မတို့ ဘာမှမဖြစ်ပါဘူး အစ်မ'

မြရင်စိန်က ရှိုက်သံတစ်ဝက်ဖြင့် ပြောသည်၊

'ဘာမှမဖြစ်ရင်လည်း ကောင်းကောင်းနေမှပေါ့ဟဲ့။ ဒီမှာက ယောက်ျားလေးတွေနဲ့နေတာ၊ ညည်းကို ဆင်ဆင်ခြင်ခြင်နေဖို့ ငါ ပြောပေါင်းများလှပြီ အေး ညည်းကို ငါ ကောင်းကောင်းမွန်မွန်ထားခဲ့တာ ညည်း အသိပဲ၊ ငါ့စကား နားမထောင်ရင်တော့ ညည်းထိုက်နဲ့ ညည်းကံပဲ'

ထိုနေ့မှစ၍ မြရင်စိန် ယခင်ကထက် အနေအထိုင် ပိုကျပ်တည်းလာသည်။ အလုပ်သမားများကို ထမင်း မကျွေးရတော့၊ ယောက်ျားလေးများနှင့် စကားမပြောရတော့။ သည်တော့လည်း ကလေးစိတ်မကုန်တတ်သေးသော မြရင်စိန်သည် လွတ်လပ်ပျော်ရွှင်စွာနေရသော ဘဝမျိုးကို တမ်းတမိသည်။ ရှင်မီးအင်္ကျီလေးဝတ်ကာ ဖန်ခုန်ရသောဘဝကို ပြန်၍ လိုချင်မိသည်။

တစ်ဖက်ကလည်း အပျိုဘော်ဝင်စ အရွယ် စိတ်လှုပ်ရှားမှုက မြရင်စိန်ကို အနှောင့်အယှက် ပေးလျက်ရှိသည်၊ အေးဆောင်နှင့်မတွေ့ရတာမှ သူ့ကို ပို၍ စိတ်ဝင်စားလာသည်။ အေးဆောင်ကလည်း မြရင်စိန်နှင့် တွေ့ရဖို့ကို အကွက်ချောင်းနေတော့သည်။ မြရင်စိန်ကို ဈေးလွှတ်လိုက်သည့် တစ်နေ့မှာ သူ လိုက်လေတော့သည်။

အေးဆောင်က မြရင်စိန်ကို သူနှင့် ခိုးရာလိုက်ဖို့ခေါ်သည်၊ မြရင်စိန်က သည်မျှတော့ မဝံ့၊ ငြင်းသည်။ တကယ်တော့ မြရင်စိန်သည် အိမ်ထောင်ပြုဖို့ အသက်မပြည့်သေး၊ ဆယ့်ငါးနှစ်ပင် မပြည့်တတ်သေးပေ။ အေးဆောင်

က မြရင်စိန်ထက် ကြီးသည်၊ အရွယ်ကငယ်သော်လည်း လူက လည်သည်။ မြရင်စိန့်ကိုလည်း တကယ်ကြိုက်နေသည်။ သို့သော် မြရင်စိန်က အကောင်းပါးသည်၊ အေးဆောင်ကို အချိုသတ်ကာ တစ်ချိုးတည်း လစ်လေသည်။

မြရင်စိန် ကဲက ဆိုးချင်တော့ ပွဲရုံက အလုပ်သမားတစ်ယောက်က မြရင်စိန်တို့ကို မြင်သွားသည်၊ သူက ပုံကြီးချဲ့ကာ အစ်မညိုကို တိုင်ပြောသည်၊ မြရင်စိန် ရှင်းပြသော်လည်း အစ်မညို မယုံပြီ။

လှချင်ပချင် ဝတ်ချင် စားချင်သော မြရင်စိန်တစ်ယောက် အစ်မညို၏ တစ်ချက်လွှတ်အမိန့်ဖြင့် ရွာသို့ပြန်လာခဲ့ရလေသည်။

❖ ❖ ❖

သုံးနှစ်တာ ကာလအတွင်းမှာပင် များစွာ ပြောင်းလဲ ခဲ့ချေပြီ၊

မြရင်စိန်တစ်ယောက် လူလား မြောက်ခဲ့သည့်အချိန်မှာ အစ်မ မြရင်ကြည်တစ်ယောက် အိမ်ထောင်ကျ၍ သွားပေပြီ။ တကယ်တော့ မြရင်ကြည်ကို အရပ်က ဝိုင်း၍ ယောကျ်ားပေးစားလိုက်ခြင်း ဖြစ်သည်၊ ဆင်းရဲပင်ပန်းလှသည့်အချိန်တွင် ထမင်းကျွေးမည့်သူ တစ်ယောက်ကို အားကိုးအားထားပြုလိုက်ခြင်း ဖြစ်ပေသည်။ မြရင်ကြည် ယောကျ်ား ကိုအောင်စိန်သည် မြရင်ကြည်ထက် အသက် ဆယ်နှစ်ခန့်ကြီးသည်။ အောက်အရပ်က ကုန်သည်တစ်ယောက်ပင်၊ မြရင်ကြည်တို့ သားအမိတစ်တွေ၏ အိမ်ဦးနတ်ဖြစ်လာသော ကိုအောင်စိန်က မြရင်ကြည်တို့ကို ရန်ကုန်ပြောင်းဖို့ ပြောသည်။ အမေကတော့ မည်မျှပင် ဆင်းရဲတွင်းနက်လှသည်ဖြစ်စေ သူ့အရပ် သူ့ဒေသကို မစွန့်ချင်၊ မြရင်ကြည်ကတော့ ဘာဆိုဘာမျှ မပြော၊ ကာလသားတွေ ဝိုင်းဝိုင်းလည်နေသည့်အထဲက အရုပ်ဆိုး

လှသည့် ကိုအောင်စိန်ကို ဇွတ်မှိတ် ယူလိုက်ရကတည်းက သူ့အပေါ် စိတ်လျှော့လိုက်ပေပြီ။

မြို့ပေါ်မှပြန်လာသော မြရင်စိန်ကမူ ရန်ကုန်ပြောင်းမည့် အစီအစဉ်ကို အလွန်သဘောကျလေသည်။ ပြောင်းဖြစ်အောင်ပြောင်းဖို့ တိုက်တွန်းလေသည်၊ ကြာလာတော့ သူ့ကပါရောပြီး ဇွတ် ပူဆာသည်၊

'ရန်ကုန်မှာဆိုတော့ ကျွန်မလဲ စျေးရောင်းလို့ရတယ်၊ ပြောင်းရအောင်ပါ အမေရာ'

'ညည်းဘာသိလဲအေ၊ တစ်မြို့တစ်ရွာမှာ ဒုက္ခရောက်မှ ပိုခက်မယ်၊ ဒီမှာကမှ အရေးဆို ရပ်ဆွေရပ်မျိုးနဲ့'

'ဟိုရောက်တော့လဲ ဟိုမှာ ရပ်ဆွေရပ်မျိုး ရှိလာမှပေါ့'

'ညည်းမသိပါဘူးအေ၊ ရန်ကုန်ဆိုတာ ကိုယ့်အလုပ်နဲ့ ကိုယ်နေကြတာ၊ ကူညီရိုင်းပင်းမှုရှိတာ မဟုတ်ဘူး'

မြရင်စိန်တို့ သားအမိကို ခေါ်မရသောအခါ ကိုအောင်စိန်က ရန်ကုန်ကို မကြာခဏ ဆင်းပြီး အရောင်းအဝယ် လုပ်သည်၊ တစ်ပတ်တစ်ခါ ကုန်ကူးသန်းနေရာမှ ကြာလာတော့ တစ်လကိုးသီတင်းထိ မပေါ်လာဘဲ ရှိတော့သည်။ မြရင်ကြည်မှာ ကလေးတစ်ယောက်ပင် ရလာပြီဆိုတော့ တစ်ရွာသားအတွက် ပူပင်ကြရလေသည်။ ထိုအခါမှ အမေသည် ကိုအောင်စိန် အစီအစဉ်အတိုင်း အမြန်ဆုံးလိုက်နာရန် ဆုံးဖြတ်ရတော့သည်။

မြရင်စိန်ကတော့ ပျော်ပြင်းခြောက်သွေ့သော အရပ်ဒေသမှ စိတ်ကူးဖြင့် မှန်းဆကြည်နူးခဲ့ရသော ရန်ကုန်မြို့ကြီးကို ပြောင်းရတော့မည်မို့ အပျော်ကြီး ပျော်မိလေတော့သည်။

❖ ❖ ❖

မြရင်စိန် စိတ်ကူးယဉ်ခဲ့သော ရန်ကုန်မြို့ကြီးသည် လက်တွေ့နေရသော ရန်ကုန်မြို့နှင့် အသွင်ခြားလျက် ရှိလေသည်။

ရန်ကုန်မြို့လယ်ခေါင်ကြီးမှာ ဟိုက်တာအဆောက်အဦများဖြင့် ခမ်းနား စည်ကားလှသော်လည်း မြရင်စိန်တို့ နေရသော ရပ်ကွက်မှာမူ အညာ ကျေးလက်တောရွာလေးနှင့် ဘာမျှမခြား။ ပိုဆိုးသည်က လူနေအိမ် တွေက ကျပ်ညပ်နေသည်၊ သက်ငယ်မိုး၊ ဓနိမိုးအိမ်တွေက များသည်။ မီးက ခြောက်ရသေးသည်၊ ရေကလည်း ရှားပါဘိ။ ရန်ကုန်မြို့ကြီး၏ ပျော်စရာ ရှုခင်းများသည် မြရင်စိန်တို့နှင့် အလှမ်းဝေးလျက် ရှိချေသည်။

မြရင်စိန်၏ စိတ်တို့ကမူ ပြောင်းလဲခဲ့ပြီ။ သူ့စိတ်က အသစ်အဆန်း ကို စူးစမ်းလိုစိတ်၊ လက်ရှိ အခြေအနေမှ ရုန်းထွက်လိုစိတ်၊ မိမိကိုယ်ကို အားကိုးလိုစိတ်တို့ဖြင့် ပြည့်လျှံလျက်ရှိသည်၊ သူ တစ်ခုခု လုပ်လိုသည်။

ကုန်သည်ပွဲစားအိမ်မှာ နေလာခဲ့ဖူး၍ ဈေးရောင်းသည့် အလုပ်ကို မြရင်စိန် စိတ်ဝင်စားသည်၊ သူ့ခဲအို ကိုအောင်စိန်ကို ဆိုင်တစ်ဆိုင် တည်ပေးဖို့ ပူဆာသည်၊ တကယ်တော့ ကိုအောင်စိန်ကလည်း ပံ့ကျသမား၊ မနက်မိုးလင်းလျှင် အိမ်ကထွက်သွားပြီ ညမိုးချုပ်လျှင် ငွေနှစ်ဆယ် အစိတ် ကို အိတ်ထဲထည့်ကာ ပြန်လာတတ်သော မတ်တတ်ပွဲစားမျိုး။ သို့သော် သူ့မှာက အပေါင်းအသင်း များသည်၊ အကြံအဖန် ရှိသည်၊

အစပထမတော့ အပင်ပန်းခံရမည်ပင်၊ မြရင်စိန်တို့ နေထိုင်ရာ သယ်န်းကျွန်း ဘုတာအနီးမှ စိမ်းစိုလန်းဆန်းသော ကန်စွန်းခင်းကြီးသည် မြရင်စိန်တို့အတွက် ဈေးကွက်ကြီးတစ်ကွက် ဖြစ်လာခဲ့သည်၊ အရွယ်တူ မိန်းမပေါ်များနှင့် ရထားစီးကာ ၃၈ လမ်းဈေးမှာ ကန်စွန်းရွက် သွားရောင်း ရသောအလုပ်ကို မရှက်မရွံ့ လုပ်လေသည်၊ ရသမျှငွေကို အိမ်ကိုမပေးဘဲ ကျစ်ကျစ်လျစ်လျစ် စုထားရသည်၊ သည်တစ်ခါ ပွဲပေါက်တိုးလျှင် ဗိုလ်ချုပ်

ဈေးမှာ ဈေးဆိုင်လေးတစ်ဆိုင်း ခုရောင်းနိုင်အောင် ဆောင်ကြဉ်းပေးမည်ဟု ကတိပေးထားသော ကိုအောင်စိန့်စကားကို သူ မမေ့၊ အစ်မနှင့် အမေကမူ မြရင်စိန်၏ ဇွဲကို လက်ဖျားခါမိလေသည်။

မြရင်စိန်၏ ရည်မှန်းချက်တို့ကား တဖြည်းဖြည်း အကောင်အထည်ပေါ်လာလေသည်၊ ကိုအောင်စိန်၏ အပြောအရ တစ်ချို့ ပွဲပေါက်တိုးချိန်တွင် မြရင်စိန်အတွက် ဈေးဆိုင်တစ်ဆိုင်းလည်း ဖြစ်မြောက်လာခဲ့သည်၊ မြရင်စိန် စုဆောင်းထားသော ငွေလေးနှင့် ပေါင်းလိုက်သောအခါ ဖဲပြားလေးများ ဆံညှပ်လေးများ၊ နှုတ်ခမ်းနီ၊ ပိတ်ကပ်ဘူးလေးများဖြင့် အသွင်လှသော ဈေးဆိုင်လေးတစ်ဆိုင်း ဖြစ်လာခဲ့သည်။ ကန့်စွန်းခွက်သည်ဘဝမှ ဗိုလ်ချုပ်ဈေး၏ လူသွားလမ်းကြားတွင် ပုံကျခရောင်းသည်လေးဘဝ ရောက်ခဲ့သည်၊

ချပ်ရည်လေးသနားကမားနှင့် သွက်လက်ဖျတ်လတ်သော မြရင်စိန်တစ်ယောက် ဗိုလ်ချုပ်ဈေး၏ ပြကြိုတစ်လျှောက်မှာ မျက်နှာပန်းလှခဲ့လေသည်။ သို့သော် နေရာတကာနှံ့စပ်သော ကိုအောင်စိန်၏ အရှိန်ကြောင့် မည်သူမျှ မစော်ကားပုံကြ။ မြရင်စိန်ကလည်း သူ့ကိုယ်သူ ထိန်းသိမ်းတတ်သည်၊ နေတတ် ထိုင်တတ်သည်။ ဝတ်တတ် စားတတ်သည်၊ ပြောတတ်ဆိုတတ်သည်၊ မိန်းကလေးတို့အပေါ် ထားရှိသော ယောကျ်ားတို့၏ သဘောထားနှင့် အလိုဆန္ဒကို အပျိုဘော်ဝင်စကပင် သိနားလည်ခဲ့ပြီ၊ စောစီးစွာ အညွန့်ကျိုးရမည့် ဘဝမျိုးကို မြရင်စိန် မလိုလား၊

မြရင်စိန်တို့ ကောင်းစားချင်တော့ ဗိုလ်ချုပ်ဈေးမှ ပုံကျဈေးသည်တွေကို လပတာပြင်မှာ နေရာချထားရာတွင် ဆိုင်ခန်းတစ်နေရာ ရခဲ့လေသည်၊ ဤသည်ကလည်း ခဲအိုတော် ကိုအောင်စိန်၏ လည်ပတ်မှုကြောင့်ပင်၊ မြရင်စိန်တို့၏ ဘဝကား တစ်ခန်း ထခဲ့ချေပြီ၊

သည်တစ်ခါတော့ အထည်သည်မလေး မြရင်စိန် ဖြစ်ခဲ့ပြီ။ ကလေးအမေ မြရင်ကြည်သည်ပင် သူ့ကိုအားကျကာ ဈေးထွက်ရောင်းလေပြီ။ သူတို့ညီအစ်မက ဆိုင်မှာထိုင်ကာ ကိုအောင်စိန်ဝယ်ပေးသော အထည်စများကို လက်လီ ရောင်းသည်။ ကိုအောင်စိန်က မော်လမြိုင် ဖောက်သည်များဆီမှ အထည်စများကို လိုက်ကောက်ပေးသည်။ ကြိတ်ကြိတ်တိုးစည်ကားလှသော လယဟာပြင် အထည်ဆိုင်ခန်းများကြားတွင် မြရင်စိန်တို့ညီအစ်မလက်မှာ ငွေစက္ကူချပ်တွေ ဖွေးဖွေးလှုပ်ခဲ့သည်မှာ ကိုယ့်ဘဝကိုပင်ကိုယ် အံ့သြမိလေသည်။

အမေကလည်း မြေးကိုထိန်းရင်း သူ့သားသမီးတွေ စီးပွားရှာသည်ကို တအံ့တသြ ရှိနေတော့သည်။ မိုးသားသော အညာသူမကြီးသည် မြရင်စိန်တို့ သုံးယောက်သား ငွေစက္ကူများ ရေတွက်နေသည်ကို မြင်ရသောအခါ ဟုတ်မှ ဟုတ်ပါလေစဟုပင် သံသယ ဝင်မိလေသည်။ မြော်သူတို့ခေတ်ပေပဲ။

ထိုနှစ်မှာ မြရင်စိန်တို့သည် စပေါ် အသင့်အတင့်ပေးရသော ဂွတ္တာလစ်မှ အိမ်တစ်အိမ်သို့ ပြောင်းသည်။ ငွေ အရင်းအနှီးအချို့ကို လက်တွင်ကိုင်ကာ ရောင်းဝယ်စားသောက်နိုင်သော အလယ်အလတ် ဈေးသည်ဘဝကို ရောက်ခဲ့လေသည်။ မြရင်စိန်ကား ဘဝ၏ အနာဂတ်ကို ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံဖြင့် မျှော်လင့်လျက် ရှိလေသည်။

✧ ✧ ✧

ပွဲဘဝကို သည်မျှ အပြောင်းအလဲမြန်လိမ့်မည်ဟု မြရင်စိန် မထင်ခဲ့။

သာယာစိုပြည်လာသော ဘဝကို ထာဝရဟု ထင်မှတ်မှားကာ နှစ်
ကြည်နူးနေခဲ့မိသည်။ အားတက်ပျော်ရွှင်ခဲ့ရသော ကာလလေးသည် အ
မကြာလိုက်ဟု ထင်ရလေသည်။

လဟာပြင်ဈေးသည်များကို စိန့်ဂျွန်းဈေးမှာ နေရာချပေးမည် ဆိုေ
မြရင်စိန်တို့ တစ်တွေ စိတ်ပျက်မိသည်ကား အမှန်။ တစ်နေ့ရာမှာ အဆင်း
နေသည်ဆိုတော့ နောက်တစ်နေရာကို မရွှေ့ချင်ကြ။ ကောင်းပြီး
အခြေအနေကို စွန့်လွှတ်ရမှာ ဝန်လေးနေမိလေသည်။ အနာဂတ်ဆိုသည်
ရေရာသည် မဟုတ်။

စိန့်ဂျွန်းဈေးမှာ ဆိုင်ခန်းနေရာကို မဲနှိုက်ယူကြရသည်။ သည်မှာတ
မြရင်စိန်တို့ စိတ်ပျက်ရပြီ။ ရသည့်နေရာက အောက်ဆုံး အဝင်
သူ ဟိုဘက်က အိမ်သာပဲရှိတော့သည်။ သည်တစ်ခါတော့ သွားပြီ။ မြရင်စိ
မျက်ရည်ပင် ကျမိသည်။

"ဒီလောက်လဲ လောဘမတက်ပါနဲ့အေ။ ကိုယ့်မှာ အစကအညီး
ဘာမှရှိတာမှ မဟုတ်တာ၊ ဒီအခြေအနေရောက်ခဲ့တာ အမြတ်ပေါ့"

အမေကတော့ တရားချနိုင်သည်။ မြရင်စိန်မှာတော့ ငယ်ရွယ်သူမို့
တရားနှင့် မပြေနိုင်။ တကယ်လို့များ အပေါ်ဈေး နေရာကောင်းကောင်းမှာ
ရခဲ့လျှင် မြရင်စိန်တို့ လက်ခမောင်းခတ်ဖို့သာ ရှိသည်။

ကုသိုလ်ကံကလည်း နိမ့်ပါးပြီဆိုလျှင် အတောမသတ်တော့။ သည်နှစ်
ထဲမှာ ခဲအိုတော် ကိုအောင်စိန်က ချောင်းဆိုးသွေးပါဖြစ်ကာ ကောင်းကောင်း
မမာချင်တော့။ အစ်မ မြရင်ကြည်ကလည်း နောက်ထပ် ကလေးတစ်ယောက်
မွေးပြီး သူ့အလုပ်နှင့်သူ မအားလပ်နိုင်။ အမေကတော့ အသက်ကြီးပြီ၊
တစ်သက်လုံး ဆင်းရဲခဲ့သည့်ဒဏ်ကြောင့် လူကလည်း အိုစာလျက်ရှိပြီ၊
သူ့အာတိမြေက ဌာလာရကာတည်းက စိတ်ဓာတ်ကလည်း ကျဆင်းလျက်ရှိပြီ၊

ခွန်နှင့် အားနှင့် အလုပ်လုပ်နိုင်သူ ဟူ၍ မြရင်စိန်သာ ရှိတော့၏။ မြရင်စိန်ကတော့ အားမလျော့သေး၊ လူ့ဘဝတိုင်စောင်စီးတွာ အရှုံးပေးရမည်ဆိုလျှင် ဘယ်မှာ အဓိပ္ပာယ်ရှိပါမည်နည်း။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ခွန်အားရှိသမျှတော့ ရင်ဆိုင်ကြည့်ချင်သေးသည်၊ အတွေ့အကြုံကလည်း စုံခဲ့ပြီဆိုတော့ တော်ရုံနှင့်ဖြင့် ငွဲက မလျော့ချင်။

အစ ပထမတော့ ရသည့်နေရာမှာပင် ထွက်ရောင်းခဲ့သည်၊ အခြေအနေက မကောင်း။ စိန်ဖွန်းဈေးဟူ၍ လူသိသူသိများတော လယ်ဟာပြင်ဈေးတက် စည်ကားလာချိန်မှာပင် မြရင်စိန်တို့ နေရာတစ်ဝိုက်က ဈေးသည်တွေမှာ အိပ်ငိုက်နေရဆဲပင်။ အပေါ်ဈေးက ဆိုင်အချို့တွင် လက်ကားရောင်းနိုင်သည်အထိ အခြေအနေတိုးတက်လာသော်လည်း သူတို့နေရာက မထူးခြားလှ။ သည်တော့လည်း မြရင်စိန် စိတ်ပျက်လာသည်၊

ကိုအောင်စိန်ကတော့ အားပေးသည်။ ဆိုင်ပြောင်းနိုင်ဖို့နေရာရှာသည်။ ငါးထောင်မျိုး ခြောက်ထောင်မျိုးပေးနိုင်လျှင်တော့ နေရာကောင်းရနိုင်သည်။ သို့သော် သူတို့လက်မှာ ငွေမရှိ၊ ရှိသမျှငွေလေးမှာ စားသည်နှင့် ဆေးကုသည်နှင့်ပင် လျော့ပါးခဲ့ပြီ။ သည်တော့ စပေါ်မပေးရသောနေရာကို ရှာရသည်။

ယခုရသည့်ဆိုင်ခန်းက မဆိုးလှ၊ လမ်းမကြီးနှင့် နီးသည်။ လှေကားမှဆင်းလာလျှင် ရောက်သည်၊ ယခင်နေရာလောက် မဆိုး၊

အမေပြောသလိုပင် ရလာသည့် အခြေအနေကိုသာ အမြတ်ဟုအားတွက်ကာ ရှေ့ခရီးကို ဆက်ရပေမည်။

❑

# ၄

ပထမဆုံး ကြားရသည့်အသံက အမေ့ခြေသံ ဖြစ်သည်၊ မီးဖိုဆောင်ဘက် တရွေ့ရွေ့ လျှောက်သွားနေသည်။ သံပန်းကန်ပြားတစ်ချပ် ယူသံကြားရသည်။ မကြာပါချေ။ ပဲပြုတ်သည်အသံကြားရသည်၊ လှမ်းခေါ်သံမကြားရ။ အမေ့ကိုမြင်၍ ပဲပြုတ်သည် ဝင်လာဟန်တူသည်၊ 'တစ်ဆယ်သား'ဟူသော အမေ့အသံကို ထုံးစံအတိုင်း ကြားရပြန်လေသည်။

မြရင်စိန်က တစ်ရေးပြန်အိပ်နိုင်ရန် ကြိုးစားသည်၊ အိပ်ရေးဝမှ မနက်ကျလျှင် ဦးနှောက်ရှင်းရှင်းနှင့် အလုပ်လုပ်နိုင်မည်၊ ညဦးပိုင်းက ပူအိုက်လွန်း၍ အိပ်မပျော်။ မနက်စောစောတွင်မှ အအေးဓာတ်လေး ရသဖြင့် အိပ်၍ ကောင်းလာသည်။ စောင်ပါးလေးကို ဒူးဆစ်မှ ရင်ညွန့် အထိ ဆွဲတင်ကာ တစ်ဖက်သို့စောင်း၍ ပြန်အိပ်သည်၊ မြရင်ကြည်၏ သားအကြီး သံလုံးသည် မြရင်စိန်ဘေးတွင် ကွေးကွေးလေး အိပ်ပျော် လျက် ရှိသည်၊

မကြာပါချေ၊ မြရင်ကြည်တို့အိပ်ရာဘက်မှ အငယ်ကောင်လေး နိုးသံကြားရသည်၊ မြရင်ကြည်၏ အိပ်ချင်မူးတူးဖြင့် ချော့သံလည်း ကြားရသည်။ သို့သော် မရ။ အိပ်ရာမှ စောစောနိုးတတ်သော ကလေးတို့၏

ထုံးစံအတိုင်း အိပ်ရာထဲမှာ မနေချင်တော့။ ဂျိုကျနေပြန်သည်။ မြရင်ကြည် မနေသာတော့၊ အိပ်ရာမှ ထရပြီ။

တစ်ယောက်ပြီးတစ်ယောက် အိပ်ရာမှထကြပြီး အမေ ဝယ်ထားသော ပဲပြုတ်နှင့် ထမင်းကြမ်းကို အလုအယက် စားကြသည်။ ကိုအောင်စိန်၏ ချောင်းဆိုးသံကို စိတ်မချမ်းမြေ့ဖွယ် ကြားရပြန်သည်။ မြရင်စိန် အိပ်၍ မရတော့။

ဆောင်နှင့် ခြင်ထောင်ကို ပြီးစလွယ်ခေါက်ပြီး နောက်ဖေးရေကပြင်ဘက် ထွက်ခဲ့ရသည်။ ရေချိုးရန် စဉ့်အိုးကိုဖွင့်ကြည့်တော့ ရေက သိပ်မရှိ၊ ရှိသမျှရေလေးမှာလည်း ကိုအောင်စိန်၏ နေမကောင်းသည့်ကြားမှ တစ်စက်ချင်း စောင့်ခံထားရသော ရေ၊ သို့သော် မတတ်နိုင်၊ လန်းဆန်းသွားအောင် နည်းနည်းတော့ ချိုးပစ်သည်။

ရန်ကုန်မှာ အနေကြာလာတော့လည်း အပြင်ထွက်လျှင် အလှမပြင်ဘဲ မထွက်တတ်တော့။ ဈေးသည်ဆိုသော်လည်း မြရင်စိန်တို့အရွယ်က လှချင်သည့်အရွယ်၊ ဗိုလ်ချုပ်ဈေးက ဈေးသည်တွေလောက် အလှမပြင်သော်လည်း အသင့်အတင့်ပော့ ဝတ်စားဆင်ယင်မှုပြုရသေးသည်၊ သနပ်ခါးကိုတော့ တစ်နေ့လုံး ခံအောင် ထုထုလိမ်းသည်။

အဆာပြေစားရန် ထမင်းအိုးကို ဖွင့်သည်၊ ထမင်းကြမ်း မရှိတော့၊ ပဲပြုတ်လည်း ကုန်ပြီ။ မြရင်ကြည်တည်ထားသော ထမင်းအိုးက မကျက်ရသေး။

'သမီး ဆာရင် ဒံလုံးကို မုန့်ဝယ်ခိုင်းလိုက်ပါလား'

အမေက မကျေမနပ်ဖြစ်နေသော မြရင်စိန် မျက်နှာကိုကြည့်၍ ပြောသည်။

'နေပါစေတော့ အမေရာ၊ ဈေးရောက်မှ မုန့်ဟင်းခါးစားတော့မယ်၊ ဟင်းကော ရှိသေးရဲ့လား'

'ရှိပါတယ်၊ ဖေဖယ်ဆုပ် သုံးခုကျန်သေးတယ်၊ ငါးပိရည်နဲ့ တညင်းသီး လဲ ထည့်ပေးလိုက်မယ်နော်'

'ထည့် ထည့်'

မြရင်စိန်က ပြန်မပြောပြီး အိပ်ရာနား ပြန်လာသည်၊ ခေါင်းအုံးအောက် မှ ပိုက်ဆံအိတ်ကို ယူသည်။ လက်ကျန်ကို ကြည့်သည်။ သက်ပြင်း ခပ်လေးလေးချသည်၊ မြရင်ကြည်က သူ့နားကို မရဲတရဲ တိုးလာသည်။

'မြရင်စိန်၊ အစိတ်လောက် ပေးထားခဲ့ပါဦး'

'အစ်မကလဲ၊ မနေ့ကပဲ ငါးဆယ်'

'ဆန်လဲ ထုတ်လိုက်ရတယ်၊ မီးသွေးလဲ ဝယ်ရတယ်လေ၊ ဒီနေ့ စျေးဖိုး မရှိတော့ဘူး၊ ဆီလဲ ဝယ်ရမယ်'

မြရင်စိန် သက်ပြင်းချကာ ငွေအစိတ်ပေးလိုက်သည်၊ တစ်စုံတစ် ပြောမည်ပြုပြီးမှ မပြောတော့။

'ကိုအောင်စိန် ရောင်းထားတဲ့ပစ္စည်းလဲ ပိုက်ဆံရတာနိုးပါပြီ'

မြရင်ကြည်ကတော့ ပြောလိုက်သေးသည်။

'အင်းပါ၊ ဘာပြောလို့လဲ၊ ဆိုင်ပေါ်မှာ ပစ္စည်း မတင်နိုင်တော့ အရောင်း သိပ်ပါးတယ်၊ မနေ့ကဆို ဈေးဦးတောင် မပေါက်ဘူး၊ ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် အရောင်းကောင်းလေးတစ်ခုပ်လောက် တင်လိုက်မလားလို့'

'ဈေးတွေကျနေတယ်ဆို၊ များများတော့ မဝယ်နဲ့ပေါ့'

မြရင်ကြည် အနားမှ ခွာသွားသည်၊ မြရင်စိန်က သက်ပြင်းကို ချမိ ပြန်သည်၊ အစ်မ မြရင်ကြည်သည် ရိုးသည် အသည်၊ ခင်ပွန်းသည်က ဒါဆို ဒါ၊ သူက ဘာမျှမကြံတတ် မစည်တတ်။ ဈေးရောင်းတုန်းကလည်း မြရင်စိန်က ဦးဆောင်ရသည်။ ယခု ယောက်ျားကလည်း ကောင်းကောင်း မမာ၍ ယခင်ကလောက် အကြံအဖန် မများနိုင်တော့။ ထိုအခါ ငွေက

ကျပ်တည်းလာသည်။ မြရင်စိန်ကို အားကိုးနေရသည်။ မြရင်စိန်ကလည်း ငွေကို လက်ထဲမှာ ကိုင်ထားသည့်တိုင် သူ့ငွေကို သူမပိုင်။ အရောင်းအဝယ်အတွက် ဆောင်ထားရခြင်း ဖြစ်သည်။ သူ အလုပ်လုပ်နေသော်လည်း တသီးတခြား ခွဲမတွက်၊ အားလုံးအတွက် သူ လုပ်သည်။ သူတို့ သည် အခြေအနေရောက်လာသည်မှာ ကိုအောင်စိန် ကျေဇူးနှင့်မို့ ကိုအောင်စိန်ကိုလည်း တစ်လှည့်ပြန်ကူရသည်။ သို့သော် မြရင်ကြည်က မိုးလွန်း အလွန်း၍ သူ့ကို ငွေမအပ်ရဲ၊ အိမ်သုံးဖို့လောက်သာ ပေးသည်။

အမေ အသင့်ပြင်ပေးသော ထမင်းချိုင့်ကိုယူ၍ ထွက်ခဲ့သည်။ ဆယ်ရပ်ကွက်ဈေးကို အရင်သွားရပေမည်။ အပြင်လောကထွင် လူတို့ လှုပ်ရှားသွားလာနေကြပြီ။ ရန်ကုန်မြို့ကြီးတွင် မည်မျှ အချိန်စော၍ ထွက်လာသည်ဖြစ်စေ၊ လူတွေ သွားလာလှုပ်ရှားနေသည်ကို မြင်ရသည်မှာ ဖုံသြဖွယ် ဖြစ်လေသည်။

ဘတ်စ်ကားများပင် ကျပ်လျက်ရှိပြီ။ ဥက္ကလာဘက်ကို အသွားမို့ တော်သေးသည်။ ဆယ်ရပ်ကွက်ဈေးကိုရောက်တော့လည်း အရောင်းအဝယ်ဖြစ်ကာ စည်စည်ကားကား ရှိနေပြီ။ မြရင်စိန်က ဝယ်နေကျဒိုင်မှ လေယာဉ်မောင် သစ်ရွက်စိမ်းရောင် ဆယ်ကိုက် ဝယ်ခဲ့သည်၊ တစ်ကိုက် ဆယ့်ရှစ်ကျပ်နှင့် တစ်ရာ့ရှစ်ဆယ်ဖိုး။ ဆိုင်က ဆယ်ကိုက်စီ အသင့်ဖြတ်ထားသည့် အပုံထဲမှ တစ်စ ပေးလိုက်သည်၊

စိန့်ဂျွန်းဈေးကို ဆက်သွားရန် အမှတ် ၁ ဘတ်စ်ကားမှတ်တိုင်ကို ရောက်တော့ ၉ နာရီကျော်ပြီ။ ရုံးသွားသူ၊ အလုပ်သွားသူများဖြင့် ကျပ်ညပ်နေလေပြီ။ ချွေးဒီးဒီးကျအောင် တိုးဝှေ့တက်ခဲ့ရသည်။

ဈေးကိုရောက်တော့ မောနေပြီ။ ဗိုက်ကလည်း ဆာလှပြီ၊ နေတာ ပူလွန်းသည်မို့ စိတ်ကပင် တိုချင်ချင်။ ထို့ကြောင့် ထိပ်ကဆိုင်မှာ အထည်စ

များ ထုတ်ပေးနေသော သောင်းထိုက်ကိုပင် မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

ဆိုင်ကို အလျှင်စလိုခင်းပြီး ထမင်းချိုင့်ကိုဖွင့်၍ တကြွတ်ကြွတ်မြည်နေသော ဝမ်းကို အမြန်ဆုံးဖြည့်ရလေသည်။ ငစိန်ဆန်သည် မာလျက်ရှိပေပြီ။ လက်နှစ်လုံးခန့်ရှိသော ငဖယ်ဆုပ်သည်ပင် သိုးနံ့ထွက်ချင်နေပြီ။

ထမင်းစားပြီးမှ သူဝယ်လာသော ပိတ်စကို ကိုက်တံဖြင့် ပြန်တိုင်းရသည်။ သည်တော့ ရင်မောရပြန်သည်။

'ဘုရားရေ ကိုးကိုက်ပဲရှိတယ်တော့'

မြရင်စိန် အထိတ်တလန့် ရေရွတ်လိုက်သည်။

'ဟဲ့ ဒီလိုဆို သွားပြန်ပြောချည်'

ဒေါ်ရွှေဥက လှမ်းပြောသည်။

မြရင်စိန်က မောဟိုက်စွာ သက်ပြင်းချမိပြန်သည်။

'မောလိုက်တာ အဒေါ်ရယ်၊ နက်ဖန်ကျမှ သွားရင်ရမလား မသိဘူး'

'ဖိုအေ၊ ချက်ချင်း သွားပြောတော့ ကောင်းတာပေ့ါ၊ တစ်ကိုက်ဆိုနည်းတာမဟုတ်ဘူး၊ ကိုယ့် ဒီလောက်မြတ်တာမှ မဟုတ်တာ'

'ဟုတ်ပါတယ်လေ၊ သွားဦးမှ'

'သွားပါအေ၊ ညည်းဆိုင် ငါ ကြည့်ရောင်းလိုက်ပါ့မယ်၊ စျေးတွေပြောခဲ့ဦး'

'ဒီအရောင်နုတွေက ဆယ့်ရှစ်ခွဲ၊ အနည်းဆုံး ဆယ့်ရှစ်ရရင် ရောင်း၊ ဒါတွေကတော့ ဆယ့်ကိုးထက် လျှော့လို့မဖြစ်ဘူး'

မြရင်စိန်က အရောင်များကို လက်ညှိုးထိုးပြရင်း မှာသည်။

သောင်းထိုက်က ဆိုင်ရှေ့ရောက်လာလေသည်၊ ဘာဖြစ်လို့လဲဟုသော အကြည့်ဖြင့် စူးစမ်းသည်။ စိတ်တိုနေခိုက်ဖြစ်၍ မြရင်စိန် စကားမပြောချင်၊

'လေယာဉ်မောင်တစ်ကိုက် လျှောလာလို့လေ၊ မင်းတို့ ဒိုင်တွေက လည်း စိတ်မချရပါလား'

ဒေါ်ရွှေဥက ဝင်ပြောသည်။

'တစ်ခါတလေ မှားတာပါ၊ ဖြတ်ပြီးသွင်းတဲ့လူတွေက မှားတာ၊ ပြန်ပြောရင် ရပါတယ်'

သောင်းထိုက်က မြရင်စိန့်ဘက် လှည့်ကြည့်ရင်း ပြောသည်။ မြရင်စိန့် မျက်နှာက ရွာတော့မည့်မိုးလို ညှိုနေသည်။

'နင်ကလဲဟာ၊ ငါ့မှာလိုက်ရင် ပြီးရော'

သောင်းထိုက်က မျက်နှာလို မျက်နှာရ ပြောကြည့်သေးသည်။

'တော်ပါပြီ၊ ငါ ဘယ်သူ့မှ အားမကိုးပါဘူး'

မြရင်စိန့် အငေါ်တူးပစ်သည်။ သောင်းထိုက်ကို ခင်မင်သော်လည်း သူ့အဒေါ်ဖြစ်သူကို သိပ်ကြည့်မရချင်။ ထို့ကြောင့် မြရင်စိန့်က ဝယ်စရာ ရှိလျှင် ဥက္ကလာဈေးကို ကိုယ်တိုင်သွားသည်။ သူတို့ဆီက အကြွေးရသော် လည်း သူတစ်ပါး အတင်းစီးခံရမှာကို မြရင်စိန့် ကြောက်သည်။

'သွားဦးမယ် အဒေါ်ရေ နေတောင် အတော်ပူနေပြီ'

မြရင်စိန့် ထွက်သွားရာသို့ ငေးကြည့်ရင်း သောင်းထိုက် ကျန်ရစ် သည်။

'ကောင်မလေး စိတ်ကလည်း မြန်ပါဘိ'

ဒေါ်ရွှေဥက သောင်းထိုက်ကို ကြည့်၍ ပြောသည်။ သောင်းထိုက်က စိတ်ရှုပ်ထွေးဟန်ဖြင့် အထည်တွေတည့်ထားသော ဖီတ်ကိုကိုင်ရင်း သူ့ အဒေါ်ကို စောင့်နေလေသည်။

မြရင်စိန့်ကတော့ သူ့ဇောနှင့်သူ မောရပြန်လေပြီ။ လေယာဉ်မောင် တစ်ကိုက်စအတွက် သုံးဘီးကားခ အကုန်မခံနိုင်။ ဘတ်စ်ကားကိုပင် တိုးဝှေ့ စီးရပြန်သည်။ ဒိုင်ကိုရောက်တော့ ချွေးဒီးဒီးကျလျက် ရှိသည်။

'နောက်နေ့မှလာပြောလဲရပါတယ် ညီမရယ်၊ အဲဒါ မြတ်တဲ့လူ
မှားတာ၊ နှောင် မဖြစ်အောင် သတိပေးရဦးမယ်၊ ဆိုင်လဲ နားညည်း
တယ်'

ဆိုင်ရှင်က ချိုချိုသာသာပြော၍ မြရင်စိန် စိတ်သက်သာရာ ရ
သည်။ သို့တိုင် 'ခရီးစရိတ်တောင် ပေးဖို့ကောင်းတယ်'ဟု စိတ်တွင်
ပြောမိသေးသည်။ သည်မနက်အဖို့ ဘတ်စ်ကားကို စေတုတ္ထအကြိမ်မြောက်
တိုးတက်ရပြန်သည်။ ကားမှတ်တိုင်မှ စိန်ဂွန်းဈေးအထိ လမ်းလျှောက်
ပြန်သည်။ ဈေးကိုရောက်တော့ ၁၂ နာရီ ထိုးလုပြီ၊ ဆိုင်မှာတော့ ဈေးဦး
ပေါက်သေးရဲ့လား မသိ။

ထောင်နံ့ရုံပျက်ကြီးသည် နေပူထဲတွင် ထီးထီးမားမား ရပ်တည်
လျက် ရှိလေသည်။

□

# ၄

မြရင်စိန် မျက်နှာ မကောင်းတော့ သောင်းထိုက်လည်း စိတ်မကောင်း။ မြရင်စိန်ကို ချစ်တာလည်း ပါသည်။ သနားတာလည်း ပါသည်။ သို့သော် မြရင်စိန်ကတော့ ယောက်ျားတကာကို အသနား ခံတတ်သည့် ရုပ်မျိုး မဟုတ်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးလိုသည့်ဟန်။ တန်ဖိုးထားဟန်၊ မာန ရှိဟန်တို့သည် အထင်းသားပေါ် နေသည်။ မြရင်စိန်သည် သာမန် ဈေးသည် တစ်ဦးမျှသာဖြစ်သော်လည်း သူတွေ့ဖူးသည့် အခြား မိန်းကလေးများလို ပေါ့ပေါ့ဆဆ နေတတ်သည့် ရုပ်မျိုးမဟုတ်။ တန်ဖိုးမဲ့ ရုပ်မျိုးမဟုတ်၊ ပညာတတ်ပြီး တန်ဖိုးမရှိသော မိန်းကလေးမျိုးတွေ သူ တွေ့ဖူးခဲ့ပြီ။

သောင်းထိုက်တို့ ကျင်လည်ရာ ပတ်ဝန်းကျင်မှာပဲကြည့် အများက မှောင်ခိုလောကဟု အမည်တပ်ထားသော သူတို့နယ်ပယ်မှာ ကျင်လည် ကျက်စားနေသည့် မိန်းကလေးပေါင်း များစွာရှိသည်။ ပညာ မတတ် သူလည်း ပါသည်၊ ခေတ်ပညာတတ် အမျိုးသမီးတွေလည်း ပါသည်။ ငွေတစ်ပြားမှ မရှိဘဲ လက်ဝေခံ လုပ်နေသူတွေလည်း ရှိသည်၊ ငွေရှာပြီး လောဘတက်ကာ ငွေနောက်လိုက်နေသူတွေလည်း ရှိသည်။ အချို့က ဘယ်အခြေအနေပဲရောက်ရောက် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေသည်၊

အချို့ကတော့ ရောက်ရာဘဝမှာ ရေစုန်မျှောတာ ကျသလိုပင် နေပစ်သူတွေ လည်း ရှိသည်။ စင်စစ်တော့လည်း သည်လို နယ်ပယ်မျိုးမှာ တော်ရုံစိတ်ဓာတ် နှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့ဆိုသည်မှာ မလွယ်လှ။

သောင်းထိုက်တို့လို ယောက်ျားလေးတွေကတော့ ကိစ္စမရှိ၊ ပေါ်ကျ ပြားကျကျ ကိုယ့်အပေါ် ကျရောက်လာမည့်အန္တရာယ်ကို ရှောင်နိုင်ဖို့သာ အရေးကြီးသည်။ သည်မျှ စိုးရိမ်သောကများပြီး ပင်ပန်းလှသောအလုပ်ကို လုပ်ချင်လွန်းလှ၍တော့ မဟုတ်။ သို့သော် အလုပ်တစ်ခုဆိုသည်မှာ စ ဆိုလျှင် နောက်ဆုတ်ဖို့ မလွယ်။

သောင်းထိုက်မှာ တစ်ကိုယ်ရေသမားဆိုသော်လည်း သံယော တွယ်စရာတော့ ရှိသည်။ သူ့မွေးစားအဖေသည် သူ့ကို အလွန်ချစ်ရှာသည်။ သူ တစ်နှစ်သား အရွယ်က ဖခင်အရင်း ဆုံးခဲ့ပြီး မိခင်ကလည်း မမော သူ့ကိုမွေးစားရန် ငွေငါးဆယ်နှင့် ပေးသည်တဲ့။ မကြာမီ အမေလည်း ဆုံးသည်။ သူ့ကိုမွေးစားသော အဖေကလည်း တစ်ယောက်တည်းသမား လူပျိုကြီး။ သူ့ကို ရှစ်တန်းအထိ ပညာသင်ကြားပေးခဲ့သည်။ အစကတော့ သူ့ကို ထွန်းထွန်းပေါက်ပေါက်ဖြစ်သည်အထိ ပညာသင်ပေးဖို့ ရည်ရွယ်ချက် ရှိသည်။ သို့သော် ရှစ်တန်းကို နှစ်ခါကျပြီးကတည်းက သူ စာမေး ဆက်ဖြေချင်စိတ် မရှိတော့။

သည်တွင် မွေးစားအဖေ၏ ညီမဝမ်းကွဲ ဒေါ်ကြည်က သူ့ကို ခေါ် သည်။ အဖေက သုံးခွမှာ တစ်ယောက်တည်း ဥယျာဉ်ခြံမြေစိုက်ကာ အေးအေး နေသည်။ ဒေါ်ကြည်က ရန်ကုန်သူ၊ အလှူဆီလာလည်ရင်း သောင်းထိုက် ကို မြင်တော့ သူ့မှာ ယောက်ျားလေးမရှိ၍ အားကိုးချင်သည်ဆိုကာ မရမက ခေါ်သည်။ အဖေကတော့ ဘာမျှမပြော၊ 'ကလေးပျော်ရင် ပျော်သလောက် နေပေါ့' ဟုသာ ဆိုသည်။ သောင်းထိုက်ကတော့ စိတ်ဓာတ်ကျဆင်းနေ

သည့် အချိန်မို့ ဒေါ်ကြည်ခေါ်ရာကို မငြင်းမဆန် လိုက်ခဲ့လေသည်။ ယောက်ျားပီပီ လူ့လောကကို ရဲရဲပွံ့ပွံ့ တိုးဝင်ကြည့်ချင်သည်။ အခြေခံမကောင်းသော ဘဝကို မကျေနပ်တိုင်း ဘဝသစ်ကို ဖန်တီးပစ်ချင်စိတ် ပေါက်နေသည်။ လူ့လောက၏ စည်းစိမ်ဥစ္စာ၊ ဓနကြေးငွေတွေကို မည်သူတွေခံစားနေသလဲ ဆိုသည်ကိုလည်း သူ စူးစမ်းကြည့်ချင်သည်။

ရန်ကုန်ရောက်စကတော့ လူငယ်တွေကိုကြည့်ပြီး သူ စိတ်ပျက်မိသည်မှာ အမှန်။ သူနှင့် သက်တူရွယ်တူ ယောက်ျားလေးများသည် သူထင်သလို ဖျတ်လတ်တက်ကြွမှုမရှိ။ လေးလံထိုင်းမှိုင်းနေသည်။ တွေဝေငေးမောနေသည်။ အဓိပ္ပာယ်ဖော်မရသော မျက်လုံးများဖြင့် လောကကို ခပ်ဝါးဝါးကြည့်နေကြသည်။ တစ်ခုခုလိုနေသလို ခံစားရသည်။

ဒေါ်ကြည့်အိမ်မှာတော့ လူသိပ်များများမရှိ။ ဒေါ်ကြည့်ယောက်ျား ဦးစန်းမောင်၊ သမီးမမြင့်စန်းနှင့် ဒေါ်ကြည့်တူမ မလှစိန်တို့ ဖြစ်သည်။ ဦးစန်းမောင်ကတော့ တကယ့်လူအေးကြီး။ လူကလည်း ဘုန်းကြီးလူထွက်။ ယခုတော့ ပန်းတိမ်ဖိုလေး ဖွင့်ထားသည်။ မည်မည်ရရတော့ မဟုတ်။ မလှစိန်က တူမဆိုသော်လည်း ဒေါ်ကြည်နှင့် အသက်ချင်း မတိမ်းမယိမ်း။ သူက အပျိုကြီး။ ရှက်တတ် ကြောက်တတ်သည်။ သနားတတ် အားနာတတ်သည်။ ဒေါ်ကြည့် အရောင်းအဝယ်ကိစ္စကို တတ်စွမ်းသမျှကူညီသော်လည်း လူကတော့ လည်ပတ်လှသည် မဟုတ်။ ပြီးတော့ ကောင်းကောင်းလည်း မမာ။ ပိန်လိုက်သည်မှာ ကျောနှင့် ရင်နှင့် ကပ်နေသည်။

သောင်းထိုက် ကြည့်မရဆုံးက မမြင့်စန်း။ ရုပ်ကလေးက မဆိုးလှသော်လည်း နေပုံ ထိုင်ပုံက ဆတ်ဆလူး။ အခြောက်တိုက် အဝင်ကလည်း မြင့်သေးသည်။ သောင်းထိုက်ထက် တစ်နှစ်ခန့်ငယ်သော်လည်း သူက ကိုးတန်းရောက်နေပြီ၊ သောင်းထိုက်ကို အထက်စီးက ဆက်ဆံတတ်သည်။

သောင်းထိုက်ကလည်း သူ့ကိုထိပါးလာလျှင်တော့ ဆတ်ဆတ်ထိမခံ...
ဘဝကို သိမ်ငယ်သည်ဟု ထင်လေလေ သူတစ်ပါးကို အောက်ကျို့...
လေလေ။ ထို့ကြောင့် သူက မမြင့်စန်းကို အတတ်နိုင်ဆုံးရှောင်နေ...
မလွဲသာ၍ ဆုံရလျှင်လည်း ခပ်မှန်မှန်သာ နေသည်။

အစ ပထမတော့ ဒေါ်ကြည်ကို ဆိုင်ကြီးကနားနှင့် အတည်...
ရောင်းဝယ်ဖောက်ကားနေသူဟု ထင်ခဲ့သည်။ နောက်တော့မှ သူထင်...
မဟုတ်၊ လက်ကားသမားဆီမှ လက်လီသမားဆီသို့ ကူးပြောင်းပေး...
တစ်ဆင့်ခံသမားမျှသာဖြစ်ကြောင်း သိရသည်၊ ဆယ်ရပ်ကွက်ဒိုင်မှ အ...
များကိုယူပြီး စိန့်ဂျွန်းဈေးမှ ဈေးသည်များဆီ သွင်းသည်။ အကြွေး...
သည်။ သည်တော့လည်း ဈေးသည်များက တော်ရုံဖြင့် ခရီးစရိတ်အကုန်...
ဒိုင်ကို မသွားတော့၊ သူ့ဆီကပင် ယူသည်၊ အကြွေးလည်းရသည်ဆို...
ပိုပြီး အဆင်ပြေသည်။ သောင်းထိုက်က ဒေါ်ကြည့်နောက်မှ အခေ...
အရှောက်အဖြစ် အကူအညီအဖြစ် လိုက်ရသည်။ 'နောက်တော့ မင်းဘာ...
လည်သလို လုပ်စားပေါ့'ဟု ဒေါ်ကြည်က ဆိုသည်၊ ယခုတော့ သောင်းထို...
ကလည်း ကုန်သည်လောကမှာ ခြေတစ်ဖက် ချမိပေပြီ။

အများကတော့ မှောင်ခိုဟု ခေါ်ကြသည်။ သောင်းထိုက်က နားမလည်...
နိုင်။ သည်မျှ ဈေးကြီးတစ်ခုလုံးဖွင့်ပြီး အထင်ကရ ရောင်းဝယ်ဖောက်ကား...
နေကြပါလျက်၊ လူတန်းစားမရွေး လူမျိုးမရွေး လာရောက်ဝယ်ယူ သုံး...
နေကြပါလျက် အဘယ့်ကြောင့် မှောင်ခို မှောင်ခိုဟု ပုတ်ခတ်နေကြ...
သနည်း။ တစ်ခါက အဒေါ်ကြီးတစ်ယောက်ပြောဖူးသည်ကို သတိရ...
သည်၊ ရန်ကုန်မှ ပစ္စည်းအချို့ဝယ်ပြီး ရထားစီးလာတော့ အဒေါ်ကြီး...
တစ်ဦးသည် ရှာဖွေရေးနှင့် တိုးသည်၊ သူ့ပစ္စည်းအချို့ကို မှောင်ခိုပစ္စည်း...
ဆိုကာ သိမ်းသည်၊ အဒေါ်ကြီးက ခိုင်မာစွာ ငြင်းဆိုသည်၊ 'ဘယ်က...

မှောင်နှိပ်စက်ရှည်းရမှာလဲ ငါတူရယ်၊ အခေါ်ဝယ်ခဲ့တဲ့ဈေးမှာ ရောင်းနေလိုက်တာမှ မီးတိုင်ကြီးတွေကို လင်းလို့ပါတော်' တဲ့၏။

ပင်စည်ကိုမလှဲဘဲ အဘယ့်ကြောင့် အကိုင်းအခက်ကို လိုက်ဖြတ်နေရပါသနည်း။

သောင်းထိုက်တို့ ကျင်လည်ရာ နယ်ပယ်သည် အကိုင်းအခက် အညွန့်အတက်မျှသာ ဖြစ်၏။ ငွေအရင်းအနှီးအချို့ဖြင့် သယ်ယူပို့ဆောင်ပေးနေရသော ကယ်ရီယာသက်သက်။ ရန်ကုန်မှာ တစ်နှစ်ခန့်ကြာလာတော့ အပေါင်းအသင်း များလာသည်၊ နယ်ကျယ်လာသည်။ ရန်ကုန်မှာ အဆင်မပြေသည့်အခါ မော်လမြိုင်ဆင်းသည်။ လမ်းခရီး မသာယာသည့်အခါ ရန်ကုန်မှာပင် နေသည်။

အလုပ်တစ်ခုကို စမိပြီဆိုတော့လည်း တော်ရုံနှင့် နောက်ဆုတ်ဖို့ကခဲယဉ်းသွားလေသည်။ သူသင်ထားသောပညာနှင့် အခြားအလုပ် လုပ်စားဖို့ဆိုသည်ကလည်း မလွယ်။ သူ့လို လူငယ်လူရွယ် အတော်များများသည် သူတို့လောကမှာ အမြစ်တွယ်နေကြပြီ၊ သူ့ထက်ပညာတတ်သူ၊ တက္ကသိုလ်မှ ဘွဲ့ရသူတွေပင် သည်ဝန်းကျင်မှာ ပျော်ဝိုက်နေကြပြီဆိုတော့ သူ့လိုအဝအခြေခံ နည်းပါးသူက အခြားနေရာကို ခွန့်သွားဖို့ဆိုသည်မှာ စဉ်းစားဖို့ပင် အကြောင်းမရှိ။

သူ့လို ယောကျ်ားလေးတစ်ယောက်ပင် သည်နယ်မှ ရုန်းထွက်ဖို့ခဲယဉ်းပြီဆိုတော့ မြရင်စိန်တို့လို မိန်းကလေးတွေ ပါဝင်ကျင်လည်လျက်ရှိသည်မှာလည်း အဆန်းမဟုတ်တော့။

မြရင်စိန်ကို တွေ့စကတော့ ဈေးသည်လောကမှ သာမန်မိန်းကလေးတစ်ဦးအဖြစ်သာ အသိအမှတ်ပြုမိသည်၊ တွေ့ဖန်များလာမှ မြရင်စိန်၏ထူးခြားချက်လေးများကို သတိထားမိကာ လေးစားခင်မင်လာခဲ့မိသည်။

အသက်ပင်ငယ်သော်လည်း မြရင်စိန်ဟန်က ရင့်ကျက်တည်ငြိမ်မှုရှိသည်။ မြရင်စိန့် မျက်နှာက မလှသော်လည်း ထူးခြားသည်။ မျှော်လင့်ချက်တို့ ပြည့်လျှံနေသော မျက်ဝန်းအစုံသည် အစဉ် တောက်ပနေတတ်သည်။ ဖွံ့ဖြိုးကျစ်လျစ်သော ခန္ဓာကိုယ်သည် လျှင်မြန်ဖျတ်လတ်လျက်ရှိတာ ကြာမြွေဖြင့် ထိန်းသိမ်း လှုပ်ရှားနေပုံကလည်း လေးစားလောက်သည်။ သို့သော် တစ်ခါ တစ်ခါတော့ မြရင်စိန်ကို လန့်သည်။ သူ့စိတ် အခန့်မသင့် လျှင် မျက်နှာထားကို အစွမ်းကို တင်းထားတတ်ပြီး မျက်လုံးအစုံကလည်း အရောင်တဖျပ်ဖျပ်ထွက်ကာ စူးရှခက်ထန်လျက်ရှိတော့သည်။

လူငယ်ချင်းမို့ စာနာသောစိတ်ဖြင့် မြရင်စိန်ကို ခင်မင်ခဲ့သည်။ မိန်းကလေးမို့ သနားသောစိတ်ဖြင့် ကြင်နာမိပြန်သည်။ တုံ့ပြန်ခင်မင်မှုကို ပေးလာသော မြရင်စိန်၏ အပြုံးလှဲလှဲ ရင်ထဲမှာ လှစ်ခနဲနေအောင် ခံစားတတ်လာသည်။ မရေရာ သော အနာဂတ်အတွက် လှုပ်ရှားရုန်းကန်နေရသော ဘဝတွင် မြရင်စိန်နှင့်အတူတွဲကာ အဖော်သဟဲ ပြုချင်သည်။ တစ်ယောက် ချင်း လူ့ဘဝကို ရင်ဆိုင်ရမည့်အစား နှစ်ယောက်အားဖြင့် ဖြိုကြည့် ချင်သည်။ သို့သော် တကယ်တမ်း မြရင်စိန်လို မိန်းကလေး တစ်ယောက်ကို သည်လိုနယ်ပယ်မျိုးမှာ နစ်မြုပ်သွားမှာကိုလည်း သူ မလိုလားပြန်ပေ။ တစ်စုံတစ်ခုသော အခြေအနေမျိုးမှာ သူတို့ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်ပြီး ဘဝကို ပုံစံတစ်မျိုး ဖြင့် ပြန်စကြမည်ဟု သူ မျှော်မှန်းမိလေသည်။

တစ်ဖက်သတ် စိတ်ကူးများဖြင့် ကြည်နူးနေသော သောင်းထိုက် သည်။ မမြင့်စန်း၏ စွာကျယ်ကျယ်အသံကြောင့် စိတ်ကူးပျက်ကာ အိပ်ရာမှ လူးလဲ ထလိုက်ရလေသည်။

နေရောင်က မပီပြင်သေး။

နာရီဝက်လောက်တော့ တစ်ရေးနှပ်၍ ရသေးသည်။ သို့သော် မမြင့်စန်း၏ အစုအဆောင့်ကို မခံလို၍သူ အိပ်ရာမှ ထလိုက်ရသည်။ စောင်နှင့် ခြင်ထောင်ကို လုံးထွေးရစ်ပတ်ကာ ခေါင်းအုံးပေါ်မှာ ပုံလိုက်သည်။ ပြီးမှ တနည်းငယ် သပ်ရပ်သွားစေရန် အလို့ငှာ ပုဆိုးပိုင်းတစ်ခုဖြင့် အုပ်လိုက်လေသည်။ ပြီးတော့ အိပ်ရာဘေးမှ သွားတိုက်ဆေးနှင့် သွားပွတ်တံကို ယူကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။ ရေစည်ထဲတွင် ရေတစ်ဝက်ခန့် ရှိသည်။ သို့သော် မမြင့်စန်း၏ မျက်စောင်းကိုကြောက်၍ အိမ်ရှေ့ ခပ်လှမ်းလှမ်းမှ ရေကန်ရှိရာသို့ ထွက်လာခဲ့သည်။ ရေဘုံဘိုင်တွင် ရေပုံးတွေ တန်းစီလျက်ရှိသည်။ ရေစောင့်နေသော မမြင့်စန်းက သူ့ကို ခါးထောက်ကြည့်နေသည်။ သူက မမြင်ဟန်ပြုကာ ရှေ့နားတွင် ရေခံနေသော ဦးစန်းမောင်ရှိရာကို လျှောက်သွားလေသည်။ ပြည့်လုဆဲဖြစ်သော ရေပုံးကိုဆွဲပြီး ပြန်လာသည်။ အိမ်ရှေ့ ရေစည်နားမှာချပြီး ချိုးပစ်လိုက်သည်။ မမြင့်စန်း၏ တီးတိုးရေရွတ်သံကို ကြားရလေသည်။

သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းပြီး ဖြစ်နေသော ဒေါ်ကြည်က သောင်းထိုက်ကို စောင့်နေသည်။

'လာ၊ ရေနွေးကြမ်း သောက်ချည်ဦး'

ဒေါ်ကြည်က ခေါ်သည်။ သောင်းထိုက်က စားပွဲပေါ် ချထားသော ဘိန်းမုန့် တစ်ချပ်ကိုယူကာ ပါးစပ်ထဲသို့ ပလုတ်ပလောင်း ထည့်ရင်း 'သွားမယ် အဒေါ်' ဟု ပြောလိုက်သည်။ ခြေဆောင့်၍ဝင်လာသော မမြင့်စန်း အသံကို မကြားဟန်ပြုရင်း ရေတစ်ခွက်ကို မျှောချလိုက်သည်။

အိမ်ကထွက်လာတော့ နေရောင်ပင် ဖြာဆင်းလျက်ရှိပြီ။ ဥက္ကလာမှ မြို့ထဲအထိ အလုပ်ဆင်းရမည့်သူတွေသည် စောစီးစွာပင် ဘတ်စ်ကား

မှတ်တိုင်မှာ တိုးဝှေ့လျက်ရှိပြီ၊ နေမထွက်ခင်ကပင် ခွေးစို့လျက်ရှိကြပြီ၊ သည်အချိန်ထွက်မှ အလုပ်ခွင်ကို မီရုံရှိမည်။ သူတို့ပြန်ရောက်ချိန်သည် နေဝင်ချိန်၊ သူတို့ထမင်းစားချိန်သည် မှောင်ရီပျိုးပျ။ အိပ်စက်နားနေချိန်သည် ညဥ့်တစ်ဝက်မျှသာ၊ အရှက်ဦး၏ နေရောင်ခြည်နှင့်အတူ အမိုးလိုက်လှုပ်ရှား သွားလာနေကြရလေသည်၊

ဆိုက်ကား တစ်စီးဖြင့် ဆယ်ရပ်ကွက် ဈေးသို့ လာခဲ့ကြသည်၊ ဈေးမှာတော့ စောစီးစွာပင် စည်ကားလျက်ရှိပြီး မနေ့ညနေက ရထားဖြင့် ရောက်လာသော နောက်ဆုံး အထည်ဆန်းများကို ဖောက်သည်များက အလုအယက် ယူကြသည်။ စိန့်ဂျွန်းဈေး လဟာပြင်ဈေး သံဈေး ဈေးသည်များအားလုံးက သည်နေရာမှာပင် ဖောက်သည် ယူကြသည်။

ဒိုင်သမားတွေကတော့ သူတို့အတွက် ငါးမူးကျန်လျှင်လည်း ရောင်းသည်။ တစ်မတ်ကျန်လျှင်လည်း ရောင်းသည်၊ သူတို့အဖို့ အရေအတွက်များများထွက်ဖို့က အရေးကြီးသည်။ ပစ္စည်းတွေက တစ်နေ့ထက် တစ်နေ့ တိုး၍ ဝင်လာသည်။ အဆင်က တစ်နေ့တစ်မျိုးဆန်းသည်၊ ပစ္စည်းတစ်ခုကို ကြာကြာထားလျှင် ရှုံးဖို့သာရှိ၏။ သည်တော့ မြန်မြန်နှင့်များများ ထွက်ဖို့သာ အရေးကြီး၏။

တကယ်တော့ သူတို့သည်လည်း ပင်စည်ပင် မဟုတ်သေး။ သူတို့မှာက ဖြန့်ချိရေးသက်သက်၊ ငွေကို သောင်းနှင့်သိန်းနှင့်ချီ၍ ကိုင်ရသော်လည်း အားလုံး သူတို့ပိုင်ငွေမဟုတ်၊

ဒေါ်ကြည်တို့က ယူနေကျဆိုင်မှာ နောက်ဆုံးရောက်သည့် အဆင်ဆန်းများကို ရွေးယူသည်၊

'ဒါ မနေ့ကမှရောက်တဲ့ ဖော့ရှန် အရောင်ဆန်းတွေ လေးဆယ့်သုံးခု ယူသွား'

ဒေါ်ကြည်က အရောင်ကောင်းကောင်းများကို တစ်ထုပ်စီ ရွေးယူသည်။

'အားလုံး မွှေယူဗျာ။ အဖြူပါ ယူရမယ်'

အရောင်ကောင်းတွေချည်းပေးလိုက်လျှင် မစွံသည့် အရောင်တွေချည်း ကျန်ရစ်မည်။ သည်ထုံးစံကို ဒေါ်ကြည်လည်း နားလည်သည်။ သို့သော် အရောင်မွဲများကို ယူရန် လက်တွန့်နေသည်။

'ကျွယ် ဒီအရောင်တွေတော့ တစ်စစီပဲထည့်ပါ ကျန်တာတွေ နှစ်စစီ ယူမယ်'

'ကဲ ယူဗျာ၊ ယူ ယူ'

ဒေါ်ကြည်က တချို့ကို လက်ငင်း ငွေချေသည်၊ တချို့ကို အကြွေး ယူသည်၊ သောင်းထိုက်က ပိတ်စများကို အသင့်ယူလာသော အိတ်လွတ်ထဲ ထည့်ရသည်။ သူပိတ်စများထည့်နေစဉ် သူနှင့်အတူ အလုပ်လုပ်ဖူးသော အောင်နိုင် ရောက်လာသည်။ အောင်နိုင်တား မြစ်ရာဘဝမှာ ကျောနပ် ရောင့်ရဲကာ ပျော်ပျော်နေတတ်သူ တစ်ယောက်။ ယခုတော့ အောင်နိုင့် မျက်နှာကြီးက တစ်စုံတစ်ခုကို မကျေနပ်ဟန်ဖြင့် ရှုံ့မဲ့နေသည်၊ သောင်းထိုက် ကို မြင်တော့ အားတက်သွားသလို ပြုံးပြသည်။ သူတို့တွေသည် ဘဝတူ လူငယ်တွေ မဟုတ်လား။

'ဟေ့ သောင်းထိုက်၊ မင်းကို မမြင်ရတာ ကြာပြီ၊ ဘယ်ဘက်လှည့် နေလဲ'

အောင်နိုင်က သောင်းထိုက်ကို ရင်းရင်းနှီးနှီး ပခုံးပုတ်ရင်း မေးသည်။ သောင်းထိုက်ကလည်း သူ့လည်ပင်းကို ခင်မင်စွာ ပြန်ဖက်လိုက်သည်၊

'ရှိပါတယ်၊ ငါ ဒီကို နေ့တိုင်း ရောက်တယ်၊ ငါက မင်းကိုတောင် သူဌေးဖြစ်နေပြီ မှတ်လို့'

'တော်စမ်းပါကွာ'

အောင်နိုင်က သူ့ဘောင်းဘီရှည်အိတ်ထဲမှ နိုင်ငံခြားစီးကရက်ဘူး ထုတ်၍ ကမ်းပေးသည်။ သောင်းထိုက်က ခေါင်းခါလိုက်သည်၊

'ငါ ဆေးလိပ်ဖြတ်ထားတယ်ကွ'

'တယ်လိမ်မာနေပါလား၊ ငါ မင်းနဲ့ အေးအေးဆေးဆေး စကား ပြောချင်သေးတယ်ကွာ'

သောင်းထိုက်က ခေါ်ကြည်ကို လှည့်ကြည့်လိုက်သည်။

'ငါ ဒီပစ္စည်းတွေ စိန်ဂျွန်းဈေးကို လိုက်ပို့လိုက်ဦးမယ်'

'အေး ငါပါ လိုက်မယ်'

ပစ္စည်းတွေကို စိန်ဂျွန်းဈေးကိုပို့ပေးပြီး သူတို့နှစ်ယောက် ပြန်ထွက် ထွက်ခဲ့ကြသည်၊ စကားပြောရန်ကောင်းမည့် လက်ဖက်ရည်ဆိုင်ကို ရှာသည်၊ အူးလေဘုရားလမ်းမှ သစ္စာ လက်ဖက်ရည်ဆိုင်တွင် ထိုင်မိကြသည်။

'မင်း ဘာလို့ မော်လမြိုင်ကို မလိုက်တော့တာလဲကွာ၊ ခု လမ်းခင်း သာနေတဲ့ အခါပဲ'

လက်ဖက်ရည်နှစ်ခွက် မှာအပြီး အောင်နိုင်က စကားစသည်၊

'သိပ်လိုက်ချင်တာပေါ့ကွာ၊ လိုက်ချင်တယ်ဆိုတာထက် အိမ်မှာ မနေချင်ဘူးကွာ၊ အဖေါ်တ ဆွဲထားလို့သာ'

'မင်းက ဘာလို့ အိမ်မှာမနေချင်ရတာလဲ'

အောင်နိုင်က စီးကရက်တစ်လိပ် ထုတ်သောက်ရင်း မေးသည်၊ သူ့ဓာတ်ငွေ့မီးခြစ်ကို စားပွဲပေါ် ဆောင့်ချလိုက်သည်၊ လက်ဖက်ရည်နှစ်ခွက် ရောက်လာလေသည်။

'မပြောချင်ပါဘူးကွာ'

သောင်းထိုက်က လက်ဖက်ရည်တစ်ငုံသောက်ရင်း ဖြေသည်။ ပြီးတော့ 'လက်ဖက်ရည်ကလည်း ညှံလိုက်တာ' ဟု တစ်ခွန်း ဖြတ်ပြောသည်။

'ပြောစမ်းပါကွ၊ မင်းနဲ့ငါ ဘာဝတ္ထုတွေပဲ'

တကယ်တော့ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အလွန် ခင်မင်ခဲ့ကြသည်ကို ပြောလိုခြင်း ဖြစ်သည်။ ယောကျ်ားလေးချင်းချင်း ဆိုတော့လည်း သည်အပြောမျိုးတွေကို သိပ်ပြောမနေချင်။

'အခေါ် သမီးတစ်ယောက် ရှိတယ်ကွ၊ ငါ့ကို သိပ်မကြည်ဘူး'

သောင်းထိုက်က အောင်နိုင်၏ ရုပ်အကျီမှ ကြယ်သီးဆန်းများကို စိုက်ကြည့်ရင်း ဖြေသည်။

'ပြောစမ်းပါဦး မင်းကလဲ၊ ဘာဖြစ်လို့ မကြည်တာလဲ'

'တစ်အိမ်တည်းနေတာပဲကွာ၊ အလကားနေရင်း လိုက်ရန်လုပ်နေ တော့ အနေခက်တာပေါ့'

'ကောင်မလေးက မလှလို့လား'

ဘာဆိုင်လဲ ဟူသော အကြည့်ဖြင့် သောင်းထိုက်က အောင်နိုင့်ကို ကြည့်သည်။

'ဒီလိုလေကွာ၊ ကောင်မလေးက မလှတော့ မင်းက သူ့ကို ဂရုမစိုက် ဘူး၊ မကပ်ဘူးပေါ့ကွာ၊ ဒီတော့ ကောင်မလေးကလည်း မိန်းကလေးတို့ သဘာဝအတိုင်း သူ့ကို အရေးမစိုက်လေ မခံမရပ်နိုင်ဖြစ်လေ၊ မင်းကို ရန်လုပ်လေ ဖြစ်နေမှာပေါ့၊ မဟုတ်ဘူးလား၊ ငါပြောတာ'

သောင်းထိုက်က သဘောကျစွာ ရယ်မောလိုက်သည်။

'မင်း တယ်တော်တဲ့ကောင်ပဲ၊ ကောင်မလေးက သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလိုပုံကို ငါက မကြိုက်ဘူးကွ'

အောင်နိုင်က ပြုံးသည်။

'ဒါနဲ့ စိန်လွှန်းရေးက ကောင်မလေးကော၊ ခပ်တောင့်တောင့်လေ

လေ'

သောင်းထိုက် မျက်နှာ ရဲသွားသည်။ မြရင်စိန်ကို သူ နှုတ်ဆက်နေ

သည်ကို အောင်နိုင်က ရပ်စောင့်နေခဲ့ရသည်။ သောင်းထိုက် ဘာမှမပြော

'ပုံကတော့ မာနခဲလေးနော်'

အောင်နိုင်က မှတ်ချက်ချသည်။

'ငါက အဲဒါမျိုးမှ ကြိုက်တာ'

သောင်းထိုက် နှုတ်က လွှတ်ခနဲ ထွက်သွားသည်။

'အေး ငါသိပါပြီကွာ၊ ကဲ ဒီတော့ ဒီလိုလုပ်၊ မင်း တို့နဲ့ ပြန်လိုက်

ကွာ၊ ခု ငါလဲ ဘက်ပွဲနေတယ်၊ အပေါင်းအသင်းများတော့ ပိုကောင်း

ပေါ့၊ မင်း အဘွားကြီး ခေါက်ထားလိုက်'

သောင်းထိုက်က စဉ်းစားနေသည်။

'ငါ ပြောကြည့်ဦးမယ်ကွာ၊ ဒါနဲ့ မနက်က မင်းကြည့်ရတာ တစ်မျိုး

ဒိုင်နဲ့ အဆင်ပြေရဲ့လား'

အောင်နိုင့်မျက်နှာ အနည်းငယ် တင်းသွားသည်။

'တစ်ခါ တစ်ခါတော့ ဒီလိုပဲကွာ'

အတန်ကြာမှ သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခဲ့

သည်။

ရုပ်ရှင်ရုံရှေ့တွင် လူငယ်အချို့ မှောင်ခိုလက်မှတ်ရောင်းနေကြလေ

သည်။

❑

# ၅

အောင်နိုင်ကတော့ သောင်းထိုက်ကို အားကိုးချင်သည်၊ သောင်းထိုက်သည် ရိုးသားသည်။ ဖြောင့်မတ်သည်။ အပေါင်းအသင်းပေါ် သစ္စာရှိသည်။ သူတို့လောကထဲ ဝင်ရောက်လာသော်လည်း အချို့ လူတွေလို လောဘစိတ် သိပ်မရှိ၊ အချင်းချင်း ခုတ်ချင် ဖြတ်ချင် ကြောချင်စိတ် မရှိ၊ သူ့ဝေစုထဲက မဟုတ်လျှင် မတော်တဆ ရလာသော အကျိုးအမြတ်ကိုပင် တစ်ကွက်ချန်၍ မထားတတ်၊ ပွင့်လင်းစွာပြော၍ ခွဲဝေပေးတတ်သည်။ သူ့တွင် စီးပွားရေးသမားစိတ် မရှိ၊ သူက အတွေးအခေါ်သမား။

တကယ်တော့ အောင်နိုင်တို့ ကျင်လည်ရာ ဝန်းကျင်တွင် ငွေကို တစ်ပြားရရ တစ်ချပ်ရရ ကိုယ့်အတွက်ရအောင် ယူတတ်သူတွေသာ များလေသည်။ အခြေအနေကလည်း မယူ၍မဖြစ်။ ကိုယ်မယူလျှင် သူများရသွားမည်။ သူများရသွားလျှင် ကိုယ့်အတွက် မကျန်။ သူတို့အလုပ်သည် သူများငွေကို ကိုယ့်ငွေဖြစ်အောင် လုပ်ရသောအလုပ်၊ တစ်ခုတော့ရှိသည်၊ အချင်းချင်းတော့ သစ္စာရှိရမည်၊ အလုပ်သဘောကို နားလည်ရမည်၊ သူတို့အားလုံး ပါဝင်လည်ပတ်နေသော ယန္တရားမှာ ကိုယ့်အခန်းကဏ္ဍကို ကိုယ်ပိုင်ပိုင်နိုင်နိုင် ထမ်းဆောင်ဖို့ လိုပေမည်၊ သူတို့အလုပ်က တစ်ယောက်နှင့် တစ်ယောက် ကွင်းဆက်များလို ချိတ်တွယ် ဆက်စပ်နေကြသည်။

တစ်ခါတစ်ရံတော့လည်း သည်လောကမှာ သည်အခြေအနေအ တစ်စထက်တစ်စ ကျယ်ဝန်းစွာ ပါဝင်နေမိသည့်အဖြစ်ကို တွေးမိ အောင်နိုင်သည် သူ့ကိုယ်သူ အံ့ဩမဆုံး ဖြစ်နေတတ်သည်။ အ သူ့ရည်ရွယ်ချက်က တစ်မျိုး၊ မိဘနှင့် အတူနေပြီး ကျောင်းစာကို အပတ်တကုတ် ကြိုးစားခဲ့သည်။ သူ့ရည်ရွယ်ချက်က တက္ကသိုလ်ပညာ ဆုံးခန်းတိုင် သင်ယူပြီး စာအုပ်ထူထူ ကိုင်တာ 'ဆရာ' ဘွဲ့ကို ခံယူဖို့ ဖြစ်နိုင်လျှင် နိုင်ငံခြားအထိသွားပြီး ဒေါက်တာဘွဲ့တွေ ဘာတွေ ယူလို ဦးမည်။ ပညာရှိတို့၏ တွေးခေါ် မြော်မြင်ပုံတွေကို ဖတ်ပြီး လောကကြီး အဘိဓမ္မာသစ်တွေ ထပ်ဖွင့်နေချင်သည်။

ဝိဇ္ဇာဘွဲ့ရသည်အထိတော့ သူ့ရည်ရွယ်ချက်တွေ မပျက်ပြယ်သေ မျှော်လင့်ချက်တွေ ရှိနေသေးသည်။ သို့သော် မဟာဝိဇ္ဇာဘွဲ့အတွက် ကျော ဆက်တက်ဖို့ သူကြိုးစားသည့်အခါ လမ်းစသည် ထိုနေရာမှာပင် ပိတ်သွ လေသည်။ သူ့အရည်အချင်းက သတ်မှတ်ထားသော အဆင့်ကို မ လူတစ်ယောက်၏ ပင်ကိုအရည်အချင်းသည် တစ်စုံတစ်ဦးက သတ်မှ ထားသော အရည်အချင်းနှင့် အမြဲလို ကိုက်နိုင်ပါမည်လား။ သူကတော့ မရေရာသော ဘွဲ့တစ်ခုအတွက် နောက်ထပ် သုံးလေးနှစ် အချိန်ဖြုန်းရမည့် အလုပ်ကို မလုပ်ချင်တော့ပေ။ လူ့လောကကို စောစီးစွာ ဝင်ရောက်ခြင်း ဖြင့်သာ လူ့ဘဝ၏ အဘိဓမ္မာတွေကို လက်တွေ့ ရှာဖြည့်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူကိုယ်တိုင်က မပြည့်စုံ မကုံလုံသေးဟု ယူဆသော ကျောင်းစာအုပ် ထူကြီးများထဲမှ ဒဿနိက သဘောတရားများသည် လက်တွေ့လောက တွင် လုံးဝ သုံးမရအောင် အံချော်လျက်ရှိသည်ကို မကြာမီ သိရပြန်လေ ၏။ သူက သူ့ပညာရပ်နှင့် ကိုက်ညီမည့်အလုပ်ကို ရှာသည်၊ အချိန်တွေသာ

ကြာညောင်းလာခဲ့၏။ မိဘများဆီမှ ပို့လိုက်သော ငွေစက္ကူများသည် အလိုလိုနေရင်း တစ်စတစ်စ တန်ဖိုးလျော့လာသည်။ သုံး၍စွဲ၍ မလောက်တော့။ မိဘများဆီကိုလည်း သူ မပြန်ချင်။ ယောကျ်ားတစ်ယောက်၏ ဘဝကို အလိုလိုက်သော မိဘများရင်ခွင်တွင် အပ်တာ အချိန်ဖြုန်းပစ်ရမည်ကို ဝန်လေးလှသည်။ သူ့မိဘများသည် ရှိုင်ပြည်နယ် မြို့လေးတစ်မြို့မှာ နေသည်။ သူ့အဖေသည် ပင်စင်စား အရာရှိတစ်ဦးသာ ဖြစ်၍ ချောင်လည်သည်တော့ မဟုတ်။ သို့သော် သူ့ကို တစ်ဦးတည်းသောသားမို့ အစစအရာရာ ဦးစားပေးသည်။ သူပြန်သွားလျှင် သူ့အမေသည် သင့်တော်သော မိန်းကလေး တစ်ယောက်နှင့် အိမ်ထောင်ချပေးပြီး အိုးမကွာ အိမ်မကွာ နေစေလိမ့်မည်။ သူ့ဘဝကို ရေစုန်မျော၍ လိုက်ရမှာ နှမြောလှသည်။ လွတ်လပ်ခြင်း၊ စွန့်စားခြင်း၊ ယှဉ်ပြိုင်ခြင်း ဟူသည့် လူငယ့်ဘဝ အတွေ့အကြုံများကြားမှာ ပျော်မွေ့လိုသေးသည်။ ထိုအချိန်မှာ ကျောင်းနေစဉ်က သူငယ်ချင်းတချို့နှင့် ပြန်တွေ့လေသည်။

ကျောင်းမှ ကွဲကွာခဲ့သော သူငယ်ချင်းတို့၏ ထုံးစံအတိုင်း တစ်ယောက်နှင့် တစ်ယောက် အလုပ်အကိုင်က စ၍ သတင်း မေးကြသည်။

'မင်း အခု ဘာလုပ်နေလဲ'

'ဘာမှ မလုပ်ရသေးပါဘူးကွာ၊ မင်းတို့ကော'

သူငယ်ချင်း နှစ်ယောက်အနက် တစ်ယောက်က သူနှင့် အဓိက ဘာသာချင်းတူသော ဆန်နီ။ နောက်တစ်ယောက်က သမိုင်းအဓိကယူသူ သန်းဖေ။ သူတို့နှစ်ယောက်လုံး မော်လမြိုင်သားတွေ ဖြစ်လေသည်။

'ငါတို့လား၊ ငါတို့ကတော့ ကိုယ်ပိုင် စီးပွားရေးပဲ ဆိုပါတော့'

သူတို့က ပြုံး၍ ဖြေကြသည်။

'မင်း အခု ဘယ်မှာနေလဲ'

'သူငယ်ချင်းတစ်ယောက် အခန်းမှာ ကပ်နေတယ်'

'စားတော့ကော'

'အိမ်ကပို့တာနဲ့ လောက်အောင် စားရတာပေါ့ အိမ်ကလဲ အ မရသေးရင် ပြန်လာတော့တဲ့ ခေါ်လှပြီ၊ ငါကလည်း မပြန်ချင်သေ ကွာ'

'ဒီလိုဆို တို့ဆီ လိုက်လည်ပါလားကွ'

အောင်နိုင် ဝမ်းသာသွားသည်။ သည်အတိုင်း အချိန်ပြုန်းနေ အတူတူ မရောက်ဖူးသည့်နေရာ သွားရသည်ကမှ ဗဟုသုတ တိုးဦးမ အဝတ်ပိုတစ်စုံကို ဆွဲ၍ အောင်နိုင် လိုက်သွားလေသည်၊ ထိုအချိန်မှ သူ့ဘဝလမ်းကြောင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားမည်ကိုတော့ မသိခဲ့သေးပါချေ။

သူ့အတွက် ပတ်ဝန်းကျင် ရေမြေ တောတောင်တို့သည် အ အဆန်း ဖြစ်နေ၏။ ထို့ထက် လှုပ်ရှား သွားလာနေကြသော လူတွေ အသွင်သည် ပို၍ ထူးခြားနေလေသည်။ စာသင်ခန်းထဲမှာ သင်ခဲ့ရသေ သဘောတရားများသည် အပြင်လောကတွင် မှန်ဝါး၍ ကွယ်ပျောက်လုနီ ဖြစ်သွားကြသည်၊ လူတွေသည် ဘာကိုမျှ အချိန်ဆွဲ၍ လေးလေးနက်န မတွေးအားပေ၊ ပြေးလွှားလုပ်ကိုင် စားသောက်နေကြလေသည်။ လွ ကုန်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာ သယ်ပို့ ရောင်းဝယ်၍ ဝမ်းဝေ ကို ကျောင်းနေကြလေသည်။

ပထမ အခေါက်မှာတော့ အစစအရာရာ အသစ်အဆန်းချည်းသ ဖြစ်၍နေ၏။ လူကြီး လူငယ် ယောကျ်ား မိန်းမတို့ပါဝင် လှုပ်ရှားနေကြသော မြင်ကွင်းသည် ကြောက်ခမန်းလိလိ ဖြစ်၏။ သူတို့သည် မော်လမြိုင်နှ ရန်ကုန်ကို စုန်ကာဆန်ကာ ကူးရင်း အဝတ်အထည် အသုံးအဆောင်ပစ္စည် များကို အင်တိုက် အားတိုက် ရောင်းဝယ်ဖောက်ကား နေကြလေသည်

ဧမော်သမြိုင်တွင် တစ်ပတ်ခန့် ကြာသွားသည်။ သူငယ်ချင်းများနှင့် အတူ ကိုကြွမ်း စကဲ့စ် အနံ့ လျှောက်လည်သည်။ သူ့အတွက် အပူအပင် ကင်းစွာ ပျော်ခဲ့ရသော ကာလလေးပင်ဖြစ်၏။ သို့သော် ချည်သည် ဟူသည် မှာ ကြာရှည်နေလျှင် မကောင်း၊ အချိန်တန်တော့ အထုပ်အပိုးပြင်ရသည်။

'မော်သမြိုင်ကနေပြီး ပြန်လာတဲ့လူဟာ လက်လွတ်ပြန်တဲ့လူ ရှား တယ်ကွ၊ မင်း ပစ္စည်းလေး ဘာလေး ဝယ်သွားပါလား'

တစ်ခါမျှ စိတ်ကူးထဲ မထည့်ဖူးသောအလုပ်မို့ အောင်နိုင်က အပျော် အပျက်ပင် သဘောထားတော ရယ်မောသည်။

'တကယ် ပြောတာကွ၊ ငါတို့လည်း ရန်ကုန်ကို ပစ္စည်းနည်းနည်း ပို့စရာရှိလို့၊ မင်း ကြည့်ရှုပြီး ယူသွားစမ်းပါကွာ'

'ဟာ မလုပ်နဲ့ ကိုယ့်လူ၊ တစ်ခါနိုး တစ်ခါမိ ဖြစ်နေပယ်၊ ဒါမျိုးက လုပ်နေကျလူမှ'

'မင်း ဘာမှ ကြောက်စရာ မလိုပါဘူး၊ တို့လူတွေပါ ပါတယ်၊ ဘေးက လိုက်သွားရုံပဲ၊ ဟိုရောက်ရင် အဲဒီ လိပ်စာအတိုင်း ပို့ပေးရုံပဲ'

'မင်းတို့ပစ္စည်းက ဘာတွေလဲ'

'အထည်နဲ့ တခြား ပစ္စည်းနည်းနည်းပါ'

သူ့အိမ်မှာ စားသောက် တည်းခိုပြီးပြီ ဆိုတော့လည်း အောင်နိုင် အားနာနေသည်၊ အကြောက်အကန် ငြင်း၍ မကောင်းလှ။ နောက်ဆုံး တော့ အောင်နိုင်က စိတ်လေးလေးနှင့် လက်ခံလိုက်သည်။ သူတို့က နည်းနည်း ပါဟု ပြောသော ပစ္စည်းတွေကို မြင်ရတော့ အောင်နိုင် မျက်လုံးပြူးမိ လေသည်။

'မင်း ဒီတစ်ထုပ်ပဲ သယ်ကွာ၊ တစ်ခါတလေလာတဲ့ မျက်နှာစိမ်းပဲ ဥမှာ မဟုတ်ဘူး၊ ချည်သည်ကျောင်းသားပါလို့ ပြော'

'ဖြစ်ပါ့မလား ဆန်နီရယ်'

'ဖြစ်ပါတယ်ကွ၊ မင်းကလည်း နောက်ဆို မင်းတောင် လှုပ်ချပ်
ပေါက်သွားမယ်'

သူတို့ပေးသော အထုပ်တစ်ထုပ်ကို သယ်ခဲ့ရသည်၊ အထုပ်က
သော်လည်း ပစ္စည်းက လေးသည်။ အထည်စတွေကိုတော့ သူတို့လူ
သယ်သည်၊ လမ်းခရီးတစ်လျှောက်လုံး စိတ်ပင်ပန်းဆင်းရဲစွာဖြင့်
ရလေသည်။ ရန်ကုန်ရောက်တော့ သူတို့ပေးသော လိပ်စာအတိုင်း
ပေးသည်။ သူ့တာဝန်က ထိုမျှနှင့်ပြီးသွား၍ တော်ပါသေး၏၊ သို့
နောက်နှစ်ရက်ကြာတော့ ဆန်နီတို့ နှစ်ယောက် ရောက်လာတော့

'မင်းတို့ကလဲကွာ၊ မင်းတို့လာမှာများ ငါ့ကို အလကားသက်
ဒုက္ခပေးလွှတ်တယ်၊ ငါ့ကွာ တစ်လမ်းလုံး ချွေးကိုပြန်လို့'

'ပစ္စည်းကများလို့ မင်းကို ခွဲပေးလိုက်တာပါ သူငယ်ချင်းရာ၊ လာ
အမြင်ကို တစ်ခုခု သွားစားကြရအောင်'

ထိုနေ့မှစ၍ သူ အရက်ကိုသောက်ဖူးလေသည်၊ ဆန်နီတို့က သူ
ကျေးမွေးပြုစုသည့်အပြင် ငွေတစ်ရာ အတင်းပေးသည်၊ သူ အကြော
အတန် ငြင်းသည်၊

'ငါ လမ်းကြုံလို့ မင်းတို့ကိုလည်း အားနာလို့ ယူလာပေးတာ၊ မ
ပါရစေနဲ့ကွာ'

'မဟုတ်ဘူးကွ၊ တို့ကလည်း တို့ အလုပ်သဘောအရ ပေးတာ
မင်းမှာလည်း သုံးစရာမရှိဘူး မဟုတ်လား၊ အခုင်းချင်ရှိုင်းပင်းတဲ့ သဘော
ပါ၊ မင်း ဒီမြင်အလုပ် မရသေးရင်လည်း မော်လမြိုင်ဘက် လှည့်လာကွ

အောင်နိုင် ငြိမ်သက်နေသည်၊ တကယ်လည်း သူ့လက်ထဲမှာ
ငွေလိုနေသည်။ အိမ်ကပို့လိုက်သည့် ငွေမှာလည်း သူ ခရီးထွက်၍ ကုန်ပြ

သူငယ်ချင်း အခန်းမှာ ကပ်နေရသည့်အတွက်လည်း ဖိအိပ်လေးကို တချို့တစ်ဝက် ထည့်ဝင်ချင်သေးသည်။ သူ တွေဝေနေစဉ်မှာပင် ဆန်နီက ငွေတစ်ရာကို သူ့အိတ်ကပ်ထဲ ထည့်ပေးလိုက်သည်။ သူ မလှုပ်ရှားလိုက်မိ၊ သို့သော် ဆန်နီ သွေးတိုးစမ်းသလို မော်လမြိုင်ဘက် လှည့်ဖို့ကိုတော့ သူ စဉ်းစား၍ မရသေးပေ။

တိုနေ့က အခန်းကိုပြန်လာတော့ အတူနေ သူငယ်ချင်းများက သူ့ကို အံ့ဩစွာ ကြည့်နေကြလေသည်။ အရက်နံ့လေးဖြင့်ပြန်လာသော ဖအောင်နိုင်သည် သူငယ်ချင်းများကို စိတ်ပျက်လက်ပျော့သည့် အပြုံးဖြင့် တုံ့ပြန်လိုက်သည်၊ ပြီးတော့ သူ့အဖြစ်အပျက်ကို ပြောပြသည်။

'ငါတော့ သူတို့ဆွယ်သလို မော်လမြိုင်ဘက်လှည့်ပြီး ကုန်ကူးရရင်တောင် ကောင်းမလား မသိဘူးကွာ'

သူက ရယ်စရာသဘောထား၍ ပြောလိုက်သောစကားကို ကျန်သည့် သူငယ်ချင်းများက တစ်စုံတစ်ရာ ကန့်ကွက်ခြင်း၊ တိုက်တွန်းခြင်း မရှိသည်ကို သူ အံ့ဩမိလေသည်။

ဆန်နီ ပေးလိုက်သော ငွေတစ်ရာကို သူ ဘာကြောင့် လက်ခံခဲ့မိသည်ကို ပြန်စဉ်းစားမိသောအခါ သူ့ကိုယ်သူ ပို၍ပင် အံ့ဩမိလေတော့သည်။

❖ ❖ ❖

အမေ့ဆီက စာ ရောက်သည်။

အမေလည်း ကောင်းကောင်းမမာ၊ ယခုနှစ်မှာ ရာသီဥတုမကောင်း၍ ငှက်ပျောနေ အခြေအနေလည်း မကောင်းဟု ဆိုသည်။ အမေသည် အဖေ

မသိအောင် သူ့မှာရှိသည့် ငွေအချို့ကို အတိုးချထားသည်ကို
သိလေသည်။ ယခုတော့ အမေက သူ့ဆီကို ငွေပင်ကောင်း
နိုင်တော့။ သို့သော် မပူနိုင်တော့ဘူးဟူ၍တော့ မရေး၊ သားလည်း
အလုပ်တစ်ခုခု ဝင်လုပ်ပါဟု အလေးအနက် ရေးထားလေသည်။

အောင်နိုင် အကြိမ်ကြိမ် စဉ်းစားသည်။ သူနှင့်အတူနေသူ ကျော်
လည်း စီးပွားရေးတက္ကသိုလ်မှ ဆင်းလာသူ၊ ယခုတော့ ပရိုက်ဗိတ်
မောင်းသည်။ နောက်တစ်ယောက်က ခင်ဇော်။ သူက ဆေးတက္က
ဘွဲ့မရခင် စာမေးပွဲကျပြီး ထွက်လာရသူ။ ယခုတော့ ပန်းဆိုးတန်း
ဆင်ဝင်တစ်ခုအောက်မှာ စာအုပ်အဟောင်း ရောင်းနေသည်။ သူ
ယောက်လုံးသည် တစ်ချိန်က စာအုပ်ကြိုးသမားတွေ ဖြစ်ခဲ့ဖူးသည်။
ထိပ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး စာအကြောင်း ပေအကြောင်း
ဖူးသည်။ ယခုတော့ သူတို့သုံးယောက်သည် အခန်းကျဉ်းလေး တစ်
လာဆုံစည်းကြလေသည်။ သို့သော် သူတို့ ဘာအကြောင်းကိုမှ မ
ကြတော့။ ဘာကြောင့်နည်း။

သူတို့နေသည့် အခန်းလေးက ၃၈ လမ်းမှ သေးထပ်တိုက်တစ်
အမိုးပေါ်မှာ၊ သူ့အပေါ်က ကောင်းကင်သာရှိတော့သည်၊ တိုက်၏
ကို တစ်ဝက်နောက်ဆုတ်ထားသော ဆယ့်နှစ်ပေ အခန်းကျဉ်းလေး
ဖြစ်၏။ ကံကောင်းထောက်မ၍ အပျောက်မပေးရဘဲ အလကား
သည်။ အခန်းက ကျော်မောင့် ဦးလေးတစ်ယောက်၏ အခန်း။
မန္တလေးကိုပြောင်းသွား၍ အိမ်စောင့်သဘောမျိုး ထားခဲ့ခြင်းသာ၊ ဘယ်
ဆင်းပေးရမည် မသိ၊ အိမ်လခကိုတော့ သူတို့ ပေးနေကြရသည်၊

သူတို့သုံးယောက်မှာ အတူတူနေသည်ဆိုသော်လည်း အတူတူ
ရသည့်အချိန်က နည်းလှသည်၊ တစ်ယောက်တစ်လမ်းထွက်ကာ ကိုယ့်

ကိုယ် ကျောင်းနေကြရလေသည်။ ယခု အောင်နိုင်လည်း ကိုယ့်ဝမ်း ကိုယ် မကျောင်း၍ မဖြစ်တော့။ ထိုအခါ သူသည် ဆန်နီ့ မျက်နှာကို အလိုလို မြင်ယောင်လာလေသည်။ နောက်ဆုံးတော့ တစ်ခေါက်တလေဟု သဘော ထားကာ လမ်းစရိတ် ချေးငှားပြီး မော်လမြိုင်ဘက် ထွက်ခဲ့သည်။

သုံးရာရှိနေနိုက်မှာတော့ ရန်ကုန်မှာပင် ကုပ်တပ်နေလိုက်သည်။ ငွေကုန်သွားသောအခါ သူ့ခြေထောက်များသည် မော်လမြိုင်ရထားပေါ် သို့ ရောက်သွားကြပြန်လေသည်။ ခေတ္တယာယီဟု သဘောထားရင်းမှ သူ့ အခြေ အနေသည် စပါးကြီးမြွေ အမျိုခံရသလို တဖြည်းဖြည်း နစ်မြုပ်လာခဲ့သည်။ နောက်ဆုံးတော့ သူသည် နောက်ဆုတ်ဖို့ မစဉ်းစားအားတော့ပေ။ သူ့ အတွက် တစ်ခေါက်ထက်တစ်ခေါက် အလျှင်မီဖို့ ပစ္စည်းတွေ အချိန်မီ ရောက်ဖို့လောက်သာ စိတ်စော နေခဲ့လေသည်။

အလုပ်မှာ ကျွမ်းကျင်လာပြီဆိုတော့ ဆန်နီတို့က သူ့ကို အစစအရာရာ မျက်နှာလွှဲသည်။

'ငါတို့က ရန်ကုန် သိပ်လာချင်တာ မဟုတ်ဘူး။ ဟိုဘက်ပဲသွားချင် တာ၊ မင်း အဲဒီဘက်မှာ နေပေတော့'

အစ ပထမတော့ သူက သယ်ယူပို့ဆောင်ရေးသမားသက်သက်။ တစ်စထက် တစ်စ နယ်ကျယ်လာတော့ သူ အကွက်မြင်လာသည်။ သူ့ ကိုယ်ပိုင် ငွေလေးများဖြင့် စမ်းကြည့်သည်။ သူများအတွက်လုပ်ရင်း သူ့ အတွက်ပါ လုပ်တတ်လာသည်၊ သူ့မှာ အပေါင်းအသင်းကလည်း များခဲ့ပြီ။ အတွေ့အကြုံလည်း တိုးခဲ့ပြီ၊ ဘယ်ပစ္စည်းကို ဘယ်မှာရနိုင်ပြီး ဘယ်မှာ ရောင်းရမည်ကို သူ သိနေပြီ၊ သည်တော့လည်း သူသည် ဆင်သေကောင် နောက်ကို လိုက်မိသော ကျီးကဲ့သို့ တရွေ့ရွေ့ မျောခဲ့လေသည်။

ကိုယ့်အခြေအနေကို ကိုယ်မသိရှာတော့ မဟုတ်၊ သို့သော် မြစ်က
သမျှသည် အကြောင်းရင်းမြစ်ကို ဖွေရှာနေရန် အချိန်မပေးတော့
အချိန်တိုင်းသည် သူတို့အတွက် တန်ဖိုးရှိလေသည်၊ ယခုတော့ သူ
ဘာကိုမျှ လေးလေးနက်နက် တွေးခေါ် မနေတော့၊ တိုတောင်းသော
ကို ပျော်ရွှင်ခြင်းဖြင့် ပြည့်ဝနေစေရန် သူ ကြိုးပမ်းတော့မည်၊

ဘဝထဲ လှုငယ်များထဲမှာ သောင်းထိုက်ကို သူ အတော်ခင်မ
သည်၊ ရွာကို အစုန်အဆန်းဝင်ရင်း တစ်ခေါက်တလေ ပါလာတတ်
သောင်းထိုက်ကို သူ သတိထားမိ၏၊ သောင်းထိုက်တို့က ရိုးရိုးကုန်
သဘောမျှသာ ရှိသည်။ မော်လမြိုင်မှာ ပစ္စည်းဝယ်ပြီး ရန်ကုန်မှာ ရောင်း
ရှုံးသည့်အခါ ရှုံးပြီး မြတ်သည့်အခါ မြတ်သည်၊ တစ်ခါတစ်ရံ သူတို့
သောင်းထိုက်တို့ အကူအညီကို ယူရတတ်သည်၊ သောင်းထိုက်နှင့် ရင်
လာ၍ သူ့ဘက်ကို သိမ်းသွင်းမည်ပြုဆဲမှာပင် သောင်းထိုက် ရွာအပေါ်
ပါမလာတော့ဘဲ ပျောက်သွားလေသည်။

သောင်းထိုက်ကို ပြန်တွေ့ရတော့ သူ အားတက်သွားသည်။ အချင်း
ရိုင်းပင်းလိုစိတ်၊ အားကိုးလိုစိတ်သည် လူငယ်တိုင်း၏ရင်တွင် အ
တိန်းအောင်းနေသည် ထင်၏။ သူတို့သည် ရေဆန်ကို လှော်ခတ်နေ
လား၊ ရေစုန်မှာ မျောပါနေကြမည်လား သူတို့ကိုယ်သူတို့ မသိ။

သို့သော် လက်တော့ဖြင့် တွဲမိကြလေပြီ၊

❑

## ၆

မော်လမြိုင်ဘက်ကို ခြေဦး မလှည့်သည်မှာ ကြာပြီ။ အခြေအနေသည် အမျိုးမျိုး ပြောင်းလဲနေ၏၊ ယခင်ကတော့ ငွေအရင်းအနှီးအချို့ကို ယူဆောင်ကာ မော်လမြိုင်တွင် ရနိုင်သမျှ ပစ္စည်းများကို ဝယ်သည်၊ ရန်ကုန်တွင် ရောက်သည့်ပြန်ရောင်းသည့်အခါ ရောင်းပြီး မကိုက်လျှင်တော့ လဟာပြင် ကွက်လပ်မှာ ပုံချကာ တစ်ထည်ချင်း အော်ရောင်းပစ်သည်၊ ဖမ်းမည့် ဆီးမည့်သူလာလျှင် ပြေးသည်၊ ဒီအနားကပြေးပြီး ဟိုအနားမှာ သွား ရောင်းသည်၊ သည်လို ရောင်းရင်းဖြင့် တစ်ခါတစ်ရံ အမှတ်မထင်ဘဲ မိုရလိုက်သည့်အခါပင် ရှိသေးသည်၊

ယခုတော့ ပုံစံကတစ်မျိုး ငွေရင်းရသည်ချင်းတော့ တူသည်၊ သို့သော် ပစ္စည်းဝယ်ဖို့ မလို၊ အဆင်သင့်ဝယ်ထားသော ပစ္စည်းများကို သယ်ပေးရုံသာ၊ ငွေကိုတော့ တန်ရာတန်ဖိုးအတွက် အပေါင်ပေးထားခဲ့ရမည်၊ လောလော ဆယ်တော့ ဒေါ်ကြည့်ဆီမှ ငွေသုံးထောင် ရခဲ့သည်၊ အလကားပေးလိုက် ခြင်းတော့ မဟုတ်၊ တူဝရီးချင်းဆိုသော်လည်း ဈေးသည်ဉာဉ်က မပျောက်၊ ရငွေထဲမှ သူ့ကို တစ်ဝက်ပေးရသည်၊ ဘာပဲဖြစ်ဖြစ် အိမ်ကထွက်လာပြီး ခနီးထွက်ရခြင်း၊ လိုအပ်လျှင် စွန့်စားရခြင်းအတွက် သောင်းထိုက် ပျော် သည်၊

အောင်နိုင်ကတော့ သူ့ကို အားပေးသည်။ သူ့ဆီမှ ငွေနှစ်ထော ထုတ်ပေးမည်။ ငါးတောင်ဖိုး သယ်ပေတော့။ ဒေါ်ကြည့်ကို သုံးထောင်ပို ကပဲ အတွက်ကျရှင်း၊ ကျန်တာ ကိုယ်ယူ။ ဤသို့ ပြန်သင်ပေးသ သည်တစ်ခေါက် ရငွေကိုမသုံးနှင့်။ ပြန်ရင်း။ ငွေအရင်းများလာလျှင် သူ ကို ပြန်ပေးလိုက်။ ကိုယ်ရတာ ကိုယ်ယူပေတော့။

သောင်းထိုက်ကလည်း သဘောကျသည်၊ သူ့အတွက် ပူစရာ နောက်ဆုံး နေစရာမရှိလည်း တစ်ယောက်တည်း ရထားပေါ် အိ နေလိုက်ရုံသာ။ အခြေအနေကောင်းလာလျှင်တော့ တစ်မိုးတစ်ဖုံ ပြော ပစ်ရမည်။ 'အတည်တကျ' ဟူသော စိတ်ကူးထဲမှာ မြရင်စိန် ပါလာသ

တကယ်တော့ မြရင်စိန်ကို သူက တစ်ဖက်သတ်သဘောကျနေခြင်း လျှင် ဖြစ်သည်။ မြရင်စိန်နှင့် ရင်းနှီးကျွမ်းဝင်စွာ ပြောဆို ဆိုဆုံဖြင့် သံယော အရိပ်အယောင်လေးများ ပြုံးရုံဖြင့် သူက မြရင်စိန်ကို ယုံကြည်စိတ်ချ သူ့စိတ်ထဲ ထည့်တွက်ထားလေသည်။

အတိအလင်း ဖွင့်ပြောဖို့ကျတော့လည်း သူ့နှုတ်ကမရဲ။ ပြောရ အားလည်း နာသည်။ မြရင်စိန်ကို လေးစားတာလည်းပါသည်၊ သ တာလည်း ပါသည်၊ ပြီးတော့ ကြောက်တာလည်း ပါသည်။

သူတို့မှာက တခြားလူငယ်တွေလို လွတ်လွတ်လပ်လပ် သွား လာနိုင် တွေ့နိုင်ပြောနိုင်သော ဘဝမျိုးလည်း မဟုတ်၊ တစ်ယောက် ဈေးရောင်းရင်း၊ တစ်ယောက်က ဖျော်ရည်းသယ်ရင်း လျှပ်တစ်ပြက် တွေ့ ရသည်။ ခဏတစ်ဖြုတ် စကားပြောရသည်၊ တစ်ခါတစ်ရံ အပြေးအလွှ နှုတ်ဆက်ရသည်။

တစ်ခါကတော့ အမဲ့စွန့်၍ မြရင်စိန်နောက် လိုက်သွားဖူးသည် ဒေါ်ကြည် နေမကောင်း၍ သူတစ်ယောက်တည်း ဈေးသို့လာရသည့်နေ

တို့နေ့က မြရင်စိန်က ပစ္စည်းတချို့ အိမ်ပြန်သယ်သည်။ အကျီစတွေ လက်စ သိမ်းပြီး လေယာဉ်မောင်ချည်းသက်သက်ပဲ ကိုင်တော့မည်ဆိုတော့ အကျီစ လက်ကျန်တွေကို ရှင်းသည်။ လက်ကျန်တွေဆိုသော်လည်း 'အမြတ်တွေ' ဟု ပြောရမည် ဖြစ်သည်။ နောက်ဆုံး စကောစကကျန်ရစ်သော တစ်မိုက်စ တစ်ထွာစတွေသည် အထည်သည်တွေအတွက် အမြတ်ပင် ဖြစ်၏။ ထို အစတွေသာလျှင် ကိုယ့်အတွက်ကျန်သည့် 'ငွေ'တွေ ဖြစ်လေသည်။

ပစ္စည်းများသယ်၍ ထွက်လာသော မြရင်စိန်နောက်ကို သူ လိုက်ခဲ့သည်။ မြရင်စိန်က သူ့ကိုတွေ့သော်လည်း ထုံးစံအတိုင်း မမြင်ဟန် ဆောင်သွားသည်။ ကားလမ်းတစ်ဖက်ကို ကူးပြီး ဘတ်စ်ကား စောင့်နေလေသည်။ ညနေစောင်းသော်လည်း ကျနေက ပူပြင်းစွာကျရောက်နေ၏။ ဘတ်စ်ကား တစ်စီး လာသော်လည်း ကျပ်လွန်း၍ မြရင်စိန် မတက်နိုင်။

သောင်းထိုက်က မြရင်စိန်ကို ချိုသာစွာပြုံး၍ နှုတ်ဆက်သည်။ သူ့တွင် ဘဝတူ မိန်းကလေးတစ်ယောက်ကို စော်ကားမော်ကား ပြုလိုစိတ် မရှိကြောင်း မြရင်စိန် နားလည်အောင် ကြိုးစားနေမိသည်။ မြရင်စိန် ကလည်း သူ့ကိုယ်သူ ကာကွယ်လျက် ဣန္ဒြေရစွာ ပြုံးပြလေသည်။

'ဒီနေ့ ဘာလို့ အစောကြီး ပြန်တာလဲ'

'ပစ္စည်းတွေ ပြန်သယ်တာလေ၊ နောက်ဆို လေယာဉ်မောင်တစ်မျိုးပဲ ကိုင်တော့မယ်'

'ကောင်းပါတယ်၊ မလေးဘူးလား၊ ပေးလေ'

မြရင်စိန် လက်မှ အထည်စတွေ ထည့်ထားသော အိတ်ကို သူက လှမ်းတောင်းသည်။ မြရင်စိန်ကလည်း မောလွန်း၍ပဲလား၊ သူ့ကို ခင်မင် အားကိုး၍ပဲလားတော့မသိ၊ အလွယ်တကူပင် ပေးလိုက်သည်။ နေရောင်

အောက်တွင် မြရင်စိန်မျက်နှာသည် စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ ပျ လင့်ချက် ကင်းမဲ့ခြင်းတို့ဖြင့် ညှိုးနွမ်း ခြောက်သွေ့နေလေသည်၊

'ဘယ်ကိုပြန်မှာလဲ'

'ဂွတ္တလစ်ကို'

'ဒါဆိုရင်လည်းဟယ် ဟိုဘက်ထိပ် ထွက်ပြီး သုံးဘီးကားတ တားစီးပါလား၊ ဒီနေရာကဆိုရင် အဆင့်ဆင့်'

မြရင်စိန်က သောင်းထိုက်ကို ပထမဆုံးအကြိမ်အဖြစ် စေ့စေ့ သည်၊ ပြီးမှ တိုးတိုးပြောသည်။

'သုံးဘီးကားခ မတတ်နိုင်ဘူးဟဲ့'

မြရင်စိန် ပွင့်ပွင့်လင်းလင်းပြောလိုက်ပုံလေးက ချစ်စရာကောင် သည်ဟု သောင်းထိုက် ထင်မိလေသည်၊ သူ့ကိုအားကိုးတ ရင်းနှီးပွင့်လင်း ပါသည်ဟုလည်း လိုရာဆွဲ၍ တွေးမိသည်၊

'တစ်ယောက်တစ်ကျပ်နဲ့ တင်တဲ့ကားတွေ ရှိပါတယ်ဟာ၊ နှင့် ပစ္စည်းတွေနဲ့ကို၊ လာပါ'

သုံးဘီးခကိုတော့ သူပေးမည်ဟု စိတ်ထဲမှာ တွေးလာခဲ့သည်၊ သုံး စီးရတော့လည်း ကံကောင်းထောက်မစွာ မြရင်စိန်နှင့် ယှဉ်တွဲ ပုံး ထိုင်ရသဖြင့် သူ့ရင်တွေ ခုန်ရသေးသည်။ သူ အိမ်တိုင်ရာရောက် လိုက် သည်ကို မြရင်စိန်က မကန့်ကွက်သဖြင့်လည်း ဝမ်းသာရသည်၊ သို့သေ သုံးဘီးကားခကိုတော့ မြရင်စိန်က အတင်း ပေးလေသည်၊

သူ ခင်မင်မိသော မိန်းကလေးတစ်ယောက်၏ ဘဝကို ပထမ နီးကပ်စွာ တွေ့မြင်ရသဖြင့် သူ့ရင်မှာ ကရုဏာနှင့်အတူ ဝေဒနာပါ ဖြစ်တွ ရသည်၊ မြရင်စိန်၏ အသက်သည် သူ့အသက်နှင့် မတိမ်းမယိမ်း၊ သို့သေ သူက ယောက်ျားလေး။ မြရင်စိန်က မိန်းကလေး၊ ပြီးတော့ သူ့မှာက

တစ်ဝမ်းတစ်ခါးအတွက်သာ ကျောင်းရသည်၊ မြရင်စိန်မှာကတော့ တစ်ယောက်တည်းသမား မဟုတ်ရှာ။ အမေအိုရှိသေးသည်၊ အစ်မနှင့် ကလေးနှစ်ယောက် ရှိသေးသည်၊ ခဲအိုက အလုပ်လုပ်သော်လည်း ကောင်းကောင်းမမာ။ သည်တော့ မြရင်စိန်မှာက သူ့ထက် တာဝန်ပိုကြီးရှာသည်၊

ရိုးဖြောင့်သော အညာသူကြီးသည် သောင်းထိုက်ကို ခင်မင်စွာပင်ပြုံ့ခဲ့သည်။ သမီးကလေးကို မတော်တာတွေ့ရင်လည်း ဆုံးမပါ၊ သူ့တစ်ပါးစော်ကားမော်ကားဖြစ်ရင်လည်း ကာကွယ်ပါဟု အပ်နှံသေးသည်။ မြရင်စိန်က မကြိုက်သလို ဟန်ဆောင်သော်လည်း မငိုပိ။ ခဲအိုဖြစ်သူကတော့ ယောက်ျားချင်းအကဲခတ်သလို အဝေးမှ ကြည့်နေသည်၊ အစ်မနှင့် ကလေးတွေကမူ ခပ်ရိုင်းရိုင်းပင် စူးစူးရဲရဲ ကြည့်နေကြလေသည်၊

သောင်းထိုက်ကတော့ မလှည်းမကျင်း မသိမ်းမဆည်းနိုင်၍ အရှုပ်ရှုပ်အပွေပွေ ဖြစ်နေသော အိမ်ခန်းလေးကို ကြည့်ရင်း စိတ်မောလာသည်၊ မြရင်စိန်က သောင်းထိုက်ရှေ့မှာ ထန်းလျက် လေးငါးလုံးပါသော ကော်ဖီပန်းကန်ပြားတစ်ချပ်နှင့် ရေနွေးကြမ်းအိုးတစ်လုံး၊ ပန်းကန်တစ်လုံးကိုချပေးပြီး ပိတ်စများကို ဖြန့်တိုင်းနေသည်။

'အစပိုတွေ များလှချည်လားဟယ်၊ ဒါတွေ ဘယ်လိုလုပ်မှာလဲ'

အစ်မ မြရင်ကြည်က စိတ်ညစ်ညူးဟန်ဖြင့် မေးလေသည်။ မြရင်စိန်ကတော့ သူ့အလုပ်တွင်သာ သူ အာရုံစူးစိုက်လျက် ရှိသည်။ အတန်ကြာမှ ဖြေသည်၊

'အဲဒါကြောင့် ပြောတာပေါ့၊ အစ်မကို စက်ချုပ်သင်ချည်ပါလို့၊ စက်တစ်လုံးဝယ်ပြီး ဂါဝန်ပဲ ချုပ်စားဦးတော့ ကိုယ့်ဖို့ချည်း မဟုတ်လား၊ သူများကို ပြန်ရောင်းရတော့ ဈေးနှိမ်ခံရတာပေါ့'

မြရင်စိန်က လူကြီးတစ်ယောက်လိုပင် သူ့အစ်မကို မြည်တွန်လျှ
ပြောလိုက်သည်။ သူ့အစ်မက မြရင်စိန်ကို မျက်နှာငယ်ဖြင့် ကြည့်နေသည်။

'ငါ့မလဲ တလေးနှစ်ယောက်နဲ့ဟာ'

သူ့အစ်မက ထိုမျှသာပြောသည်။ ခဲအိုဖြစ်သူက သူတို့အနားသို့ ထလာသည်။

'နင့်အစ်မကိုတော့ အားကိုးမနေနဲ့၊ ဒီအစတွေ ဈေးရအောင် ငါ ဖယ်ပေးမယ်၊ အထည်သည်ဖို့တော့ အစပိုဟာ အမြတ်ပဲ၊ ဒါကြောင့် ငါ လက်လီ မရောင်းချင်တာ၊ ခု လက်ထဲရောက် ခု ပြန်ထွက်သွားတာမျိုး တို့က လုပ်ချင်တယ်၊ ခုတော့ ကျွန်းမာရေးက မကောင်းလို့ ဒါပေမဲ့ မနေပါဘူး ပြန်လုပ်မှာပါ' .

မြရင်စိန် ခဲအို ကိုအောင်စိန်က ဘောင်းထိုက်ကို ကြည့်ရင်း ပြော သည်။ ဘောင်းထိုက်က အလိုက်သင့် ခေါင်းညိတ်နေပါလေသည်။ မြရင်စိ က မျက်နှာအနည်းငယ်ပျက်ကာ ပိတ်စများကို သိမ်းလိုက်သည်။ ဘောင်းထိုက် လည်း နေရာမှ ထတော့သည်။

ထိုနေ့မှစ၍ မြရင်စိန်နှင့် ခင်မင်ရင်းနှီးမှု အနည်းငယ် တိုးတက် လာသည်ဟု ဆိုရပေမည်။ မြရင်စိန်၏ဘဝကို ကူညီဖြေရှင်းရန် သူ စေတနာ ယိုဖိတ်ခဲ့မိသည်။

သူကိုယ်တိုင်ကမူ ဘဝကို ယခုမှ အစပျိုးမည်ကြံကာ ရှိသေးသည်။ ပြီး သူတို့ဘဝမှာ အခြေခိုင်လှသည် မဟုတ်။ သို့သော် မတတ်နိုင်။ သူတို့ထက် ခေတ်ပညာကို ငွေကုန်ကြေးကျခံကာ သင်ကြားတတ်မြောက်ထားသူများ ပင်လျှင် မရေရာသော ဘဝမှာ ရှုးလာကူးခတ်ဆဲ ရှိနေကြရ၏။ သူညနှင့် စတားရသော သူတို့အတွက်ကား ဆိုဖွယ်ရာမရှိပြီ။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ထိခိုက်နစ်နာရမည်ဆိုလျှင်လည်း သူတို့အတွက် မူလ

အဖြေအနေသို့ ပြန်ရောက်သွားရုံသာ ရှိလေသည်။ လက်ရှင်းထက်တော့ လျှော့စရာ အကြောင်းမရှိ။

မော်လမြိုင် အမြန်ရထားပေါ်တွင် တွေးရင်း ငေးရင်း လိုက်ပါလာသည်။ ခရီးထွက်သည်မှာ ကြာပြီဖြစ်သဖြင့် သူ့အတွက် မော်လမြိုင်ခရီးသည် ပြန်လည် ဆန်းသစ်နေသည်။ ယခုအခေါက်တွင် သူ့အတွက် တွေးစရာ လွမ်းစရာနှင့်တကွ မျှော်လင့်စရာ အနာဂတ်ပါ ရှိနေလေပြီ။

အောင်နိုင်ကတော့ အေးအေးဆေးဆေး အိပ်၍ လိုက်လာ၏။ သူ့အတွက်မူ ပတ်ဝန်းကျင် ရေမြေတောတောင်ရှုခင်းများသည်လည်းကောင်း ဘူတာစဉ်များသည်လည်းကောင်း၊ ရထားပေါ်မှ ခရီးသွားဖော်များသည် လည်းကောင်း ရိုး၍ နေပေတော့မည်။ ရထားပေါ်မှ လူအားလုံးလိုလိုပင် ခြင်းလွတ်၊ အိတ်လွတ်များကို ဘေးတွင်ပစ်ထားကာ စိတ်အေးလက်အေး ငိုက်မျဉ်းရင်း လိုက်ပါလာကြလေသည်။ ရထားတွဲ၏ အိမ်သာရှေ့မှ မျက်နှာချင်းဆိုင် ခုံတန်းမရှိသော ထိုင်ခုံပေါ်တွင် ယောကျ်ားတစ်ယောက် နှင့် မိန်းမတစ်ယောက်သည် စကားပွတ်ထိုးကာ ရယ်မောလျက်ရှိသည်။ အတန်ကြာသော် ယောကျ်ားဖြစ်သူက မိန်းမ၏ပေါင်ပေါ်တွင် အိပ်ချလိုက် သည်။ မိန်းမက ယောကျ်ား၏ ဆံပင်များကို ပွတ်သပ်ပေးလျက်ရှိသည်။ လင်လိုမယားလို ရင်းနှီးစွာနေနေသည်ကို မြင်ရသော်လည်း သူတို့နှစ်ယောက် ကို လင်မယား မဖြစ်နိုင်ဟု မြင်ရုံနှင့်ပင် သိလေသည်။

စစ်တောင်းတံတားကို ကျော်ဖြတ်၍ လာခဲ့၏။ ထမင်းပါလာသူတို့ သည် ထမင်းချိုင့်များကိုဖွင့်ကာ စားကြသည်။ ရထားတွဲပေါ်တွင် ထမင်းထုပ် ရောင်းသူ၊ ဓာကလေးကြော် ရောင်းသူ၊ ဆီးသီးသုပ်၊ ချောက်သီးသုပ် ရောင်းသူတို့ဖြင့် ဆူညံစည်ကား၍ လာသည်။ သောင်းထိုက်က ထမင်းထုပ် နှစ်ထုပ်ကို ဝယ်ကာ အောင်နိုင့်ကို နှိုးလိုက်ရသည်။

'အိပ်လှချည်လားကွာ၊ ငါဖြင့် တစ်ယောက်တည်း ပျင်းနေတာ'

အောင်နိုင်က ဝါးခနဲ တစ်ချက်သမ်းလိုက်ပြီး ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းကြည့်လိုက်သည်၊ ရထားသည် စစ်တောင်းမြစ်ကမ်းနား နီးကပ်စွာ ဖြတ်သန်းလျက်ရှိသည်။ အဝေးဆီတွင် မြူလားမှိုင်းလား မသိ သော အရာတို့ဖြင့် ညို့မှိုင်း၍ နေလေသည်။

'အသွားမှာတော့ အိပ်တာဟာ အကောင်းဆုံးပေါ့ကွာ၊ တိုရောက်ရင် အိပ်ရေးပျက်မယ်၊ အပြန်ကျရင် ပင်ပန်းမယ်၊ ဒီအချိန်မှာ အနားယူရတာ ပဲကွ၊ အိပ်ပျော်နေတော့လည်း မြန်မြန်ရောက်လွယ်တာပေါ့ကွာ'

တကယ်တော့ ခရီးသည် ပြောင်ပွဲစရာပင် ဖြစ်လေသည်။ သောင်းထိုက အောင်နိုင့်ကို ကြည့်ကာ သက်ပြင်းကို လေးတွဲစွာ ချမိပြန်သည်၊ သူ၏ လူတွေကိုကြည့်ရသည်မှာ အားလုံး တစ်ယောက်တစ်မျိုးစီ သနားစရာ ကောင်းနေသည်ဟု ထင်မိလေသည်။ ရထားတွဲထောင့်မှ စုံတွဲသည်လည်း ထမင်းတစ်ထုပ်ကို ခွဲဝေကာ တစ်ယောက်တစ်ပြန် ခွံ့နေကြလေသည်။

မုတ္တမဘူတာကို ရထားဆိုက်တော့ နေသည် ချစ်ချစ်တောက် ပူပြင်းလျက် ရှိသည်။ ခရီးသည်များသည် ခြင်းလွတ်များကိုဆွဲကာ ကူးတို့သင်္ဘောဆီသို့ အပြေးအလွှားသွားနေကြသည်။ ယခုအချိန်မှစ၍ သူတို့အဖို့ အချိန် သည် အရေးကြီး၍ နေလေပြီ။ စက္ကန့်တိုင်းသည် တန်ဖိုးရှိ၍ နေလေပြီ။

ပထမဆုံးကူးတို့နှင့် တစ်ဖက်ကမ်းသို့ ကူးရမည်။ လမုတန်းဈေးကို အမြန်ဆုံးသွားရမည်၊ ပစ္စည်းဝယ်ရမည်။ ပြီးလျှင် မိရာရထားနှင့် ရန်ကုန် ပြန်ဖို့ လိုသည်၊ မော်လမြိုင်မှာ စရိတ်အကုန်ခံ၍ ကြာကြာမနေနိုင်၊ ထမင်းစားဖို့အတွက် အလုပ်လုပ်ရသော်လည်း အလုပ်အတွက် ထမင်းမို အပို အကုန်မခံနိုင်ပေ၊

ဇက်ရေယာဉ်သည် ကမ်းမှ တဖြည်းဖြည်း ခွာလာ၏၊ ချွေးပြန်လျက် ရှိသော မျက်နှာများသည် တစ်စုံတစ်ရာကို စိတ်စောရင်း ငြိမ်သက်စွာ

ပါလာကြသည်။ သံလွင်မြစ်၏ တောက်ပသော ရေပြင်ပေါ်တွင် ခေါင်းဆေး ကျွန်းကို အေးချမ်းဆိတ်ငြိမ်စွာ မြင်နေရလေသည်။

◆ ◆ ◆

လူတွေ အုတ်အုတ်ကျက်ကျက် စည်ကားလျက်ရှိသည်။ ယောက်ျား၊ မိန်းမ၊ လူကြီး လူငယ်တို့သည် ငွေစက္ကူများကိုင်ကာ ဟိုသည်ကူး၍ ပြေးလွှားနေကြ၏။ ငွေများသည် သူတို့လက်ထဲတွင် ပစ္စည်းလဲလှယ်ရာတွင် အသုံးပြုသော ကြားခံပစ္စည်းအဖြစ်ထက် ဘာမျှ မထူးခြားတော့ပေ။ အိတ်ထဲထည့်သွားသူ၊ လက်မှကိုင်သွားသူ၊ ချိုင်းကြားညှပ်သွားသူတို့သည် ငွေကို ကိုင်နေရသော်လည်း၊ ငွေထက် အခြားအရာများဆီသို့သာ စိတ်စောနေကြသည်။ ပစ္စည်းကောင်း ရဖို့ ဈေးကိုက်ဖို့ အမြတ်ကျွန်ဖို့သာ အဓိက ဖြစ်၏။ ငွေကို ကိုင်နေရသော်လည်း၊ ငွေအတွက် အလုပ် လုပ်နေရသော်လည်း သူတို့အတွက် ငွေသည် စက်ဆုပ်ရွံရှာဖွယ် ဖြစ်နေလေပြီ။

အထည်အလိပ်များသည် တဖွဲဖွဲ ဝင်လာနေ၏။ တစ်ဖက်နိုင်ငံမှ အဆင့်ဆင့် သယ်လာရသော အထည်အလိပ်များကို ဘုတ်ဆိပ်မှနေ၍ ထမ်းလာကြလေသည်။ ချွေးဒီးဒီးကျနေသော လူတို့၏ ကျောပေါ်မှ ရွှံများ သဲများ ပေကျံလျက်ရှိသော အထည်အလိပ်များသည် မြန်မာပြည်အနှံ့သို့ မကြာမီ ပျံ့နှံ့ပေတော့အံ့။

များပန်းခတ်မျှ လှုပ်ရှားနေကြသောလူများ၊ ဟိုလက်မှ သည်လက်သို့ ကူးသန်းနေသော ငွေစက္ကူချပ်များ၊ တောင်ပုံရာပုံ ပုံနေသော အထည်များကိုကြည့်ပြီး သောင်းထိုက်ခေါင်းမှာ နောက်ကျိ၍ပင် လာလေသည်။

သံဖြူဇရပ်တို့ ရေးတို့မှ ဆင်းလာသော မွန်မလေးများသည် အထည်စများကို ပြန်ရောင်းရန် လိုက်၍ ဝယ်နေလေသည်။ စိုပြည်ဖွံ့ဖြိုး

သော သူတို့အလှလေးများသည် အေးအေးဆေးဆေး ရှုဝေးချင်စရာ ဖြစ်၏။ သို့သော် သည်နေရာမှာတော့ အရာရာထက် အရောင်းအဝယ် ဖြစ်ဖို့ ငွေရဖို့သာ အဓိကဖြစ်နေကြရာ အဘယ် သကောင့်သားကမျှ သူ့ အလှကို စာမဖွဲ့အားပါချေ။ လူငယ်အားလုံးသည် မှန်မှန်လည်ပတ်နေ ရှိသော ယန္တရားတစ်ခုအတွင်းမှ စက်ကိရိယာ အစိတ်အပိုင်းများသဖွယ် အချိန်ကိုက် လှုပ်ရှားနေကြလေသည်။

သောင်းထိုက်မှာ မရောက်သည်မှာ ကြာပြီဖြစ်၍လည်းကော ပြောင်းလဲနေသော အခြေအနေများကြောင့် လည်းကောင်း ယောင်နေ ဖြစ်၍နေသည်။ အောင်နိုင်ကသာ ဦးဆောင် လှုပ်ရှား နေလေသည်။ သူသည် ဓားမြှောင်အသေးလေးတစ်လက်ဖြင့် ပိတ်စများကို တရှမ်း တိုင်းဖြတ်လျက်ရှိသော လူကြီးနားမှာ စကားပြောလျက်ရှိ၏။ သောင်းထိုက က ဆိုင်တစ်ဆိုင်ပေါ်မှာ အေးအေးဆေးဆေးပင် ထိုင်စောင့်နေလိုက်၏။ ဝါးကြမ်းခင်းသော ဆိုင်ခန်းလေးတွေမှာ အဖိုးတန် အထည်စများဖြင့် ပြည့် နေလေသည်။ ရိုးသားသော တောင်သူလယ်သမားတို့သည် လယ် ယာမြေကို စွန့်လျက် တစ်ဖက်နိုင်ငံနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်း ယန္တရား ကြီးမှာ ပါဝင် လည်ပတ်လျက် ရှိချေပြီ။

'မင်းကလဲကွာ ဘာတွေတွေးနေတာလဲ ဆိုးမှပဲ၊ ရည်းစားပျမိနေတဲ့ ခေါ်လာရတာကျနေတာပဲ၊ ငါ ပြောနေတာတောင် မကြားဘူး'

အောင်နိုင်က သူ့ကိုအော်လိုက်မှ သူ လန့်၍ သွားသည်။ ဟုတ်ပါ ယခုတစ်ခေါက်မှာ သူ တွေဝေ၍ နေခဲ့သည်။ အခြေအနေ အရပ်ရပ် ကြည့်ကာ မကြုံဖူးသည့် အရာများသဖွယ် သူ အံ့ဩနေသည်။ တကယ်တ ဆိုလျှင် သူ့မှာ လူ့ဘဝကို ခြေဆုံးဝင်လာကတည်းက သည်လောကမှာ ကျင်လည် ခဲ့ရသူ မဟုတ်လား။ ဘာမျှ အထူးအဆန်း မငိုင်နေစရာ အကြောင်းမရှိ

'စီးပွားရေးလုပ်နေတဲ့အခါမှာ တခြား ကိစ္စတွေ မေ့ထားကွ'

အောင်နိုင်က စိတ်မရှည်စွာ ပြောသည်။

'မဟုတ်ပါဘူးကွာ၊ ဒီနေရာမှာ ဒီလောက်စည်ကားပြီး အလုပ်ဖြစ်နေတာကို ငါ ငေးနေမိတာပါ'

'ဒါများကွာ၊ ဘာဆန်းသလဲ၊ ခုတွေ့နေရတာတွေဟာ နောက်နေ့ ပျောက်ချင်ပျောက်သွားမှာကွ၊ အတည်တကျဆိုတာ ဘယ်တော့မှ မရှိဘူး'

'ဟုတ်ပါတယ်လေ၊ မင်းက ငါ့ထက် အတွေ့အကြုံ ပိုစုံနေပြီပဲ၊ မင်းဟာ ငါ့ဆရာပေါ့၊ ခု ဘယ်လိုလဲ အလုပ်ဖြစ်ပြီလား'

'နက်ဖြန်တော့ မပြန်နိုင်သေးဘူးကွာ၊ တို့ တမင်းသွားစားကြမယ်၊ ခြောက် နေဦး'

အောင်နိုင်က အထမ်းဖြင့်ရောင်းနေသော ထန်းရည်သည်လေးကို လှမ်းခေါ်လိုက်သည်။ ပိုက်ဆံတစ်ကျပ်ပေးကာ ထန်းရည်ကျည်တောက် တစ်ခုကို လှမ်းယူသည်။ ကျည်တောက်ဝတွင် ထန်းရည်အမြှုပ်များတကာ ဆူဝေ နေလေသည်။

သောင်းထိုက်က လှမ်းယူကာ တစ်ရှိန်တည်း မော့ချလိုက်တော့ သည်။

❖ ❖ ❖

တစ်ည နှစ်ကျပ် ပေးရသော တည်းခိုအိမ်မှာ နှစ်ည အိပ်လိုက်ရသည်။ အောင်နိုင့်နောက်ကလိုက်ရင်း သူလုပ်သမျှကို တပည့်ခံနေရသည်။ အောင်နိုင့် အဖို့ ဈေးကွက်သည် ကျယ်ပြန့်လျက် ရှိပြီ။ ယခင်က သူ ရန်ကုန်နှင့် မော်လမြိုင် ကူးနေခဲ့စဉ်ကမူ အခြေအနေက သည်မျှမကြမ်းသေး၊ ယခုတော့ အောင်နိုင်တစ်ယောက် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းလေး လုပ်နေပြီဟု ဆိုရမည်။

အပြန်ခရီးတွင် သူတို့နှင့်အတူ ပိတ်ကိုက်တစ်ရာခန့် ပါလာခဲ့သည် သည်အတွက်တော့ သောင်းထိုက် မဖုံ့ဩ။ ယခင်ကလည်း သည့်ထိုင် သယ်နေကျ။ သို့သော် ယခင်တတော့ ကိုယ်ကြိုက်သည့်ပိတ်ကို ဝယ်လာ ပြန်ရောင်းရသည်ဖြစ်၍ ရှုံးသည့်အခါ ရှုံးပြီး မြတ်သည့်အခါ မြတ်သည် အမှန်ပြော၍ မရ၊ ယခုတော့ အဖမ်းအဆီးလွတ်သည်ဆိုလျှင်ပင် စိတ် ရပြီ။ သယ်ပေးခကို အချိုးကျထုတ်ယူရုံသာ၊ ရှုံးသည် မြတ်သည်ဆိုသည် ကိုယ်နှင့် မဆိုင်တော့။

သည်အဆင့်ထိတော့ သောင်းထိုက် နားလည်သည်၊ သို့သေ သောင်းထိုက် နားမလည်သေးသည့် အစိတ်အပိုင်းတွေက ပါလာခဲ့သည် ကျစ်ကျစ်လျစ်လျစ်ထုပ်ထားသော အထုပ်လေးတွေကို သောင်းထိုက် မြေသာ မှာ စည်းနှောင်ခိုင်းတော့ သောင်းထိုက် မျက်လုံးပြူးရလေသည်။

'ဘာတွေလဲကွ၊ ရွှေတောင့်တွေလား'

'ချီးမှုပဲ၊ ရွှေတောင့်ကို ရန်ကုန်သယ်မလားကွ၊ သယ်စရာရှိ ဟိုတ သာ သယ်ရမှာ'

'ဒါဖြင့် ဘာတွေလဲ'

အောင်နိုင်က သူ့လက်ကောက်ဝတ်မှ နာရီကို လက်ညှိုးဖြင့် ခေါက် သည်။ သောင်းထိုက် ဘာမှမပြောတော့။ အခြေအနေ အရပ်ရပ်ကို သ လိုက်မမီသေးကြောင်း နားလည်လိုက်ရသည်၊

ရထားပေါ်ရောက်တော့လည်း သူ ဧည့်မောင်ပြန်သည်၊ ဆူညံ လှုပ်ရှား နေသော မိန်းမကြီးငယ်တို့သည် ရထားထွက်ပြီဟု ဆိုကတည်းက သူတို့ လုပ်ငန်းကို စတင်ကြတော့သည်။ သူတို့ကိုယ်ပေါ်မှ အဝတ်အစားများကို ရောင်းစွာလှစ်ကာ ပိတ်စများကို ကိုယ်တွင် ပတ်ကြလေသည်၊ တစ်ယောက်ကို တစ်ယောက် ဖေးမကူညီကာ အဝတ်များကို ပတ်ပေးကြသည်။ ကြီးဖြ

ထပ်စည်းသူက စည်းသည်။ ပြီးမှ လုံချည်အကျီမျှားကို အပေါ်မှ ဝတ်လိုက်ကြသည်။ ကိုယ်တွင် ပတ်လာသောအဝတ်ကို မဖမ်းဘူးဆိုသည်မှာ စဉ်းစားကြည့်တော့လည်း အဓိပ္ပာယ်မရှိလှဟု သောင်းထိုက် ထင်သည်။ ဖိုးဝရုပ်တွေလို ပွဖောင်းနေသော ခန္ဓာကိုယ်ပေါ်တွင် တစ်စုံတစ်ခုသော ပစ္စည်းများ တွယ်ကပ်ပါလာကြသည်မှာ တလေးကပင် သိနိုင်သည် မဟုတ်လား။

ဝိန်းမများသည် လေးလံသော ဝန်ထုပ်ဝန်ပိုးများကို ကိုယ်တွင်ကပ်ကာ ထိုင်ခုံအသီးသီးတွင် ငြိမ်သက်စွာထိုင်၍ လိုက်လာကြလေသည်။ အဝတ်အစားများ၏ အလေးဒဏ်ကြောင့် မူးသူက မူးကုန်သည်။ ရင်ခေါင်းအထိ ပတ်ထားသူများမှာ အသက်ရှူမဝ၍ တအင်းအင်းဖြစ်နေပြီး ယောကျ်ား များမှာ တစ်နေရာမှ တစ်နေရာသို့ ပြေးကာလွှားကာ ကူးကာ သန်းကာဖြင့် များပန်းခတ်မျှ လှုပ်ရှားနေကြလေသည်။

သောင်းထိုက်သည် စိတ်ပင်ပန်းဆင်းရဲစွာဖြင့် ထိုင်ခုံကိုကျောမှီရင်း လိုက်ပါလာသည်။ အောင်နိုင်ကတော့ သူ့အပေါင်းအသင်းတွေနှင့် အလုပ်များနေသည်။ အလာခရီးမှာ အိပ်ရေးဝအောင်အိပ်ဖို့ အပန်းဖြေဖို့ အရေးကြီးသည်ဟု ပြောခဲ့သည်မှာ မှန်ပေသည်။ ယခုတော့ အောင်နိုင်တစ်ယောက် ချွေးဒီးဒီးကျအောင် အလုပ်များနေပြီ၊ ပစ္စည်းများကို ဟိုဝှက် သည်ဝှက်၊ ဟိုထိုးထည့် သည်ထိုးထည့်လုပ်ကာ ဗျာများနေသည်။

သူတို့စိုးရိမ်သည်က ပေါင်။ ပြီးတော့ သထုံ၊ ကျိုက်ထို၊ ထိုဘုတာများမှ ကျော်လျှင် စိုးရိမ်စရာမရှိ။ သည်ကြားထဲမှာ ပိပိရိရိ နေဖို့လိုသည်။ သိသာသိစေ မမြင်စေနှင့်။

အန္တရာယ် တစ်စုံတစ်ခု ဖြစ်ပြီဆိုလျှင်တော့ တန်ရာတန်ဖိုး အပေါင်ထားခဲ့ရသောငွေများ ဆုံးဖို့သာ ရှိသည်။ သည်တော့လည်း အတိမ်းအစောင်း မဖြစ်အောင် ကြံဖန်ရသည်။ ပေးရကမ်းရသည်။ ဒီနေ့ သထုံမှာ ဖမ်းမည်ဟု သတင်းရလျှင် မလာနှင့်။

အောင်နိုင်သည် သောင်းထိုက်ဘေးမှာ ထိုင်ချလိုက်ကာ စီးကရက် ခဲပြီး အပန်းဖြေလိုက်သည်။

'မင်းကြည့်ရတာ အလုပ်ကို စိတ်ကုန်နေပြီလား၊ ပြောစမ်းပါဦး ဘယ်လိုလဲ၊ တစ်ချိန်လုံး ငိုင်နေတာပဲ၊ ဒီမှာ သောင်းထိုက်၊ မိုးမိုး ပြောရရင်တော့ ဝက်ဖြစ်မှ ချီးစားရမှာကြောက်လို့ ဖြစ်မလားကွ'

အောင်နိုင်က သောင်းတိုက်ကို စိတ်မရှည်စွာ ပြောပစ်သည်။

'ငါ အားလုံးကို ပြန်လေ့လာနေပါတယ်ကွ'

'ဒါဖြင့် နောက် အခေါက်တွေကော'

'စိတ်ကတော့ ခပ်ညစ်ညစ်ပဲကွာ'

'မလိုက်တော့ဘူးလား'

'လိုက်မှာပေါ့ကွ'

ပေါင်မြို့ကို ကျော်၍လာသည်။ တောင်စွယ်တောင်တန်းတို့ ေ ကျန်ခဲ့၏။ ထန်းရည်သည် ကောင်လေးတစ်ယောက် ရောက်၍လာသ

'ချဦးမလား'

အောင်နိုင်က သောင်းတိုက်ကို မေးသည်။

'အေးကွာ'

အောင်နိုင် ထသွားသည်။ အမြှုပ်များ ဆူဝေနေသော ထန်းရ ကျည်ထောက်တစ်ခု ပါလာသည်။ သောင်းထိုက်က ယူပြီး မြည်းကြ သည်။ ပြီးတော့ မော့ချလိုက်သည်။

'အား ဒါကမှ တကယ်ကောင်းတာ'

အောင်နိုင်က ထန်းရည်သည်လေးကို ပိုက်ဆံတစ်ကျပ် ထုတ်ေ သည်၊ သူငယ်လေးက နောက်တစ်ခွက် လှမ်းပေးလေသည်။ အောင်နိုင်

ခေါင်းခါပြီး ဇီးကရက်ကိုသာ ဆက်ဖွာနေသည်။ တွဲထဲတွင် သူတို့သည် ငြိမ်သက်စွာ ငိုက်မျဉ်းနေကြ၏။ ဒီနေ့ ဘာသတင်းမှမရ၍ သူတို့စိတ်မှာ အေးဆေးနေသည်။ သူတို့မှာ ကြောက်ရလန့်ရ၊ ပြေးရလွှားရ၊ ဝှက်ရသို့ရ သည်မှာလည်း ရိုး၍နေပြီ မဟုတ်လား။

သထုံကို ကျော်လာခဲ့ကြသည်။

ရထားသည် လမ်းဘေးမှ ရွာငယ်များ၊ ချောင်းများ၊ မြောင်းများကို ဖြတ်သန်း၍ လာခဲ့၏။ မီးရထားလမ်းဘေးတွင် ကလေးငယ်အချို့ရပ်ကာ ရထားကြီးကို စောင့်ကြည့်နေကြသည်။ တွဲပေါ်မှ လူအချို့က ပိုက်ဆံအကြွေ များ ပစ်ချပေးသည်။ ကလေးငယ်များ ပြေးလွှားပြီး လုယက်ကောက်ယူကြ လေသည်။ တစ်ယောက်ကိုတစ်ယောက် တွန်းထိုးနေကြသည်။ ပိုက်ဆံ ရသူ ကလေးငယ်များသည် ဝမ်းမြောက်စွာ အော်ဟစ်ကြလေသည်။ မရလိုက်သူလေးများက ရထားဆီသို့ ငေးမြော်ကာ ကျန်ရစ်လေသည်။

ငွေတစ်ပြားတစ်ချပ်ကို ချပေးခြင်းဖြင့် သူတို့အတွက် မျှော်လင့်စောင့်တ ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဆုံးရှုံးခြင်း၊ ဝမ်းနည်းခြင်း အလေ့တို့ကို သင်ပေး နေသည်နှင့် တူလေသည်။ ထို့ကြောင့် သောင်းထိုက်က သူ့အိတ်ကပ်ဆီသို့ လက်လှမ်းပြီးမှ အကြွေကို မနှိုက်တော့ဘဲ အိတ်ကို လက်ဖြင့်ဖိကာ ကလေး များကို ငေးနေမိသည်။

တွဲထောင့်မှ ဆူဆူညံညံ အသံကြားရပြန်သည်။ အောင်နိုင် ထသွား လေသည်။ အော်သံငေါက်သံ၊ ရိုက်သံနှက်သံကြားမှ လူငယ်လေး တစ် ယောက် မျက်စိသူငယ် ဖြစ်နေရှာသည်။ ပစ္စည်းခိုးမည် ကြံသည်ကို မိသွား၍ အစစ်အဆေး ခံနေရသည်။

သည်နေရာမှာ အလစ်သမားရှိ၍ မဖြစ်။ သူတို့ကို ဂရုမစိုက်အား။ ကိုယ့်စောနှင့်ကိုယ်၊ ကိုယ့်အလုပ်နှင့်ကိုယ် မအားနိုင်ဖြစ်နေသည့် ကြားထဲ

မှာ နောက်ကြောင်းကို ပြန်မကြည့်နိုင်၊ သည်တော့ သည်ကိုစွန့်ခွာ လျစ်လျူရှုထား၍ မဖြစ်။ မှတ်လောက်သားလောက် ဆုံးမထားမှ ဖြစ်မည်။

'မင်း နောက်ကို တို့ဆီမှာ ဒီလိုမလုပ်နဲ့၊ ဒီတစ်ခါသနားလို့ ပြန်လွှတ် လိုက်မယ် ကြားလား'

အောင်နိုင်က ကြားဝင် ဖျန်ဖြေပေးလိုက်သည်။ ကောင်လေး ကြောက်ရွံ့စွာဖြင့် ကတိပေးသည်၊ ရထားကြီးသည် တဝေါဝေါ ခုတ်မောင်း နေဆဲ၊ ကောင်လေးသည် တစ်ဖက်တွဲသို့ ကူးသွားသည်။ ကျိုက်ထို ဘူ ကို ရောက်တော့မည်။

လူတွေ လှုပ်လှုပ်ရွရွ ဖြစ်လာကြပြန်လေသည်၊ အမျိုးသမီးအုပ်စု မတ်တတ်ရပ်ပြီး ပိတ်စများကိုဖြည်ချရန် အသင့်ရပ်နေကြသည်၊ ဘူတာ ဝင်ကာနီးမှာ အခြေအနေကို ကြည့်သေးသည်၊ စိတ်ချရပြီဆိုမှ သူ ကိုယ်ပေါ်မှာ အရေခွံကို တစ်လွှာပြီးတစ်လွှာ ခွာလေတော့သည်။ မိန်းတ တို့၏ ဣန္ဒြေဆိုသည်ကိုလည်း ဂရုမစိုက်နိုင်တော့ပြီ၊ လျင်မြန်သွက်လက် သော သူတို့လက်များသည် ကိုယ်ပေါ်မှ အဝတ်များကို ကျင်လည်စွာ ချွတ်ပြီး သက်ဆိုင်သူများ၏ အိတ်များထဲ ပြန်ထည့်ပေးနေလေသည် ရထားဆိုက်ချိန်မှာ သူတို့အတွက် သယ်ပေးခငွေကို တောင်းယူရန် အသင့် ဖြစ်နေပေပြီ၊

သည်တစ်ခေါက်တော့ ချောချောမောမောဖြစ်ပြီဟု ဆိုရတော့မည် ကျိုက်ထိုဘူတာမှ ရထားထွက်လာသည်ဆိုလျှင်ပင် သူတို့အားလုံး စိတ်လက် ပေါ့ပါးသွားကြလေသည်။ ပိတ်စများကို အိတ်များထဲသို့ ပြန်ထည့်ကြ သည်။ ဝှက်သိုလာသော ပစ္စည်းများကို ပြန်ထုတ်ကြသည်၊ ရထားကြီး တစ်စီးလုံး အလုပ်ရှုပ်လျက် ရှိပြန်လေသည်။

ဘုရားလုံး ထုပ်ပိုးသိမ်းဆည်းပြီးသောအခါ အောင်နိုင်တို့ လူသိုက်လည်း မောမောနှင့် ခြေပစ်လက်ပစ် ထိုင်နိုင်ကြတော့သည်။ တဝေါဝေါ ခုတ်မောင်းနေသော ရထားသံနှင့်အတူ လူငယ်တစ်စုသည် သီချင်းတစ်ပိုဒ်ကို ဖြိုင်တူ ဟစ်လိုက်ကြလေသည်၊

'ဝမ်းနည်းမိတယ် ရင်နာမိတယ် ငါ့ဘဝတစ်လျှောက်မှာလေ၊ ဝမ်းနည်းမိတယ် ရင်နာမိတယ် ငါ့ဘဝတစ်လျှောက်မှာလေ'

❑

# ၇

ယခုတလော အဆင်မပြေမှုတွေက များလှချည့်ဟု မြရင်စိန် ထင်မိသ
ဈေးဦးမပေါက်သည့်နေ့တွေ ပို၍ စိပ်လာသည်ဟု မြရင်စိန် တွက်မိသ
ခဲ့အိုး ကိုအောင်စိန်ထံမှလည်း တက်တက်ကြွကြွအသံမျိုး မကြားရသည်
ကြာပြီ၊ ဈေးတွေ ကျပြီး အဝယ်မလိုက်ကြောင်း အလုပ်မဖြစ်ကြေ
ပိုက်ဆံရှားကြောင်းသာ ထပ်တလဲလဲ ညည်းညူနေသည်၊

အိမ်တွင်လည်း မြရင်ကြည်၏ ကလေးများကို ဆူပူအော်ငေါက်
ကိုအောင်စိန်၏ ချောင်း တဟွတ်ဟွတ်ဆိုးသံ၊ အသက်ကြီးပြီဖြစ်သေ
အမေ၏ ညည်းတွားသံတို့သာ တိုး၍ ပို၍ လာခဲ့သည်၊ တစ်ခါတ
ကလေးငယ်နှစ်ယောက်၏ ဖိနပ်မပါသော ခြေထောက်များဖြင့် မြရင်
ပြန်အလာကို ပြေး၍ ဆီးကြိုတတ်လေသည်၊ သူတို့၏ အားငယ်နွမ်း
နေသော မျက်နှာများကို ကြည့်ရုံဖြင့် နံနက်စာကို ပြည့်ပြည့်ဝဝ မစား
ကြောင်း သိသာလှသည်၊

ညနေစာထမင်းဝိုင်းသည်လည်း တစ်စတစ်စ သွေ့ခြောက်၍ လာခဲ့
မနက်ပိုင်း မြရင်စိန် ဈေးထွက်တာနီးလျှင် မြရင်ကြည်သည် မျက်
ငယ်ငယ်ဖြင့် မြရင်စိန်ကို ကြည့်နေတတ်လေသည်၊ ဤသို့ဖြင့် ရင်

ကညိပတ်ရန်ဟောဒေသာ ငွေစလေးများသည် ဟင်းချက်စရာဖိုးအဖြစ် တစ်စ တစ်စ ကုန်ပြောင်းကာ လျော့ပါးခဲ့ရလေပြီ။

ဈေးထွက်လာခဲ့ရသော်လည်း မြရင်စိန်ခေါင်းက မကြည်လင်လှ တော့ပေ။ နေရောင်တွေဖြာကျနေပြီဖြစ်သော ဆိုင်ခန်းပေါ်တွင် ဆိုင်ကို ဖြန့်လွယ်အောင် မြန်မြန် ခင်းလိုက်သည်။ ပြီးလျှင် ထမင်းချိုင့်ကိုဖွင့်ကာ မုန့်ဟင်းခါးတစ်ကျပ်ဖိုးနှင့် ထမင်းကိုရော၍ စားပစ်လိုက်သည်။ ကိုးနာရီခွဲ တော့ ပြီးပြီဟု အောက်မေ့လိုက်ရသော်လည်း ဝမ်းကတော့ မတင်းတိမ် လှပေ။ ဟင်းလျာနေရာမှာ မုန့်ဟင်းခါးအခွက်ပေါင်း များစွာက နေရာယူခဲ့ လေပြီ။ နေပူထဲကျဲကျဲတွင် တဖြောက်ဖြောက် ဝင်လာနေသော ဈေးဝယ်သူ များကို မျှော်လင့်ချက်ကင်းသော မျက်လုံးများဖြင့် ငေးကြည့်နေမိလေ သည်။ ဘေးဆိုင်မှ ဒေါ်ရွှေဥကြီးလည်း စောစီးစွာပင် ငိုက်မျဉ်းလျက် ရှိပြီ။ ဒေါ်စပ်စုတစ်ယောက်တော့ ဈေးမထွက်သည်မှာ တစ်ပတ်လောက် ရှိပြီ။ သူတို့ဈေးတန်းသည် ပုင်းရိုင်းခြွေဖွယ် ခြောက်သွေ့၍ နေ၏။ ကက်ဆက် တန်းမှ အပြိုင်အဆိုင်ဖွင့်သော သီချင်းသံတို့သည်သာ ဈေးသည်တို့၏ ဦးနှောက်ကို ပွင့်ထွက်လုခမန်း ဆူညံစွာ မြည်ဟည်းနေလေသည်။

အိပ်ငိုက်ခဲ့သော မြရင်စိန်သည်ပင် ငိုက်မြည်းစ ပြုလာ၏။

'ဘယ်လိုလဲ ဈေးဦးမပေါက်သေးဘူးလား'

ဗိုလ်ကျော်က သူ့ဆိုင်ရှေ့မှာရပ်ပြီး မေးလိုက်သည်။ ယခုတလော ဗိုလ်ကျော်က မြရင်စိန်ကို ဂရုတစိုက် မေးမေး နေသည်၊ သူတို့တွေမှာ လည်း ယခင်တလောက် အရောင်းအဝယ် မကောင်းတော့။ ပစ္စည်းအသစ် မတင်နိုင်သည်မှာ ကြာပြီ။ ပစ္စည်းမတင်နိုင်လျှင် ဈေးဆိုင်ဟူသည်မှာ ဖောက်သည်ပျက်မြဲ။ အကြံအဖန် လုပ်ချင်ဦးတော့ မလုပ်နိုင်၊ ထို့ကြောင့် ဗိုလ်ကျော်တို့ သီချင်းသံကိုပင် မကြားရသည်မှာ ကြာပြီ၊ သူသည် အားအား

ရှိလျှင် ကာက်ဆက်တိပ်ခွေရောင်းသော ကောင်မလေးတွေ မျက်မှန်ဆို
ကောင်လေးတွေနှင့် ရယ်စရာ မောစရာ စကားဖောင်ဖွဲ့၍ နေလေသည်

မြရင်စိန်သည် ဗိုလ်ကျော်ကို ခေါင်းခါပြလိုက်သည်။ မြရင်စိန်
သည်ဈေးမှာ နီးနီးနားနား သူငယ်ချင်းဆို၍ ဗိုလ်ကျော်တို့သာ ရှိသည်

'နင်ကလဲ ဈေးရောင်းမကောင်းလို့ပဲလား၊ ဒါမှမဟုတ် ဘာမှ
ဖြစ်နေတာလဲဟာ တစ်မှိုင်တည်း မှိုင်နေတာပဲ'

ဗိုလ်ကျော်က မြရင်စိန်ကို စနေမှန်း သိသော်လည်း မြရင်စိန်က
မသိဟန်ဆောင်နေသည်။

'အေးပေါ့ဟာယ်၊ နင်တို့လို မရောင်းရဘူးဆိုလဲ တစ်နေ့လေးငါးသ
အိတ်ထဲထည့်ပြီး ပြန်သွားနိုင်တာမှ မဟုတ်တာ'

ဗိုလ်ကျော်တို့မှာ အရောင်းအဝယ်ပါးသည်ဆိုသည့်တိုင် သီချင်းသွ
ပြီးသား တိပ်ခွေက ရောင်းရတတ်သေးသည်။ မြရင်စိန်တို့မှာတော့
မရောင်းရဘူးဆိုလျှင် တကယ်ကို ငုတ်တုတ်။

'နင်လဲ မော်လမြိုင်လိုက်သွားပါလားဟ'

ဗိုလ်ကျော်က ဒုတိယအကြိမ် စပြန်သည်၊

'ဘာဆိုင်လို့လဲ'

'ငါ အကောင်းပြောတာပါ၊ သောင်းထိုက် အခု မော်လမြိုင်လိုက်
နေတယ် မဟုတ်လား၊ အဖော်ရတာပေါ့၊ သူကမှ တို့ထက်ဟန်ကျမှာ'

'မထင်ပါနဲ့ သူ့မှာလဲ ငွေတစ်ပြားမှ ရှိတာမှ မဟုတ်ဘဲ'

'ငွေမရှိလဲ လုပ်လို့ရပါတယ်'

'ဘယ်လိုလုပ်မလဲ၊ ငါ့မှာတော့ ငွေအရင်းအနှီး မရှိတော့လို့ ဆိုင်
တောင် ပိတ်ပစ်ချင်ပြီ'

ဗိုလ်ကျော်က မျက်နှာပိုး သတ်လိုက်မိပြီး မြရင်စိန်ကို တွေကြည့်သည်။ မြရင်စိန် တကယ်စိတ်ဓာတ်ကျပြီး မှိုင်နေမှန်းသိ၍ သူနောက်ချင်ပြောင်ချင်စိတ် မရှိတော့ပေ။ ပြီးတော့ သူတို့က မြရင်စိန်ကို ပေါ့ပေါ့ဆဆပြောဆိုဆက်ဆံတတ်သော်လည်း မြရင်စိန်က တည်တည်မှန်မှန် တုံ့ပြန်တတ်သည်ကိုလည်း သတိပြုမိလာသည်။

'ငွေလိုရင်တော့ ငါ လှည့်ပေးမယ်လေ'

'အဘိုးနဲ့ငွေကိုတော့ မယူလိုပါဘူးဟယ်၊ တို့မှာက ပစ္စည်းက နင်တို့လို လွယ်လွယ်ပြန်ထွက်တာ မဟုတ်ဘူး၊ မထွက် ထွက်အောင်လည်း မကြိုးတတ်ဘူး'

'နောက်တော့ အခြေအနေပြန်ကောင်းချင် ကောင်းလာမှာပေါ့ဟယ်'

ဗိုလ်ကျော်ကလည်း ကြံရာမရ၍ မြရင်စိန်ကို အားပေးလိုက်သည်။ သူ့ဆိုင်ရှေ့မှာ လူနှစ်ယောက် သုံးယောက် လာရပ်၍ ဗိုလ်ကျော် ပြန်ပြေးသွားသည်။ မပြေး၍ မဖြစ်။ သည်လိုလူမျိုးတွေကို လက်မလွှတ်ဖို့ အရေးကြီးသည်။ ရိုးသားပုံရသော အဘိုးကြီး တစ်ယောက်၊ မိန်းမငယ်ငယ် တစ်ယောက်၊ ပြီးတော့ ဘုန်းကြီးတစ်ပါး။ ဗိုလ်ကျော်တို့တော့ ဆိုင်ထဲက မြန်အထွက်ခံတော့မည် မဟုတ်။

သူ့တွင်ရှိသည့် ကက်ဆက်တစ်လုံး နှစ်လုံးကို ချပြသည်၊ ဝယ်သူတွေက မကြိုက်။ အပြင်ပြန်ထွက်မည် ပြုသည်။ ဗိုလ်ကျော်က တားထားသည်။ ထိုင်ခုံတွေ ဘာတွေ ချပေးသည်၊ ပြီးတော့ တခြားဆိုင်ကို ပြေးလေသည်၊ သူ့ပစ္စည်းကိုပဲ သူသွားယူသလိုလို၊ ပြန်လာတော့ ဝယ်သူစိတ်ကြိုက်ပစ္စည်း ပါလာပြီ။ သူကလည်း ကျလောက်အောင်ပြောပြီး အမျိုးမျိုးဖွင့်ပြလေသည်၊ ဟိုခလုတ်နှိပ်လိုက် သည်ခလုတ်နှိပ်လိုက်နှင့် သူလုပ်ပြနေပုံကိုက စိတ်ဝင်စားစရာ၊ ကက်ဆက်ထဲမှ လူပါထွက်ပြီး ဆိုပြတော့မည့်

အတိုင်း။ ကြာတော့လည်း ဝယ်သူတွေက ဆိုင်ထဲက ပြန်ထွက်ဖို့ကို ရှေ့ရှု တော့သည်။

ပစ္စည်းရှင်ကို တန်ရာတန်ဖိုး ပေးချေလိုက်လျှင် သူ့အတွက် မကျန်ဘူးဆိုလျှင်လည်း လေးငါးဆယ်တော့ ရလိုက်ဦးမည်သာ။ ပြီးတော့ တိပ်ခွေ ဆယ်ခွေလောက်ကိုလည်း ရောင်းလိုက်ရသေးသည်။ ယနေ့ တော့ ဗိုလ်ကျော်တို့ အိပ်နေဖို့ပဲ ရှိတော့သည်။

မြရင်စိန်မှာလည်း သည်လမ်းစဉ် လိုက်လိုက်ရသေးသည်။ အဓေ ဆန်းတွေ မတင်နိုင်တာမှ ဝယ်သူတွေက ဆိုင်တွင်မရှိသော အရောင်တွေ ချည်း လာလာမေးသည်။ မြရင်စိန်က ကျောချင်းကပ်နေသော ဆို လှမ်းယူပြီးပြသည်။ ဈေးကို ငါးမူးလောက်တင်ပြီး ဝယ်သူကို မရ တွန်းရောင်းရသည်။ ကံကောင်းလျှင် သူ့အတွက် နှစ်ကျပ်သုံးကျပ် ကျန်သ ဝယ်သူ ဆစ်လွန်းလျှင်တော့ အရင်းအတိုင်းပဲ ကြားထဲက ရောင်းပေးလို ရတော့သည်။

တစ်ခါတစ်ရံတော့လည်း အတည်သည်ဘဝကိုစွန့်ပြီး တန်စွန်းရှာ ပြန်ရောင်းစားရ ကောင်းမလားဟု မြရင်စိန် တွေးမိလေသည်။ တ ယောက်တည်း ကိုယ်လွတ်ရုန်းရမည်ဆိုလျှင်တော့ မြရင်စိန် မကြောက် တစ်ဝမ်းတစ်ခါးအတွက် မပူပင်။ ယခုတော့ တစ်သက်လုံး ဆင်းရဲတွ နှက်ခဲ့သော အမေအိုကြီး ရှိအသော အစ်မမြရင်ကြည်နှင့် ကလေးနှစ်ယောက် ကျေးဇူး မကင်းသော လူမမာခဲအို ကိုအောင်စိန်၊ သူတို့က ရှိသေးသည်

သောင်းထိုက်ကို မြရင်စိန် ခင်မင်ရင်းစွဲရှိသည်ကတော့ အမှန် သောင်းထိုက်ကလည်း သူ့အပေါ်မှာ စေတနာထားကြောင်း မြရင်စိန် သိသည် သို့သော် သူတို့ဘဝမှာ အချစ်ကို ရှိုးမယ်ဖွဲ့ကာ ခံစားမှုတွေကို ဦးစားပေ မနေနိုင်။ အရာရာမှာ ဘဝရေးနှင့် ယှဉ်တွဲတတ်သည့် အကျင့်ပါနေပြီ

ဈေးထွက် တွက်သည်ပင် ဆိုချင်ဆိုတော့။ အကျိုးအမြတ်မရှိသည့်အလုပ်ကို လုပ်ချင်စိတ် မရှိလှပေ။ သူ သိသလောက်တော့ သောင်းထိုက်သည် တစ်ကိုယ်ရေ ပုံကျသာမား။ အခေါ် အိမ်မှာနေသော်လည်း အခေါ်၏ အဖော်သဟဲ အဖြစ်မျှသာ။ သည်တော့လည်း သူ့ကိုချည်း အားကိုး၍ ဖြစ်မည် မဟုတ်။ အခြေမရှိသော ဘဝချင်းပေါင်းပြီး အခြေမဲ့အနေမဲ့ ဖြစ်သွားလျှင် ပိုမခက်ပါလား။

ဗိုလ်ကျော်က မြရင်စိန်ဆီ ပြန်လှည့် လာလေသည်။ ပြီးတော့ မြရင်စိန်ကိုကြည့်ကာ မရဲတရဲ ပြောသည်။

'နင် ငွေလိုရင် ငါ့ဆီက ယူမလား။ ငါ့မှာ နှစ်ရာ သုံးရာလောက်တော့ အပိုရှိတယ်၊ ကျန်တာတော့ ငါလဲ ဒီလိုပဲ လှည့်လုပ်နေတာ'

မြရင်စိန် ခေါင်းကို သွက်သွက်ခါပြလိုက်သည်။ ဗိုလ်ကျော် မျက်နှာထား မှန်မှန်နှင့် ပြောသဖြင့် စေတနာနှင့်ပြောမှန်းတော့ သိလိုက်သည်။

'ငါ အတိုးမယူပါဘူးဟဲ့၊ နင် ငွေလည်မှ ပြန်ပေးပေါ့၊ ခု နင့်ဆိုင်မှာ အရောင်ဆန်းတွေ မတင်နိုင်တော့ မရောင်းရဘူး မဟုတ်လား'

'နေပါစေ ဗိုလ်ကျော်ရယ်၊ ကျေးဇူးတင်ပါတယ်၊ ငါ့မှာ ငွေနည်းနည်း တော့ ရှိပါသေးတယ်'

မြရင်စိန်က မနက်တိုင်း မျက်နှာငယ်ငယ်နှင့် ဈေးဖိုးတောင်းတတ်သော မြရင်ကြည်ကို မြင်ယောင်လာသည်၊ သည်လိုနှင့် ရှိသည့်ငွေလေး လုံးပါး ပါးသွားလျှင် သာ၍ ခက်တော့မည်၊ ဖြစ်လိုရာဖြစ်စေ နောက်နေ့တော့ အရောင်ကောင်းကောင်းတစ်အုပ် ဝယ်လိုက်မည်ဟု စိတ်ကူးလိုက်သည်။ စိတ်အတွေးများက သက်ပြင်းချသံအဖြစ် အပြင်သို့ ထွက်လာသည်။ ဗိုလ်ကျော် ရှိနေသေးသည်ကို သူ မေ့သွားသည်၊

'နင်ကလဲ သောင်းထိုက်တစ်ယောက်တည်း အားကိုးရော မဟုတ်ပါဘူး
ငါ စေတနာနဲ့ ပြောတာပါ'

ဗိုလ်ကျော် ကျွဲမြီးတို့သွားမှန်း သိလိုက်လေသည်။

'အေးပါ၊ ငါ ဘာပြောလို့လဲ၊ ငါ တကယ်လိုရင် ပြောပါ့မယ်၊ ခုတော့
ငါ့မှာ ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်ရသေးလို့'

'ဒါဖြင့်လဲ ပြီးရော'

ဗိုလ်ကျော် လှည့်ထွက်သွားလေသည်။ ခဏကြာတော့ သူ့ဆိုင်
ကက်ဆက်သံကို သံကုန်ဖွင့်လိုက်သံ ကြားရသည်။

'ဒီက ချစ်လိုက်ရတာ မင်း အသိဆုံးပါ၊ မောင့်ရင်ထဲက လမင်းလေ

ဗိုလ်ကျော်သည် သီချင်းကို လိုက်ဆိုရင်း မြရင်စိန်ကို တစ်ချက်
လှမ်းကြည့်လိုက်လေသည်။

❑

# ၈

ဗိုလ်ကျော်ဟု သူ့ကို အများက ခေါ်ကြသော်လည်း သူ့နာမည် အပြည့်အစုံက ကျော်ကျော်ဝင်း။ သို့သော် သူ့နာမည်ကို သူမကြိုက်၍ သူများမေးလျှင် ဗိုလ်ကျော်ဟုပင် ပြောသည်။

ဗိုလ်ကျော်ကတော့ ရန်ကုန်သားစစ်စစ်၊ ရန်ကုန်မြို့လယ်ခေါင်မှာ ကြီးပြင်းလာသူ ဖြစ်သည်၊ သူတို့က ၂၉ လမ်းမှာ နေသည်။ သူ့မိဘများက ဘိုးစဉ်ဘောင်ဆက် ကုန်သည်အလုပ်ဖြင့် အသက်မွေးခဲ့သူများပင် ဖြစ်သည်။ သူ့အမေကဆိုလျှင် တစ်ချိန်က ဗိုလ်ချုပ်ဈေးမှာ ပိုးထည်ဆိုင်ဖွင့်ကာ အတော်လေး ဝင်ငွေ ကောင်းခဲ့သည်၊ ယခုလည်း အသက်အရွယ်ကြီး၍ အလုပ်မလုပ်နိုင်ပေမင့် အိမ်မှာနေပြီး ရှိသမျှစည်းစိမ်ဥစ္စာကို မလျော့ပါးအောင် ထိန်းသိမ်းနေတတ်သည်။ သူတို့မှာ မောင်နှမကတော့ များသည်၊ ခုနစ်ယောက်၊ ဗိုလ်ကျော်က နံပါတ်လေး။ သူ့အထက် နှစ်ယောက်က အိမ်ထောင် ကျသွားပေပြီ၊

ဗိုလ်ကျော်တို့အိမ်က စီးပွားရေးမှာတော့ အကွက်စေ့လှသည်။ သားသမီးများကို ပညာကို လူရှိသေအောင် သင်ပေးပြီး တကယ့်လက်တွေ့မှာတော့ ကိုယ်ပိုင်စီးပွားရေးကိုသာ အားပေးသည်၊ ဗိုလ်ကျော်တို့တစ်တွေ

မှာ ငယ်စဉ်ကပင် ဖခင်၏ အရောင်းအဝယ်ကိစ္စ၊ မိခင်၏ ရေစပ်လေ
လှသော စီးပွားရေးအကွက်များကြားမှာ နှးယဉ် ကြီးပြင်းခဲ့ရလေသည်
ထို့ကြောင့်လည်း အရောင်းအဝယ် အလုပ်ဆိုလျှင် ဘာပဲလုပ်ရ လု
မတွန့်မဆုတ် လုပ်ရဲကိုင်ရဲ ရှိခဲ့သည်။ သူတို့အဖို့ လောကတွင် ငွေရှာခြ
အရေးအကြီးဆုံးဟု ယူဆထားသူများ ဖြစ်လေသည်။

လဟာပြင်မှာ ဆိုင်ခန်းတွေ ဖွင့်ရောင်းရစဉ်ကပင် ဗိုလ်ကျော်
သူ့အစ်ကိုတစ်ယောက်က စီးပွားရေးနယ်မှာ ခြေချခဲ့ကြလေသည်။ သူ
အဖို့ ပင်ပင်ပန်းပန်း မလုပ်ရပေ။ လာသွင်းသည့် ပစ္စည်းကိုကောက်
ကျခြေရရ ထိုင်ရောင်းသည်။ ပစ္စည်းက ထွက်ချင်သည့်အခါမှထွက်၊ ရ
သည့် အမြတ်ကို အေးအေးဆေးဆေး စောင့်ယူသည်၊ သည်တော့လ
သူတို့သည် ကုန်သည်လောကမှာ ပျော်မွေ့နေနိုင်ကြပေသည်။ အခြေအ
အရပ်ရပ် ပြောင်းလဲလာသော်လည်း သူတို့အဖို့ကား အခြားအလုပ်
ပြောင်းမလုပ်တတ်တော့။ ကျရာနေရာမှာပင် ကျသလို လုပ်ကိုင်စား
သည်။

အရောင်းအဝယ် အလုပ်ဟူသည်ကား အစဉ်သဖြင့်တော့ ချော
ဖြောင့်ဖြူးမနေပေ။ သို့သော် သူတို့အဖို့ကား အဆန်းတကြယ် မဟုတ်တေ
လဟာပြင်မှ စိန့်ဂျွန်းဈေးကို ပြောင်းရတော့ သူတို့ရသည့်နေရာကလည်
ကောင်းလှသည် မဟုတ်ပေ။ သို့သော် ငွေပင်ငွေရင်းတတ်နိုင်သူမို့ နေရ
ကောင်းနှင့် လဲယူသည်၊ နေရာကိုလိုက်၍ ပစ္စည်းကိုလည်း ပြောင်းတ
သည်။ ယခုကာလောက် ရောင်းရေဝယ်တာ မကောင်းလှသော်လည်
အသင့်အတင့်တော့ ဖြစ်ထွန်းသည်။

ဗိုလ်ကျော်တို့အိမ်မှာ တက်ညီလက်ညီ စီးပွားရှာကြသလို ခွဲဝေသုံ
တော့လည်း စီးပွားရေးဆန်ဆန်ပင်၊ ကိုယ်ရှာ၍ ရသည့်ငွေကို ကိုယ်သုံ

သည်၊ အိမ်ကို ထမင်းဖိုး ထည့်ဝင်သည်၊ မိဘကို အချိုးကျပေးသည်။ အိမ်ထောင်ကျသွားလျှင် အားမှု ပြောနေစရာမလို။ ကိုယ့်အိုး ကိုယ့်အိမ် ခွဲဆင်းကြသည်၊ ကျောင်းနေတုန်းရှိနေသေးသည့် အငယ်ဆုံးသုံးယောက်ကိုမူ အားလုံး ဝိုင်း၍ ထောက်ပံ့ကြလေသည်။

မောင်နှမတွေထဲမှာတော့ ဗိုလ်ကျော်ကို အိမ်က အချစ်ဆုံး၊ ဗိုလ်ကျော်က ဆိုးလည်း ဆိုးသည်၊ လိမ်လည်း လိမ်မာသည်၊ နွဲ့ဆိုး ဆိုးတတ်သလို သူများဖို့လည်း သိတတ် ငဲ့တတ်သည်။ ပျော်ပျော်နေတတ်သည်။ မိဘ ညီအစ်ကို မောင်နှမများကို ချစ်တတ်သော ဗိုလ်ကျော်သည် အခြား မိန်းကလေးများကိုတော့ တစ်ခါမှ မချစ်ဖူးပေ။ အစဉ်သဖြင့် အရောင်းအဝယ် ကိစ္စများကြားမှာ စူးစိုက်နေသူမို့ ချစ်တတ်သည့်ခံစားမှုမျိုးလည်း တစ်ခါမှ မပေါ်ပေါက်ခဲ့ပေ။ သို့သော် မိန်းကလေးလှလှ မြင်လျှင်တော့ သူကြည့် တတ်သည်၊ သဘောကျတတ်သည်၊ ခင်မင်အောင် ပေါင်းတတ်သည်၊ တစ်ခါတစ်ရံ မထိတထိ စတတ်သည်။ သို့သော် သူ့ရင်ထဲကတော့ မလှုပ်ရှား တတ်ပေ။ အထူးသဖြင့် ရန်ကုန်မြို့ပေါ်မှမိန်းကလေးများသည် သူ့အဖို့ အားလုံး တစ်ပုံစံတည်းဖြစ်၍ နေလေသည်၊

မြရင်စိန်လို မိန်းကလေးကတော့ သူ့အဖို့ အမြင်ကွဲလွဲသည်။ ဆင်းရဲ သော်လည်း ဣန္ဒြေမရသည့် မိန်းကလေးမျိုး၊ အနေအထိုင်မတတ်သည့် မိန်းကလေးမျိုးတွေ သူ တွေ့ဖူးသည်၊ ထိုမိန်းကလေးမျိုးကိုလည်း သူ မနှစ်သက်၊ မြရင်စိန်ကို နှစ်သက်သည်ဟု မဆိုနိုင်သော်လည်း 'မဆိုးပါဘူး' ဟုတော့ သူ အောက်မေ့သည်၊

အမှတ်တမဲ့နေခဲ့ရာမှ အနေကြာလာတော့လည်း မြရင်စိန်ကို ခင်မင် မိသည်၊ မြရင်စိန်ကို မထိတထိစနေရလျှင် သူပျော်သည်၊ သို့သော် မြရင်စိန် က ခပ်တည်တည် နေတတ်၍ တစ်ခါတစ်ခါတော့ အမြင်ကတ်သည်။

သက်သက် အိုက်တင်ခံတာဟု ထင်သည်။ သေသေချာချာ ပေါင်းကြည့် တော့လည်း ထိုသို့မဟုတ်မှန်း သိရလေသည်။ တကယ်တော့ မြရင်စိန် သည် အပေါင်းအသင်းမဲ့စွာ တစ်ယောက်တည်းရုန်းကန်နေသော မိန်းမငယ် လေးမျှသာ ဖြစ်၏။ ထိုအခါ မြရင်စိန်ကို သူ သနားမိသည်။ သို့သော် ချစ်တော့ မချစ်မိပေ။

သောင်းထိုက်က မြရင်စိန်ကို ပိုးနေမှန်း ဗိုလ်ကျော် သိသည်။ သို့သော် သူ့အတွက် အရေးကြီးသော ကိစ္စမဟုတ်။ သူ မြရင်စိန်ကို ပိုးပန်းနေ မဟုတ်။ သို့သော် မြရင်စိန်ကို သူ ကူညီချင်သည်။ ဘာကြောင့် ကူညီ ချင်မှန်း မသိပေ။ သနားလို့ဟုသာ အနီးကပ်ဆုံး အဖြေရလေသည်။

သောင်းထိုက်ကိုတော့ သူက ဘဝတူ လူငယ်တစ်ယောက်အဖြစ် ခင်မင်မိသည်။ သောင်းထိုက်က ရိုးသားပုံရသည်။ မြရင်စိန်တို့နှင့် လိုက်ဖက် သည်။ အထူးသဖြင့် သောင်းထိုက်လို လူတစ်ယောက်ကို သူ့စီးပွားရေး အတွက် အားကိုးလိုသည်။ ပစ္စည်းမှာလျှင် သောင်းထိုက်တို့က တခြားလူထက် စိတ်ချရသည်။ သို့သော် သောင်းထိုက်က သူတို့လိုချင်သည့် ပစ္စည်းမျိုး မကိုင်သေး။ ထို့ကြောင့် မှာ၍မဖြစ်သေးပေ။ တစ်ခါတစ်ရံ သောင်းထိုက် က သူ့ကို မြရင်စိန်နှင့် သင်္ကာမကင်းဖြစ်ကာ သဝန်တိုနေပုံမြင်ရတော့ ရယ်ချင်လေသည်။ သောင်းထိုက်ကိုလည်း သည်တစ်ချက်မှာတော့ ညံ့လိုက် လေဟု သူ အပြစ်တင်မိသည်။ သူလိုကောင်မျိုးက သည်လို မိန်းကလေး မျိုးကို ကြိုက်မတဲ့လား။ တစ်ခါတစ်ရံ သူ့ဝါသနာအတိုင်း မြရင်စိန်ကို ရှိတ်တတ်၊ ချိတ်တတ်သည်ကလွဲ၍ ရှေ့တိုးဖို့ စိတ်မကူးမိ။ သူ မိန်းမယူလျှင် အပျိုစားကို ယူပစ်လိုက်မည်။ သို့သော် ဒါတွေက သူ့အတွက် အရေးမကြီး သူ့အတွက် အရေးကြီးသည်က အရောင်းအဝယ်ကောင်းဖို့ ပစ္စည်းများများ ထွက်ဖို့ ငွေများများ ရဖို့ပင်။

ယခုတလော အရောင်းအဝယ်က ကောင်းသည်မဟုတ်။ သည်ကြားထဲ အသံသွင်းဆိုင်တွေ အသိမ်းအဆည်းခံရတော့ သူတို့မှာ ကျိုးလန့်စာစား ဖြစ်ကာ ဆိုင်ပင် ပိတ်ထားလိုက်ရသေးသည်။ ဆိုင်ပိတ်သည်ဆိုသော်လည်း လူကတော့ အချိန်တန်လျှင် ဈေးကိုမလာဘဲ မနေနိုင်။ ဆိုင်ခုံပေါ်မှာ ဝမ်းလျားမှောက်ကာ အိပ်နေလိုက်သည်။

တံငါသည်သည် ရေမှာ ပျော်သကဲ့သို့ သူသည်လည်း သည်လောကမှာ အလိုလို ပျော်မွေ့နေပြီ ဖြစ်လေသည်။

❑

# ၉

ကလေးနှစ်ယောက် ပြေး၍ ဆီးကြိုသည်ကိုမတွေ့ရသဖြင့် မြရင်စိန် ရင်ထဲ အနည်းငယ် ဟာသွားသည်။ အိမ်ရှေ့ရောက်တော့လည်း လူသံသူ့သံ မကြားရ။ တိတ်ဆိတ်၍နေသည်။ အိမ်ထဲဝင်သွားမှ ကလေးနှစ်ယောက် ခုတင်ကျပ်တုပ်ထိုင်ကာ ပဲလှော်တစ်ထုပ်ကို လုစားနေသည်ကို တွေ့ရသည်။ အမေက ထောင့်တစ်ထောင့်မှာထိုင်ကာ ပုတီးစိပ်နေသည်။ မြရင်စိန် ခြေသံကို ကြား၍လားမသိ မြရင်ကြည်က အိပ်ခန်းထဲမှ ထွက်လာသည်။

'ကိုအောင်စိန်ရယ်လေ၊ ချောင်းတွေ သိပ်ဆိုးနေတာ၊ အဲဒါ ဆရာဝန်က ဆေးစစ်တက်ရမယ် ပြောတယ်၊ ဒီရောဂါမျိုးက အနားယူရင် ကောင်းမယ်၊ အိမ်ကလူတွေလည်း အားလုံး ဓာတ်မှန်လာရိုက်ရမယ်၊ ကူးစက်တဲ့ ရောဂါ၊ ကိုအောင်စိန်က ဆေးရုံမတက်နိုင်ဘူးပြောတော့'

မြရင်ကြည် စကားပြောလျှင် သည်သို့ပင် မရေမရာပြောတတ်သည်။ အဓိပ္ပာယ်ကို ကိုယ့်ဘာသာ ဆက်စပ်ယူရတတ်သည်၊ အမေက မနေသာ၍ လှမ်းအော်သည်။

'ဟဲ့၊ ခရီးရောက်မဆိုက် ရေချိုးပါစေဦး။ ပြီးမှ သေသေချာချာပြော'

မြရင်စိန် စိတ်မောသွားသည်။

ကိုအောင်စိန်တစ်ယောက် ဆေး သေသေချာချာ မစားနိုင် မကုနိုင် သည်ကို သူ သိနေခဲ့သည်၊ ပြီးတော့ သည်ရောဂါမျိုးက ကုစက်တတ်သည့် ရောဂါ၊ ကိုအောင်စိန် ဆေးရုံတက်ဖို့ လိုပေလိမ့်မည်။ မြရင်ကြည်က လိပ်ပတ်သည်အောင် မပြောတတ်သော်လည်း မြရင်စိန် နားလည်လိုက် သည်၊

မြရင်စိန် ရေချိုးပြီးချိန်မှာ ကလေးနှစ်ယောက်က ထမင်းဝိုင်းမှာ သူ့ကို စောင့်နေသည်။ စားပွဲပေါ်မှာတော့ ချဉ်ရည်ဟင်းကဲ့ကဲ့နှင့် ငါးပိရည် တစ်ခွက်၊ ခရမ်းသီးပြုတ်တို့စရာ။

'အမေ စားပြီးပြီလား'

မြရင်စိန်က မေးသည်။

'စားပြီးပြီ'

'အစ်မကော'

'ပြီးမှ စားမယ်'

မြရင်စိန်က သက်ပြင်းကိုချ၍ ထမင်းကိုစားသည်။ ချဉ်ရည်ဟင်းထဲမှ ဖွားဖွားပါးပါး ငါးတစ်ဖတ်ကိုခပ်ပြီး ကလေးနှစ်ယောက်ကို ဝေပေးလိုက် သည်၊ 'လူမမာ ဘာနဲ့စားလဲ'ဟု သူ မေးလိုသော်လည်း မမေးဖြစ်တော့ပေ။ ထမင်းကို ပြီးလွယ်အောင်စားပြီး အိမ်ရှေ့ကို ထွက်ခဲ့ရသည်။ အမေသည် ငြိမ်သက်စွာ ပုတီးစိပ်နေဆဲ၊ အမေ့အတွက်ကတော့ လောကဓံသည် ထူးထူးခြားခြား ပြောင်းလဲမှုရှိဟန် မတူပေ။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း သည်လည်း အမေ့အတွက် အတူတူသာ ဖြစ်၏။ မြရင်စိန်တို့ လက်ထဲမှာ ငွေတွေရွှင်နေစဉ်ကလည်း အမေသည် တစ်ပြားတစ်ချပ်မျှ မတို့မထိခဲ့ ရပေ၊ စိတ်ဆင်းရဲခြင်း ဖြစ်ရမည်က ကိုအောင်စိန်သာ ဖြစ်၏၊ ငွေကို ဖြစ်သလို ရှာခဲ့သူတစ်ယောက်၊ ယခုလို ငွေမရှာနိုင်သည့်အခါမှာ ခံစားရမည့်

ခံစားချက် မျိုးကို မြရင်စိန် နားလည်သည်။ ငွေနောက်ကို လူက ဆို လိုက်နေခဲ့ရပြီး လူက မလိုက်နိုင်သောအခါ ငွေက ပြန်မကြည့်တော့ ကိုအောင်စိန် ရောဂါသည် ကုလျှင် ပျောက်သည့်ရောဂါ။ ငွေမရှိ၍ မကု သည်နှင့် ရောဂါရင့်ခဲ့ရပြီ၊ ငွေမရှိ၍ အသက်ဆုံးရှုံးခံရတော့မည် မြရင်စိန် မတွေးဝံ့ပေ။

အမေနှင့် အစ်မရှေ့မှာ မြရင်စိန် ဆုံးဖြတ်ထားသော စကားကို ပြောချလိုက်ရသည်။

'အစ်ကိုအောင်စိန် ဆေးရုံတက်ရမယ်ဆိုတာ တက်ပါစေ ကျွ လှည့်ပတ်ရင်းနှီးဖို့ ချန်ထားတဲ့ ငွေခြောက်ရာကျော်ကျော်လောက် ရှိ ယူသုံးပေါ့ အိမ်မှာတော့ ဖြစ်သလိုစား ကျန်းမာရေးက အရေးကြီးတ

မြရင်စိန်က အိမ်ထောင်ဦးစီးတစ်ယောက်သဖွယ် စီမံလိုက်သ ကိုအောင်စိန် ချောင်းတစ်ချက်ဟန့်ရင်း စကားပြောရန် ကြိုးစားနေသ

'အပြင်လူနာအဖြစ်သွားပြလည်း ရပါတယ်၊ ဒီနေ့လည်း ဆေးတ ထိုးပေးလိုက်တယ်၊ ဆေးမှန်မှန်စားတဲ့၊ ဆေးရုံမတက်လည်း ရပါတယ်

'တက်ရင်ကောင်းမယ်လို့ ပြောတာပဲ'

မြရင်ကြည်က ဝင်ပြောသည်၊

'မတက်လဲ ရပါတယ်ဆို'

မြရင်စိန်က ခဲအိုကို မျက်နှာချင်း ဆိုင်လိုက်ရသည်။ ကိုအောင်စိ မျက်နှာသည် အမိုးငေါငေါထွက်ကာ ကျဆင်းလျက်ရှိပြီ၊ နဂိုကပင် အစ် ထက် အသက်ကြီးသူမို့ ယခုတော့ အဘိုးကြီးတစ်ယောက်လို ဖြစ်နေသည် သူကြည့်ရသည်မှာ စိတ်မချမ်းသာလှသဖြင့် မြရင်စိန် မျက်နှာလွှဲလိုက် သည်။

'ဆေးရုံတက်ပြီး အနားယူလိုက်ရင် ကောင်းတာပေါ့၊ ပြီးတော့ ဒီရောဂါမျိုးက ရှင်းရှင်းပျောက်မှ ကောင်းတာ မဟုတ်လား၊ ဆေးရုံသာ တက်လိုက်ပါ၊ ငွေအတွက်တော့ ကျွန်မ ရှာနိုင်ပါတယ်၊ အစ်ကို ရှာကျွေး ခဲ့တာ များပြီပဲ'

မြရင်စိန် ပြောရင်း မျက်ရည်လည်လာသည်။ အမေကလည်း ဆေးရုံ တက်ဖို့ ဝင်တိုက်တွန်းသည်။ မြရင်ကြည်ကတော့ ထုံးစံအတိုင်း အပြော မတတ်လှပေ။ 'ရှင် ဆေးရုံမှာသွားမနေရင် ကလေးတွေရော ကျွန်မတို့ပါ ရောဂါကူးတုန်မှာပေါ့'ဟု ဆိုလေသည်။ နောက်ဆုံးတော့ ကိုအောင်စိန်က ဆေးရုံတက်ရန် သဘောတူသည်။

'တစ်ခုတော့ ကောင်းပါတယ်၊ ငါ ဒီရောဂါ ရှင်းရှင်းပျောက်သွားရင် အလုပ်ပြန်လုပ်နိုင်မှာ၊ ငွေပြန်ရှာနိုင်မှာပဲ'

ကိုအောင်စိန်က သူ့ရင်ထဲမှာရှိတာကို ထုတ်ပြောလိုက်သေးသည်။

မြရင်စိန် ခေါင်းထဲမှာတော့ 'ငွေ ငွေ ငွေကို ဘယ်လိုရှာရမလဲ' ဟူသော ပြဿနာသည် ချာချာလည်၍ နေသည်။ သူညအိပ်တော့ အိပ်မက် ထဲမှာ ငွေတွေအများကြီးတွေ့ရသည်။ ငွေတွေက လမ်းပေါ်မှာ ပြန့်ကျဲလို့ ပါလား။ မြရင်စိန် အားပါးတရ ပြေးပြေးကောက်သည်။ ငွေစက္ကူတွေရော အကြွေတွေပါ သူ့လက်ထဲမှာမဆံ့အောင် ဖြစ်လာသည်။ ငွေတွေကို ကျုံးပြီး အိတ်ထဲထည့်သည်၊ ထိုစဉ်အိပ်ရာက ဖျတ်ခနဲ လန့်နိုးလေသည်။ ငွေတွေ လည်း မရှိတော့ပါချေ။

နှမြောလိုက်သည့်ဖြစ်ခြင်း။

❖ ❖ ❖

အမေ့လက်ထဲကို ငွေငါးရာအပ်ခဲ့ပြီး မြရင်စိန် အိမ်မှထွက်ခဲ့သည်။
လက်ထဲမှာ နောက်ဆုံး ရင်းနှီးငွေအဖြစ် ငွေနှစ်ရာခန့်သာ ပါလာ
သည်။ သည်ငွေ ကုန်မသွားမီ တိုးပွားလာမည့်ငွေကို ရှာရပေဦး
စိတ်ပျက်အားလျော့နေ၍ မဖြစ်တော့။ အားစိုက်ခွန်စိုက် လုပ်မှ ဖြ
ထို့ကြောင့် ဖြစ်လိုရာဖြစ်စေဆိုပြီး ငွေရင်းနည်း၍ ရောင်းကောင်း
သော အလတ်စတစ် အဆင်ဆန်းနှစ်ဖုံ ဝယ်ပစ်လိုက်သည်။ အစ
လေးတွေနှင့် တွဲပြီး ဝယ်သူမြင်သာအောင် လွှားလိုက်သည်။ သူ ရ
ရောက်ကတလို အားသစ်မာန်သစ် မျှော်လင့်ချက်အပြည့်ဖြင့် အလု
လုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ဗိုလ်ကျော်က သူ ဆိုင်ခင်းသည်ကို ကြည့်နေသည်။ အစအသ
တင်နေသည်ကို စူးစိုက်ကြည့်သည်။ သူ့ကို မခံချင်၍လား မြ
လက်ထဲမှာ ငွေရှိကြောင်း ပြလေသလားဟု ထင်နေပုံရသည်။ ထို့ကြ
မြရင်စိန်က လှမ်းပြီး ပြုံးပြလိုက်သည်။ ဗိုလ်ကျော် ဖြည်းဖြည်းလျှောက်
သည်။

'ငါတော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဝယ်ပစ်ခဲ့ပြီ'

မြရင်စိန်က အားတင်း၍ ပြောနေသော်လည်း သူ့စိတ်ထဲက မသာ
ပုံမှာ မျက်နှာတွင် အထင်းသားပေါ်နေသည်။ ပြုံးနေသော်လည်း လော
မျှသာ။

'ကောင်းတာပေါ့ဟာ၊ ငါတို့အဖို့က မရောင်းရဘူးဆိုပြီး ထိုင်နေ
လည်း ဖြစ်တာမှ မဟုတ်တာ'

ဗိုလ်ကျော်ပြောတာကို မြရင်စိန်လည်း သဘောပေါက်သည်။ သူ
မှာက မှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ ရပ်နေ၍ မဖြစ်၊ ဆက်လ
လည်ပတ်လှုပ်ရှားနေရမည်သာ ဖြစ်သည်။ မရေရာသောဘဝတွင် ကံသေ

တွက်ဆထား၍ မဖြစ်၊ မျှော်လင့်သလိုလား ဖြစ်လာချင်မှ ဖြစ်လာပေမည်၊ မမျှော်လင့်ဘဲ ကောင်းလာသည်လည်း ရှိတတ်သည်ပင်။

ဆိုင်ရှေ့မှ ဗိုလ်ကျော် လှည့်ထွက်မည်ပြုစဉ်မှာပင် သောင်းထိုက် လမ်းပေါ်မှဆင်းလာသည်ကို တွေ့လိုက်ရသည်။ သည်တစ်ခါ သူ့အဖေါ် မပါ၊ သူတစ်ယောက်တည်း လာခြင်း ဖြစ်သည်၊ သူ့ပုံကလည်း ယခင်ပုံနှင့် ကွာခြားနေပြီ၊ အဝတ်အစား သားသားနားနားနှင့်၊ နာရီနှင့် မျက်မှန်နှင့်၊ သောင်းထိုက်က ဗိုလ်ကျော်ကို နှုတ်ဆက်ပြုံးပြသော်လည်း အားရဝမ်းသာ တော့ မရှိလှပေ၊

'အဆင်ပြေနေလား'

ဗိုလ်ကျော်က မေးသည်၊

'ဒီလိုပါပဲ'

သောင်းထိုက်က ဖြေသည်၊ သောင်းထိုက်က ခပ်ပြတ်ပြတ်ပြောလိုက် သော်လည်း ဗိုလ်ကျော်ကတော့ ဆက်မေးချင်သေးသည်၊ သို့သော် မြရင်စိန်ကို ကြည့်ပြီး သူ ငြိမ်သွားသည်၊

သောင်းထိုက်သည် မြရင်စိန် ဆိုင်ပေါ်တွင် ပိုင်ပိုင်နိုင်နိုင်ပင် တင်ပါးလွှဲ ထိုင်လိုက်လေသည်။ မြရင်စိန်ကတော့ ထုံးစံအတိုင်း မျက်နှာထားမှန်မှန် နှင့်ပင် သူ့ကို ကြည့်နေသည်။

'အစသစ်တွေ ဘာတွေ တင်လို့ပါလား၊ ဟန်ကျနေပြီပေါ့'

သောင်းထိုက်က ဆိုင်နောက်ဘက်မှာ လှန်းထားသော အင်္ကျီများ ကို ကြည့်ပြီး ပြောလိုက်လေသည်၊ သူ့ အမူအရာက ခပ်ထေ့ထေ့ပင်။

'ဟန်ကျနေတာက နှင် မဟုတ်လား'

မြရင်စိန်က တစ်ခွန်းပြောသည်၊ မြရင်စိန် အသံတွင် စိတ်ပျက် အားလျော့သံတွေ ပါနေသည်ကို သောင်းထိုက် သတိထားမိလေသည်၊ ပြီးတော့ ဘာကြောင့်ရယ်မှန်းမသိ ဗိုလ်ကျော်ရှိရာသို့ တစ်ချက်လှမ်းကြည့်

ပြန်သည်၊ ဗိုလ်ကျော်သည် သူ့ဆိုင်ဘေးမှ ကက်ဆက်တိပ်ခွေရောင်းသော ကောင်မလေးတွေနှင့် အဖွဲ့ကျ၍ နေလေသည်။

'ဟန်မကျသေးပါဘူး၊ ငါဟန်ကျရင် နင့်ကိုခေါ်ဖို့ အမြဲသတိရ ပါတယ်၊ နင်ကတော့ လိုက်ချင်မှာ မဟုတ်ပါဘူးလေ'

မြရင်စိန်သည် စိတ်ပျက်သည့်ကြားမှ သောင်းထိုက်ကို ကြည့် တစ်ချက် ပြုံးမိလေသည်။

'ငါက လိုက်ချင်တဲ့နေရာ ထလိုက်လာရအောင် ယောကျ်ားလေး မဟုတ်တာ'

သောင်းထိုက်က ပြောနေရင်းမှ မော်လမြိုင်နှင့် ရန်ကုန် ကူးနေသည့် ကောင်မလေးများကို မြင်ယောင်လာလေသည်။ ရိုးရိုးသားသားလည်း ရှိသည်၊ ဆန်းဆန်းပြားပြားလည်း ရှိသည်၊ သို့သော် မြရင်စိန်လော ကြွေမရှိသည်မှာတော့ အမှန်ပင်။ မြရင်စိန်ကော ယောကျ်ားများနှ ယှဉ်၍ ကူးသန်းသွားလာနေရလျှင် ကြွေရှင် မိန်းကလေးတစ်ယော ဖြစ်နေပါဦးမည်လော၊ တစ်ညနှစ်ကျပ်ပေးရသော တည်းခိုအိမ်မျိုးတွင် စိတ်ချလက်ချ အိပ်စက်နိုင်ပါမည်လော၊ ထန်းရည်နံ့သင်းသော ယောကျ်ား လေးများနှင့် စကားမပြောဘဲနေ၍ ဖြစ်ပါမည်လော၊ သို့သော် မြရင်စိန်ကို ရန်ကုန်မှာ ထားရမည်ကိုလည်း သူ စိတ်မချနိုင်ပြန်ပေ၊ မြရင်စိန်နှင့်သူ မည်သို့မျှ မပတ်သက်သေးသည့်အတွက်လည်း သူ စိတ်မအေးပြန်ပေ၊ သူ တစ်ယောက်တည်း အတွေးမျှ စုံဖြင့်မှားကာ မြရင်စိန်ကို စကားနာ ထိုးနေမိသည်၊

ဈေးဝယ်သူလာ၍ မြရင်စိန် အင်္ကျီအသစ်ထဲမှ စွစ်ကိုက်ရောင်း လိုက်ရသည်၊ မနက်ဖြန် ဈေးဖိုးတော့ရပြီဟု မြရင်စိန် စိတ်ထဲမှ တွက်နေ မိသည်။ သောင်းထိုက်သည် ဆိုင်ပေါ် မှဆင်းပြေး၍ သူ့ဈေးရောင်းသည်ကို

နိုက်ကြည့်နေလေသည်။ မြရင်စိန်သည် ရောင်းရသည့်ပိုက်ဆံကို ဆိုင်ပေါ်မှ အထည်စများအားလုံးပါ သို့ တဖျတ်ဖျတ်နှင့် လိုက်ခေါက်နေလေသည်။ 'သူတော်ကောင်းပိုက်ဆံ'ဟုလည်း အသွားကြီးတစ်ယောက်လို တဖွဖွရေရွတ် လိုက်သေးသည်။ ပြီးတော့ 'ဒီအစတွေသာ ပြန်မထွက်ရင် ထမင်းငတ် တော့မယ်' ဟု နှုတ်မှ လွှတ်ခနဲ ထွက်သွားလေသည်။ ယခုမှ သောင်းထိုက် မျက်နှာ တည်သွားသည်။ မြရင်စိန်ကို သူ နားလည်ရပေမည်။ နားလည် အောင် ကြိုးစားရပေမည်။ မြရင်စိန်ဘဝကို တစ်စွန်းတစ်စ သိပြီးသား မဟုတ်လား။

'မြရင်စိန် နင်ဘာတွေ အခက်အခဲဖြစ်နေလဲ'

မြရင်စိန် မျက်နှာညှိုးကာ မျက်လွှာချထားသည်။ ဈေးသည်ဆိုသော် လည်း သူ့ယောကျ်ားလေးတွေနှင့် စကားပြောသည်ကို ဘေးလူအထင်သေး မှာ စိုးသည်။ သောင်းထိုက်က ဆိုင်ရှေ့မှပြန်ထွက်မည် ပြုသည်။

'ညနေကျရင် နင့်ကို ငါ ဘတ်စ်ကားမှတ်တိုင်က စောင့်နေမယ်နော်'

သောင်းထိုက်စကားကို မြရင်စိန် ဘာမှပြန်မပြောပါပေ။ ယောကျ်ားလေး တွေ၏ ကူညီရိုင်းပင်းမှုကို လက်ခံသည်အထိ သူ စိတ်ငယ်လျက်ရှိပြီဟု တွေးနေ မိလေသည်။ သောင်းထိုက် ပြန်သွားတော့သည်။ ဗိုလ်ကျော်က သူ့ဆိုင်ရှေ့မှ ရပ်စောင့်ပြီး သောင်းထိုက်ကို အတန်ကြာအောင် စကားပြော နေသေးသည်။ အရောင်းအဝယ်ကိစ္စပင် ဖြစ်ဟန်တူသည်။ ဗိုလ်ကျော်က ပစ္စည်းမှာဟန်တူသည်။ သောင်းထိုက်က ခေါင်းညိတ်သည်ကို မြင်ရသည်။ ပြီးမှ မြရင်စိန်ကို တစ်ချက်လှမ်းကြည့်ပြီး ထွက်သွားလေသည်။

မြရင်စိန်က သက်ပြင်းချကာ ပိတ်စများကို နေရာတကျ ပြန်လှား လိုက်သည်။ ပြီးမှ သတိရသည်။

ဒီမနက် ထမင်း မစားရသေးပါလား။

❖ ❖ ❖

သောင်းထိုက်နှင့် လွဲချင်လည်း လွဲပစေ ဟူသောသဘောဖြင့် ဆို
စောစောသိမ်းခဲ့သည်။ သို့သော် ဈေးမှထွက်သည်နှင့် သောင်းထိုက်
မြင်ရလေသည်။ သောင်းထိုက်က အဝတ်အစား တစ်မျိုးလဲကာ
လိုက်သော ကိုယ်ပိုင် လေးဘီးကားတစ်စင်းပေါ်မှာ ထိုင်နေသည်။ မြ
ကို မြင်မှ သူ ဆင်းလာသည်။

'ဒီ လေးဘီးနဲ့ လိုက်ပို့မယ်လေ'

မြရင်စိန်က ခေါင်းခါပြသည်။ သူတို့နေသော ရပ်ကွက်က သူ
အထင်လွဲမှာ စိုးသည်။ သောင်းထိုက်ကလည်း အတင်းအကျပ် မတိုက်
တော့ပေ။ သူတို့နှစ်ယောက် မတိုင်ပင်ဘဲနှင့် ဗိုလ်ချုပ်လမ်းမကြီးဘ
လျှောက်လာကြသည်။ ဈေးရှေ့တွင် လမ်းဘေးချရောင်းသော ဈေးသည်
ရောင်းကောင်းဆဲ ဖြစ်သည်။

သောင်းထိုက်သည် စီးကရက်တစ်လိပ်ကို မသောက်စဖူးသေ
ကာ မြရင်စိန်ဘေးမှ လိုက်လာလေသည်။

'မြရင်စိန် နင့်ကို ငါ မနက်ကပြောမိတာတွေကို စိတ်မဆိုးနဲ့
သောင်းထိုက်က စကား အဆက်အစပ်မရှိဘဲ ပြောချလိုက်သည်
'ဘာကို စိတ်ဆိုးရမှာလဲ၊ နင် ဘာပြောလို့လဲ'

မြရင်စိန်က သောင်းထိုက် ဘာကိုဆိုလိုမှန်းသိသော်လည်း မသိ
ပြုကာ မေးလိုက်သည်။

'ဟိုလေ၊ အဲ ဘာရယ်မဟုတ်ပါဘူးဟယ်၊ အေးလေ ထားပါတော့
ဒါနဲ့ နင် ဈေးရောင်းရတာ အမြဲအနေသိပ်ဆိုးနေပြီလား၊ ငါက တကယ်
မောင်နှမရင်းလို ခင်မင်လို့ မေးတာပါ'

တကယ့် တကယ်ကျတော့လည်း သောင်းထိုက်လည်း စကား
ဘယ်လိုပြောရမည်မသိ ဖြစ်နေလေသည်။

'အစမျှားမျှားတင်ပြီး ဖိရောင်းလိုက်ရင်တော့ ဟန်ကျမလား မသိဘူး၊ ခုလိုပုံနဲ့တော့ မလွယ်ဘူး၊ အရောင်းက သိပ်ပါးတာပဲဟာ၊ ဒီကြားထဲ'

'ဒီကြားထဲ ဘာဖြစ်သလဲ'

'ကိုအောင်စိန်က တီဘီဖြစ်နေတော့ ဆေးရုံတင်ရမယ်တဲ့'

သောင်းထိုက် မျက်လုံးပြူးသွားသည်။

'သူဖြစ်နေတာ ကြာပလား'

'အေး'

'ဟယ်၊ ဒါဆို နင်တို့အိမ်သားတွေ'

'ဖြစ်ရင်လဲ အတူန်သေကုန်လဲ အေးတာပဲဟာ'

မြရင်စိန်က စိတ်ပေါက်ပေါက်ဖြင့် ပြောချလိုက်သည်၊ သောင်းထိုက်ကမူ မြရင်စိန်အတွက် တကယ်ပင် ပူပန်မိသွားလေသည်၊ ပြီးတော့ မြရင်စိန်ကို သူ ပြောချင်တာတွေ ဖွင့်ပြောဖို့သင့်ပြီဟု အောက်မေ့လိုက်သည်။

သူတို့နှစ်ယောက် လမ်းဆုံနားမှာ ရပ်နေစဉ်သုံးဘီးတစ်စင်း လာသည်၊ 'တာမွေကို'ဟု လှမ်းအော်သည်၊ သူတို့နှစ်ယောက် တက်လိုက်ကြသည်၊ သူတို့ စကားမပြောဖြစ်ကြတော့ပေ။ တာမွေအဝိုင်းရောက်မှ ဆင်းကြလေသည်၊ သုံးဘီးခကို သောင်းထိုက်က အလျှင်အမြန် ထုတ်ပေးသည်ကို မြရင်စိန်က ရပ်ကြည့်နေသည်၊ သူတို့နှစ်ယောက် လမ်းဆက်လျှောက်ကြလေသည်။

'ငါလဲ မော်လမြိုင်သွားတော့ ကိုးခေါက်ရှိသွားပြီ၊ ခုနေတော့ အဆင်ပြေနေတာပဲဟာ၊ ဒါပေမယ့် ငွေရင်းကမရှိသေးတော့ အဒေါ့်ငွေနဲ့ သူငယ်ချင်းငွေကိုယူပြီး လုပ်နေရတာ၊ သူတို့ငွေ ပြန်ဆပ်နိုင်ရင် ဟန်ကျပြီ၊ အဲဒီတော့မှ'

သောင်းထိုက် စကား ရပ်သွားသည်။ မြရင်စိန် မျက်နှာကို ရော
ကြည့်သည်။ မြရင်စိန်က 'အဲဒီတော့ ဘာဖြစ်သလဲ'ဟု မေးစေချင်သည်။
သို့မှသာ သူ့စကားကို ဆက်၍ရပေမည်။ သို့သော် မြရင်စိန်က ဘာမှ
မမေးသဖြင့် သူ ဘာပြောရမှန်း မသိပေ။ သူ့စကားတွေကလည်း မြရင်စိ
ရင်ကို မခုန်စေဘူးထင်ပါရဲ့။ လမ်းကိုသာ သွက်သွက်လျှောက်နေ
သည်။ မြရင်စိန်တို့နေသည့် လမ်းထိပ်ကို ရောက်လာသည်။

'နင်ကလည်း ဖြည်းဖြည်းလျှောက်ပါ။ ငါ ပြောစရာရှိလို့'

သောင်းထိုက်က မြရင်စိန်လက်ကို လှမ်းဆွဲပြီး ချက်ချင်း ပြန်လွှတ်
လိုက်သည်။ မြရင်စိန်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ သို့သော် ဣန္ဒြေမ
မပျက်လှပေ။ ခြေစုံရပ်ပြီး သောင်းထိုက်ကို လှည့်ကြည့်သည်။

'ကဲ ပြောစမ်းဟယ်'

သောင်းထိုက် အူကြောင်ကြောင် ဖြစ်နေလေသည်။ နောက်မှ မ
တော့ပါဘူးဟု သဘောထားကာ ပြောချလိုက်သည်။

'ငါ နင့်ကို လက်ထပ်ယူမယ်။ ငါ့အလုပ်တွေ အဆင်ပြေတာ
ယူမှာပဲ၊ ငါ့ကို စိတ်မဆိုးနဲ့နော်၊ ယုံတယ်မဟုတ်လား၊ ငါ နင့်ကို ချစ်
မြရင်စိန် မျက်နှာက ထူးထူးခြားခြား ပြောင်းလဲ၍ မသွားပေ၊ ရှက်သွေး
ပိုကာ မျက်လွှာလည်း ချမသွားပေ။ လမ်းကို ဖြည်းဖြည်းမှန်မှန် ဆက်
လျှောက်သွားသည်။ ပြီးမှ တိုးတိုးပြောသည်။

'ဒါများတယ်။ ငါ သိသားပဲ'

သောင်းထိုက် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမလား မသိတော့ပေ
မြရင်စိန်တို့ အိမ်ရှေ့သို့ ရောက်လာလေသည်။ ကလေးငယ်နှစ်ယောက်
သည် ဖုန်အလူးလူးနှင့် ဆော့နေရာမှ ပြေးလာလေသည်။

'ဒေါ်လေးရေ၊ အမေလေ၊ အဖေ ဆေးခိုသွားတာကြာတယ်ဗျ၊ ဒီလာ'

အငယ်ကောင်လေးသည် မြရင်စိန်ကို ဝမ်းသာအားရ သတင်းပေးနေလေသည်။ သောင်းထိုက်က အိမ်ထဲမဝင်တော့ဘဲ ရပ်၍ နှုတ်ဆက်သည်။

'မြရင်စိန် ငါ ပြန်တော့မယ်၊ နင် ငါပြောတာ ဘယ်လိုသဘောရလဲဟင်'

မြရင်စိန်က သောင်းထိုက်ကို တွေ၍ ကြည့်နေသည်။

'ဖြည်းဖြည်းပေါ့ဟယ်'

မြရင်စိန်၏ တုံ့ပြန်မှုက ထိုမျှသာဖြစ်လေသည်။

❑

၁၀

သောင်းထိုက်မှာ မြရင်စိန်ကို အရေးတကြီး ချစ်ရေးဆိုမိသည့်အတွ
ရှက်လည်း ရှက်မိသည်။ မြရင်စိန်၏ တည်တည်ငြိမ်ငြိမ် တုံ့ပြန်မှုကြို
တော့ အားလည်း နာမိသည်။ မြရင်စိန်က နင်ပဲဝဆ ပြန်လည်ရန်မ
သည့်အတွက်လည်း ဝမ်းသာမိပြန်သည်။

တကယ်တော့ သူတို့ဘဝဟာ မြရင်စိန် ပြောသလိုပင် အချစ်ရေ
ဖြည်းဖြည်းမှ စဉ်းစားရမည်သာ ဖြစ်သည်။ သူတို့အတွက် ဘဝရပ်တ
ရေးသည် အချစ်ထက် အရေးကြီးသည် မဟုတ်ပါလား။

ယခုတော့ သူ မော်လမြိုင်ကို တစ်ပတ်တစ်ခါလိုက်သည်။ အောင်
ကတော့ သူ့လိုပင် ခေါက်တုံ့ခေါက်ပြန် လိုက်စေချင်သည်။ မော်လမြိုင်
တစ်ညှ ရန်ကုန်မှာတစ်ည။ ယခုတော့ သောင်းထိုက် စဉ်းစားရ
သူ့အတွက် ကိုယ့်ငွေနှင့်ကိုယ် မြန်မြန် အလုပ်လုပ်နိုင်ဖို့ အရေးကြီးသ
မဟုတ်ပါလား။ ယခုတော့ ဒေါ်ကြည်ငွေကိုပင် သူ ပြန်မဆပ်နိုင်သေး
ဒေါ်ကြည်ကို အမြတ်တစ်ဝက် ခွဲပေးနေရသည်ကလည်း ရှိသေးသည်
ယခင်တစ်ပတ်ကဆိုလျှင် ငွေငါးထောင်လုံး အပေါင်ထားပြီး ဖော
ကိုက်တစ်ရာကျော် ယူခဲ့သည်။ သည်ရောက်တော့ ဈေးတွေကျသည်ဆို
ဗိုင်က တစ်ကိုက်နှစ်ကျပ်နှင့် မရှင်းနိုင်ဟု ဆိုသည်။ သူတို့အတိုက်အ

ပြောရ သေးသည်၊ ငွေနှစ်ရာကျော်ရသည့်အထဲမှ ဒေါ်ကြည့်ငွေ သုံးထောင်အတွက် တစ်ရာ့ငါးဆယ်ရသည်၊ ဒေါ်ကြည့်ကို ခုနစ်ဆယ့်ငါးကျပ် ပေးလိုက်ရလေ သည်။ ဒါတောင် ဒေါ်ကြည်က သိပ်မကျေနပ်ချင်။ သူ့ငွေကို အတိုးပဲပေးဦး တော့ တစ်လသုံးရာ သေချာပေါက်ရမည်သာ၊ သောင်းထိုက်ကို ပေးလိုက် ရသည်ကမှ သူ့မှာ ရင်တမမ၊ တူလိုသားလို ချစ်ပါသည်ဆိုသော်လည်း ငွေကိုတော့ အတိုးနှင့်တွက်ပြနေပေပြီ။ ပြီးတော့ သောင်းထိုက်မှာ သူ့ ထမင်းကို စားနေရသည့်အတွက် ရန်ကုန်မှာနေသည့်ရက်တွင် သူ့အလုပ် များကို မနားတမ်း လုပ်ပေးရလေသည်။

အောင်နိုင်ကတော့ သူနှင့်လာနေဖို့ တဖွဖွခေါ်သည်။ သူ့ပစ္စည်းများ ကို ကူသယ်ပေးသည့်အတွက်လည်း သောင်းထိုက်ကို ကျကျနန ဆင်ပေး သည်။ ငွေကိုတော့ သူဘယ်ရွှေ့ဘယ်မျှရသည် သောင်းထိုက် မသိ၊ သူ့မှာ သူငယ်ချင်းကိုကူညီဖို့ ဝတ္တရားရှိသည် မဟုတ်လား။ ငွေနှစ်ထောင်ကို ခေါင်းပုံမဖြတ်ဘဲ အတိုးအမြတ်မယူဘဲ ချေးထားသည်လည်း ရှိသေးသည်။ သည်တော့ သောင်းထိုက်ကလည်း စေတနာ အပြည့်အဝ ပြန်ထားလေ သည်။

ယနေ့ အောင်နိုင်ပြန်လာမည့်ရက် ဖြစ်လေသည်။ သူ အောင်နိုင်ကို ဘူတာရုံမှာ သွားကြိုရမည်။ အဆင်သင့်လျှင် သူ မနက်ဖြန် မော်လမြိုင်ကို လိုက်သွားရပေမည်။ ဒီနေ့ ဒေါ်ကြည်နှင့် စိန်ဂျန်းဈေးကို လိုက်သွားရန် ရှိသော်လည်း မြရင်စိန်ကို မျက်နှာချင်း မဆိုင်ဝံ့သေး၍ မသွားချင်ပေ။ ဒေါ်ကြည်က ရေမိုးချိုးပြီး သူ့ကို စောင့်နေလေသည်။

အဒေါ် ကျွန်တော် ဒီနေ့ အောင်နိုင်နဲ့ တွေ့ဖို့ ချိန်းထားလို့ ဈေး မလိုက်တော့ဘူး။

သောင်းထိုက်က လက်ဖက်ရည်ကြမ်းဝိုင်းမှာ ဝင်ထိုင်ရင်း မြှော
သည်။ ပဲပြုတ်ကို ဆီနှင့်အောင်ဆမ်းပြီး ထမင်းကြမ်းတစ်ဇလုံချထား
နံနက်စာဝိုင်းမှာ ဦးစန်းမောင်ရော မမြင့်စန်းပါ ရှိနေကြလေသည်

'စားလကွာ မောင်သောင်းထိုက်၊ ဘယ့်နှယ် မင့်အလုပ်က အဆ
ဟန်ရဲ့လား'

ဦးစန်းမောင်သည် မိန်းမဩဇာနာခံကာ အေးအေးနေတတ်
စကားကိုလည်း ဖိုးဖိုးစင်းစင်း ပြောတတ်သည်။ မည်သို့ပင်ကြည့်မနေ
မမြင့်စန်း၏မျက်နှာ မည်သို့ရှိမည်သိနှင့်၍ ပဲပြုတ်ဇွန်းကိုပင် မကိုင်တော
ရေနွေးကြမ်းကိုသာ မော့ချလိုက်သည်။

'ဒီနေ့ ပန္နည်းတွေ ပို့စရာရှိမင့်ဟာ မင်း မလိုက်လို့ ဖြစ်မလား

ဒေါ်ကြည်လေသံကလည်း ယခင်ကနှယ် မချိုတော့၊ သူ့သ
ကတော့ သောင်းထိုက်ကို ထားရာနေစေပြီး သူ့အလုပ်မှာ စိတ်ရောကို
ကူညီစေချင်သည်၊ ယခင်က သောင်းထိုက်ကို တစ်စင် ထောင်နိုင်အေ
ကူညီပေးမည်ဟု ပြောခဲ့သော်လည်း ယခုတော့ သောင်းထိုက် စီးပွား
မှာကို မလိုလားပြန်ပေ။ သူထုတ်ပေးထားသောငွေအတွက် သောင်းထိုက်
အချိုးကျ ပြန်ပေးနေ၍သာ သဘောတူထားရသော်လည်း အကယ်၍
ပေးလိုစိတ်မရှိ။ သူက ကျွေးရုံသာ ကျွေးထားပြီး သပိတ်ဝင်အိတ်ဝင် ခိုင်း
သည်။ သောင်းထိုက် သည်သို့ပင် ထင်မြင်သည်။

'ဒီလိုဆိုလဲ ဝင်ပို့ပေးခဲ့မယ်လေ'

'ဘာလဲ မစောင့်နိုင်တော့ဘူးလား'

'အောင်နိုင်နဲ့ တွေ့စရာရှိနေလို့ပါ'

ဒေါ်ကြည်က မကျေမနပ်ဖြင့် နေရာမှ ထသည်။

'မင်းမလဲ ဒီတစ်ခါ ကုန်ပြန်ကူးတာ အားရတယ်ကို မရှိတော့

ယခင်ကတော့ ဒေါ်ကြည်ငွေကို ယူပြီး ပစ္စည်း ဝယ်ပေးရသည်။ ယခု ရောင်းရငွေကို ဒေါ်ကြည်ကို အပ်ရသည်။ သူ့ သဌေးသမ္ဘာ သုံးရသည်။ ယခု သောင်းထိုက်က ငွေကို ကိုယ်တိုင်ကိုင်ပြီး လုပ်နေသည်ဆိုတော့ သူ့ မပေးရဘဲနှင့် သောင်းထိုက်လက်မှာ ငွေရှင်နေပြီ။

ဒေါ်ကြည်နှင့် မရှေမနှောင်းမှာပင် သူ့သမီးက နေရာမှ ထလိုက်သွားသည်။ 'အမေနော်၊ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ချောက်နေဦးမယ်' ဟု မကြားတကြား ပြောလိုက်လေသည်။ သောင်းထိုက်က ထောင်းခနဲ ဒေါသထွက်ကာ ကြိတ်၍ ဆဲလိုက်ချင်သော်လည်း ဦးစန်းမောင်ရှိနေ၍ ချုပ်တည်းထားလိုက် ရလေသည်။ ဒေါ်ကြည်က ရှေ့မှ ခပ်သုတ်သုတ် ထွက်နှင့်သဖြင့် သောင်းထိုက်က နောက်မှ မြန်မြန်လိုက်သွားရသည်။ ယခင်နှင့်မတူဘဲ ကောင်းကောင်းမွန်မွန် ဝတ်စားပြီးထွက်သွားသော သောင်းထိုက်ကို ကြည့်ကာ မမြင့်စန်းက 'အလကား ဘဝင်မြင့်နေတဲ့ အကောင်'ဟု တိုးတိုးရေရွတ်သည်။ သောင်းထိုက်က ကြားဖြစ်အောင် ကြားကာ 'ဘာပြောတာလဲ'ဟု ခပ်မာမာလှည့်မေးသည်။ မမြင့်စန်း မျက်နှာ ပျက်သွားလေသည်။

'တဲ လာစမ်းပါ၊ မင်းတို့ မောင်နှမကလည်း တယ်ရန်လိုတာကိုး'

ဒေါ်ကြည်က မျက်နှာထားကိုပြင်ကာ လှမ်းပြောသည်။ သောင်းထိုက်က စိတ်ထဲမှ တောက်တစ်ချက်ခေါက်မိပြီး ဒေါ်ကြည်နောက်သို့ လိုက်သွားရလေသည်။

စိန်ဂျုန်းဈေးကိုရောက်တော့လည်း သောင်းထိုက်က ပစ္စည်းများကို ကားပေါ်မှ ချပေးပြီး သူက ဆင်းမလိုက်တော့။ 'အချိန်နီးနေလို့'ဟု ပြောပြီး ထက်ထွက်လာခဲ့သည်။ ဒေါ်ကြည်ကတော့ မည်သို့မျှ ကျေနပ်တော့မည် မဟုတ်ပေ၊ သို့သော် မတတ်နိုင်ပြီ။

မြရင်စိန်ကို ရင်မဆိုင်ချင်၍သာ ထွက်လာရသော်လည်း သည် အောင်နိုင်နှင့် တွေ့နိုင်ဦးမည် မဟုတ်ပေ။ သူ့ပစ္စည်းများကို ဟိုပို့သည်ပို့ အလုပ်များနေပေသည်။ ပထမဆုံး သစ္စာလက်ဖက်ရည်ဆိုင်မှာ ဝင်ရှာသ အောင်နိုင့်ကို မတွေ့။ နောက် သူ့ အမြဲတမ်း ဆက်သွယ်ရာ တရှက် အိမ်တစ်အိမ်သို့ ဝင်ကြည့်သည်။ မတွေ့ရပေ။ 'ညက လာသွားပြီ' ဟု ပြောလိုက်သည်။ ထိုအခါ အောင်နိုင်၏ စံဂေဟာကို လိုက်သွားရလေသ

သောင်းထိုက် ရောက်သွားတော့ အောင်နိုင့်ကို ကွပ်ပျစ်တစ်ခုပေါ် ခြေကားရား လက်ကားရားဖြင့် အိပ်နေသည်ကို တွေ့ရသည်၊ ပင်ပန်း သည်တင့်၊ အောင်နိုင့် မျက်နှာမှာ မျက်ကွင်းများကျကာ မေးရိုးပင် နေလေသည်၊ အောင်နိုင်သည် ဘောင်းဘီရှည်နှင့် စွပ်ကျယ်တစ်ထည် ဝတ်ကာ ဝမ်းလျားမှောက်၍ အိပ်လျက်ရှိသည်၊ သောင်းထိုက်က သော တံခါးကိုတွန်း၍ ဝင်လာခဲ့ရသည်။ အောင်နိုင်သည် မျက်စိနှ ကို လက်ဝါးဖြင့်ပွတ်ကာ သောင်းထိုက်ကို ကြည့်သည်၊

'မင်းကလည်းကွာ၊ တံခါးမပိတ်ဘဲ အိပ်နေလိုက်တာ'

အောင်နိုင်က ဝါးခနဲ တစ်ချက် သမ်းလိုက်သည်။

'စောစောက ကျော်မောင် ပြန်လာပြီး ပြန်ထွက်သွားတာကွ၊ အိပ် တာ မနိုးချင်လို့ ဖြစ်မယ်'

အောင်နိုင်က ပြောပြီး လက်က စီးကရက်ဘူးကို လှမ်းယူသည် မာတ်ခွေ့မီးခြစ်ကို ဘောင်းဘီအိတ်ထဲမှ နှိုက်သည်၊ မီးညှိပြီး နှစ်ခ သုံးချက် ဖွာလိုက်သည်။

'အဆင်ပြေလား'

သောင်းထိုက်က မေးမြဲအတိုင်း မေးသည်၊

'တို့လောကမှာ အဆင်ပြေတယ်ဆိုတာ ဘယ်တုန်းက ရှိသလဲကွ၊ အဆင်သာပြေမယ်ဆိုရင် ငါတို့ သူဌေးဖြစ်တာကြာပြီ၊ ခုတော့ ငါတို့ဘဝက ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်း ဆိုတာမျိုး'

အောင်နိုင်တစ်ယောက် တစ်စုံတစ်ခုကို မကျေနပ်၍ ရမ်းပြန်ပြီဟု သောင်းထိုက် သိလိုက်သည်။ နာကြည်းမံပြင်းခြင်းဖြင့် သူ ရင်ဖွင့်နေပြန်လေပြီ။

'ဒိုင်က ညစ်ပြန်ပြီလား၊ ဘယ်နှစ်ကိုက်ပါလာသလဲ'

သောင်းထိုက် အမေးကို အောင်နိုင်က မျက်နှာငုံ့ပြီး ခေါင်းရမ်းပြလိုက်သည်။ ကွပ်ပျစ်ပေါ်မှ မည်းညစ်နေသော ခေါင်းအုံးပေါ်သို့ ပြန်လှဲချလိုက်သည်။ မျက်နှာကြက်မှ သွယ်တန်းယှက်နွယ်နေသော ပင့်ကူအိမ်များကို မော့ကြည့်နေသည်။

'ဒီဟာလောက်တော့ မပြောနဲ့ကွာ၊ အမြဲခံနေရတာပဲ၊ ခုဟာက ဟိုလူတွေ မတရားတာ'

သည်ကိစ္စတွေကိုတော့ သောင်းထိုက် သိပ်မသိ။ သိလည်း မသိချင်လှပေ။ သိရလျှင်လည်း စိတ်နှလုံးချောက်ချားကာ မချမ်းမသာဖြစ်ရမည်မှာ သေချာလေသည်။ တကယ့် ထိပ်တန်းပြဿနာတွေပဲ။

'ဒါပေမယ့်ကွာ၊ မင်းမှ သူတို့နဲ့ မကင်းနိုင်တာဘဲ'

သောင်းထိုက်က အောင်နိုင့်ဘေးမှ အင်္ကျီဟောင်းများကို ဖယ်ရှား၍ ဝင်ထိုင်လိုက်သည်။ ကွပ်ပျစ်ဘေးမှ စားပွဲပေါ်တွင် ခရိုးဆောင် သားရေအိတ်၊ မျက်မှန်၊ နာရီ စသည်တို့ဖြင့် ရှုပ်ပွနေသည်။ အခြားဘက်တွင်လည်း အုန်းလူများ၏ အိပ်ရာများ၊ ခြင်ထောင်တန်းလန်းများဖြင့် ရောထွေးယှက်တင်နေသည်၊ ဘဝကို ဖြစ်သလို ကူးခတ်နေသူတွေပဲ။

ဘောင်းဘိုက်က စကားဖြတ်လိုက်သော်လည်း အောင်နိုင်က
ဆက်ပြောလိုက်ချင်နေသေးသည်။ သည်တစ်ခါ သူ စော်စော်ကား
လည်း ရသည်။ ထိမ်းနေရာမှ ဆက်ခနဲထထ ဗီကရက်ကို ကြမ်းပေါ်
ထိုးတ်သည်။ ပြီးတော့ ရာဘာဖိနပ်နှင့် ဖိချလိုက်သည်။

"မကောင်းနိုင်တာတွေတော့ သူတို့လည်း တို့နဲ့ ကင်းနိုင်တို့
တကယ်က တို့ထက် သူတို့ရဲ့ လက်တသုံးတောင်ရေး အစစ်ပါကွ
ဘူးလား တို့မရှိရင် သူတို့ဟာတွေ ဘယ်သူက သယ်ပေးမလဲ"

"ဒီမြင်းလှည်းတွေ သယ်မှာပေါ့ကွ"

ဘောင်းဘိုက်က ဝင်ထောက်လိုက်သည်။ အောင်နိုင် ...
ဖြစ်သွားပြန်သည်။

"ဟုတ်တယ်လေ၊ ဒီမြင်းလှည်းတွေ သယ်တယ်၊ ဒီလူတွေလည်း
နဲ့ချင်း ခံနေကြရမှာပဲ၊ သူတို့က ကတုံးပေါ် ထိပ်ကွက်တဲ့လူတွေ၊
လူတန်းစားမျိုးက ဘယ်သူလေလေ ငတေမှာရင် ပြီးရောဆိုတဲ့
ဒီအခြေအနေမှာ တို့က သူတို့နဲ့ မဆက်ဆံချင်ဘူးဆိုပြီး ဒီလေလာကကို
သွားတော့လည်း သူတို့ကတော့ ပန်းပန်လျက်ပဲပေါ့ကွ၊ သူတို့ ဒီအ
လုပ်နေတာ ဘဲ့မှနေပြီ သူတို့ဗိုက်မှာ အဆီတစ်ထပ် အသားတစ်
ဖြစ်နေပြီ"

ယခုတော့လည်း အောင်နိုင် စကားနောက ဖြိုကြီးသွားနှယ် ထက်
မှုမှုလှုနေ၏။ ဘောင်းဘိုက် သိသာမှုတော့ အောင်နိုင်တို့လူစုသည် အ
အင်းအားကြီးသင်္ကေတ အပေါ်အလောက်မျှန်နေရသည်။ ထိုအင်းအားကြီးတစ်
သူတို့ကို ကြိုးကိုင်စေခိုင်းသည်။ အကျိုးအမြတ်ကို အမြဲးကျပေးသည်
ထိုအသင်း သူတို့အလောက်မျှ အကျိုးက နည်းလှ၏။ ယခု တို့ထက်နည်းလာ
အောင်နိုင် မခံမရပ်ဖြစ်ဖြစ်သော ဘောင်းဘိုက် ကြုံ...

'စိတ်ကို လျှော့ထားစမ်းပေါ့ အောင်နိုင်ရာ၊ မင်းပြောသလိုပဲ ဝက်ဖြစ်မှတော့ နို့ဗူးရပြာ မရှိနဲ့ပေါ့ကွာ၊ လောကဖြစ်မှတော့လည်း ငါ့ဝိဘိုးထဲမှာ ပျော်ပျော်ကြီးနေလိုက်ပေါ့၊ ဒါထက် နက်ဖြန် ငါလိုက်ရမှာလား'

'ငါ့လေချိုး လိုက်ပေါ့ကွာ၊ အပတ်တိုင်းလိုက်ပါလို့ ပြောထားသားပဲ၊ င်းတောမင်း အခေါ် ကြောက်ရတာနဲ့ သူ့သမီးကြောက်ရတာနဲ့ ဟိုကောင် လေး စိတ်မချရတာနဲ့ နွားလိုပဲ ချည်တိုင်ကို မြန်မြန် ပြေးနေပြီးတော့'

အောင်နိုင်က သူ့ကို ပြန်အုပ်သည်ကို သောင်းထိုက်က သဘောကျွာ တဟဲဟဲ ရယ်မိလေသည်။

'တစ်ညလား နှစ်ညလား'

သောင်းထိုက်က မေးသည်။

'အေး ပြောရဦးမယ်၊ ဒီတစ်ပတ် နည်းနည်းကြာမယ်၊ ဘာဖြစ်လဲ ကြာကြာပေါ့ကွာ၊ လိုက်ခဲ့စမ်းပါ၊ ငါက တောင်ပေါ် ထိတောင် သွားချင်တာ၊ ဒီဘက်မှာ တာဝန်ယူထားရလို့ တဲ မင်း ဘာစားပြီးပြီလဲ အမြင်တွက်မယ်'

သောင်းထိုက်က ယခုမှ သတိရကာ သူ့ဗိုက်ကို နှိပ်လိုက်သည်။ ရေနွေးကြမ်းတစ်ခွက်သာ သူ့ဝမ်းထဲ ရောက်သေးသည်ကို သတိရလေသည်။

သူတို့ အောက်ကို ဆင်းလာကြသည်။

'မြန်မာထမင်း စားမလား၊ ချစ်တီးထမင်း စားမလား'

အောင်နိုင်က မေးသည်။

'မင်းသဘောပဲကွာ'

အောင်နိုင်က လှေကားလမ်းထဲသို့ ဝင်သွားသည်။ သောင်းထိုက်က ရိပ်မိ ိုက်သည်။ အောင်နိုင်တစ်ယောက် ထမင်းမစားခင် တစ်ခွက်လောက် မှာဦးမည်။ သင်းမာလာ ဘားရှေ့တွင် ရပ်လိုက်လေသည်။

'မင်း ခဏစောင့်နေ'

အောင်နိုင်က အထဲဝင်သွားသည်။

'ဟော့ နေပါဦး၊ ငါလဲ လိုက်မယ်'

သောင်းထိုက်သည် ရပ်၍ စောင့်နေမည်ပြုပြီးမှ အောင်နိုင့်နောက်မှ ခပ်သုတ်သုတ် လိုက်သွားလေသည်။

❖ ❖ ❖

သည်တစ်ခေါက် မော်လမြိုင်ကို ထွက်ခဲ့ရသည်မှာ စိတ်လက် ပေါ့ပါး သည်။

မနေ့ညက ညဉ့်နက်မှ သူအိမ်ပြန်ရောက်သည်။ သူ့ကို တံခါးဖွင့်ပေး သူက မမြင့်စန်း။ သောင်းထိုက်က အံ့ဩသော်လည်း မမြင်ဟန်ပြုကာ သူ့ဘေးမှ ကိုယ်ကိုစောင်း၍ ဝင်ခဲ့သည်၊ မမြင့်စန်းက တံခါးကို အင် မပြည်အောင် ပြန်ပိတ်ပြီး သူ့ကို ကြည့်နေသည်၊ သူ့ဆီမှ အရက်နံ့ကိုလည်း ရဟန်တူသည်။ သောင်းထိုက် အရက်သောက်သည်ကို မမြင်ဖူး၍ အံ့ဩ နေပုံရသည်။ သောင်းထိုက် အိပ်ရသည်က အိမ်ရှေ့ခန်းမှာ ဖြစ်သည် သောင်းထိုက်သည် ခြင်ထောင်ကို ခေါင်းမြီးခြုံ၍ အိပ်လိုက်လေသည် အတွင်းခန်းကို ဝင်သွားသော မမြင့်စန်း၏ ခြေသံကို ကြားရသည်။ ခါတိုင်း အိမ်ပြန်နောက်ကျလျှင် ဒေါ်ကြည်တုမ မလုံစိန်က တံခါး စောင့်ဖွင့်ပေး နေကျ။ ယခုမှ မမြင့်စန်းက လာဖွင့်ပေးသည်မှာ ဝိသေသ ထူးသည် သို့သော် ဤသည်ကို သောင်းထိုက် ကြာကြာမတွေးနိုင်ပေ။ မကြာမီ အိပ်ပျော် ကျသွားလေသည်။ မနက်ကျတော့လည်း အိမ်သားတွေ တစ်ယောက်မှ မနိုး အိမ်မှ အစောဆုံး ထွက်ခဲ့သည်။

ယခုတော့ သောင်းထိုက်အဖို့လည်း မော်လမြိုင်ခရီးသည် ဖြစ်သွားပြန်ပေပြီ၊ မျက်နှာပေါ်တွင် လက်ကိုင်ပဝါတစ်ထည်အုပ်ကာ ငိုက်မျဉ်း၍ လိုက်ပါလာခဲ့သည်၊ ယခုတစ်ခေါက်တွင် မြရင်စိန်နှင့်တကွ ဒေါ်ကြည်၊ မြင့်စန်းတို့ကိုပါ သေသေချာချာအသိမပေးဘဲ ထွက်လာရသည့်အတွက် သူ့ကိုယ်သူ ကျေနပ်နေသည်၊ မနေ့က သူ ရှိနေပါလျက်၊ ဒေါ်ကြည်နှင့် အတူတူပါလာပါလျက် စေ့ထဲမဝင်သည်ကို မြရင်စိန် ဘယ်လိုတွေးမလဲ ဟုလည်း သူ စဉ်းစားနေမိသည်၊ သို့သော် မြရင်စိန်သည် သူ ထင်သလို သူ့အကြောင်းကို ခေါင်းကြီးခွင့်ကျယ်လုပ်ကာ စဉ်းစားနေမည်မဟုတ်ဟု တွေးမိသောအခါ သူ စိတ်ပျက်သွားမိပြန်လေသည်၊

သည်တစ်ခေါက် သူတို့လိုချင်သည့် ပစ္စည်းများရအောင် နှစ်ည စောင့်နေရသည်၊ သောင်းထိုက်အဖို့တော့ အထည်စရလျှင် ပြီးသည်။ သို့သော် အောင်နိုင့်ပစ္စည်းတွေကို စောင့်ရသေးသည်၊ အခြေအနေမကောင်း သဖြင့် သူတို့လူတွေ မရောက်သေး၊ ဘုတ်ဆိပ်မှာထိုင်ပြီး အခြေအနေကို ကြည့်ကာ စောင့်နေကြရသည်၊ သတင်းတွေက မကောင်းလှ၊ မနေ့က အဝင်မှာ အစစ်ခံရသည်၊ အထည်အလိပ်အချို့ကို ရေထဲပစ်ချပြီး ကိုယ်လွတ် ထွက်ပြေးကြရသည်၊ အထွက်မှာလည်း အခြေအနေမကောင်း၊ အဖြူတွေ အနီတွေ အဝါတွေ တော်တော်များများ မိသွားသည်၊ ငွေ၊ ဂေါ်ဇာ၊ ကျောက်၊ ရွှေ သည်အရာတွေကို ပြည်ပကို ထုတ်နေသူတွေ ရှိသည်မဟုတ်လား၊ ဟိုဘက်က အထည်စတွေ အခြားပစ္စည်းတွေ ပြန်ဝင်လာသည်၊ သည်နယ် တစ်ကြောက လူငယ်လူရွယ်တွေ အလုပ်ရကုန်ကြသည်။ အထမ်းသမား လှည်းသမား၊ လှေသမား စုံသည်၊ ပခုံးပေါ်ထမ်းပြီး သယ်လာသည့် လူငယ်တွေအစ၊ မြင်းလှည်းသမားတွေအလယ်၊ အောင်နိုင်တို့လူတွေအဆုံး သည်လောကသိသရာမှာ ကျင်လည်နေကြသည်၊ မိန်းမငယ် မိန်းမရွယ်

မိန်းမလှလေးတွေလည်း ပါသည်။ သူတို့သည် အန္တရာယ်ကြားမှာ လျှောက်သွားနေကြသည်။ သို့သော် သူတို့အဖို့ ထမင်းစားရေး အဝတ် ဝတ်ရေးသည်ကို အဘယ်မှာလျှင် မကျေနပ် မနှစ်သိမ့်ဘဲ ရှိပါမည်နည်း။

သံလွင်မြစ်ရေသည် ဝါညို နောက်ကျိလျက် ရှိပြီ။ လယ်သမားချောင်းသမားတို့သည် သူတို့၏ချွေးများကို အပိမြေထဲ စိမ့်ဝင်စီးဆင်းခြင်း မပြုစေဘဲ နယ်ခြားဒေသမှ တောင်တန်းများတစ်လျှောက်နှင့် သံလွင်မြစ် အခက်အလက်များအတွင်းမှာ ယိုစီး ကျဆင်းစေလျက်ရှိပေပြီ။

သောင်းထိုက်တို့လူစု ဘေးမှာ ဖဲဝိုင်းလေးတစ်ဝိုင်း ဖြစ်လျက်ရှိသည်။ မြင်းလှည်းသမားနှင့် အထမ်းသမားတစ်စုသည် လေ့ဖအဝင်ကိုစောင့်ရင်း အချိန်ဖြုန်းလျက် ရှိကြသည်။ ဆယ့်ငါးနှစ်သားသာအရွယ်ရှိသော ကောင်လေးတစ်ယောက်သည် သူ့အိတ်ထဲမှ ငွေတစ်ဆယ်ခန့်ထွက်သွားပြီဖြစ်သဖြင့် မျက်နှာကြီး နီမြန်းလျက် ရှိလေသည်။ ခဏကြာတော့ ကောင်လေးသည်းမခံနိုင်တော့။ အနိုင်ရသည့် လူကြီးလက်ကို ဖမ်းဆုပ်ပြီး အော်သည်။

'ခင်ဗျားကြီး မတရားမလုပ်နဲ့၊ ဒါ ခင်ဗျားညစ်တာ'

လူကြီးက မျက်နှာတင်းတင်းဖြင့် သူ့ကို ကြည့်သည်။

'မင်းဟာမင်း သဘောတူလို့ကစားပြီး ရှုံးမှ မဟုတ်တာ မပြောနဲ့ ရှုံးမှာကြောက်ရင် အစကတည်းက မကစားနဲ့ပေါ့'

'အိုဗျာ မရဘူး၊ ကျုပ် ပိုက်ဆံပြန်ပေး'

ကောင်လေးသည် သူ့ပိုက်ဆံကို အရှုံးမခံနိုင်၍ အသံများ တုန်လျက်ရှိသည်။ မျက်ရည်လေး ဝဲ၍နေပြီ။ သည်မနက် သူ နှစ်ခေါက်ပဲ ဆွဲရသေးသည်။ သူ့အတွက် ရထားသည်က ငွေတစ်ဆယ်၊ သည်တော့လည်း သူ့ငွေကို နှမြောပေမည်။

လူကြီးသည် မျက်နှာထားတင်းတင်းဖြင့် ဝိုင်းကိုသိမ်းပြီး နေရာမှ ထသည်။ ကောင်လေးက လူကြီးကို ဖမ်းဆွဲသည်။ လူကြီးက ခါချပစ်သည်။ နေရာမှ ထွက်သွားသည်။

‘ခင်ဗျားတို့ မတရားလုပ်တာ၊ ခင်ဗျားကြီး မတရားယူသွားတာ၊ မကျေဘူးဗျ သိလား’

ကောင်လေးသည် အော်ဟစ်၍ ကျန်ခဲ့သည်။ ထိုစဉ် လှေတစ်စင်း ဆိုက်လာ၍ သူမြင်းလှည်းရှိရာသို့ ပြေးသွားလေသည်။ အထည်အလိပ်များကို တင်ပြီး ပြန်ထွက်လာသော ကောင်လေး၏မျက်နှာမှာ ယူကျုံးမရခြင်း၊ နှမြောတသခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် ဖုံးလွှမ်းလျက်ရှိကာ သူမြင်းများကို ကြိမ်ဖြင့် တအားရိုက်၍ ထွက်ခွာသွားလေသည်။

သောင်းထိုက်တို့ လမ်းတန်း ဈေးဘက် ပြန်လျှောက်ခဲ့သည်။ အဖမ်းအဆီး အစစ်အဆေးများကြားမှပင် အထည်အလိပ်များသည် လှိမ့်၍ လှိမ့်၍ ဝင်လာနေဆဲ၊ အချို့ အထည်အလိပ်များမှာ ရွှံ့အလူးလူး ဖုန်အလူးလူးဖြင့် ပေကျံ၍နေသည်။ အထည်ထမ်းလာသူများ၏ ကျောပြင်များမှာ မည်းနက်ပြောင်လက်၍ ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက် ရှိလေသည်။

သောင်းထိုက်တို့လူစု လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ထိုစဉ်မှာ အဝတ်အစား သားသားနားနားနှင့် လူတစ်ယောက် ဝင်လာလေသည်။ အောင်နိုင်တို့ကို ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်သည်။ မျက်နှာက ချိုသော်လည်း မျက်စိ အနည်းငယ်မှေးပြီး သူ့ရုပ်သွင်က တည်ကြည်ရိုးသားမှု မရှိဟု သောင်းထိုက်စိတ်က ထင်မိသည်။

‘ဒါက ဦးခင်မောင်သောင်းတဲ့ ဒါ ကျွန်တော့်သူငယ်ချင်း သောင်းထိုက်ပါ’

အောင်နိုင်က အခြားသူများနှင့် မိတ်မဆက်ပေးစဖူး မိတ်ဆက်ပေးမည့် သောင်းထိုက် အံ့ဩသွားသည်။ တစ်ချိန်တည်းမှာပင် သူတို့နယ်မှ အရေးပါ အရာရောက်သူတစ်ဦး ဖြစ်ရမည်ဟု နားလည်လိုက်လေသည်။ ဦးခင်မောင် သောင်းက သူ့လက်ကို ကမ်းပေးသဖြင့် သောင်းထိုက်သည်လည်း အလိုက်သင့် ဆုပ်ကိုင် လှုပ်ယမ်းလိုက်သည်။ သူ ထုတ်၍တည်သော စီးကရက်ကိုလည်း ယူ၍ ဖွာလိုက်သည်။

'ကျွန်တော်တို့ ခုပဲ ဘုတ်ဆိပ်က ပြန်လာတယ် ဦးခင်မောင်သောင်း ဒီနေ့ ဝင်ပါ့မလား မသိ'

'ဒီညနေတော့ ရောက်ဖို့ကောင်းတာပေါ့'

'ဒါပေါ့ဗျာ၊ ကျွန်တော်တို့မှာလည်း တစ်ရက်နေရင် တစ်ရက်မှ သိသိသာသာ စရိတ်က တက်နေတာ၊ မြန်မြန် ပြန်ချင်တာပေါ့'

သောင်းထိုက် တွေးမိသလောက်ဆိုရင် အောင်နိုင်တို့အုပ်စုက ပစ္စည်း သယ်ပေးရသူတွေ။ ဆန်နီတို့က တောင်ပေါ်က သယ်လာသည်၊ အောင်နိုင် တို့က ရန်ကုန်ကို သယ်သည်၊ ဦးခင်မောင်သောင်းက ပစ္စည်းရှင်၊ သို့မဟုတ် ပစ္စည်းရှင်၏ကြားလူ ဖြစ်ရမည်၊ သူတို့ တကယ်တမ်း အလုပ်စတော့မှ ပြော သည့်အခါ မျက်နှာက တစ်မျိုးဖြစ်ကုန်ကြသည်၊

'ပြီးတော့'

ဦးခင်မောင်သောင်းက ပြောရင်း စီးကရက်တစ်လိပ် ထပ်ညှိသည် မီးက ငြိမ်းသွားသဖြင့် သောင်းထိုက်က လက်မြန်မြန် ကာပေးလိုက်သည် ဦးခင်မောင်သောင်း၏ လက်ညှိုးမှ ကျောက်စိမ်းလက်စွပ်သည် သောင်းထိုက် လို လူပြိန်းကပင် အဖိုးတန်မှန်း သိလိုက်လေသည်။

'ပြီးတော့ဗျာ၊ ဒီတစ်ခါ ငွေလဲ မြန်မြန်ပေါ် စေချင်တယ်'

အောင်နိုင်က ကုလားထိုင်ကို ကျောဖြင့် မှီလိုက်သည်။ သည်လို ကြည့်တော့ အောင်နိုင်ကလည်း မခေ။ လေသံအေးအေးဖြင့် သူလိုရာကို တိတိကျကျဆိုမည့်ပုံ ဘေးမှ သူ့အပေါင်းအသင်း နှစ်ယောက်ကတော့ ဘာမျှ ဝင်မပြောချေ။ သူတို့အုပ်စုတွင် အောင်နိုင် ခေါင်းဆောင်ဖြစ်ဟန် တူသည်။

'ကျွန်တော်တို့လည်း ပစ္စည်းကို မြန်မြန်ထွက်စေချင်တာပေါ့၊ ဈေးက မကိုက်လွန်းလို့ စောင့်နေရတာ၊ ခင်ဗျားတို့ ရှင်းတာကျတော့လည်း ကြည့်ဦးလေ၊ ကျွန်တော်တို့က စေတနာနဲ့လုပ်ပေးနေတာပဲ၊ အမြန်အလှန်ပေါ့ဗျာ'

ဦးခင်မောင်သောင်း ငြိမ်နေသည်၊ သိပ်တော့ လက်ခံချင်ပုံ မရချေ။

'ဒါကတော့ဗျာ ကျွန်တော်တို့ကလည်း ခင်ဗျားတို့ကို ရစေချင်လို့ အစကတည်းက ထုထောင်ပေးခဲ့တာပဲ'

သည်တစ်ခါတော့ အောင်နိုင် အတော်ပင် မျက်နှာပျက်သွားလေသည်။ မခံမရပ်နိုင် ဖြစ်သွားပုံရလေသည်၊ သူ့စိတ်ကသာ ချုပ်တည်းမထားဘူးဆိုလျှင် ဘေးထိုက်နှင့် နှစ်ယောက်တည်းရှိစဉ်က ပြောခဲ့သလိုပင် ရိုးရိုးရှင်းရှင်း ပြောပစ်မည် ထင်သည်။

'အိုဗျာ၊ ဘယ်သူမဆို ကိုယ့်အကျိုးစီးပွားအတွက် ကိုယ်လုပ်ကြတာချည်းပါပဲ၊ ခင်ဗျားလည်း ခင်ဗျားအတွက်ကိုက်မှ လုပ်နိုင်မယ်၊ ကျွန်တော်တို့လည်း ကျွန်တော်တို့အတွက် ကျန်မှ ဖြစ်မှာပေါ့ဗျာ'

အောင်နိုင်က လေသံကျယ်ကျယ်ဖြင့် စလိုက်သော်လည်း စကားဆုံးခါနီးမှာ လေသံက တိုးပြီး ပျော့သွားသည်၊

'ဟဲဗျာ ခင်ဗျားတို့အတွက်လည်း မနစ်နာစေရပါဘူး ကျွန်တော်တို့လည်း အလုပ်ဖြစ်အောင် ရန်ကုန်ရောက်ရင်တော့ ငွေတော့ သိပ်မကြာစေချင်ဘူးဗျာ ဟုတ်လား၊ ကျွန်တော် သွားမယ်၊ ညကျတော့ ကျွန်တော့်အိမ်မှာ တွေ့ကြဦးမှာပဲ'

ဦးခင်မောင်သောင်းက လက်ဖက်ရည်ဖိုးများကို ရှင်းပြီး ထွက်သွားလေသည်။ သူထွက်သွားမှ သူတို့အားလုံး ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ဖြစ်သွားကြသည်။

'ဒီလူက ကျောက်ပဲကွ'

ကျောက်ကုန်သည်ကို ဆိုလိုမှန်း သောင်းထိုက် သိလိုက်ရသည်။ သည်လိုဆိုတော့ ဒီလူက အချိုကြီးသမားပေပဲ။

'ဒီလူက သူဌေးလားကွ၊ အသက်လည်း ကြီးပုံ မရသေးပါဘူး'

'သူဌေး မဟုတ်ဘူး၊ သူဌေး သမက်ကွ၊ အတော်လည်တဲ့ကောင်၊ အမေယ် သူကသာ လည်တာ'

'ဘယ်သူကတော့ ဘာဖြစ်လဲ'

'သူ့ညီမကတော့ သိပ်လှတာယ်ကွ'

သူတို့ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာကြသည်။ လမ်းမတန်းရှေ့ ညနေချမ်းသည် ပို၍ စည်ကားလာလေသည်။

❖ ❖ ❖

အောင်နိုင်တစ်ယောက် သည်မျှ ကျယ်ကျယ်ပြန့်ပြန့် တိုးဝင်နေလိမ့်မည်ဟု သောင်းထိုက် မထင်မိ။ ယခုတော့ အောင်နိုင်သည် စက်ကိရိယာ၏ အလယ်ဗဟိုလောက်တွင် ဝင်ရောက်လည်ပတ်နေပေပြီ၊ ဟိုဘက်ခြမ်းတွင် ဆန့်နိုင်ရှိသည်။ သည်နယ်တစ်ဝိုက်မှ လူငယ်အတော်များများမှာ တောင်ပေါ်လမ်းနှင့် အကျွမ်းဝင်နေကြပြီ အထမ်းသမား လှည်းသမား ဖြစ်နေကြလေသည်။ သူတို့ကိုတော့ တစ်ခေါက်တို့ လေးငါးရာပေးလျှင် ကျေနပ်သည်သာ။ လုံခြုံရေးကလည်း စိတ်ချရသည်၊ ထိုနေရာက သူတို့နယ်၊ သူတို့

လတီ။ လမ်းခရီးမှာ အခက်အခဲ မရှိရအောင် သူတို့ ပေးတတ် ကမ်းတတ် ဆက်ဆံတတ်နေပြီ။ သူတို့နှင့်အတူ ဆန်နီတို့က လိုက်သည်။ ရန်ကုန်အထိ ကိုတော့ အောင်နိုင်နှင့် သူ့အပေါင်းအသင်းများက တာဝန်ယူသည်။

ဦးခင်မောင်သောင်းတို့ကလည်း အခြေအနေကိုကြည့်ကာ ဟိုဘက် သည်ဘက် ကူးနေသူ။ သူတို့က ငွေကို တစ်ပြားမှမကိုင်ဘဲ၊ ပစ္စည်းကို တစ်ထုပ်မျှ မသယ်ဘဲ လူချည်းသက်သက် သွားနေသူတွေ။ သို့သော် ဘယ် ပစ္စည်းက ဘယ်သူ့ဟာ၊ ဘယ်သူ ပိုင်သည်။ ဘယ်သူနှင့် ဆိုင်သည်ကို လူတိုင်း သိသည်သာ။ ဦးခင်မောင်သောင်းတို့ကလည်း ဘယ်နေရာမှာ ဘယ်လိုပေးရမည်ကို အားလုံး နားလည်သည်သာ။ ငွေကို ငွေနှင့်မျှားပြီး ငါးပွက်ရာမှာ ငါးစာ လိုက်ချသွားရုံသာ ရှိ၏။ အောင်နိုင်တို့ကတော့ အောက်ခြေသိမ်း တာဝန်ယူရလေသည်။ သို့သော် ခံစရာရှိလျှင် အောက်ခြေ သမားသာ ခံရသည်၊ တကယ်တမ်း အရေးကြုံလာလျှင် လျော်ပေရော့။

သည်တော့လည်း အောင်နိုင် ကောင်းဆိုသည့် အခွင့်အရေးက ကောင်းဆိုထိုက်သည်ဟု သောင်းထိုက် နားလည်သည်။ သူတို့ အခုရသည့် အချိုးက နည်းလှသည်။ သုံး၊ အများတကာလို 'ငါး' လောက်ရမှ သူတို့ အတွက် ကိုက်မည်။

သည်တစ်ခါ မော်လမြိုင်မှ ပြန်ထွက်လာကတည်းက အောင်နိုင့် မျက်နှာ တင်းနေသည်။ 'မဖြစ်တော့ဘူး၊ ဒီတစ်ခါ တိတိကျကျ ပြောရမယ်' ဟု ပြောပြီးသား စကားကို ထပ်တလဲလဲပြောကာ ကြိမ်းဝါးလေသည်။

ရန်ကုန်ရောက်တော့လည်း သောင်းထိုက် အိမ်မပြန်ဖြစ်သေးပေ။ အောင်နိုင့်နောက်လိုက်ရင်း အောင်နိုင့်အခန်းမှာ တစ်ညအိပ်လိုက်ရသည်။ ဟိုညက ပစ္စည်းတွေကို ဆိုင်ရာပို့ပေးရသည်။ နောက်နေ့ ဦးခင်မောင်သောင်း

နှင့် စာရင်းရှင်းရမည်။ အောင်နိုင်က နောက်တစ်ညဆက်အိပ်ဖို့ ပြောသည် သောင်းထိုက်ကလည်း အလွယ်တကူ ခေါင်းညိတ်လိုက်သည်။ သူ အောင်နိုင်တို့ လည်ပတ်နေသော ယန္တရားတွင်းသို့ တစ်စထက် တစ် တိုးဝင်နေပြီကို သူကိုယ်သူ မသိသေး။

ထိုနေ့က လေယာဉ်နှင့်လိုက်လာမည့် ဦးခင်မောင်သောင်းကို သူ တိုက်ခန်းမှာ သွားစောင့်ရသည်။ တံခါးလာဖွင့်ပေးသည့် ကောင်မလေး မြင်ရတော့ အောင်နိုင် ပြောဖူးသည်ကို သတိရသည်။ တော်တော့်ကိုလှ ကောင်မလေး။ ဦးခင်မောင်သောင်း၏ ညီမပဲ ဖြစ်ရမည်။ ပရိဘော အဆောင်အယောင်များဖြင့် ပြည့်နှက်နေသော ဧည့်ခန်းအတွင်းမှာ အိမ်ရှ သူတို့နှစ်ယောက်ကို ရေခဲရေဖြင့် ဧည့်ခံလေသည်။

ထိုနေ့က ငွေတချို့တစ်ဝက်ကို ပေးချေစဉ် အောင်နိုင်က သူတို့အတွ ဝေစုကို ပြတ်ပြတ်သားသား နှုတ်ယူလိုက်သည်။ ဦးခင်မောင်သောင်း ဘာမျှ မပြောသော်လည်း တစ်စုံတစ်ရာကို အလေးအနက် တွေးနေပုံရသည်

'ကျန်တာ ဘယ်တော့ စာရင်းရှင်းမလဲ၊ အရင်ဟာတွေကော'

'ခါတိုင်းလိုပဲလေ၊ ဖြည်းဖြည်း ရှင်းသွားမှာပေါ့'

အောင်နိုင်ကလည်း လေသံမလျော့တော့ ဦးခင်မောင်သောင်း ဘာမှ မပြော။ ကျေနပ်ပုံတော့ မရပေ။ အောင်နိုင် ပြန်ထွက်လာတော့ စောစော ကောင်မလေးပင် တံခါးလိုက်ပိတ်ပေးသည်။ ဦးခင်မောင်သောင်းကတော့ ဘီယာတစ်လုံးသောက်ရင်း ကျန်ရစ်သည်။

'အစ်ကို ဒီတစ်ခေါက် ဘာပါလာလဲ'

ကောင်မလေးက တိုးတိုးမေးသည်။

'အဆင်မှမပြေဘဲ ဘာမှ မပါဘူး။ ရုပ်ရှင်လေ'

'ဟင်း မကြည့်ချင်ပါဘူး'

ကောင်မလေးက ခေါင်းခါသည်။ ထိုစဉ် အခန်းထဲမှ လှမ်းခေါ်သံ
ကြားရသည်။

'နက်ဖြန် ဆယ်နာရီခွဲ၊ ဂုဏ်ရှိ သိလား'

အောင်နိုင်က တိုးတိုးပြောပြီး အောက်ဆင်းလာခဲ့သည်။ သောင်းထိုက်
မှာ သူ့ကိုကြည့်ပြီး ဘဲကျသလိုလို ဖြစ်သွားလေသည်။

'ဟေ့ကောင် ဘယ်နှယ် ပြေလည်လှချည်လား'

'ဒီလောက်လဲ မဟုတ်ပါဘူးကွာ'

'အဲမှာ မဟုတ်သာ မဟုတ်တယ်၊ မင်းဟာက ရုပ်ရှင်တွေ ဘာတွေ
တောင် အတူတူကြည့်ဖို့ ချိန်းတယ်ဆိုတော့'

အတန်ကြာမှ အောင်နိုင်က မဖြေချင့်ဖြေချင် ဖြေသည်။

'သူတစ်ယောက်တည်းလာမှာ မဟုတ်ပါဘူးကွာ'

'ဟေ၊ ဘယ်သူတွေ ပါလာဦးမှာလဲ'

'သူ့ သူငယ်ချင်း မစ္စာကျယ်လေးတွေကောပေါ့'

'ဒါနဲ့ မင်းပြောတော့ သူ့အစ်ကိုကသာ လည်တာဆို'

အောင်နိုင် မချိပြုံး ပြုံးလိုက်လေသည်။ သောင်းထိုက်ကတော့
နှိုးသားပြီး ပြတ်သားသော မြရင်စိန်ကို သတိရလိုက်သည်၊ တံ့ပဟွာ ရှေ့မှာ
သူတို့ ရပ်မိကြသည်။

'ကဲ ထမင်းစားရအောင်'

အောင်နိုင်က ပြောပြီး ဝင်း ဘားဘက်ကို ခြေဦးလှည့်သည်။

'ငါ မလိုက်တော့ဘူးကွာ၊ ဒီကပဲ စောင့်မယ်'

အောင်နိုင်က သူ့ကို နားမလည်သလိုကြည့်ကာ တစ်ယောက်တည်း
ဆက်လျှောက်သွားသည်။

❑

# ၁၁

အောင်နိုင်တို့လူငယ်တွေက သူ့ကို မကျေနပ်မှုန်း ဦးခင်မောင်သော
မသိမဟုတ်၊ သိသည်ပင်။ သို့သော် မတတ်နိုင်။ သူ့မှာလည်း သူ့အတွေးနှင့်
သူ့အခက်အခဲနှင့်သူ ရှိနေသေးသည်။ သူတို့မှာ ငွေကို ထုနှင့် ထည်နှင့် ကိုင်ထ
ရ၍ သူတို့ကို အထင်ကြီးကြသည်။ ရှုံ့ကြသည်။ ကြောက်ကြသည်။ ငွေ
ကြေးရှင်များကို အကြောင်းမဲ့မုန်းတီးတတ်သော သူတို့ကလည်း အလို
မုန်းတီးကြသည်။

ဒီရေဟူသည် အတက်အကျ ရှိမြဲ။ အချိန်က တက်လာသောရေကိုသ
မြင်၍ ပြန်လည်စီးဆင်းသွားသောရေကို သတိမထားမိကြပေ။ သူတို့အတွက်
ငွေကို ငွေနှင့်ပြန်၍ ရင်းစားလိုက်နေရသဖြင့် တစ်ခါတစ်ရံ သူတို့လက်ထဲ
တွင် ငွေတစ်ပြားမှ မရှိတတ်ပေ။ တစ်ခါတစ်ရံ ငွေကို သူတို့ကနိုင်ပြီ
ငွေကလည်း သူတို့ကို အကြိမ်ပေါင်းများစွာ အနိုင်ယူခဲ့လေပြီ။ ထို့ကြောင့်
လည်းအခါပေါင်းများစွာ ငွေကို စက်ဆုပ်ရွံရှာခြင်း ဖြစ်မိလေသည်။

လူတွေအားလုံး ငွေအတွက် ရုန်းကန်လှုပ်ရှားနေကြသည် မဟုတ်လော။
နည်းနည်း ရုန်းကန်သူရှိသည်။ များများ ရုန်းကန်သူရှိသည်။ သူတို့သည်
ကား မွေးကတည်းက ငွေထုပ်ပိုက်ပြီး မွေးလာသူဖြစ်၍၊ ထို့ကြောင့်ပင်
ထိုငွေအတွက် ဆက်လက်ရုန်းကန်ကြရပြန်၏။

ကျောက်မျက်ရတနာထွက်သော မြို့ပေါ်မှာ သူ့ကို မွေးဖွားခဲ့၏။ ရတနာထွက်သောမြေမှာ သူ ကြီးပြင်းခဲ့၏။ သူ့မိဘများသည် သူ့ကို အခြား ရတနာထွက်သောမြေမှာ သူ ကြီးပြင်းခဲ့၏။ သူ့မိဘများသည် သူ့ကို အခြား အမွေထက် ရတနာအမွေကိုသာ ပေးခဲ့၏။ လူတစ်ယောက်၏ အရည်အသွေး ကို သူ အကဲခတ်တတ်လျှင်သာ ရှိရမည့် ရတနာအကဲကို သူကောင်းကောင်း ခတ်တတ်၏။ သူ့အတွက် လူကောင်း တစ်ယောက်၏ တန်ဖိုးသည် ကျောက်ကောင်းတစ်စေ့၏ တန်ဖိုးလောက် မကြီးမြင့်နိုင်တော့ပေ။

အခြေအနေတွေ ပြောင်းလဲလာခဲ့၏။ မိဘမရှိတော့သော သူ့အဖို့မူ မိဘအမွေကို ဆက်ခံဖို့ထက် အခြားကိစ္စကို စိတ်မဝင်စားနိုင်တော့ပေ။ နိုးတွင်းခြင်ဆီထဲမှာ စွဲ၍နေခဲ့ပြီဖြစ်သော သူ့အသက်မွေးဝမ်းကျောင်းမှု ကိုလည်း ပြောင်းလဲရန် မစဉ်းစားတော့ပေ။ ထိုအချိန်မှာ သူသည် ထိတ်ထိတ်ကြ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်လိုက်ရသည်။ သူ့မိဘများ နှင့် စင်ပြိုင်ဖြစ်သော ငွေရှင်ကြေးရှင်တစ်ဦး၏ သမီးဖြစ်သည်။

ပစ္စည်းဥစ္စာ ချမ်းသာသူတို့၏ ဓလေ့အတိုင်း သူတို့အိမ်ထောင်ရေး သည် အဆင်ပြေလှသည် မဟုတ်၊ သို့သော် သူ့တွင် ရင်တွင်းမှခံစားချက် ကို ဦးစားပေးလိုသောဆန္ဒ မရှိတော့။ သူ့မိန်းမသည်ကား အရည်မပီသော ကျောက်တစ်လုံးသာတည်း။ သူ ဤသို့ပင်သဘောထားကာ စွန့်ခွာခဲ့သည်။ သို့သော် ပစ္စည်းရှိသူတို့၏ ထုံးစံအတိုင်း သူတို့သည် မပြတ်စဲကြပြန်ပေ။ သူ ရန်ကုန်ကိုဆင်းလာခဲ့သော်လည်း သူ့ယောက္ခမ၏အလုပ်ကို ဆက်လုပ် ပေးနေရသေးသည်၊ သူသည် ညီမငယ်တစ်ယောက်ကို အဖော်ပြုကာ တိုက်ခန်းတစ်ခန်းတွင် အေးချမ်းစွာနေသည်။ အကယ်စင်စစ် အေးချမ်း လှသည်ဟုတော့ မဆိုနိုင်၊ အစဉ်သဖြင့် ငွေကြေးနောက်လိုက်နေသူ တစ် ယောက်သည် အဘယ်မှာလျှင် အေးချမ်းမှု ရနိုင်ပါမည်နည်း။ လမ်းပေါ်မှာ တောင်းရမ်းစားသောက်သူသည် တစ်နေ့တာအတွက် သူ့ဝမ်းပြည့်လျှင်

လူသွားလမ်းဘေးမှာ စိတ်အေးချမ်းသာစွာ ခွေ၍ အိပ်နေလေတော့သည်။ သူ့အဖို့ကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည့်ညဟူ၍ မရှိသလောက်ပင်။

ငှားလိုက်သည့် ပစ္စည်းတွေ ချောမောစွာရောက်ပါမည်လား။ ပြန်လာသည့် ငွေသည် အချိန်မီ လက်ထဲပြန်ရောက်လာပါမည်လား။ ယောက္ခမကြီးက ရာဇသံပေးလျှင် သူသည် ပြေလည်အောင် မဖြေရှင်းနိုင်သည့်အတွက် ခေါင်းပူရပေါင်း များပြီ။ အောင်နိုင်တို့လို လူငယ်တွေကို သူအားကိုးရ၏။ သူတို့ မလိမ်မညာမှန်း သိ၏။ သို့သော် လက်ထဲကို အချိန်မီ ငွေပြန်မရောက်၍ ငွေခေါင်းကွဲကာ စီးပွားပျက်ရသည်ကို သူတို့ မသိပေ။ သူတို့အတွက် အချိုးကျပေးရငွေအပြင် အခြား ပေးစရာ ကမ်းစရာတွေ တစ်ပုံတစ်ပင်ကြီး ရှိသေးသည် မဟုတ်လား။ တစ်ခါတစ်ရံ လမ်းတစ်လျှောက်တွင် ငွေတော့ အလှူပေးသလို စွန့်ကြဲလိုက်ရတတ်သည်။ ငွေကို လက်ထဲမှာကိုင်ပြီး သူတစ်ပါး အောက်ကျို့ရသည့်အဖြစ်တွေ မကြာခဏ ကြုံရသည်။ ငွေသည် တန်ခိုးအာဏာ မဟုတ်ချေတကား။

တစ်ခါတစ်ရံတော့လည်း သူ့အဖြစ်ကို သူ စက်ဆုပ်ရွံရှာမိ၏။ သို့သော် သူသည် အချိန်တန်လျှင် သည်သံသရာမှာ ပြန်၍ ကျင်လည်မိပြန်၏။ သည်သို့မှ လည်ပတ်မနေလျှင်လည်း မရတော့။ အရက်ကို မမှီဝဲရလျှင် သူ့ရင်သည် တုန်တတ်သကဲ့သို့ လက်ထဲမှာငွေမရှိလျှင် သူ ဆောက်တည်ရာ မရတော့ချေ။ သူ့မှာ အကြွေးတွေ ပတ်လည်ဝိုင်းနေသည်ကို အဘယ် သကောင့်သားက လာဆပ်မည်နည်း။ တစ်ခါက သိန်းချီ၍မှန်းသော အရိုင်းတစ်တုံးသည် ကျောက်စရစ်ခဲမျှပင် အရာမထင်ဘဲ ကုန်းကောက်စရာ မရှိအောင် ဖြစ်သွားရဖူးသည်ကို ဘယ်သူကသာ၍ သနားပါသနည်း။ ကိုယ်ရပ်မိသည့်နေရာမှာ ခိုင်ခိုင်မြဲမြဲ ရပ်နိုင်ဖို့ အားစိုက်ရသည်မှာ အများ ထင်သလို လွယ်သည်မဟုတ်ပေ။

သူ၏ တစ်ဦးတည်းသောညီမကိုမူ လိုလေသေးမရှိအောင် ထားပေးသည်၊ သူ့ရင်ထဲမှာ တောက်လောင်သော လောဘ ဒေါသမီးတွေကို ညီမဆီ မကူးစက်စေခဲ့။ သို့သော် လူ့ဘဝ၏ သဘောတရားများကိုမူ သင်ပေးရန် သူ့တွင် အချိန်မရှိပေ။ ထိုအခါ သူ့ညီမသည် လောကကို သူ့အမြင်ဖြင့် သူ့ဘာသာ လျှောက်သွားလေသည်။ သူ မတားမိ။ လူတွေသည် ကိုယ့်ဘဝ လမ်းကြောင်းကို ကိုယ့်ဘာသာ ရွေးချယ်ခြင်းသာလျှင် အကောင်းဆုံးဟု သူ ထင်သည်၊ တစ်ခုတော့ရှိ၏။ သူ့ ညီမကို လောကမှာ ဆင်းဆင်းရဲရဲဖြစ် မကျန်ခဲ့စေချင်ပေ။ ထို့ကြောင့် သူသည် ညီမဖြစ်သူကို သူ့လိုငွေရှာတတ်သူ၊ အစွမ်းအစရှိသူနှင့်သာ လက်တွဲ စေချင်သည်။ သူ့ညီမ ဘဝတွင် ထိုအချက်ကိုတော့ သူကိုယ်တိုင် စီမံခဲ့ချင်သည်၊ သည့်အတွက် ညီမဖြစ်သူကလည်း ငြင်းဆန်လိမ့်မည်မဟုတ်ဟု သူ ယုံကြည်၏။ သူ့ညီမ၏ ခေါင်းထဲမှာကော သူ့ထက်ပို၍ ထူးကဲသော သဘောတရားတွေ ဝင်ရောက်ဖို့ အဘယ်မှာလျှင် အချိန်ရပါမည်နည်း။ ရုပ်ရှင်ကြည့်ခြင်း၊ လုံချည်အသစ်အဆန်းဝယ်ခြင်းနှင့် လက်သည်းခြေသည်း ဆိုးခြင်းတို့သာလျှင် မိန်းမတို့၏အလုပ်ဟု ထင်မှတ်နေချေပြီ မဟုတ်လား။

တစ်ခါတစ်ခါတော့လည်း ကိုယ့်ကိုယ်ကိုယ် မကောင်းမှန်းသိသည်။ ကုန်သည်ဟူသည် ကိုယ့်စားကျက်ကို ကိုယ် လုံအောင်ထိန်းရမြဲ၊ ကိုယ့်ပစ္စည်းကို သူများပစ္စည်းထက် တစ်ပန်းသာအောင် လုပ်ရမြဲ၊ ကိုယ့်လက်ထဲရောက်မည့်ငွေကို သူများလက်ထဲမရောက်အောင် လုပ်ရမြဲ၊ နည်းနည်းပေးပြီး များများရဖို့လိုသည်၊ ဒါတွေကိုသာ လက်လွှတ်လျှင် ကုန်သည်လုပ်စား၍ ဖြစ်တော့။ အဘယ်မျှပင် သမာအာဇီဝ လုပ်စားသည် ဆိုစေကာမူ အမြတ် အစွန်းကို မလိုချင်သူဟူ ရှိအံ့လော။

တစ်ခါတစ်ရံတော့လည်း သည်လောကကို စွန့်ခွာဖို့ တွေးတော အခြေအနေ အရပ်ရပ်ကြားမှာ မီးစင်ကြည့်ကရသော အလုပ်ကို နှိုး သည်။ အေးချမ်းမှုကို လိုချင်မိသည်။ သို့သော် လူဟူသည်ကား ရ သော အခွင့်အရေးကို လက်လွှတ်နိုင်ဖို့ ခဲယဉ်းချေ၏။ ရရှိသော ဥစ္စာ နှင့် တစ်ဖက်မှ ခံစားရသော သောကသည် မမျှအောင် ဖြစ်တတ်သေ လည်း မျှော်စင်အမြင့်ကို တက်မိသူလို ရှေ့ဆက်တက်ဖို့ကိုသာ စိတ် နေ၏။

အမြင့်ဆုံးကို တက်မိသူသည် အောက်ကို ရဲရဲ ငုံ့မကြည့်ဝံ့ပါ

□

# ၁၂

အပျိုဘော်ဝင်စကလို ရင်၌ လှုပ်ရှားလွယ်သည့်စိတ်မျိုး ဘာကြောင့် မရှိတော့သည်ကို မြရင်စိန် စဉ်းစား၍ မရပေ။ တကယ်ဆိုလျှင် သောင်းထိုက်က သူ့ကိုချစ်သည်ဟု ပြောစဉ်က နည်းနည်းတော့ စိတ်လှုပ်ရှားသင့်သည် မဟုတ်ပါလား။ သောင်းထိုက်က ရှက်ရွံ့တုန်လှုပ်စွာ မေးလာသည်ကို မိမိကလည်း လိုက်ဖို့စွာ မဝံ့မရဲ ပြန်လည်ဖြေကြားသင့်သည် မဟုတ်ပါလား။

ယခုတော့ မိမိလုပ်လိုက်ပုံက တစ်ဖက်သားအဖို့ အခံရခက်စေမည်၊ တော်ရုံဆိုလျှင် စိတ်ပြောင်းကာ နောက်ဆုတ်သွားနိုင်သည်။ ယခုပဲကြည့် သောင်းထိုက် သူ့ကိုရှောင်နေသည်မှာ တစ်ပတ်ခန့်ရှိပြီ။ သူ့နောက်လိုက်လာပြီး နောက်နေ့မှာပင် ဈေးကိုရောက်ပါလျက် ဈေးထဲကို မဝင်။ နောက်နေ့တွေမှာ သူ့ကို မတွေ့ရတော့ပေ။ ဒေါ်ကြည်လာသည်ကို တွေ့သော်လည်း မမေးဝံ့၍ မမေးတော့။ ဒေါ်ကြည့်မျက်နှာကလည်း အမြဲလို သုန်မှုန်၍ နေလေသည်၊ ယခုတလောမှာမှ မြရင်စိန်ကိုမြင်လျှင် ဒေါ်ကြည့်မျက်နှာ ပိုမိုတင်းမာသွားသည်ဟု မြရင်စိန် ထင်မိလေသည်။

သောင်းထိုက်တစ်ယောက် အထင်များ လွဲသွားပြီလားဟုလည်း မဆီမဆိုင် တွေးမိပြန်သည်။ ယောက်ျားလေးများနှင့်ပတ်သက်၍ မြရင်စိန် စိတ်က သည်မျှ ရှည်ရှည်ဝေးဝေး မတွေးခဲ့သည်မှာ ကြာပြီ။ မြရင်စိန် ဘဝမှာ ယောက်ျားလေးများအစား စားဝတ်နေမှုအရေးက နေရာယူခဲ့

သည်မှာ ကြာပြီ၊ ယခု မြရင်စိန် အသက်နှစ်ဆယ်ကျော်ပေပြီ၊ မြရင်စိ ဘဝမှာ ဘာကယ်ပင် အဖော်သဟဲ လိုပြီလော၊ မြရင်စိန် တွေးသာ

အိမ်တွင်လည်း တစ်စ တစ်စ သွေ့ခြောက်ကာ ငြီးငွေ့မွယ် ဖြစ် လာသည်။ အမေသည် စိပ်ပုတီးကိုအဖော်ပြုကာ ချောင်တစ်ချောင် ငြိမ်ငြိမ်လေး ထိုင်နေတတ်သော်လည်း အမေ့ ရင်များက နိမ့်တုံမြင့် လှိုက်၍နေသည်။ အမေ့တွင် ရောဂါတစ်ခုခုရှိနေပြီလားဟု မြရင်စိ တွေးမိသော်လည်း တစ်ခါမျှ မမေးမိချေ။ အမေကလည်း ပြောမည်မဟုတ် ပါချေ။ ဆေးရုံမှ လူမမာကလည်း ဘာသတင်းမျှ အတိအကျမကြား အစ်မ မြရင်ကြည်၏ တောင်စဉ်ရေမရစကားများကိုသာ နားထောင်ရ သည်။ ကလေးငယ်နှစ်ယောက်အတွက် အငယ်ကောင်သည် ကျောင်းအ ရမည့် အရွယ်ကို လွန်လာပေပြီ၊ အကြီးကောင်လေးသည်လည်း ကျောင်း လစ်ကာ သူ့အမေ စေခိုင်းချက်အရ ဘတ်စ်ကားဂိတ်တွင် စီးကရ လိုက်ရောင်းနေလေသည်။

လက်ရှိအလုပ်ကိုစွန့်၍ အခြားအလုပ်ကို လုပ်ရမည်လားဟု မြရင်စိ စဉ်းစားသေးသည်။ သို့သော် ဘာလုပ်ရမည်နည်း၊ ယခုအချိန်မှာ ကန့်စွန်းရွ ပြန်ရောင်းလျှင်လည်း မိသားစုခြောက်ယောက် ထမင်းဝနိုင်မည် မဟုတ် တော့ပေ။ ဆိုင်မှရောင်းရသည့်ငွေကလည်း ဆိုင်လခနုတ်လိုက်လျှင် ဘာ မကျန်တတ်တော့။ အခြေအနေသည် တစ်စထက် တစ်စ ယိမ်းယိုင်လျက် ရှိလေပြီ၊

မြရင်စိန် တွေးတောငိုက်မျဉ်းလျက် ရှိစဉ်မှာပင် ဆိုင်ရှေ့တွင် လူ တစ်ယောက် လာရပ်သည်။ ဈေးဝယ်သူများလေလားဟု မျက်လုံးကိုဖွင့်၍ ကြည့်လိုက်သည်။ ရင်ထဲတွင် နွေးခနဲဖြစ်သွားသည်၊ သောင်းထိုက်သည် သူ့ကို တည်ငြိမ်စွာပင် စိုက်ကြည့်နေလေသည်၊

'ရောင်းမကောင်းဘူး မဟုတ်လား'

သောင်းထိုက်က သိလျက်နှင့် မေးလိုက်သည်၊

'မေးနေရသေးလားဟယ်'

ယခုတော့ သောင်းထိုက်သည် မြရင်စိန်ကို ကြောက်၍ တုန်လှုပ်မနေတော့ပေ။ သူ့ရင်ထဲတွင်လည်း ပူလောင်မှု သဝန်တိုမှု စိတ်စောမှုများ မရှိတော့ပေ၊ မြရင်စိန်၏ အခက်အခဲများကို တတ်နိုင်သမျှ အကူအညီပေးရန်သာ ဆုံးဖြတ်ထားလေသည်။

'ငါ ဒီတစ်ခေါက် မော်လမြိုင်မှာ ကြာသွားတယ်'

သောင်းထိုက်က မမေးဘဲနှင့် ဖြေလိုက်သည်။

'ငါးရက်တောင်ရှိသွားပြီနော်'

မြရင်စိန့်နှုတ်က လွှတ်ခနဲ ထွက်သွားသည်။ သောင်းထိုက် ဝမ်းထဲက ကျေနပ်အားရမှု ဖြစ်သွားပုံကို မြင်ရလေသည်။

'အဆင်မပြေလို့ ပစ္စည်းတွေစောင့်နေရတယ်'

သောင်းထိုက်က ခပ်တည်တည် ဖြေလိုက်သည်။ သောင်းထိုက် တစ်ယောက် ဘယ်အခြေအနေ ရောက်နေသည်ကို မြရင်စိန် ခန့်မှန်း၍မရ ဖြစ်သွားသည်၊ သောင်းထိုက်ကလည်း တစ်စ တစ်စ မြင့်တက်လာသော သူ့အနေအထားကို သတိထားမိပုံ မရသေးချေ။

'နင်တို့ အထည်တွေ သယ်ပေးတာ တော်တော်ရလား ဟင်'

မြရင်စိန်က သူ့ကို ခင်မင်အားကိုးစွာ မေးသည့်အတွက် သောင်းထိုက် ကျေနပ်နေလေသည်။

'ရပါတယ်ဟာ၊ သူတို့စျေးကောင်းရရင် ရသလောက် တို့လဲ တောင်းလို့ကောင်းတာပေါ့၊ အခေါက်များများသွားနိုင်လေ ကောင်းလေပဲ၊ နို့မဟုတ်ရင်

ကြားထဲမှာ သုံးတာနဲ့ ကုန်တာ၊ နောက်ဆို ငါ အခေါက်တိုင်းလိုက်မှာ မယ်၊ ဒီမှုတစ်ည ဟိုမှာတစ်ည၊ အဆင်မပြေတဲ့အခါ နှစ်ညပေါ့'

'ဘာတွေ အဆင်မပြေဖြစ်လို့လဲ'

'အောင်နိုင့်ပစ္စည်းတွေ စောင့်ရတာလေ၊ ဒါပေမယ့် ဒါကလည်း မထိခိုက်ပါဘူး၊ အဲဒီအတွက် ပိုရတာပဲ'

'ဘာပစ္စည်းတွေလဲ'

'ဒီလိုပေါ့ဟာ'

သောင်းထိုက်က မြရင်စိန့်ကို ကလေးတစ်ယောက်ကို ပြောပြသလို ပြန်လည်ပြောပြနေသည်။ ရထားပေါ်မှာတွေ့ရသော လူငယ်လူရွယ်တွေ အကြောင်း၊ လမုတန်းဈေး၊ ကျိုက်ဖနဲ့ဈေးမှ ဈေးသည်ကောင်မလေးတွေ အကြောင်း၊ သံဖြူဇရပ်တို့ ဈေးတို့မှလာ၍ ရောင်းဝယ်ဖောက်ကားနေသော မိန်းမချောလေးတွေအကြောင်း၊ ငွေကိုသိန်းနဲ့ချီ၍ လုပ်ကိုင်သွားလာနေကြသော လူတွေအကြောင်း စုံတကာ ခေ့နေသည်။

ထိုနေ့က မြရင်စိန် ဈေး စောစောသိမ်းသည်။ သူတို့နှစ်ယောက် ဗိုလ်ချုပ်လမ်းဘက်လျှောက်ပြီး သုံးဘီးကားစီးသည်။ တာမွေအဝိုင်းမှ ဆင်းပြီး လမ်းလျှောက်လာကြစဉ် မြရင်စိန်က သောင်းထိုက် မျက်နှာကို ငေးကြည့်လာခဲ့လေသည်။ လမ်းထိပ်ရောက်တော့ သောင်းထိုက်က ရပ်သည်။

'ငါ ပြန်တော့မယ်နော်၊ မော်လမြိုင်က ပြန်ရောက်တာ နှစ်ရက်ရှိပြီ၊ အိမ်ကို ခုမှ ပြန်ရမယ်'

မြရင်စိန်က ဘာမှပြန်မပြောဘဲ သောင်းထိုက်ကိုသာ တွေ၍ ကြည့်နေသည်။ သောင်းထိုက်က တစ်စုံတစ်ခုကို သတိရကာ မြရင်စိန်ကို ပြန်လည် စူးစိုက်ကြည့်သောအခါ မြရင်စိန် မျက်လွှာချသွားလေသည်။

'သောင်းထိုက်'

'ဘာလဲ မြရင်စိန်၊ ဘာပြောစရာရှိလို့လဲ'

မြရင်စိန် မျက်လွှာပင့်ကြည့်သည်။

'နင် ငါ့ကို ချစ်တယ်ဆို'

သောင်းထိုက် ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားသည်။ ဘယ်လို ကောင်မစား လေးပါလိမ့်။

'အေးလေ၊ နင် မယုံဘူး မဟုတ်လား၊ နင်က မစဉ်းစားချင်သေးဘူး မဟုတ်လား'

မြရင်စိန် မျက်လွှာချသွားပြန်သည်၊

'မဟုတ်ပါဘူးဟယ်၊ နင့်ကို ငါယုံပါတယ်၊ ပြီးတော့ နင့်ကို ငါ ချစ်လည်း ချစ်ပါတယ်'

မြရင်စိန် နေရာမှ ချာခနဲ လှည့်ထွက်သွားလေသည်။ သောင်းထိုက် မှာ လိုက်သွားရကောင်းနိုးနိုးဖြင့် ယောင်ချာချာ ဖြစ်ကျန်ခဲ့သည်။ မြရင်စိန် ကျောပြင်လေး ကွယ်ပျောက်သွားမှ သူ ပြန်လှည့်ခဲ့လေသည်။

'နင်ကလဲ ငါ့ကိုချစ်တယ် ဟုတ်လား၊ ဒါများဟယ် ငါသိသားပဲ'

သောင်းထိုက် နှုတ်မှ တိုးတိုး ရေရွတ်မိလေသည်။

❖ ❖ ❖

သောင်းထိုက် ပြန်မလာ၍ အိမ်မှ စိတ်ပူနေကြသည်။ ခါတိုင်း မော်လမြိုင် သွားလျှင် တစ်ည နှစ်ညနှင့် ပြန်ရောက်သည်။ ယခု ငါးရက် ရှိသွားပြီ။ သောင်းထိုက် ပြန်မလာခြင်းအတွက် အိမ်က တစ်ယောက်တစ်မျိုး စိတ်ပူ နကြလေသည်။ ဦးစန်းမောင်က သောင်းထိုက် စိတ်ဆိုးပြီး ထွက်သွား သည်ဟု ထင်သည်။ မပြင့်စန်းက သူ့အပြောကိုမခံချင်၍ သွားသည်ဟု

နောင်တ ရနေသည်၊ ဒေါ်ကြည်ကတော့ သူ့ငွေအတွက် ပူနေလေသည်၊ ငွေသုံးထောင်ပေးထားသည် မဟုတ်လား။

သူတို့အမျိုးမျိုး တွေးတောပြောဆိုနေဆဲမှာ ဘောင်းထိုက် ရောက်လာသည်။ လူစုံတက်စုံ စားသောက်နေသော ထမင်းဝိုင်းကို ဘောင်းထိုက်က အဆင်သင့် လက်ဆေး၍ ဝင်ထိုင်လိုက်လေသည်။ ပြီးတော့ ဒီတစ်ခေါက် သူကြာနေသည့်အကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောပြလိုက်သည်။ တကယ်တော့ ဘောင်းထိုက်မှာ သူ့အကြောင်းနှင့်သူ ပျော်နေသောကြောင့် ဖြစ်သည်။ ကျန်လူများကလည်း သူတို့အတွေးနှင့်သူတို့ ဝမ်းသာနေကာ သူ့ကို ခရီးဝေးမှပြန်ရောက်လာသည့် အိမ်သားတစ်ဦးအဖြစ် သူပြောသမျှ သဘောကျစွာ နားထောင်နေကြသည်။

ထမင်းစားပြီးပြီးချင်း ဘောင်းထိုက်က ဒေါ်ကြည့်ကို ငွေရှင်းပေးလေသည်။

'ဖြည်းဖြည်းပေါ့ ငါ့တူရယ်'

ဒေါ်ကြည့်လေသံက ချိုနေလေပြီ။

ဘောင်းထိုက်က ဒေါ်ကြည့်အတွက် ကျသင့်ငွေအပြင် ငွေရင်း သုံးထောင်ကိုပါ ပြန်ပေးသည့်အခါတွင်တော့ ဒေါ်ကြည် မျက်နှာပျက်သွားလေသည်။

'ဘာဖြစ်လို့လဲ၊ မင်း မော်လမြိုင် မသွားတော့ဘူးလား၊ အေးလေ မသွားလည်း ရပါတယ်၊ ဒီမှာပဲ အဒေါ်နဲ့ အတူတူလုပ်ပေါ့'

'မဟုတ်ဘူး အဒေါ်၊ ကျွန်တော်သွားမယ်၊ ဒီတစ်ခါ မနားတော့ဘူးလေ၊ ဆက်တိုက်သွားမှာ၊ တော်ကြာ ကျွန်တော် ဒီဘက်ပြန်အိပ်ဖို့ အချိန်ရချင်မှ ရတော့မှာ၊ ဒါကြောင့် အဒေါ့်ငွေ ပြန်ပေးတာ'

'ဒါဖြင့် မင်းက ဘယ်ကငွေနဲ့ သွားမလဲ'

'ကျွန်တော့်သူငယ်ချင်း ထုတ်ပေးထားတဲ့ငွေနဲ့ ကျွန်တော့်မှာရှိတာ နည်းနည်းပေါင်းပြီး ရသလောက်ပဲ လုပ်တော့မယ်'

ဒေါ်ကြည်အသံ တိတ်ဆိတ်သွားသည်။ သောင်းထိုက်ကို လွှတ်ချင်ပုံ မရပေ။

'အေးလေ၊ ငယ်တုန်းရွယ်တုန်း အဆင်ပြေသလိုရှာရပေါ့၊ ကောင်းပါတယ်၊ အဒေါ်ကတော့ မင်း မရှိရင် တစ်အားလျော့တာပေါ့'

'ကျွန်တော် အချိန်ရရင် ပြန်ပြန်လာမှာပါ၊ အဒေါ့်ငွေ ပြန်ပေးတာ အဒေါ် စိတ်မချမှာစိုးလို့'

ဒေါ်ကြည်သည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည့်အလား သောင်းထိုက်ကို အိမ်ရှေ့ကွပ်ပျစ်သို့ ခေါ်ခဲ့လာသည်။ ဦးစန်းမောင်က သူ့အလုပ်သူလုပ်ကာ အဝေးမှပင် နားထောင်နေသည်၊ မဖြင့်စန်းသည် ဂနာမငြိမ်ဖြစ်ကာ သူတို့ကို အကဲခတ်နေလေသည်။

'အေးအေးဆေးဆေး ထိုင်စမ်းပါဦး မောင်သောင်းထိုက်ရယ်၊ ဒီလိုကွဲ့၊ အဒေါ် ပြောမယ်၊ မင်းကို အဒေါ်က တူလိုသားလိုခင်လို့ မင်းအဖေဆီက မရအရခေါ်လာပြီး စောင့်ရှောက်ခဲ့တာ မင်းအသိ၊ အဒေါ့်မှာလည်း အိမ်မှာ ဦးဆောင်ပြီး စီးပွားရှာနေရပေမယ့် မိန်းမသားဆိုတော့ သိပ်ပြီး တွင်ကျယ်လှတာ မဟုတ်ဘူး၊ ခုတောင် ဈေးတွေကျလို့ အကြွေးတွေက တောင်းရတာ မဟုတ်ဘူး၊ မင်း ဦးလေးကလည်း မင်း သိတဲ့အတိုင်း အားကိုးရတာမှ မဟုတ်တာ၊ မလုစိန်ကလည်း ခပ်အအ'

ဒေါ်ကြည်ကလည်း သွားကိုဖြတ်ပြီး ကွမ်းအစ်ကိုဆွဲကာ ကွမ်းတစ်ယာ ယာစားလိုက်သေးသည်၊ သောင်းထိုက်က ကွမ်းသီးတစ်စိတ်ကို ယူကိုက်ပြီး သည်းခံ နားထောင်နေလိုက်ရသည်၊

'သမီးတစ်ယောက်ရှိပါတယ်၊ မင့်ညီမ ခပ်ဆိုးဆိုး မဟုတ်လား ခု စာမေးပွဲကျတယ်လေ၊ အဒေါ့်သဘောတော့ ဆက်မထားချင်တော့ဘူး အရောင်းအဝယ်ပဲ လုပ်စေချင်တယ်'

ဒေါ်ကြည်က ထွေးခံကိုဆွဲပြီး ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးလိုက်ပြ သည်။

'အားလုံး တက်ညီလက်ညီ လုပ်ရင် ထမင်း မငတ်ဘူးပေါ့ကွယ်၊ ဒီတော့ အဒေါ်က သူ့ကိုလည်း အရောင်းအဝယ်လေး သင်ပေး လုပ်နိုင်သလောက် လုပ်ပစေ၊ မင်းကိုလည်း အိမ်မှာပဲ နေစေချင်တယ်၊ သွားစရာလည်း သွားပေါ့၊ အဒေါ်လည်း အသက်ကြီးပြီဆိုတော့ မင်းနှမကိုလည်း စောင့်ရှောက် ကူညီစေချင်သကွယ်'

ငြိမ်ငွေ့စွာ နားထောင်နေရာမှ သောင်းထိုက် အနည်းငယ် လှုပ်ရှားလာသည်။ ဒေါ်ကြည် ဘာကို ဆိုလိုပါလိမ့်။

'ဒီမယ် ငါ့တူရဲ့၊ ခုခေတ် မိန်းကလေးတွေက ခပ်လည်လည်ရှိ ယောက်ျားလေးတစ်ယောက် ပြောင်ပြောင်ရောင်ရောင်နဲ့ ဟန်ကျနေတာ မြင်ရင် အမိမ်းချင်ကြတာ၊ ကိုယ့်အတွင်းသိ အစင်းသိဆိုရင်တော့ ဘာပြော လိုမလဲ၊ ကိုယ်က ရှေ့ကရှာရင် နောက်ပိုင်းက ထိန်းသိမ်းတတ်မှ မဟုတ်လား မြင့်စန်းကတော့ စကားပြောသာ မတတ်တာကွဲ့၊ နောက်ပိုင်းတော့ စိတ်ချရတယ်၊ အဒေါ်တော့ ရစရာ ပေးစရာမှန်သမျှ သူ့ပဲ မှတ်ခိုင်းရတာ'

သောင်းထိုက် ဆက်နားထောင်လိုစိတ် မရှိတော့ပေ။ ဒေါ်ကြည်တို့ကတော့ သပိတ်ဝင် အိတ်ဝင် ကြံနေပြီကောဟု နားလည်လိုက်သည်။ ရုတ်တရက် သိသိသာသာကြီး ရုန်းထွက်ရမှာလည်း ခက်နေသည်။ သောင်းထိုက်က စကားကို အဆင်အပြေဆုံးဖြစ်အောင် ရှာကြံပြောလိုက်သည်။

'ကျွန်တော်လည်း အခုမှ သေသေချာချာ အလုပ်လုပ်မယ်လို့ ကြံစည် တုန်း ရှိပါသေးတယ် အဒေါ်'

'အေးပေါ့ကွယ် ကြိုးစားပေါ့၊ အဒေါ်က မင်းကို အားကိုးပါတယ်၊ မင်းနှမ ပြောတာလည်း စွဲမယူပါနဲ့နော်'

'ဟုတ်ကဲ့၊ ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး'

သောင်းထိုက်က စကားစ မြန်မြန်ပြတ်သွားစေရန် ကွပ်ပျစ်ပေါ်တွင် အိပ်ရန်ပြင်သည်၊

'ဟဲ့ သမီး၊ နင့်အစ်ကိုကို အိပ်ရာပြင်ပေးလိုက်လေ၊ စောင်တွေ လျှော်ထားတယ် မဟုတ်လား၊ ယူခဲ့'

သောင်းထိုက်သည် ခေါင်းရှုပ်ရာမှ ပြုံးလိုက်မိလေသည်၊

သောင်းထိုက်တို့တော့ ဇာတာစန်းလဂ် တက်ချိန်ရောက်ပြီထင်ပါရဲ့၊ မမြင့်စန်းလာပေးသည့် နေနံ့သင်းသော စောင်ကိုဆွဲခြုံပြီး သူ အိပ်လိုက်သည်၊ မျက်စိမှိတ်လိုက်သောအခါ မြရင်စိန်၏ မျက်နှာကိုသာ မြင်ယောင်လာလေတော့သည်၊

❖ ❖ ❖

:သာင်းထိုက်ကို ဖွင့်ပြောလိုက်ရသည့်အတွက် မြရင်စိန် ရင်မှာ ပေါ့သွား ပည်၊ အခက်အခဲ အကျပ်အတည်းများအတွင်းမှာ နေရဖန်များ၍ တစ်စုံ ၁စ်ရာကို မျှသိပ်ထားဆီးထားလိုစိတ် မရှိတော့ပေ၊ အသေအချာစဉ်းစား ဒြည့်တော့လည်း သူ သောင်းထိုက်ကို သံယောဇဉ်ရှိနေသည်မှာ အမှန်ပင် ဖြစ်လေသည်၊ ဖြူတော့ ယခုလို အခြေအနေမျိုးမှာ ခင်မင်ရင်းနှီး၍ ယုံကြည်

စိတ်ချရသော ယောကျာ်းလေးတစ်ယောက်ကို အားကိုးချင်စိတ် ဖြစ်ပေါ်
လာမိသည်၊ မရေရာသော မျှော်လင့်ချက်မျိုးကိုပေး၍ တစ်ဖက်သားအပေါ်
အခွင့်အရေးယူစိတ် မြရင်စိန်တွင် မရှိ၊

ပေါ့ပါး ရွှင်လန်းသောစိတ်ဖြင့် မြရင်စိန် အိမ်ကိုပြန်ခဲ့သည်
ကိုအောင်စိန် ဆေးရုံမှဆင်း၍ အိမ်ပြန်ရောက်နေသည်ကို မြရင်စိန် မသိ
ရောဂါမှာ သက်သာသည်ဆိုသော်လည်း ကိုအောင်စိန်ရုပ်က ကမ္ဘာမြေ
ပေါက်နေသည်၊ ငွေအား လူအား မလိုက်နိုင်တော့လည်း ကျန်းမာရေး
အခြေအနေက ထင်သလောက် မကောင်းလာပေ၊ သို့သော် ဘာမှ မတတ်
နိုင်ဘဲ အသက်ဆုံးရှုံးသွားသည်ကို ကြည့်နေရမှာထက်စာလျှင် တော်သေး
သည်ဟုသာ အောက်မေ့ရလေသည်၊

ကိုအောင်စိန်ကတော့ သူ့ရောဂါ လုံးဝပျောက်ပြီဟုသာ သူ့စိတ်
အားပေးထားသည်၊ သူ အလုပ်လုပ်မည်၊ မြရင်စိန်ကိုပင် စိတ်မပျက်
ပြောလိုက်သေးသည်၊ ဖြစ်နိုင်လျှင် သူ့ရော မြရင်စိန်ပါ မော်လမြိုင်
ကူးရအောင်ဟု ဆိုသည်၊ အခြေအနေပြန်ကောင်းလာမှ ဆိုင်ပြန်ထွ
ကြမည်၊ မြရင်စိန်ကတော့ စိတ်ပျက်ဖွယ် ကျဆင်းမှုများ အဆုံးသတ်ပြီးသွ
ကောင်းသော အလားအလာတွေကို တစ်ဖန်ပြန်တွေ့ရဦးမည်ဟု မျှော်လ
လေသည်၊

သို့သော် မမျှော်လင့်သောအရာတို့သည် ဖြစ်တတ်ချေ၏၊ ထိုည
မြရင်စိန်တို့အိမ်သားတွေ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကိုစားရင်း စက
စမြည် ပြောကြသည်၊ အိပ်ရာဝင် ညဉ့်နက်ကြသည်၊ အမေကတေ
ထုံးစံအတိုင်း ပုတီးစိပ်ပြီး အိပ်ရာဝင်သွားလေသည်၊ မနက်ကျတော့ အမ
အိပ်ရာမှ တော်တော်နှင့် ထမလာ၊ မြရင်ကြည်၏ သားအငယ်ကလေး
ဖွားအေဖြစ်သူကို ပဲပြုတ်ဝယ်ဖို့ သွားနှိုးသည်၊ အမေ မနိုး။

မြရင်စိန်တို့ သွားကြည့်တော့ အမေ့ကို အိပ်ရာထက်မှာ အသက်ပျောက်လျက်သား တွေ့ရလေသည်။ ဆေးတစ်ခွက် ဓာတ်စာတစ်ငုံမျှ မကျွေးမွေး ပြုစုလိုက်ရဘဲနှင့် အမေ ရုတ်တရက် သေသွား၍ မြရင်စိန် ယူကျုံးမရ ဖြစ်ရသည်၊ ဆင်းရဲခြင်းနှင့် ဇရာသည် အမေ့ဘဝအတွင်းမှ ထွက်ခွာသွားပေပြီ၊

သူတို့ အမေ့ကို ဖြစ်သလို သင်္ဂြိုဟ်လိုက်ရသည်၊ မြရင်ကြည်သည် အမေရှိစဉ်က အမေ့ဆီမှ အကူအညီရသည် မဟုတ်သည့်တိုင် အမေ မရှိသောအခါ အားကိုးရာမဲ့ဖြစ်ရလေပြီဟု တမ်းတ ငိုကြွေးလေသည်၊ အစက လူပိုတစ်ယောက်အဖြစ်သာနေခဲ့သော်လည်း အမေ မရှိသောအခါ တစ်အိမ်သားလုံး ဟာလာဟင်းလင်း ဖြစ်ကျန်ခဲ့ကြသည်၊ အနည်းဆုံး အမေ့ ဘုရားရှိခိုးသံ၊ ပဲပြုတ်သည်ခေါ်သံကိုပင် မကြားရတော့ချေပြီ၊

ဆိုင်ကို ခုနစ်ရက်ခန့် ပိတ်ထားလိုက်ရသည်။ ထို့နောက်တော့ မြရင်စိန် ဆိုင်ပြန်မထိုင်တော့။ ကိုအောင်စိန်တစ်ယောက်သာ အင်္ကျီစလေးများ ကလေးအဝတ်အထည်လေးများကို ယူပြီး ဈေးရှေ့ လူသွားလမ်းမှာ ထိုင်ရောင်းလေသည်၊ ဆိုင်ပေါ် ထိုင်ရောင်းသည်ထက် ပို၍ ရသည်၊ မြရင်စိန်နှင့် မြရင်ကြည်တို့နှစ်ယောက်က သူတို့ လမ်းထိပ်မှာ မုန့်ဟင်းခါး ထွက်ရောင်းဖို့ ပြင်သည်။

အံ့ဩရသည်က သောင်းထိုက်။

သောင်းထိုက်ကို ပွင့်ပွင့်လင်းလင်း အဖြေပေးလိုက်သည့်နေ့မှစ၍ မမြင်ရတော့ပေ။ နောက်နေ့မှာတော့ ဆက်ဆက်ရောက်လာမည် ထင်သည်၊ ရောက်မလာခဲ့။ မော်လမြိုင်ကို ရုတ်တရက် ပြန်ထွက်သွားရသည်ဟု အောက်မေ့၏။ နောက်နေ့တွေမှာလည်း ပေါ်မလာ။ မော်လမြိုင်နှင့် ရန်ကုန်ကို စုန်ချည်ဆန်ချည် ကူးနေပြီဟု နားလည်လိုက်သည်၊ သို့သော် တစ်ညတလေတော့ လာဖို့ကောင်းသည် မဟုတ်လား။ မြရင်စိန်တို့အိမ်ကို

လာ၍လည်း ရုပ်လျက် သောင်းထိုက်က ပေါ်မလာ။ မြရင်စိန် နှ
နာကျင်သလိုလို ဖြစ်လာ၏။ အချစ်အတွက်နှင့် မြရင်စိန် ရင်မနာ
ပေ။

သောင်းထိုက်ကို မတွေ့ရသည်မှာ တစ်လခန့် ကြာသွား
တကယ်တမ်း အခက်အခဲ အပြောင်းအလဲတွေနှင့် ရင်ဆိုင်ရချိန်မှာ
ရမည့်သူ မရှိ၍ မြရင်စိန် ဝမ်းနည်းမိသည်။ ယောကျ်ားလေးများ
ရှေ့မှ ပြေးသူကိုသာ လိုက်လိုဟန်ရှိပေ၏ဟု မြရင်စိန် နာကြည်းစွာ
သည်။ ထို့ကြောင့် သူ့ကိုမေ့ထားပြီး ကိုယ့်ဘဝ ကိုယ်ရုန်းဖို့ ကြိုးစားရ
မြရင်စိန်၏ လက်တွင် အထည်စနှင့် ကတ်ကြေး မရှိ
ယောက်ချို ဂွန်းနှင့် ဟင်းရည်ပူကို ထိတွေ့ရပြန်သည်။

ဘာပဲဖြစ်ဖြစ် မြရင်စိန် သွားလေသူမိခင်၏ စကားကိုသာ
နှလုံးသွင်းလိုက်သည်။ အစကတည်းက ဘာမှမရှိသော ဘဝမျိုးက
ဘာကိုမှ နမြောတသနေဖို့ မလိုတော့ပါချေ။ ရောက်ရာ အခြေအနေ
ဆက်လက်ရုန်းကန်ဖို့သာ ရှိလေသည်။

'မြရင်စိန်'

ဆိုင်ရှေ့မှာ ခြေစုံရပ်၍ ခေါ်လာသည်မှာ ဘယ်သူဘယ်ဝါဆို
မြရင်စိန် သိသည်။ အစေးကတည်းကပင် မြင်ပြီးသား ဖြစ်သည်။
ခေါင်းကို မမော့မိ။ မျက်ရည်ပူတို့သာ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ
သည်။ သူ့ဘဝမှာ အကြောင်းမရှိဘဲ တစ်ခါမှ မငိုခဲ့ဖူးသော မြရင်
ဘယ်အခြေရောက်ရောက် ဘဝကို အရှုံးမပေးခဲ့သည့် မြရင်စိန်။

တကယ်တော့ သောင်းထိုက်ကို စိတ်နာခဲ့မိတာလည်း ပါသ
ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေမှာ အားကိုးစရာ ရှာမ
ခဲ့တာကိုလည်း တွေး၍ ဝမ်းနည်းသည်။

မြရင်စိန်၊ နင့်အမေ ဆုံးသွားတာ ငါ မသိလိုက်ရဘူး မြရင်စိန်၊ ငါလေ ငါ နင့်ကို အလေးမထားခဲ့တာ မဟုတ်ပါဘူးဟယ်၊ ဒီတစ်ခေါက် ငါ ခရီးလွန် သွားတယ်၊ ပြန်ရောက်ရောက်ချင်း နင့်ဆီလာခဲ့တာ၊ ကိုအောင်စိန်နဲ့ ဈေးမှာ တွေ့လို့'

မြရင်စိန် ဘာမျှမပြော။ မျက်ရည်ပူတို့ကိုသာ အကျီစနှင့် သုတ်နေသည်။ သောင်းထိုက်က ခွေးခြေငယ်တစ်ခုကိုဆွဲကာ မြရင်စိန် ရှေ့တည့်တည့်မှာ ထိုင်သည်။ သောင်းထိုက်မှာ နဂိုထက်ပင် ပို၍ ပိန်ကာ အသားများ မည်းလျက် ရှိလေသည်။

'ငါ ဘာဖြစ်ခဲ့တယ်ဆိုတာများ မေးပါဦး မြရင်စိန်ရယ်'

မြရင်စိန် ခေါင်းကိုမော့၍ ကြည့်သည်။ သောင်းထိုက်၏ပုံက ပင်ပန်း နွမ်းနယ်လှသည့်ပုံ။

'ဘာဖြစ်လို့လဲ'

'ပေါ်တာဆွဲတဲ့ထဲ ပါသွားလို့'

မြရင်စိန် ရယ်ရမလို ငိုရမလို ဖြစ်သွား၏။

'ကောင်းတယ်'

မြရင်စိန် နှုတ်မှ ရေရွတ်လိုက်သည်။

သောင်းထိုက်ကတော့ မြရင်စိန်၏ မျက်စောင်းကို ကြည့်ကာ ဘာခြေအနေ အားလုံးကို ဖြေသိမ့်လိုက်သည့်အနေဖြင့် တဟဲဟဲ ရယ်ပစ်လိုက်လေသည်။

❖ ❖ ❖

လူတွေ၏ သဘောထား မမှန်ကန်ပုံကို မြင်ရသောအခါ သောင်းထိုက် လောကကြီးကို ဟားတိုက်ရယ်ပစ်လိုက်ချင်စိတ် ပေါက်လာလေသည်။

သောင်းထိုက်တစ်ယောက် တိုးတက်ပြောင်းလဲလာသော အခြေအနေ တွင် နှစ်သက်လိုလားဟန်ပြလာသောလူတွေသည် သောင်းထိုက် ရုတ်တရက် ကျဆင်းသွားသည့်အခါ ငြူစူစောင်းမြောင်းလိုသည့် မူလ အတွင်းသဘော တွေ မဖုံးနိုင် မဖိနိုင် ပေါ်လာချေပြီတကား။ သောင်းထိုက်တစ်ယောက် ဖြူခါပြာခါကျပြီး အိမ်ပြန်ရောက်လာသည်ကို မြင်ရသောအခါ ဒေါ်ကြည် မျက်နှာကြီး အိုစာသွားလိုက်သည်မှာ နည်းနည်းလေးမှပင် ကွယ်ဝှက်မဆည် နိုင်ပါချေ။ သားရွှေအိုးထမ်းလာသည့် အခြေအနေကို မြင်လိုလှသေး ဒေါ်ကြည်တို့ သားအမိမှာ မမျှော်လင့်ဘဲ ပြောင်းလဲသွားသော အခြေအနေ မှာ ဘာဆက်လုပ်ရမည်မသိ ဖြစ်သွားလေသည်။

'မင်း အစကတည်းက ငါ ပြောသားပဲ၊ ဒီမှာပဲ လုပ်ကိုင်စားဖို့ ခုတော့ မင့်လက်ထဲ ရှိသေးရဲ့လား'

သောင်းထိုက်ကလည်း ပါးပြီ။ သည်တစ်ခါတော့ ဝှက်ဖဲတစ်ချပ်ကို ချန်ကာ အတည်ပေါက်ဖြင့် လိမ့်လေပြီ။

'လူတောင် အနိုင်နိုင် ပြေးလွှားခဲ့ရတာ၊ ပစ္စည်းတွေ ဘယ်သိနိုင် တော့မှာလဲ အမေရာ၊ လူပြန်ရောက်လာတာပဲ ကံကောင်း'

သောင်းထိုက်က သိလျက်နှင့် တမင်အရွဲ့တိုက်ပြောလိုက်ခြင်း ဖြစ် သည်။ တကယ်တော့ ဒေါ်ကြည်တို့က လူကိုချစ်လွန်း၍မှ မဟုတ်ပါဘဲ၊ သောင်းထိုက် လက်ထဲမှာ ငွေအတော်အတန် ပုံမိပြီဟု ထင်ခဲ့သောကြောင့် သာ မတိုးသာ မဆုတ်သာ ချည်နှောင်ခဲ့ခြင်း မဟုတ်ပါလား။ ယခုလည်း သောင်းထိုက်က သူတို့မခံသာအောင် ကလိချင်သေးသည်။

'ခုတော့ သုညကပြန်စရမှာပဲ မတတ်နိုင်ဘူး အမေ့လက်ထဲကော ငွေရှိသေးတယ် မဟုတ်လား'

သွားသည်။

ဒေါ်ကြည် မျက်နှာပျက်သွားသည်။

'ငါ့မလဲ အခြေအနေမဟန်လို့ မင်း အားကိုးမယ်ကြံပါတယ်၊ ဘယ်မှာ ရှိတော့လို့လဲကွယ်'

'ဒါကတော့ တစ်ခါတစ်ရံ အခန့်မသင့်လို့ပဲလေ'

'ဒါပေမယ့် မင်းတို့ဟာ ကျီးလန့်စာစားပါကွယ်၊ မတော်မိသွားရင်လည်း အဆုံးမဟုတ်လား'

သောင်းထိုက် ကြိတ်၍ ပြုံးမိသည်။ ဒေါ်ကြည်ကတော့ သူ့ငွေကို တစ်ပြားမှ အထိခံတော့မည် မဟုတ်ပါချေ။ မမြင့်စန်းကလည်း မူလ အခြေအနေအတိုင်း ခပ်တန်းတန်း ပြန်ဖြစ်သွားသည်။ ဦးစန်းမောင်နှင့် ဒေါ်လှစိန်တို့သာ နဂိုအတိုင်း နေမြဲတိုင်း ရှိနေလေ၏။ သို့သော် သူတို့ကား ဤအိမ်တွင် ဩဇာသက်ရောက်သူများ မဟုတ်ပါချေ။

သောင်းထိုက်က ယှိုင်နဲ့လာသော ကျန်းမာရေးအခြေအနေကြောင့် ဘာမျှမလုပ်ဘဲ အိမ်မှာနားနေသောအခါ မသိမသာ ပြုစုစောင်းမြောင်းမှုများ ပြန်လည် ပေါ်ပေါက်လာပြန်လေသည်။ နေ့လယ်ဘက်တွင် အိမ်မှထွက် သွားပြီး ညစာစားကာနီးမှ ငွေတစ်ပြားမှ မပါဘဲ ပြန်လာသော သောင်းထိုက် အား ကြမ်းကို နင်းလိုက်သော ခြေသံပြင်းပြင်းက ဆီးကြိုနေတတ်သည်။ သောင်းထိုက်တစ်ယောက် တာမွှေအပိုင်းနားသွားကာ မြရင်စိန်နှင့် မုန့်ဟင်းခါး ကူရောင်းနေသည့် အဖြစ်ကိုမြင်လျှင် ဘယ်သို့ရှိလိမ့်မည် မသိပေ။

သောင်းထိုက်ကတော့ ရောက်လာသည့် အခြေအနေမှာ စိတ်မပျက် သည့်ပြင် တစ်အားပင် တက်မိသေးသည်။ သူ့အားမှာ သတ္တိရှိ၍ မှန်ကန် ဖြောင့်မတ်သော မိန်းကလေးတစ်ယောက် ရှိနေပြီ မဟုတ်လား။ ကျလာသည့် နေရာမှာ ဩရှိရှိနှင့် ရင်ဆိုင်ဖြေရှင်းတတ်သော မြရင်စိန်လို မိန်းကလေးမျိုး သည် သူ့အတွက် အားရှိစရာပါပေ။

သူငယ်ချင်းကောင်းပီသသော အောင်နိုင်တို့လင်မယား၏ ကျေးဇူးကြောင့် သူမှာ လုပ်ငန်းကိုပြန်စနိုင်သည့် အခြေအနေ ရှိနေသေးသည်။ သူတစ်ယောက်တည်း ကံဆိုးမိုးမှောင်ကျသွားသော်လည်း သူ့အပေါင်းအသင်းများက သူ့အတွက် ဆက်လုပ်ထားသည်။ သူတို့သည် ဒုစရိုက်လောကမှာ ကျင်လည်နေသူများမဟုတ်။ အခြေအနေအရ ရှေ့မှာ ခင်းထားသောလမ်းကို ဒယီးဒယိုင် လျှောက်နေသူများသာ ဖြစ်လေသည်။ သူတို့အတွက် သစ္စာတရားသည် မဆိတ်သုဉ်းသေး၊ သူတို့အလုပ်ကို အမှန်တရား၏ ဟိုမှာဘက်တွင် ရှိသည်ဟု ယူဆပြီး ဆွဲဖယ်လျှင်လည်း အလိုက်သင့်ပါသွားဖို့ အသင့်ပင်။ သို့သော် နောက်ဆုတ်ဖို့တော့ သူတို့မကြိုးစား။ အဘယ်သူသည် ကြိုးတစ်ဝက် ရောက်နေပြီးမှ လိမ့်ကျမှာစိုးသည်ဆိုပြီး နောက်ကြောင်းကို ပြန်လျှောက်ပါမည်နည်း။

တစ်ပတ်ခန့် အနားယူပြီးသော် သောင်းထိုက် အလုပ်ပြန်ဝင်လေ၏။ သူ့လက်ကျန် ငွေလေးများထဲမှ ငွေငါးရာကို မြရင်စိန် ရင်းနှီးဖို့ အတင်းအကျပ် ပေးခဲ့သည်။ မြရင်စိန် မလွဲသာသည့်အဆုံးမှာ 'နင့်ငွေကို ငါ ပြန်ဆပ်ပါရစေ သောင်းထိုက်ရယ်' ဟု မဝံ့တဝံ့ ပြောလိုက်သေးသည်။ 'ချစ်သူအချင်းချင်းမှာ ဒါမျိုးတွေပြောဖို့ လိုသေးလား'ဟု ပြန်ပြောချင်လှသော်လည်း နှုတ်က မရဲပြန်ပေ။

သည်တစ်ခါတော့ သူ့အနော်အိမ်က အပြတ်ထွက်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် နှုတ်ကမူ ဘာမျှဖွင့်မပြောခဲ့။ သူ့ပစ္စည်းကလည်း များများသူစရာမလို။ သားရေအိတ်တစ်လုံးမျှသာ။ အောင်နိုင်တို့ဂေဟာတွင် အပေါင်းအသင်း တစ်ယောက် တိုးလာလေသည်။

'ဖြစ်သမျှအကြောင်းတွေ ရင်နာမိလည်း မဆုတ်ခြားတော့ပြီပဲ ဖြစ်သမျှအကြောင်းတွေ ရင်နာမိလည်း မထူးခြားတော့ပြီပဲ'

ခင်ဇော်သည် ဂစ်တာတစ်လက်ကို တခေါင်ခေါင်ခေါက်ရင်း သီချင်းညည်းနေလေသည်။ ပူအိုက်သောနွေရက်များကို လွန်လာပြီး မိုးစက်မိုးဖွဲကလေးများ ကျရောက်နေသည်။ အထိန်းအချုပ်မရှိသော ပြတင်းတံခါးရွက်သည် လေသင့်ရာအတိုင်း လှုပ်ရှားကာ ဖွင့်ချည်ပိတ်ချည်ဖြင့် တဒိုင်းဒိုင်းမြည်နေသည်။ မိုးသံလေသံကြားမှာ ခင်ဇော့်သီချင်းသံက ငိုးတဝါး ပေါ်ထွက်နေသည်။

'ဟေ့ ဘဝကိုအရှုံးပေးတာတွေ မကြားချင်ဘူးကွာ၊ ပျော်ပျော်သာနေကိုယ့်လူရေ ဆိုတာမျိုးတွေ လုပ်စမ်းပါ'

အောင်နိုင်က အော်လိုက်သည်။ သောင်းထိုက်သည် တိမ်ကြားတွင်ပျောက်သွားသော ကြယ်ပွင့်များကိုလိုက်ရှာရင်း သူ့ဘဝကို သူ ပြန်တွေးနေမိသည်။ သူ့ဘဝအကြောင်းကို သူ စေ့စေ့ပြန်မတွေးခဲ့သည်မှာ ကြာပြီ။ သူ့အမေ အဖေသည် ဘယ်သူမှန်း သူမသိ။ ဘယ်အရပ်ကလည်း မသိ။ သိရန်လည်း သူ မကြိုးစားတော့။ သိ၍လည်း အကြောင်းထူးမည် မဟုတ်ပေ။ သူ့မိဘများသည် ယခုဆိုလျှင် အရိုးပင်ဆွေးလောက်ပေပြီ။ တစ်ချိန်ကတော့ သူ့အမေသည် သူ့ကို ရင်ခွင်ပိုက်ကာ မကျွေးနိုင် မမွေးနိုင်တော့ပြီဖြစ်၍ မွေးလိုသူရှိက ယူနိုင်ပါကြောင်း လမ်းဆုံလမ်းခွတွင် ကြေညာခဲ့သည်တဲ့။ သည်တော့ လူတွေက ကလေးချစ်တတ်သော လူပျိုကြီးကို သတိရကာ သတင်းလာပေးသည်။ မွေးစားအဖေက ငွေငါးဆယ်ပေးပြီး ယူထားလိုက်သည်။

သူ့ဘဝသည် ငွေငါးဆယ်နှင့် စခဲ့ရသည်တကား။

ယခုတော့ သူသည် ငွေငါးဆယ်ကို တစ်နေ့တည်းသုံးပစ်သောအခါလည်း ရှိတတ်သည်။ ငွေငါးဆယ်နှင့် ကတောက်ကဆ ခိုက်ရန်ဖေါ်သ

ဖြစ်ရသည့်အခါလည်း ရှိသည်။ ငွေငါးဆယ်မျှကို စိတ်ပင်ပန်း လူပင်ပန်း ရှာဖွေရသည့်အခါလည်း ရှိသည်။ သို့သော် သူ့ဘဝကတော့ ငွေငါးဆ ထက်မကော တန်လောက်ပြီဟု တွေးမိလေသည်။

'ဖြစ်သမျှအကြောင်းတွေ ရင်နာမိလည်း မထူးခြားတော့ပြီပဲ'

သောင်းထိုက်သည် အတွေးတစ်ဝက်ဖြင့် ခင်ဇော်နှင့်အတူ သီချ လိုက်ညည်းနေမိလေသည်။

'ဟေ့ ဂုဏ် ဂုဏ် ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်၊ ငွေကိုသာ ပေ သုံးရင် တစ်ပြည်လုံးမှာ လုပ်သမျှတော်တယ်၊ ယောက္ခမကြီးက မျက်နှာချိုတ ယောက်ဖကြီးက မျက်နှာချိုတယ်'

အောင်နိုင်သည် သူတို့နှစ်ယောက်ကို တော်လှန်သည့်အနေ ပုဆိုးစတစ်ဖက်ဆွဲကာ ထဆိုလိုက်လေသည်။

'တကတည်းကွာ၊ စိတ်ညစ်နေရတဲ့အထဲ မင်းတို့တွေ ဗီလင်မိုး နေတာ သောက်မြင်ကတ်လို့'

အောင်နိုင်က ပြောလိုက်သည်။

'ဒါပေမယ့် မင်း သီချင်းကြီးက သိပ်ခေတ်နောက်ကျတယ်ကွာ'

ကျော်မောင်က ဝင်ပြောသည်။ ကျော်မောင်သည် သူ့ဒီနေ့ ကားဆွဲ၍ ရသည့် ငွေများကို ရေတွက်လျက် ရှိသည်။

'ဘာပြောတယ်၊ ခေတ်နောက်ကျတယ် ဟုတ်လား၊ ဟား ဟား ဟေ့ကောင် ကျော်မောင်၊ မင်း အခု ဘာလုပ်နေလဲ ပြောစမ်း၊ မင်း အခု ဘာလုပ်နေလဲ'

တကယ်တော့ အောင်နိုင်သည် တွေလျက်ရှိပြီ၊ တောတောကာပင် ရမ်တစ်လုံးကို သူတို့လေးယောက် ဖြုန်းခဲ့ပြီ မဟုတ်လား။ သူတို့ဝေဟာ တွင် သောင်းထိုက်ရောက်လာသည့်အတွက် ဂုဏ်ပြုခြင်း အထိမ်းအမှတ်တဲ့

ကျော်မောင်သည် ငွေစက္ကူများကို ရေတွက်ရင်း မှေ့သွားသဖြင့် အစက ပြန်ရေနေရသည်။

'ခိုးတဲ့မှု၊ အရမ်း အော်ရသလားကွ၊ ဒီမှာ မှားကုန်ပြီ'

'မဟုတ်ပါဘူး၊ မင်း အခု ဘာလုပ်နေလဲလို့ မေးနေတာ၊ ခဏလေး ရပ်ပြီး ပြောစမ်းပါ သူငယ်ချင်းရာ'

အောင်နိုင်က လျှာလေးလေးဖြင့် တောင်းပန်ပြန်သည်။ ကျော်မောင် စိတ်မရှည်တော့။

'ဗိုက်ဆံရေနေတာပေါ့၊ ပိုက်ဆံ ရေနေတာကွ'

အောင်နိုင်က ဟန်ပါပါဖြင့် လက်ဖျစ်တီးလိုက်သည်။

'ဟုတ်ပြီ၊ အဲဒါကြောင့် ပြောတာပေါ့၊ မင်း ဒီနေ့ ကားသွားဆွဲတယ်၊ အုံနာခ မပြည့်ပြည့်အောင် ဆွဲရမယ်၊ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး ရအောင် ဆွဲရမယ်၊ ထမင်းစားဖို့ရအောင် ဆွဲရမယ်၊ အခု မင်းလက်ထဲမှာ ငွေဘယ်လောက်ကျန်လဲ၊ ဖွီ ငွေစက္ကူတွေ၊ မင်းပြောတဲ့ ပိုက်ဆံတွေ ဘယ်လောက်ကျန်လဲ၊ မင်း ရေနေတယ်၊ အထပ်ထပ်အခါခါ ရေနေတယ်၊ အဲဒါက ဘာကြောင့်လဲ၊ ဟော့ ကောင် ဒီမှာ'

အောင်နိုင်သည် ပုဆိုးစတစ်ဖက်ကိုဆွဲကာ သံကုန်ဟစ်ပြန်လေသည်။

'ဟေ့ ဂုဏ် ဂုဏ် ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်၊ ငွေကိုသာရေလို သုံးရင် တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ်၊ ယောက္ခမကြီးက မျက်နှာချို ကယ်၊ ယောက်ဖကြီးက မျက်နှာချိုတယ်'

ကျော်မောင်သည်လည်း စိတ်ပေါက်ပေါက်ဖြင့် သူ့ပိုက်ဆံများကို ဇိပ်ရာပေါ် ဖြန့်ကြဲပစ်ကာ အောင်နိုင်နှင့်အတူ သီချင်းလိုက်ဆိုလေတော့ သည်၊ နောက်တော့ သူတို့လေးယောက်လုံး သံပြိုင်ထအော်ကြလေသည်။

'ဟော့ ငွေကိုသာ ရေလိုသုံးရင် တစ်ပြည်လုံးမှာ လုပ်သမှုတင့်တယ် ယောက္ခမကြီးက မျက်နှာချိုတယ်၊ ယောက်ဖကြီးက'

'ဒို့ မင်း ယောက်ဖကြီး အသာထားစမ်းပါ၊ ယောက္ခမကြီးက မျက်နှာချိုတယ်၊ ဟော့ ယောက္ခမကြီးက မျက်နှာချိုတယ်၊ ဒို့ ယောက္ခမကြီးက မျက်နှာချိုတယ်'

အပြင်တွင် မိုးတိတ်သွားပေပြီ၊

ကြယ်ပွင့်လေးများ တလက်လက် ပြန်ထွက်လာကြလေသည်၊

❖ ❖ ❖

'သောင်းထိုက် မင်း ဒီဘက်ခြမ်းမှာ နေရစ်တော့၊ ငါ ဟိုဘက်အထိ လိုက်မယ်'

အောင်နိုင်က သောင်းထိုက်ကို ဖွင့်၍ ပြောလေသည်၊ အောင်နိုင့် အခြေအနေကလည်း သောင်းထိုက်တို့လို သာမန်သယ်ပို့အဆင့်လောက် မကပြီ၊ သူက ဘေးမှလိုက်နေသော်လည်း ပစ္စည်းကို သူ မကိုင်တော့ တာဝန်ခံသက်သက် ဖြစ်နေပြီ။ သောင်းထိုက်ကတော့ အခကြေးငွေယူပြီး သယ်ပေးနေရသည့် အဆင့်ကိုပင် ကျေနပ်သည်။ ငွေများများကိုင်ရသော အောင်နိုင့် အနေအထားမျိုးကို သူ ကြောက်သည်။

'လောဘ မတက်ပါနဲ့ကွာ၊ ဟိုဘက်က အန္တရာယ်များတယ်'

'အာပဲဖြစ်ဖြစ်ကွာ၊ တစ်ခေါက်လောက် လိုက်ကြည့်ချင်တယ်၊ ဆန်နီ တို့ကလည်း ခေါ်နေတယ်၊ နောက်ဆိုရင် ငါ ရန်ကုန်မှာပဲ နေမှာပါ၊ မင်း ခဏပဲ တာဝန်ယူပေး'

'ငါ ငွေ မကိုင်ချင်ဘူးကွာ၊ ကြောက်တယ်'

သောင်းထိုက်က ပြောပြီးမှ သူက မကျေညီချင်သည့်သဘောများ ဖြစ်နေလေမလားဟု ထိုးရိပ်လိုက်မိသည်၊ တကယ်တော့ တာဝန်ကြီးလွန်း၍ ငြင်းခြင်း ဖြစ်သည်၊ သူတို့လုပ်ငန်းမှာက မြစ်ကြီးကနေ မြစ်ငယ် ချောင်းငယ်များ ဖြာထွက်လာသလို အဆင့်ဆင့် တာဝန်ယူကြရသည်၊

ဦးခင်မောင်သောင်းတို့လို အရင်းအနှီးကြီးသော ကုန်သည်များ အောက်မှာ အောင်နိုင်တို့လို တာဝန်ခံသယ်ပို့သူတွေ ရှိသည်။ ပစ္စည်းကို ဟိုဘက်ရောက်အောင် တာဝန်ယူသည်၊ ငွေကို ဒီဘက်ပြန်ရောက်လာအောင် တာဝန်ယူသည်။ သည်ကြားထဲမှာ ငွေကို အလကား သယ်မလာတော့။ ပစ္စည်းပြန်ဝယ်လာသည်။ တာဝန်ယူ သယ်ပေးခလည်း ရသည်၊ ပစ္စည်းမှ အမြတ်ငွေလည်း ရသည်။ အဝယ်ဒိုင်တွေနှင့် ဆက်ထားသည်၊ သူတို့အောက်မှာ သောင်းထိုက်တို့လို သယ်ပို့သမားသက်သက် ရှိသည်။ ဒိုင်တွေက အတွက်ကျ ရှင်းပေးသည်၊

မြရင်စိန်တို့လို ဈေးသည်လေးတွေကတော့ နောက်ဆုံး လက်လီရောင်းရသည့်အဆင့်၊ ထမင်းစားလောက်ရုံ၊ အဆင့်ဆင့်စီးဆင်းလာသော မြစ်ရေကို အနည်စစ်၍ သောက်ကြရသူတွေ၊

သောင်းထိုက်ကတော့ သူ့အနေအထားမျှနှင့်ပင် ကျေနပ်ရောင့်ရဲနေပြီ၊ ဖားတုပြီ ခရုခုန်၍ မဖြစ်သေးပေ၊ အောင်နိုင်ကတော့ သည်လောကမှာ ကျင်လည်နေပြီမို့ တား၍ မရတော့ပေ၊ သူတို့သည် အမှတ်မထင် ဝင်ရောက်မိသော ယန္တရားကြီးမှာ ကိုယ်ရှိန်သတ်၍ မရအောင် ဖြစ်နေကြလေပြီ၊

တစ်နေ့လျှင် ကြီးပွားလိမ့်နိုး၊ တစ်နေ့မှာ ချမ်းသာလိမ့်နိုး၊ တစ်ခါမှဖြင့် တစ်သက်စာ ဖုလုံလိမ့်နိုးဖြင့် မျှော်လင့်ချက်ကြီးစွာ တိုးဝင်နေကြသည်။ တကယ်တော့ အချိန်တွေကြာညောင်းလာသည်အထိ သူတို့အခြေအနေကား

မပြောင်းလဲ၊ သို့သော် သူတို့သည် အဆက်မပြတ်လည်ပတ်နေသော ဘူ ရဟတ်လို အရှိန်သတ်၍ မရတော့ပေ။ အန္တရာယ်သည် လက်တစ်ကမ်းမှာပင် ရှိသည်ကိုလည်း ဂရုမထားနိုင်တော့ပေ။ ဘာကြောင့် သူတို့ဤသို့ ဖြစ်နေရသည်ကိုလည်း မစဉ်းစားတတ်တော့ပေ။

သောင်းထိုက်ကတော့ တွေးမိသည့်အခါတိုင်း စိုးရွံ့ထိတ်လန့်တတ်သည်။ သို့သော် သူသည်လည်း အခါကောင်းတစ်ခုကို မခရမရာ မျှော်လင့်နေမိလေသည်။

'တော်ပါကွာ၊ ငါ ရန်ကုန် မပြန်ချင်သေးလို့'

အောင်နိုင်က တောင်းတောင်းပန်ပန်ပြောတော့ သောင်းထိုက် မငြင်းသာ။ အောင်နိုင်က ပစ္စည်းတစ်ခုကို တောင်ပေါ်ထိ ကိုယ်တိုင်သွားရောင်းဖို့ ကြံနေသည်။ အောင်နိုင်တို့တော့ ကြိုးတန်းပေါ်မှာ ခြေတစ်ဖက်မြှောက်ပြီး ကြိုးစားပြန်လေပြီ။

သည်နောက်တော့ သောင်းထိုက်သည် အောင်နိုင့်နေရာမှာ ဝင်ရလေသည်။ ငွေကို ခပ်မြက်မြက်ကလေး ကိုင်သုံးရတော့လည်း ပုထုဇဉ်သား ပီပီ တွယ်တာမက်မောမိသည်။ သူ့မှာ မျှော်လင့်ချက်ကလည်း ရှိသေးသည်။ ငွေအသင့်အတင့် ပိုက်မိလျှင် သည်လောကမှ ထွက်ပြီး အေးအေးဆေးဆေး သာမန် စျေးဆိုင်လေးတစ်ဆိုင်ဖွင့်ကာ မြရင်စိန်နှင့် အတူနေမည်။ မြရင်စိန်က ရောင်းတတ် ဝယ်တတ်သည်၊ သူကလည်း ရှေ့ဦးဆောင်မည်ဆိုလျှင် သူတို့ဘဝကို စိတ်အေးချမ်းသာ ထူထောင်နိုင်မည်သာ။

အောင်နိုင်က တစ်လလောက်စမ်းကြည့်မည်ဟု သူ့ကို ကတိပေးသွားလေသည်။ သောင်းထိုက်တစ်ယောက်တည်း ကျန်အပေါင်းအသင်းများနှင့် ရန်ကုန်နှင့် မော်လမြိုင်ကို ကူးနေရသည်။ သောင်းထိုက်က အခေါက်တိုင်း

လိုက်ဖို့ မလိုတော့၊ ရန်ကုန်မှာပင် ပစ္စည်းစောင့်ပြီး ရောင်းရဝယ်ရသည်။ ရောင်းရငွေမှ အချိုးကျနုတ်ပြီး ဦးခင်မောင်သောင်းတို့ကို စာရင်းရှင်းပေးရသည်။

တစ်ခါတစ်ရံတော့လည်း မော်လမြိုင်ကို ကိုယ်တိုင်လိုက်သွားရတတ်သည်။ သောင်းထိုက်နှင့် အောင်နိုင် ချိတ်မိသည့်အခါလည်း ရှိသည်။ လွဲသည့်အခါလည်း လွဲသည်။ သို့သော် သူတို့ ဆက်သွယ်ရာနေရာမှာ ပစ္စည်းအသင့်ရောက်နေလျှင် အလုပ်ဖြစ်သည်သာ။ အဆင်ပြေနေခိုက်မှာတော့ သောင်းထိုက်၏ စိုးရိမ်ပူပန်မှုနှင့် ကန့်သတ်မှု အတိုင်းအတာသည် လျော့ရဲသွားလေသည်။

သည်ကြားထဲ အောင်နိုင်နှင့်သူ လမ်းမတန်းဈေးမှာ တစ်ခါဆုံသည်။ သနေ့တော့ သူတို့ထိုင်သည့်နေရာသည် လက်ဖက်ရည်ဆိုင် မဟုတ်တော့။ အရက်ဆိုင်။

'မင်း ရန်ကုန် ပြန်မလိုက်သေးဘူးလား'

သောင်းထိုက်က မေးသည်။

'ငါ လိုက်လို့မဖြစ်သေးဘူး'

အောင်နိုင်က ထိုမျှသာ ဖြေ၏။

'ကြည့်လဲလုပ်ကွာ'

'စိတ်ချပါ၊ မင်း တစ်ယောက်တည်း ဖြစ်တယ်မဟုတ်လား'

သူတို့ အတန်ကြာ တိတ်ဆိတ်နေသည်။

'ဦးခင်မောင်သောင်းက ဘာပြောသေးလဲ'

အောင်နိုင်က မေးလေသည်။

'ခုတလော သူနဲ့ သိပ်မတွေ့ဘူး၊ မင်း ကောင်မလေးနဲ့ပဲ တွေ့ရတာများတာပဲ'

'ကောင်မလေးက ဘာပြောလဲ'

အောင်နိုင်က မေးပြန်သည်။ သောင်းထိုက်က ခေါင်းခါသည်။

'ငါလဲ အချိန်ရတာမှ မဟုတ်တာကွာ၊ ပြောစရာရှိတာပြော၊ ပေးစရာ ရှိတာပေးပြီး ပြန်လာတာပဲ၊ ခြော် တစ်ခုတော့ပြောတယ်'

'ဘာပြောလဲ'

အောင်နိုင်က အားတက်သရောမေးသည်။ သောင်းထိုက်က စကား အဆင်ပြေအောင် စဉ်းစားနေသေးသည်။ ကောင်မလေးပြောသည့်အတိုင်း အောင်နိုင့်ကို ပြော၍မဖြစ်။ ကောင်မလေးပြောတာက အောင်နိုင်၏ အစ်ကိုနှင့် စာရင်း မရှင်းနိုင်၍ ရှောင်နေသလိုလို၊

'မင်း ဘယ်တော့ ပြန်လာမလဲတဲ့'

အောင်နိုင့်မျက်နှာ အနည်းငယ် ကြည်သွားသည်၊

'ဒီတစ်ခေါက်ပဲကွာ၊ ငါ ဒီတစ်ခေါက်ပဲ၊ ဒါပြီးရင် ရန်ကုန် ပြန်မှာ ဦးမယ်ကွာ၊ မင်းတို့ပဲ ဆက်လုပ်ကြပေါ့'

သူတို့ ပြန်ထွက်လာကြသည်။ သောင်းထိုက်သည် မပြောဘဲ နေသည့်ကြားကပင် အောင်နိုင့်ကို မေးမိသေးသည်။

'ဒီမှာ အောင်နိုင်၊ မင်း ငါ့ကိုပြောစမ်း၊ ဒီကောင်မလေးနဲ့ပတ်သက်လို့ မင်း ခံနေရတာယ်မဟုတ်လား၊ ဒါကြောင့် ဟိုဘက်ကူးသွားတာလဲ ပါတယ် ပေါ့'

အောင်နိုင်က ဟက်ခနဲ တစ်ချက် ရယ်လိုက်သည်။

'အေး ဟုတ်တယ်၊ ဒါပေမယ့် ဘာမှမရှိတော့ပါကွာ၊ ဒီမှာကြည့် ငါ့ လက်ထဲမှာ မွှော်မှန်းသလောက် ရငြီဆိုရင်ပေါ့'

အောင်နိုင်က လက်ညှိုးနှင့် လက်မကို ပွတ်ပြလိုက်သေးသည်။

'ဒီကောင်မလေး မနေနိုင်ပါဘူးကွ၊ ငါ့ဆီရောက်လာမှာပါ၊ ဒီမှာ သောင်းထိုက်ရဲ့၊ ဟိုလေ ဘာတဲ့၊ ယောက်ဖကြီးက မျက်နှာချိုတယ်၊ အဲ ဒဲ အဲဒါမျိုး'

အောင်နိုင်သည် သောင်းထိုက် ပနံကိုဖက်ကာ အနည်းငယ်ယိုင်ထိုး၍ လိုက်လာလေသည်။ လမ်းတန်းဈေးမှာ အကျီစ ဖောက်သည်လာဝယ်သော ဈေးသည်ကောင်မလေးတွေက သူတို့ကို ကွေ့ရှောင်သွားကြလေသည်။

❖ ❖ ❖

မိုးစိုပ်မိုးငွေ့တို့ ယှက်သမ်း၍ နေ၏၊ အင်နှင်အားနှင့် ရွာချလိုက်တော့မည့်ပုံသည် အထင်းသား ပေါ်နေလေသည်။ ကျီးတိုးကျဲတဲ မိုးထားသော ဆိုင်အမိုးပေါ်မှ သက်ငယ်စလေးများသည် လေအဟုန်ဖြင့် တဖျပ်ဖျပ်ခါနေ ကြလေသည်။

'မိုးရွာတော့မယ်၊ မိုးရွာတော့မယ်'

မည်သူ့ကိုမျှ မရည်ရွယ်ဘဲ မြရင်စိန် နှုတ်က ပြောနေလေသည်။ ဟင်းရည်အိုးကို ယောက်ချိုခွန်းကြီးဖြင့် ခပ်နာနာမွှေလိုက်သည်။ မီးအား မကောင်းသဖြင့် ဟင်းရည်က အေးနေပြီ၊ အောက်ခြေမှာ အနည်ကပ်တော့ မည်။ မြရင်စိန်က သူ့တူအငယ်လေး သံချောင်းကို လှမ်းကြည့်လိုက်သည်။ သံချောင်းသည် မြရင်စိန်၏အကြည့်ကို နားလည်ဟန်ဖြင့် ဝါးစ သစ်သားစ များကို မီးဖိုထဲသို့ ထည့်ပေးနေလေသည်။

ဈေးရောင်းရသည့် ငွေအကြွေလေးများကို ရေတွက်ရသည်မှာ အထည်ရောင်းရသည်ထက်ပင် စိတ်မရှည်စရာကောင်းလှသည်ဟု မြရင်စိန်

ထင်မိသည်။ ဆီဈေးကကျသော်လည်း ငါးဈေးက မကျ။ တစ်နေ့ကိုင် ထိုင်ရောင်းပါမှ ကိုယ့်အတွက် တစ်ဆယ်လောက် ကျန်သည်။ ဆိုင်သိမ်း လျှင် ဈေးတိုပြေးရသည်။ နောက်နေ့အတွက် ချက်ရ ပြုတ်ရသည်။ မြရင်ကြည် ကတော့ တုံးကျိုဘာဝေ။ အမေ သေပြီးကာမှ မြရင်ကြည် ပို၍ နွေးကွေး လေးလံနေသည်။ မြရင်စိန်က နိုင်းမှ လုပ်ပေးတတ်သည်။

ကိုအောင်စိန် ပြန်လာတော့လည်း သူ့ဆီမှာ ငါးကျပ်တစ်ဆယ် အနိုင်နိုင်ပါလာတတ်သည်။ တစ်ခါတစ်ရံ တစ်ပြားမှ ပါမလာပေ။ ကိုအောင်စိန်က သားအကြီးသံလုံးကို ဗိုလ်ချုပ်ဈေးရှေ့မှာ နေရာချပေးထားသည်။ ဦးကရက် ရောင်းမည်။ ကားငှားလိုသူကို ကားခေါ်ပေးမည်။ ဝန်ပြု ချရောင်းသောဈေးသည်တွေကို ကူညီသည်။ ဈေးသည်အချင်းချင်း ပစ္စည်း အပေးအယူ လုပ်လိုလျှင် ဖင်ပေါ့ပေါ့နှင့် ပြေးလွှားယူပေးသည်။ သူ့ သုံးယောက်ဝင်ငွေ ပေါင်းလိုက်မှ စားလောက်ရုံသာ။

ဆိုင်သိမ်းပြီးသော် မြရင်စိန် မောနေပြီ။ မြရင်ကြည်သည် ငါးပြု ဖိုးကို မီးထိုးရင်း ကြက်သွန်များ နွှင်လျက်ရှိသည်။ သူ့မျက်လုံးများသည် တိုမှသည် ဓွေလျှားကာ ဂနာမငြိမ်လှပေ။ မြရင်ကြည်ကို ကြည့်ရသည်မှာ တစ်ခုခုဖြစ်နေသလို မြရင်စိန် စိတ်က ထင်မိသည်။

'ထင်လို့ပဲ ဖြစ်မှာပါလေ'ဟု အောက်မေ့မိပြီး အလုပ်များနေသည့် အခါ မြရင်ကြည်ကို မေ့သွားပြန်သည်။ ယခုလည်း မြရင်ကြည်သည် ကြက်သွန်နွှင်ရင်းမှ တစ်စုံတစ်ရာကိုတွေးတောရင်း ငေးမောနေလေသည်။

မြရင်ကြည်သည် ငယ်စဉ်က အတော်လေး လှခဲ့သည့် မိန်းကလေး တစ်ဦး ဖြစ်သည်။ အညာသူဆိုသော်လည်း မြရင်ကြည်က အသားမမည်း ဝါညို။ မြရင်ကြည် မျက်လုံးများက မြရင်စိန်ထက် လှသည်။ မြရင်ကြည် သည် ကျောင်းစာကိုလည်း အတန်အသင့် သင်ခဲ့ရသည်။ ရပ်ရွာမှာလည်း

ပိုးသုပန်းသုပေါ်၌ စန်းပွင့်ခဲ့သည်။ သို့သော် မြရင်ကြည်သည် သူ့ထက် အသက်ပိုကြီးပြီး ရုပ်ဆိုးသော ကိုအောင်စိန်ကို ယူခဲ့ရလေသည်၊ ထိုအချိန်မှ စ၍ မြရင်ကြည်သည် စကားနည်းကာ ပြောပြန်လျှင်လည်း အဆီအငေါ် မတည့်သော စကားတွေသာ ထွက်လာတတ်လေသည်။ မြရင်ကြည်သည် အမေ့ကို အလွန်ချစ်ခဲ့၏၊ ထို့ကြောင့်လည်း အမေ့စကားကို သူ နားထောင်ခဲ့ခြင်း ဖြစ်သည်။ သူ့တွင် ချစ်သူရည်းစား ရှိကောင်း ရှိခဲ့ပေမည်။ ယခု အမေ သေသွားပြီ။ သူ့ဘဝသည်လည်း ယခင်ကလိုပင် ဆင်းရဲတွင်းထဲ ပြန်ရောက်သွားပြန်လေသည်၊ ညီမ မြရင်စိန့် လုပ်ကျွေးသမျှကို သူထိုင်စား နေရသည်၊ မြရင်ကြည်၏ မျက်လုံးများသည် အစဉ်လို ထိတ်လန့်အားငယ် နေဟန် ပေါ်နေလေသည်။

'မြရင်ကြည်၊ အစ်မ'

မြရင်စိန်က သူ့အစ်မကို ခေါ်နေကျအတိုင်း စိတ်ကူးရသလို ခေါ်လိုက်သည်၊ မြရင်ကြည်သည် ကြက်သွန်လှီးသည့် ဓားကို ဖြုန်းခနဲ ပစ်ချပြီး မြရင်စိန်ကို အထိတ်တလန့် မော်ကြည့်သည်၊

'နင် ခုဘာလောဘာဖြစ်လဲ၊ နင့်ကြည့်ရတာ ဒေးတီဒေးမော ကြောင်တိ ကြောင်တောင်နဲ့'

မြရင်ကြည်သည် မြရင်စိန်ကို ငိုင်ကြည့်နေလေသည်။ အတန်ကြာမှ သူ့မျက်လုံးရွဲကြီးများအတွင်းမှ မျက်ရည်များ စီးကျလာသည်၊

'ဟော် ဘာဖြစ်သလဲ၊ မေးကာမှပဲ၊ နင့်ဟာကလဲ အထိတ်တလန့် ပြောစမ်းပါဦးဟယ်'

မြရင်ကြည် ခေါင်းငုံ့၍ မျက်ရည်ကို ထဘီစဖြင့် သုတ်လိုက်သည်။

'ငါလေ၊ ငါ ကလေး မလိုချင်တော့ဘူး မြရင်စိန်'

ရုတ်တရက်တော့ မြရင်စိန် နားမလည်ပေ။

'ဟော ဘဲဒါဘာဖြစ်လဲ'

မြရင်ကြည်က မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်ပြနေသည်။

'အခု ငါ့မှာ ကလေး ရှိနေပြီ'

မြရင်စိန် စိတ်တော့ပျက်သွားမိသည်။ သို့သော် မျက်နှာထား ချက်ချင်း မြန်မြန်ပြင်လိုက်သည်။

'ဘာတတ်နိုင်မလဲဟယ်၊ မွေးပေါ့ ဆင်းရဲတဲ့လူဟာ ကလေးများမှ မွေးတယ်တဲ့၊ နင် မကြားဖူးဘူးလား။ နောက်တော့လည်း အလုပ်အကိုင် အဆင်ပြေချင်ပြေလာမှာပါ၊ နင်ကလည်း ဘာဖြစ်ဖြစ် အားတက်သရော လုပ်စမ်းပါ၊ နင့်မှာ ကလေးတွေ ပိုများလာလေလေ ပိုအလုပ်လုပ်ရလေလေ ပေါ့ဟဲ့၊ တစ်နေ့ကျတော့လည်း ကိုယ့်သားသမီးတွေကို ပြန်အားကိုးရမှာ ပေါ့၊ နင် တက်တက်ကြွကြွ လုပ်စမ်းပါဟယ်၊ ခုလို မနေပါနဲ့၊ ငါတို့မှာ ညီအစ်မနှစ်ယောက်ပဲ ရှိတာ၊ အားတင်းစမ်းပါ'

မြရင်ကြည် ငိုပြန်သည်။

'နင်သာ ကောင်းကောင်းမွန်မွန် ရောင်းတတ် ဝယ်တတ်ရင် ဘာမှ ပူစရာမလိုဘူး၊ ငါ ဒီပြင်အလုပ် ထွက်လုပ်လို့ရတယ်၊ ငါလည်း တစ်နေရာ တည်းမှာ ထိုင်မနေချင်တော့ဘူး၊ တစ်ခုခုထွက်လုပ်ချင်တယ်၊ မော်လမြိုင် လိုက်ရကောင်းမလား၊ စဉ်းစားနေတာ၊ နင့် စိတ်မချတာနဲ့'

မြရင်ကြည်သည် သူ့ဘာသာ အငိုတိတ်သွား၏။ ငါးအိုးကိုချပြီး အအေးခံသည်။ အချိုးနှင်ဖို့ပြင်သည်။ သူ့အလုပ်တွေကို တစ်ခုပြီးတစ်ခု ဆက်လုပ်သည်။ ပြီးမှ မြရင်စိန်ဘက်ကို လှည့်ပြီး ပြောလိုက်သည်။

'ဟုတ်တယ် မြရင်စိန်၊ ငါ ဒီနေ့ကနေစပြီး ဆိုင်ထွက်မယ်၊ ငါ အလုပ် လုပ်တော့မယ်၊ နင်လဲ လုပ်ချင်တာ စိတ်ချလက်ချလုပ်တော့'

မြရင်စိန်သည် ရှိုးအလှသော သူ့အစ်မကိုကြည့်ကာ မျက်ရည်များ ဝဲသွားလေသည်။

ထိုနေ့မှစ၍ မြရင်ကြည် ဆိုင်ထွက်သည်။ မြရင်စိန်သည် မုန့်ဟင်းခါး ဆိုင်အတွက် အစစအရာရာ ပြင်ဆင်ပေးပြီး မြရင်ကြည်နှင့် သံချောင်းကို အဖော်ထားခဲ့ကာ သူက အပြင်ထွက်သည်။ စိန်ဂျွန်းဈေးမှ သူ့နေရာဟောင်း လေးကို ပြန်ကြည့်ပြီး ဈေးပြန်ရောင်းဖို့ ကြံသေးသည်။ သို့သော် သူ့ဆိုင် ဘေးမှ လူများမှာ ယခင်ကလိုပင် နေထွက်က နေဝင်ထိ တငုတ်တုတ်တုတ် ထိုင်နေသည်ကို မြင်ရသောအခါ သူ့အကြံကို လက်လျှော့လိုက်တော့ သည်။ ဗိုလ်ကျော်တို့ဘက်မှာလည်း အရောင်းအဝယ်ပါးလျက် ရှိသည်။ ဗိုလ်ကျော်သည် ချုံးကျသွားသော မြရင်စိန်ကိုကြည့်ကာ အံ့အားသင့်လျက် ရှိသည်။

'မြရင်စိန်၊ နင် အခု ဘာလုပ်နေလဲ၊ နင် ယောက်ျားရသွားပြီလား၊ ဈေးပြန်ရောင်းမလို့လား၊ ဟုတ်လား'

'မဟုတ်ပါဘူးဟယ်၊ မုန့်ဟင်းခါး ရောင်းနေတာ၊ အဆင်မပြေလို့ ဘာလုပ်ရကောင်းမလဲ စဉ်းစားနေတာ'

'နင်နဲ့ သောင်းထိုက်နဲ့၊ အဲ နင် သောင်းထိုက်နဲ့ မတွေ့ဘူးလား၊ သူ အခု ဟန်ကျနေတာပဲ၊ ငါတောင် လိုတာတွေ သူ့ကို မှာမှာ နေရသေး တယ်'

မြရင်စိန်က ပြုံးလိုက်သည်။

'တွေ့သားပဲ'

'တွေ့သားပဲ ဟုတ်လား။ ငါ့ကို မညာပါနဲ့၊ ဒီမှာ ငါပြောမယ်၊ ငါ နင့်ကို တကယ်ခင်လို့ပြောတာပါ၊ နင်လေ သောင်းထိုက်ကို ယူလိုက်ပါ လားဟာ၊ ဒါဆို နင် အဆင်ပြေသွားမှာပဲ၊ သူလဲ နင့်ကို'

'တော်ပါ ဗိုလ်ကျော်ရယ်၊ နင် ဘာတွေပြောနေတာလဲ၊ ငါ့မှာ
ယူချင် ယူမှာပေါ့ နင် အနေသာချည်း'

'ငါက အကောင်းပြောတာပါဟာ'

မြရင်စိန် ဈေးမှ ပြန်ထွက်ခဲ့သည်။

ဗိုလ်ကျော်က ကက်ဆက်ခလုတ်ကို မြန်မြန်ပြေးနှိပ်သည်။ 'နှ
ချစ်လိုက်ရတာ'ဟူသော သီချင်းသံလေးက မြရင်စိန်နောက်ကို အမီလိုက်
လာလေသည်။

❖ ❖ ❖

သည်တစ်ပတ်တော့ သောင်းထိုက် နည်းနည်း အတင့်ရဲသည်။

အခြေအနေ အရပ်ရပ်သည် သူ့ကို အားပေးအားမြှောက်ပြုလုပ်
ရှိသည်။ သူ အောင်နိုင်နှင့် မတွေ့သည်မှာ နှစ်ပတ် ရှိပြီ။ ဟိုအကော်မှ
ဈေးကောင်း မရ၍ ကြာနေသည်လား၊ ပစ္စည်းကောင်း မရ၍ ကြာနေ
သည်လား မသိ။ သောင်းထိုက်ကတော့ မော်လမြိုင်မှလွန်၍ ဘယ်ကို
မကူးဖူးသေး။ မုဒုံ၊ ကျိုက်မရောတို့ကိုသာ ခဏသွားလည်ဖူးသည်။ အလု
ကိစ္စနှင့် ပတ်သက်၍မူ မော်လမြိုင်မှ လှည့်ပြန်သည်က များသည်။ ယ
တစ်ပတ်တော့ အောင်နိုင့်ကိုကြိုရင်း ကော့ဘိန်းအထိဖြစ်ဖြစ် ကျုံဒိုးအထိ
ဖြစ်ဖြစ် လိုက်သွားဖို့ စိတ်ကူးသည်။

ပြီးတော့ သည်တစ်ပတ် သူ့ဆီမှာ အစိမ်းနည်းနည်းပါသည်။ ဟိုအထိ
ကူးလျှင် ဈေးပိုရနိုင်သည် မဟုတ်လား။ တောင်ပေါ် အထိတက်ဖို့တော့
စိတ်မကူးဝံ့သေးပေ။ သူက မျက်နှာစိမ်း၊ ဟိုအကိုကြီးရောက်လျှင် ပြဿနာ
ပေါ်မည်။ ဘာပဲဖြစ်ဖြစ် ကျုံဒိုးအထိတော့ သူ စွန့်၍ လိုက်သွားလေသည်
အပေါင်းအသင်းတွေကို မြန်လွှတ်ပြီး သူ လောဘဇောတိုက်၍ ခွန်၍ထွက်

လာခြင်းဖြစ်သည်။ တစ်ယောက်တည်းလာမိသည်က သူ့အမှား။ သည်မှာ
ကုလားပုတို့ ညစ်တာကို သူ ခံရသည်။

သူ ကျောက်သည် အကောင်းစား မဟုတ်သော်လည်း အညံ့စား မဟုတ်။ ပိုတက်ကင်းရောက်၍ လက်လွှဲကာနီးကျမှ သူ့ပစ္စည်းကို ထုတ်သည်။ ရန်ကုန်မှာကတည်းက အတူလာကြပါလျက် ကုလားပုတို့က မျက်ကွယ်ပြုသည်။ တစ်ဖက်က ဈေးနှိမ်ရာမှာ သူတို့က မျက်နှာလွှဲနေသည်။ သောင်းထိုက် ခံလိုက်ရသည်။ ရှုံစေတော့။ အောင်နိုင်ဆိုသည့် ကောင်ကလည်း မရှိ။ တောင်ပေါ် တက်သွားသည့် သတင်းလည်း မကြားရ။ ဆင်းလာသည့် သတင်းလည်း မကြားရ။ အမေ့ထဲ သည်ကောင်က ပျောက်နေသည်။ နောက်တော့ အသက်ပါ အန္တရာယ်ပြုလာမည်စိုး၍ လှည့်ပြန်ခဲ့သည်။ သည်နယ်မှာ အကြောင်းမသိဘဲ သွားစမ်းလျှင် မလွယ်။

မော်လမြိုင်ရောက်မှ အောင်နိုင့်ကို တွေ့လေသည်။ သောင်းထိုက်က သူ့အဖြစ်ကိုပြောပြတော့ အောင်နိုင် အံကြိတ်သည်။

'အဲဒါတွေ မင်း ဘယ်ကယူလာတာလဲ'

'မင်း ယောက်ဖကြီးဆီကလေ'

အောင်နိုင် တောက်ခေါက်သည်။

'ငါမရှိဘဲ မင်းဘာလို့ လုပ်လဲကွာ၊ ဒီလူတွေ ယုံရတာမှ မဟုတ်တာ၊ သူတို့ ညစ်လွှတ်တာလဲ ဖြစ်ချင်ဖြစ်မှာပဲ ကုလားပုတို့ကလည်း ကောင်းတာ မဟုတ်ဘူး'

'ဦးခင်မောင်သောင်းက ဒီလိုတော့ လုပ်မယ်မထင်လို့ကွာ၊ သူတို့ အလုပ်ကြီး အကိုင်ကြီး လုပ်နေကြတာပဲ'

'ဒါပေမယ့် ရမယ်ဆိုရင် ဘုန်းမှူး သိုက်တူးမယ့် လူစားမျိုးကွ'

'ထားပါတော့ကွာ၊ အတွေ့အကြုံပေါ့ ဒါနဲ့ မင်း ဘယ်ပျောက်နေတာလဲ'

အောင်နိုင် သက်ပြင်းချလိုက်သည်။

'ငါလဲ ခံလာရတာပါပဲကွာ၊ ဟန်မလားလို့ လိုက်သွားတာ'

'မင်း ဘယ်သွားတာလဲ'

'ပီနံ'

'ဟိုက်'

သောင်းထိုက် မျက်လုံးပြူးသွားသည်။ အောင်နိုင့်ကို လိုက်မမီ...

ပေ။

'ဟိုအက်မှာက သိပ်အကောင်းစားတွေ ယူဖို့မလိုဘူး၊ အဖြန်း... နဲ့တင် အလုပ်ဖြစ်တယ်ကွ'

'ဒါပေမယ့် အန္တရာယ်တော့ ပိုများတယ် မဟုတ်လား'

'ဘာထူးလဲကွာ၊ တို့ဘဝက အန္တရာယ်တောထဲ တိုးဝင်နေရတာ... မဟုတ်လား'

'မင်း ဒီတစ်ခေါက် ရန်ကုန်ပြန်လိုက်မှာလား'

အောင်နိုင် တွေနေသေးသည်။ အတန်ကြာမှ 'လိုက်မယ်ကွာ'... ဆိုသည်။ ယခုတော့ အောင်နိုင်ရော သောင်းထိုက်ပါ မူးလျက် ရှိ... သောင်းထိုက်ကို အောင်နိုင်က ပြန်တွဲနေရသည်။

'ငါတို့ဘဝ ဒီသံသရာက ဘယ်တော့လွတ်မလဲကွာ၊ ငါလေ ငါ မိန်း... လိုချင်တယ်ကွ၊ မင်း သိတယ်မဟုတ်လား မြရင်စိန်လေ၊ မင်းကောင်မ... လောက်တော့ မလှဘူးပေါ့ကွာ၊ မင်းကောင်မလေးက ဖွံ့ပဲ'

အောင်နိုင်သည် သူငယ်ချင်းကို ဖေးမထားသော်လည်း သူ့ကို... တော့ မခံပေ။ သောင်းထိုက် မေးစေ့ကို မနာအောင် ဆတ်ခနဲ ထိုးလို... သည်။

'ဘာလဲ မင်းက မကြိုက်ဘူးလား၊ ဒီလိုပြောတာ၊ မင်း ကောင်မလေး... က အကောင်းစားလေးဆိုတော့ မင်းလဲ ကောင်းကောင်း ရှန်းလိုက်ဦး...

ငါ့ကောင်မလေးကတော့ ရိုးရိုးသားသားလေးပါ။ ဒါကြောင့် ငါကလည်း ကြိုးစားရတာပေါ့ကွ'

'ဒီတော့ ကွဲရော မဟုတ်လား'

အောင်နိုင်က တစ်ခွန်း ဝင်ထောက်လိုက်သည်။

'ဒါ မတရား အလုပ်ခံရတာကွ၊ ငါ့ဟာတွေကို နှစ်ပြားလောက်မှ မတန်အောင် တက်ညီလက်ညီ အချဉ်ဝိုင်းဖောက်ကြတာ၊ ငါကလည်း တစ်ယောက်တည်း အရဲကိုးမိပေတာကိုးကွ၊ သိမယ် ဒီကောင်တွေ၊ ခွေးမသား ကုလားပူ၊ ရန်ကုန်ရောက်မှ သိမယ်'

သောင်းထိုက်မှာ ကြိမ်းဝါးရင်း မျက်ရည်တွေ လည်လာလေသည်။

'ဟေ့ကောင် မေ့လိုက်ကွာ၊ မင်း ငါနဲ့ ပီနံလိုက်မလား'

'လိုက်မယ်ကွာ မထူးဘူး၊ မင်းကလဲ မင်းဟာမလေးအတွက်၊ ငါကလဲ ငါ့ရွှေမင်းသမီးလေးအတွက်'

အောင်နိုင်က သောင်းထိုက် ပါးချိတ်ကို ရှယ်ပြန်သည်။ လမုတန်းဈေးမှ သူတို့ ထွက်လာခဲ့သည်။ တကယ်တော့ သူတို့ သတိလက်လွတ်ဖြစ်လောက်အောင် မမူးပေ၊ တော်ရုံသောက်ရုံနှင့်လည်း သူတို့ မမူးတော့ပေ၊ အောင်နိုင်က မြင်းလှည်းတစ်စီးကို တားသည်၊ ဈေးကြီးကို လိုက်ပို့ခိုင်းသည်၊ ဈေးရောက်မှ သူတို့ ထမင်း စားကြသည်။

ဈေးထဲတွင် သည်နယ်တစ်ပိုက်မှ ကောင်လေးတွေ ကောင်မလေးတွေ ခြေချင်းလိမ်နေသည်၊ သူတို့သည် မနက်မိုးလင်းလျှင် အိမ်မှထွက်လာပြီး အရောင်းအဝယ်ကို ကြံသလိုလုပ်သည်။ သည်နားက ပစ္စည်းကို ကောက်ပြီး ဟိုနား သွားရောင်းသည်၊ သင်္ဘောဆိုက်ချိန် လှေဆိုက်ချိန် ပါလာသောပစ္စည်းများကို အလုအယက်ဝယ်သည်၊ ပြီးလျှင် တစ်နေရာမှာ

ထိုင်ရောင်းသည်။ ညနေအိမ်ပြန်လျှင်တော့ နှစ်ဆယ်အစိတ် ပါသွားသည်သာ။ မပါလျှင်လည်း တစ်နည်းနည်းဖြင့် ပါအောင် ကြိုးစားမည်သာတည်း။ သူတို့သည် ကောက်စိုက် ပျိုးနုတ်အလုပ်ကို မလုပ်သည်မှာ ကြာပေပြီ။

ထမင်းဆိုင်တန်းသည် ညစ်ပတ်ပေကျံလျက်ရှိ၏။ သားရေ ငါးရေများ ကြီးမြင့်လျက်ရှိသည်။ အနုယ်နယ်အရပ်ရပ်မှ လူများသည် သည်မြို့ပေါ် မှာလာပြီး ထမင်းစားကြသည်။ အဘယ်မှာလျှင် ဈေးမကြီးဘဲ မြိန်မည်နည်း။ အဝတ်အထည် အသုံးအဆောင်ပစ္စည်းများသည်ကား အလုံးပယ် အောတိုက်လျက် ရှိလေသည်။

ထမင်းစားပြီးသော် သူတို့ ဈေးကြီးကို တစ်ပတ် ဝင်ကြည့်သည်။ သောင်းထိုက်သည် မိန်းမ သားရေလက်ကိုင်အိတ်လေးများ ရောင်းရာဘက်၌ လှည့်ကြည့် လှည့်ကြည့် လုပ်နေသည်။

'မင်း ဘာလိုချင်လို့လဲ'

အောင်နိုင်က မေးသည်။

'လက်ကိုင်အိတ်လေးတစ်အိတ် ဝယ်သွားချင်လို့'

'မင်းဟာမလေးဖို့လား ဟိုဘက်မှာ စပါပါတယ်ကွ'

'ငါက အခုလိုချင်တာ'

'မိန်းမကော အခုမလိုချင်ဘူးလား'

'အေး မင်းပြောမှ သတိရတယ်၊ မိန်းမလဲ အခုပဲ လိုချင်တယ်ကွာ'

'လိုချင်လိုက်ခဲ့ကွာ'

'ဟေ့ကောင် အဲဒါပြောတာမဟုတ်ဘူး ငါ့ကောင်မလေး ငါလိုချင်တာ ပြောတာကွ၊ မင်းဟာမတွေ အဖန်တစ်ရာ ပျက်စီးနေတာတွေ မလိုချင်ဘူးကွ'

အောင်နိုင် မျက်နှာ နီသွားသည်။

'ဟော့ကောင် ဒီလိုမပြောနဲ့၊ မင်းလဲ ယောကျ်ားမို့လို့ မပျက်စီးတာ၊ မင်းတို့ငါတို့သာ မိန်းကလေးတွေဆိုရင်လေ အဖန်တစ်ရာမက ပျက်စီးနေပြီ ဆိုတာ နားလည်ကွ'

သောင်းထိုက် ငြိမ်သွားသည်၊ တွေသွားသည်။

သူတို့တွေကော ယောကျ်ားလေးတွေဆိုပေမင့် မပျက်စီးတော့ပြီလော၊ အယူအဆ၊ အတွေးအခေါ်၊ ဖွဲ့ သတ္တိ၊ အားမာန်၊ စိတ်ဓာတ်၊ အကျင့်စာရိတ္တ နှလုံးသား၊ အားလုံးသည် အကောင်းပကတိအတိုင်း ရှိပါသေးရဲ့လား။

မှောင်ရိပ်ဖြိုးဖျ ဈေးသိမ်းချိန်ရောက်ပြီ။

ကောင်မလေးတွေ အိမ်ပြန်ကုန်ကြပြီ။

ဘတ်စ်ကားတွေပေါ် အလုအယက် တက်ကြသည်၊

သူတို့ ရယ်သံလွင်လွင်လေးများ ပျံ့လွင့်၍ ကျန်ရစ်လေသည်၊ မြရင်စိန်၏ အခြေအနေသည် တစ်ပတ်လျှင်တစ်မျိုး ပြောင်းလဲလျက်ရှိချေသည်၊ ယခုတစ်ခေါက် သောင်းထိုက် ဂွတ္တာလစ်ကိုဝင်ကြည့်တော့ မြရင်စိန်ကို မတွေ့ရ၊ တွေဝေငေးငိုင်သောမျက်နှာဖြင့် မုန့်ဟင်းခါးဆိုင်တွင် ငုတ်တုတ်ထိုင်နေသော မြရင်ကြည်ကိုသာ တွေ့ရလေသည်၊ မုန့်ဟင်းခါးကလည်း ရောင်းရဟန် မတူပေ၊ မုန့်ဝန်းပေါ်တွင် ယင်ကောင်တွေ တဝီဝီအော်လျက်ရှိသည်၊ ဟင်းရည်အိုးသည် အငွေ့ပြယ်နေပြီ၊

'မြရင်စိန်လား၊ သူ မုန့်ဟင်းခါးမရောင်းတော့ဘူးလေ၊ အစ်မရောင်းတဲ့ သူ့ စိတ်ချလက်ချ အလုပ်လုပ်ချင်တယ်တဲ့၊ ရတာနဲ့ မစားလောက်ဘူး မဟုတ်လား၊ သူကတော့ စိတ်မပျက်ဘူး၊ အစ်မလည်း စိတ်မပျက်နဲ့တဲ့'

မြရင်ကြည်၏ စကားများက လိုရာ မရောက်တော့ပေ၊

'သူ အခု ဘယ်သွားလဲ'

'ထွက်သွားတာပဲ၊ အိမ်ကထွက်သွားတာပဲ၊ သူ့အစ်ကိုနဲ့သူနဲ့ မိုးလင်းမှ အိမ်က ထွက်သွားတာပဲ၊ ဒါပေမယ့် တစ်လမ်းစီပါ'

'သူက ဘယ်သွားလဲ'

'စိန်ဂျွန်းဈေးလား၊ ဗိုလ်ချုပ်ဈေးလား မပြောတတ်ဘူး၊ ကြံရာ ကြံ' သောင်းထိုက်မှာ အဆင်မပြေလာရသည့်အထဲ စိတ်ညစ်သွားသည်။ မြရင်စိန်ကိုလည်း စိတ်တိုသွားသည်။ အာပဲလုပ်လုပ် သူပြန်လာအောင် စောင့်ဖို့ကောင်းသည်၊ သူနှင့်တိုင်ပင်ပြီးမှ လုပ်ဖို့ကောင်းသည်၊

ပထမဆုံး သူ စိန်ဂျွန်းဈေးကိုဝင်သည်၊ ဗိုလ်ကျော်တို့မှာလိုက်သော ပစ္စည်းအချို့ကိုပေးသည်၊ ဗိုလ်ကျော်က 'မြရင်စိန်တော့ လာသေးတယ်' တစ်ခွန်းပြော၍ သောင်းထိုက် မျက်နှာပျက်သွားသည်။ 'သူက ဒီကောင်း ဘာလို့လာရတာလဲ'ဟု တွေးကာ ဒေါသဖြစ်သွားသည်။ နောက်မှ ဗိုလ်ကျော် ပြောသည်မှာ ဈေးထဲသို့ လာသည့်အကြောင်း ပြောတာ ဖြစ်ရမည်ဟု တွေးလိုက်မိသည်။

သောင်းထိုက် ကိုအောင်စိန်ကို ရှာရပြန်သည်။ ကိုအောင်စိန်က အပေါ် ဈေး အိမ်သာဘက်မှ လမ်းပေါ်တွင် ကလေးစွပ်ကျယ်လေးများကို လက်ဖြင့်တိုင်၍ ရောင်းနေသည်၊ သောင်းထိုက်ကိုမြင်တော့ သူ အားတက် ဝမ်းသာသွားဟန် မြင်ရလေသည်၊ ကိုအောင်စိန့် ရုပ်ကလည်း အလုပ်လုပ် စားဖို့ မကောင်းတော့ပေ၊ မျက်တွင်းကြီးများကျကာ ရောဂါသည်တစ်ယောက် ၏ အသွင်သာ ပေါက်နေသည်။ ယခုလည်း မိုးဖွဲ့ဖွဲ့အောက်မှာ မျှော်လင့်ချက် အပြည့်ဖြင့် မတ်တတ်ရပ်လျက် ရှိသည်၊ ဈေးလာသူများက သူ့ဘက်ကို လှည့်မကြည့်အားကြပေ၊ မိုးရေကို လက်ဖြင့်ကာရင်း အမိုးအောက်သို့ အရောက်ပြေးသွားသည်သာ များလေသည်။

'ဘယ့်နှယ်လဲ မောင်သောင်းထိုက်၊ အဆင်ပြေရဲ့လား'

ကိုအောင်စိန်က သူတို့လောက၏ ပဋိသန္ထာရစကားဖြင့် နှုတ်ဆက်လိုက်သည်။ သောင်းထိုက်ကတော့ မဖြေချင်လှပေ။ ခေါင်းကိုသာ ငြိမ့်စလွယ် ညိတ်ပြလိုက်သည်။

'မြရင်စိန်ကော'

'ဗိုလ်ချုပ်ဈေးမှာ သံလုံးနဲ့ လွှတ်ထားတယ်'

ကျွန်တော် လာအောင်တောင် မစောင့်ဘူးဗျာ'

သောင်းထိုက်က အပြစ်တင်သလို ပြောလိုက်သည်။

'သူက စိတ်ကလည်း အမြန်သားမဟုတ်လား၊ မုန့်ဟင်းခါးကလည်း သူတို့ ကောင်းကောင်းချက်တတ်တာမှ မဟုတ်တာ၊ ဘယ်ရောင်းရမလဲကွာ၊ ပြီးတော့ မြရင်စိန်က အဲဒီလို တစ်နေ့ရာတည်း ထိုင်လုပ်ရတာမျိုး လုပ်ချင်တာ မဟုတ်ဘူးကွ၊ ငါပြောတာက သူ့ကို ကုန်နေ့ရရမနေချင်ဘူးလို့ ပြောတာ မဟုတ်ပါဘူး၊ သူက'

'ကျွန်တော် လိုက်သွားဦးမယ်ဗျာ'

သောင်းထိုက်က စိတ်တိုတောင်းစွာဖြင့် လှည့်ထွက်ခဲ့သည်၊ ကိုအောင်စိန် ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့လေသည်။ ဈေးကိုရောက်တော့ သံလုံးကို အရင်မြင်သည်။ သံလုံးသည် သောင်းထိုက်စီးသွားသော သုံးဘီးကားနောက်ကို ပြေးနိုလိုက်ပြီး 'တာမွှေကို တစ်ကျပ်၊ တာမွှေကို တစ်ကျပ်'ဟု အော်လိုက်သည်။ သောင်းထိုက် ကားပေါ်က ဆင်းလိုက်မှ မြင်သွားကာ 'ဟာ အစ်ကို' ဟု ဆိုပြီး သောင်းထိုက်လက်ကို ဆွဲခေါ်သွားသည်။ မြရင်စိန် ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေသည်။ သောင်းထိုက်က သံလုံးကို 'မင်းကမှ အကောင်းပါးသေးတယ်'ဟုပြောကာ မုန့်ဖိုးတစ်ကျပ် ပေးလိုက်သည်။

မြရင်စိန်သည် သောင်းထိုက်ကို မမြင်သေးပေ။ ဈေး၏ ညာဘက် အစွန်ဆုံး လူသွားစင်္ကြံမှာထိုင်နေသည်။ သူ့ရှေ့မှာ ခြင်းလေးတစ်ခြင်း၊

ရွှေခြသေ့်ကော်ဖီမှုန့်တွေ ထည့်ထားသည်။ တစ်ထုပ်ကို လက်မှကိုင်ထား သည်။ လူတွေ့တိုင်း 'ကော်ဖီမှုန့်ယူသွားပါဦး၊ ဆိုင်ထဲမှာ မရှိတော့ဘူး' လှမ်းလှမ်းပြောသည်။ တကယ်တော့ မြရင်စိန်စကားက အမှန်ဆုံး။ ဆိုင်ထဲမှာ ရွှေခြသေ့်ကော်ဖီမှုန့်မရှိသည်မှာ ကြာပြီ။ သူတို့ ဘယ်ကရသည် မသိ၊

သောင်းထိုက်ကိုမြင်တော့ မြရင်စိန်လက်မှ ကော်ဖီမှုန့်ထုပ်သည် ခြင်းထဲ ပြန်ရောက်သွားသည်။ မြရင်စိန်၏ အမူအရာက ရှက်ရွံ့တုန်လှုပ်မှု စိုးစဉ်းမျှ မမြင်ရပေ။ သူလုပ်သည့် အလုပ်တိုင်းကို မြရင်စိန် တစ်ခါမှ မရှက်ခဲ့ပေ။ မြရင်စိန်၏ စိတ်ဓာတ်အခြေခံက ခိုင်မာသည်။ သောင်းထိုက် သည် မြရင်စိန်ကို လေးစားကြင်နာစိတ်များ ဝင်လာကာ ဒေါသစိတ်မှာ ချက်ချင်း ပြေပျောက်သွားလေသည်။

'ဘယ်တုန်းက ပြန်ရောက်လဲဟင်'

မြရင်စိန်က ဝမ်းသာအားရ မေးသည်။

'ဒီမနက်ပဲ၊ ရောင်းကောင်းလား'

'မဆိုးပါဘူး'

မြရင်စိန်က ပြုံး၍ ဖြေသည်။ သောင်းထိုက်သည် မြရင်စိန်ကို ချစ်သူတို့ ဘာဝ အေးအေးဆေးဆေးတစ်ခါမှ စကားမပြောဖူးသေးပေ။ သောင်းထိုက် မှာ တစ်စုံတစ်ခုကို သတိရသွားသည်။

'ငါလာရင် နင် ဈေး စောစောသိမ်းနေကျ မဟုတ်လား၊ ခုကော'

'ခု သိမ်းပြီးပြီလေ'

မြရင်စိန်က ရယ်၍ ပြောသည်။ သောင်းထိုက်က မြရင်စိန်လက်ထဲမှ ဆွဲခြင်းကို လှမ်းယူပြီး မုန့်စားတန်းဘက် ထွက်ခဲ့သည်။ သူတို့နှစ်ယောက် ဆီချက်ခေါက်ဆွဲ အတူစားကြသည်။ ပြီးတော့ သံလုံးဆီသွားပြီ သောင်းထိုက် က မှာသည်။

'ညနေကျရင် မင်း ပြန်နှင့်တော့၊ မင်း အခေါ်ကို ငါလိုက်ပို့မယ် ဟုတ်လား'

သောင်းထိုက်က ငွေတစ်ကျပ် ထပ်ပေးသည်။ သံလုံးက 'ဗိစ် ဗိစ်၊ ဇေ ဇေ'ဟု လက်နှစ်ချောင်းထောင်ကာ အော်လိုက်သည်၊ မြရင်စိန်က သံလုံးခေါင်းကို လှမ်းပုတ်ပြီး 'ဘာလဲ ဒီကောင်လေးက'ဟု ရှက်စနိုး ဆိုလိုက်လေသည်၊

'ဘယ်သွားမလို့လဲ ဟင်'

သောင်းထိုက်က ဦးဆောင်ပြီး လမ်းတစ်ဖက်ကို ကူးသည်၊ မြရင်စိန်က ဘေးမှ အေးဆေးစွာ လိုက်လာသည်။

'ကိုယ်နေတဲ့အိမ်ကိုလေ၊ လိုက်ရဲတယ် မဟုတ်လား၊ သူများသားသမီးကို မစော်ကားတတ်ပါဘူး'

သောင်းထိုက်က ပထမဆုံး သူ့ကိုယ်သူ 'ကိုယ်'ဟု ပြောလိုက်သည်၊

'အံမယ် စော်ကားဝံ့ရင် စော်ကားကြည့်ပါလား၊ မြရင်စိန်တဲ့၊ ရန်ကုန်ရောက်ကတည်းက သယ်န်းကွန်းကနေပြီး သုံးဆယ့်ရှစ်လမ်း ဈေးမှာ ကန်စွန်းရွက် လာရောင်းစားနေတာ၊ ဘယ်သူမှ မကြောက်ဘူး'

သောင်းထိုက်က သဘောကျစွာ ရယ်လိုက်သည်။

'ကြိုက်ပြီ ကြိုက်ပြီ'

'ဘာကြိုက်တာလဲ'

'အဲဒီ သတ္တိမျိုးကို ပြောတာပါ'

သူတို့နှစ်ယောက် ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်လာကြသည်၊ ဆူးလေမီးပွိုင့်ကို ရောက်လေသည်။ မြရင်စိန်က ရှေ့မှဖြတ်ကူးမည်ပြုစဉ် ဗိုလ်ချုပ်လမ်းဘက်မှ ကားတစ်စီး ကွေ့ဝင်လာ၍ သောင်းထိုက်က လှမ်းဆွဲထားသည်၊

ဆိုင်ကားဖြူဖြူလေးပေါ်မှာ သားသားနားနားယောက်ျားတစ်ယောက်နှင့် မိန်းကလေး လှလှလေးတစ်ယောက် ပါသွားသည်။ သောင်းထိုက် လိုက်၍ ကြည့်နေမိလေသည်။

'ကူးမယ်လေ ဘာကြည့်နေတာလဲ'

မြရင်စိန်နောက်မှ လိုက်သွားရသော်လည်း သောင်းထိုက် ခိုတ်က ဆိုင်ကားဖြူလေးနောက် ပါသွားသည်။ သူ့အခန်းရောက်တော့ ထိုအရုပ် ခေတ္တ ခဏ မေ့သွားလေသည်။

'အမလေးနော် သူတို့အခန်းက ရှုပ်ပွနေတာပဲ'

မြရင်စိန်က သူတို့ဂေဟာကိုကြည့်ပြီး မှတ်ချက်ချသည်။ လက်က လည်း လုံးထွေးထားသော ပုဆိုးများနှင့် ကြိုးတန်းပေါ်မှ အကျီများကို ဆွဲ၍ ရှင်းလင်းနေသည်။ ပြီးတော့ တံမြက်စည်းတစ်ချောင်း ကောက်ကိုင်ပြီး ပင့်ကူအိမ်များကို လှည်းချမည်ပြုသည်။

'လာစမ်းပါ၊ အေးအေးဆေးဆေး စကားပြောချင်လို့ ခေါ်လာတာ ဒိုဘီကုလားမ ငှားလာတာကျနေတာပဲ၊ ငြိမ်ငြိမ်နေစမ်းပါ'

မြရင်စိန်က ရယ်သည်။

'ဘာတွေပြောမှာလဲ မြော၊ ဒီတစ်ပတ် ဘာတွေဘယ်လောက်ရခဲ့သလဲ၊ သံဖြူစရပ်က ကောင်မလေးတွေက ဘယ်လောက်လှသလဲ၊ လမ်းမတော် ဈေးက ထန်းရည်က ဘယ်လောက်ကောင်းသလဲ'

'ဒါတွေ မဟုတ်ပါဘူး၊ ရွှေရေးတွေပါ'

မြရင်စိန်က သောင်းထိုက်ဘေးမှာ ထိုင်သည်။

မြရင်စိန်၏ ဟန်က ရဲတင်းသည်၊ သွက်လက်သည်၊ ကြောက် စိုးထိတ်လန့် အလျှင်းမတွေ့ရပေ။ သို့သော် ကိုအောင်စိန် ပြောသလို

ကျွန်ရေသော မိန်းကလေးဟု ထင်စရာမရှိပါပေ။ သောင်းထိုက်ကိုလည်း ယုံကြည်စိတ်ချပုံရလေသည်။ သောင်းထိုက်သည် မြရင်စိန်လက်ကလေး ကို ကိုင်ရန်ပင် အတန်တန် ကြိုးစားနေရလေသည်။

'ကိုယ်လေ မြရင်စိန်ကို လက်ထပ်ချင်ပြီ၊ အတူတူနေချင်ပြီ'

မြရင်စိန်မျက်နှာလေး အနည်းငယ်ရဲသွားသည်၊ သို့သော် ချက်ချင်းပင် ကျွန်ဆည်လိုက်သည်။ သောင်းထိုက်က ဖမ်းဆုပ်ထားသော လက်ကလေး ကိုတော့ ဟန်ဆောင် မရုန်းတော့ပေ။

'ငါတို့က သူများတွေလို အပိုတွေပြောနေရမယ့်သူတွေမှ မဟုတ်တာ ဟယ်၊ ဒါပေမယ့် ငါ့အခြေအနေက သိတဲ့အတိုင်း နောက်ပိုင်းမှာ ငဲ့ညှာ ရမယ့်လူတွေနဲ့'

'ငါ ငါနဲ့ မပြောစမ်းပါနဲ့ဟယ်'

သည်တစ်ခါတော့ မြရင်စိန် ရှက်သွားသည်၊

'ဘယ်လိုပြောရမှာလဲ'

'ညီမလို့ပြော'

မြရင်စိန် ခစ်ခနဲ ရယ်သည်၊

'ဒါ ရယ်စရာလား အရူးမ'

သောင်းထိုက်က မြရင်စိန်နဖူးကို ခပ်ဖွဖွထုပြီး ခုတ်တရက် နမ်းမည် ပြုသည်၊ မြရင်စိန်က သူ့ရင်ဘတ်ကို တွန်းလွှတ်သည်။

'သူ့အခန်းကို လိုက်လာတာ အထင်မသေးပါနဲ့နော်၊ သူ့ကိုယုံလို့ လိုက်လာတာ'

'ကိုယ် မြရင်စိန်ကို ဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူးနော်'

'အထင်တော့ လွဲတယ် မဟုတ်လား'

မြရင်စိန့်ကို ဘယ်ယောကျ်ားနဲ့မှ စကားပြောတာ မကြိုက်ဘူး၊ ဗိုလ်ကျော်တို့လို ကောင်မျိုးဆိုရင် သာဆိုးသေး၊ ဒီကောင်တွေက လူလည်တွေ

မြရင်စိန် သဘောကျစွာ ရယ်သည်။

'ဒီလိုတော့လည်း အစ်ကိုက သဝန်တိုတတ်သားပဲ'

'ပြော် အစ်ကိုတဲ့လား'

သောင်းထိုက်က မြရင်စိန်နဖူးကို ငုံ့နမ်းလိုက်သည်။ မြရင်စိန် မငြင်းတော့ပေ။ ချစ်စိတ်ကြောင့် အလိုအလျောက် ပေါက်ဖွားလာသော ကြင်နာမှုမျိုးကိုတော့ လိုလားမိသည်မှာ အမှန်ပင်။

သောင်းထိုက်က မြရင်စိန် ပခုံးကိုဖက်ပြီး သူတို့ရှေ့ခရီးကို တိုင်ပင်သည်။ သည်နှစ် ဝါမဆိုခင် သူတို့ လက်ထပ်ကြမည်၊ သူ့မွေးစားအဖေထံ သွားကန်တော့ကြမည်၊ မြရင်စိန်တို့အိမ်မှာ သူ လိုက်နေမည်၊ သူကတော့ ယခုအတိုင်းပဲ အလုပ်ဆက်လုပ်မည်၊ မြရင်စိန် လိုက်လိုက လိုက်၊ မလိုက်လိုလည်း နေပေရော့။

'ညီမက အခုလိုက်ချင်တာ'

အိမ်မှာ စားစရာမရှိတော့လို့ ဟူသော စကားကိုတော့ မပြောဖြစ်တော့ပေ။

'အခု မလိုက်ပါနဲ့ဦး၊ မြရင်စိန်ကို အပျိုအဖြစ်နဲ့ သူများတွေ ထိကပါးရိကပါးလုပ်မှာ မမြင်ချင်ဘူး ကိုယ့်မိန်းမဖြစ်သွားရင်တော့ ကိုယ်က ပိုင်ပိုင်နိုင်နိုင် ကာကွယ်နိုင်တာပေါ့'

'ဒီလိုဆို ညီမ အခုဘာလုပ်ရမလဲ'

သောင်းထိုက် သက်ပြင်းချမိသည်။ သူ့တွင် မြရင်စိန်ကို အကူအညီပေးရန် လောလောဆယ် ငွေမရှိပေ။ သည်တစ်ပတ် သူ အထိနာခဲ့သည် မဟုတ်လား။ သို့သော် ထိုအကြောင်းကိုတော့ မြရင်စိန်ကို မပြောချင်

'ကိုယ့်မှာ ငွေက မလည်သေးဘူး၊ အခု အလုပ်ကိုပဲ ဆက်လုပ်ချင် လုပ်လေ၊ နောက်တစ်ပတ်ပြန်လာရင် အထည်စတွေ ညီမဖို့ သတ်သတ် ဝယ်ခဲ့မယ်၊ ဆိုင်ပြန်ထိုင်ချင် ထိုင်ပေါ့'

မြရင်စိန်က ကြည်နူးစွာဖြင့် သောင်းထိုက် လည်ပင်းကို တွဲခိုသည်၊ သူတို့ဘဝတွင် တစ်ခါမျှမရဖူးသော ချမ်းမြေ့မှုကို ရရှိကြလေသည်။

❖ ❖ ❖

နိုးသည် သဲကြီးမဲကြီး ရွာသွန်းလျက်ရှိ၏၊ ရာသီဥတုသည် စိမ့်၍အေးနေလေသည်။ သောင်းထိုက်တို့ လာရောက်စုဝေးနေရာ ပျော်ပွဲစားရုံလေးအတွင်း မှာမူ နွေးထွေးလျက်ရှိ၏။ တစ်နည်းအားဖြင့်ဆိုသော် ပူလောင်လျက်ရှိ၏။ သူတို့၏ရင်ထဲဝယ် အပူမီးများ တောက်လောင်လျက် ရှိလေသည်။

အားလုံးထဲတွင် အောင်နိုင့်ဖန်ခွက်ထဲမှ အရည်သည် အနည်ဆုံး၊ သူ့ခွက်ထဲကို ဆိုဒါ ထပ်ထည့်ပေးသော်လည်း သူက အထည့်မခံတော့ပေ၊ ခါတိုင်းလို အေးအေးဆေးဆေး တစိမ့်စိမ့် သောက်မနေတော့ပေ။ သူ့လက်က ဖန်ခွက်ဆီသို့သာ မကြာခဏ ရောက်ရောက်နေသည်။ ကျန်သူငယ်ချင်းများက သူ့ကို ခွင့်လွှတ်နားလည်စွာ ကြည့်နေကြသည်။ သောင်းထိုက်၏ ဖန်ခွက်ထဲမှာတော့ အဝါရောင် ဖျော့ဖျော့သာ ရှိသည်၊ ဤသည်ကို အောင်နိုင်က မကျေနပ်။ ပုလင်းကို မြှောက်ပြီး ထပ်ထည့်ဖို့ ပြင်သည်၊

'ဘာယ်လို့လဲ'

အောင်နိုင်က သောင်းထိုက်မျက်နှာကို စေ့စေ့ကြည့်ပြီး မေးသည်၊

'မင်း စိတ်ချမ်းသာမယ်ဆို ထည့်ပါကွာ'

အောင်နိုင်က ပုလင်းကို ဆောင့်ချသည်၊

'မင်းက ငါ့ကို စိတ်ဆင်းရဲနေတယ်လို့ ဆိုလိုသလား'

သောင်းထိုက် ကမန်းကတန်း လက်ကာပြသည်။ ကျန်သူငယ်ချင်းများက ရယ်ကြသည်။

'ဒီမှာ သောင်းထိုက်၊ ငါဟာ ကျရာနေရာမှာ ဖြစ်သလိုနေခဲ့သူပါကွ၊ ငါ့ဘဝမှာ ဘာကိုမှ စွဲလမ်းတပ်မက်မှု မရှိခဲ့ဘူး၊ ဖြစ်လာတာကိုလည်း မမက်မောဘူး၊ ပျက်သွားတာကိုလည်း မနှမြောဘူး၊ ဖြစ်ချိန်တန်လို့ ဖြစ်လာတာပဲ၊ ပျက်ချိန်တန်လို့ ပျက်တာပဲ၊ ဒီလိုပဲ သဘောထားတယ်'

အားလုံးသည် တိတ်ဆိတ်နေ၏။ မိုးအေးသဖြင့် ဆိုင်ထဲတွင် အရက်ဝိုင်းများဖြင့် ပြည့်လျက်ရှိ၏။ အားလုံးသည် သူတို့အာရုံနှင့်သူတို့ နစ်မျောလျက် ရှိသည်၊ ထောင့်တစ်ထောင့်ရှိ စားပွဲတစ်လုံးမှ ဝါးခနဲ ရယ်မောလိုက်သံကြောင့် ပြန်လည် နိုးကြားသလောက် ရှိသွားသည်၊

ခင်ဇော်သည် စီးကရက်တစ်လိပ်ကို ထပ်ညှိပြီး အောင်နိုင့်ကို ငုံ့ကြည့်နေသည်၊ ခင်ဇော်က တသမားပီပီ စကားနည်းသည်၊

'ဒါပေမယ့်'

ခင်ဇော်က စကားကို ရပ်ထားသေးသည်၊ သူ့ရှေ့မှခွက်ကိုယူပြီး နည်းနည်း မော့လိုက်သည်။

'မင်းဟာက သဘောတရားကတော့ ဟုတ်ပါပြီ'

အောင်နိုင် ရှုံ့ ရှုံ့ရှားရှား ဖြစ်သွားသည်။ သောင်းထိုက်က ပခုံး လှမ်းဆွဲထားရသည်၊

'လက်တွေ့မတော့ ငါက သောက်သုံးမကျဘူးလို့ ဆိုလိုသလားကွ'

'ဒီလို မဟုတ်ပါဘူးလေ၊ မင်းမှာ သဘောတရား အပြည့်ရှိတယ်၊ လောကကို သဘောပေါက်တယ်ဆိုတာ တို့နားလည်တယ်၊ ဒါပေမယ့် မင်း သတိလက်လွတ် ဖြစ်မှာစိုးလို့ ပြောတဲ့ သဘောပါကွ'

သရွေ့သဏ္ဍာ အဝေရောဟော၍

'ငါက ဘာတွေများ သတိလက်လွတ် ဖြစ်နေလို့လဲ'

တကယ်တော့ အောင်နိုင်မှာ သူ့ကိုယ်သူ မထိန်းနိုင်တော့ပေ။ သတိလက်လွတ် မဖြစ်သော်လည်း သူ့ကိုယ်သူ လွှတ်ထားသည်မှာ သေချာလှသည်။ သောင်းထိုက်က ကျန်သူငယ်ချင်းများကို တိတ်တိတ်နေရန် လက်ကာ ပြလိုက်သည်။

'ဟုတ်ပါပြီကွာ၊ အဓိကကတော့ မင်း သွဲ့သွဲ့ဆွေအတွက် စိတ်သောက မရောက်ဖို့ပဲကွ'

သွဲ့သွဲ့ဆွေမှာ ဦးခင်မောင်သောင်း၏ ညီမ၊ အောင်နိုင် သွဲ့သွဲ့ဆွေကို ချစ်နေကြောင်း သူငယ်ချင်းအားလုံးက သိသည်။ သို့သော် သွဲ့သွဲ့ဆွေသည် ကန့်ကလျှနှင့် ချစ်စရာကောင်းသလောက် ပစ္စည်းဥစ္စာပေါ်များသော သူဌေး အသိုင်းအဝန်းမှ မိန်းကလေးပီပီ ကြောက်စရာလည်း ကောင်းသည်၊ သွဲ့သွဲ့ဆွေက အောင်နိုင့်ကိုသာမက ယောကျ်ားလေးအများစုနှင့် ခင်မင်ရင်းနှီးသည်။ ရုပ်ရှင်ကြည့်ခြင်း၊ ပျော်ပွဲစားထွက်ခြင်း၊ ဈေးဝယ်ခြင်းတို့သည် သွဲ့သွဲ့ဆွေတို့အတွက် ဝါသနာအလျောက် ကျင့်သုံးနေသော သာမန် အလေ့အထလေးများသာတည်း။ ဤသည်ကိုပင် အောင်နိုင့်မှာ အရှုံးအမူး ဖြစ်ခဲ့ရသည်၊ တကယ်တော့ သူသဘောထားက အောင်နိုင့်အပေါ်မှာ သူ့အစ်ကို၏ လုပ်ငန်းတွင် အသုံးချနေသူတစ်ယောက်ထက် မပိုကြောင်း သောင်းထိုက် ရိပ်မိသည်မှာ ကြာပြီ၊ အတွေးအခေါ် ရင့်သန်ခဲ့သော အောင်နိုင်တစ်ယောက် သည်ကိစ္စမှာ နောက်ကျန်ရစ်ခဲ့ပေပြီ။

ဆိုင်ကားပေါ်မှာ တွေ့ခဲ့ရသော သွဲ့သွဲ့ဆွေနှင့် လူတစ်ယောက်အကြောင်းကို ပြောပြသောအခါ အောင်နိုင် မျက်နှာထား တင်းမာစပြုလာ၏။ ပုံပန်းသဏ္ဍာန်ကို ပြောပြသောအခါ အောင်နိုင် လက်သီးဆုပ်ပြီ၊

'ဒီကောင်က ပိန်ဘက်ကူးနေတဲ့ကောင်ပဲ၊ ဦးခင်မောင်သောင်းတို့က တစ်ကွက်ကျော်နေတာကို။ သူ ဒီဘက် စားကျက်ဖြန့်ထားတာ ()မသိဘူး'

ထိုညနေက အောင်နိုင် သွဲ့သွဲ့ဆွေဆီ သွားသည်။ ရုပ်ရှင်ကြည့်ခေါ်သည်။ သူငယ်ချင်းတွေ မပါ၍ မလိုက်လိုဟု ငြင်းသည်။ အောင်နိုင်က ဟိုလူနဲ့တော့ လိုက်သလားဟု ခနဲ့သည်။ သွဲ့သွဲ့ဆွေ အပြုံးမပျက်။

'အစ်ကိုကလဲ အစ်ကိုကို ခင်လို့ အစ်ကိုနဲ့လိုက်တာပဲ၊ သူ့မှာလဲလိုက်ခွင့်ရှိတာပေါ့၊ သူနဲ့လဲ ခင်တာပဲဟာကို'

သွဲ့သွဲ့ဆွေက ထုံးစံအတိုင်း တန့်တလျ ပြောသေးသည်။

'ဟိုလူနဲ့က သွဲ့နဲ့ စေ့စပ်ထားတာလေ၊ အစ်ကို မသိဘူးလား ဒီတစ်ခါလာမှ မိတ်ဆက်ပေးရဦးမယ်'

အောင်နိုင့်ရင်ထဲမှာ နာကျင်စွာဖြင့် ဖြန်လာခဲ့ရသည်တဲ့၊ သွဲ့သွဲ့ဆွေက ပြုံးပြုံးလေးနှင့် သူ့ကို ပညာပြလိုက်ပြီကော။ သွဲ့သွဲ့ဆွေ မမှား။ သူ စကား မှန်သည်။ အောင်နိုင်နှင့် ခင်၍ ရုပ်ရှင်ကြည့်သည်။ သူငယ်ချင်းတွေလည်း ပါသည်။ ကျွေးတာစားသည်၊ ပေးတာယူသည်၊ ခင်သည်ပဲလေ၊ အခြားဘာမျှ စကားကျွံခဲ့သည် မဟုတ်။ သစ္စာမဲ့သည်ဟု သွားစွပ်စွဲလျှင် ကိုယ်သာလျှင် အရှုံးဖြစ်မည်။

ယခုလည်း အောင်နိုင် ရှုံးပြီ။ မူးလည်း မူးနေပြီ၊ သဘောတရားကတော့ သူ့မှာအပြည့်၊ လက်တွေ့မှာတော့ သူ ရှုံးနေပြီ။

'သွဲ့သွဲ့ဆွေအတွက် စိတ်သောကဟုတ်လား၊ သွဲ့သွဲ့ဆွေအတွက် စိတ်သောက မဟုတ်ပါဘူးကွာ၊ နာကြည်းတာပါ၊ မင်းတို့ပြောတာ မှန်တယ်

သတိလက်လွတ် ဟုတ်တယ် သတိလက်လွတ်၊ ငါ သတိလက်လွတ် ဖြစ်သွားတယ်၊ တကယ်တော့ ဟိုအပတ်ကတည်းက ငါ ရိပ်မိဖို့ကောင်းတယ်'

အောင်နိုင် အရက်ထပ်ထည့်ပြန်သည်။ ကျန် ဖန်ခွက်များထဲကိုလည်း နည်းနည်းစီ ထပ်ထည့်ပေးသည်။ သောင်းထိုက်တို့က ဆော်ဒါထပ်ဖြည့်ကြသော်လည်း အောင်နိုင်က သူ့ခွက်ထဲသို့ များများ အဖြည့်မခံ။ အရောင်ဖျော့သွားမှာ စိုးနေသည်။

'ဆိုစမ်းပါဦး၊ ဟိုတစ်ပတ်က ဘာဖြစ်သလဲ'

ကျော်မောင်က ထောက်ပေးသည်။

'ငါက ပြောတယ်၊ ပိန်သွားမယ်လို့ သူ့အစ်ကိုက ငါ့ကို အစိမ်းတွေ ပေးထားတယ်လေ'

သည်အကြောင်းကို အောင်နိုင်က ယခုမှ ပြောခြင်းဖြစ်သည်။

'ငါကပြောတယ်၊ ငွေများများ သုံးတတ်တဲ့ ကောင်မလေးအတွက် ငွေများများ ရှာရမယ်လို့ ရှိတ်တာပေါ့ကွာ၊ ဒီတော့ သူက ပြောတယ်၊ ငွေများများ သုံးတတ်တဲ့လူက ငွေများများရှာတဲ့လူကို မလိုချင်ဘူးတဲ့၊ ငွေများများရှိတဲ့လူပဲ လိုချင်တယ်တဲ့'

ကျော်မောင်က လက်ခုပ်တီးသည်။

'ကြည့်စမ်း. . .၊ ဒီနေရာမှာတင် မင်းထက် အပြတ်ကျော်သွားပြီ၊ ဒါတောင် မင်းက မရိပ်မိသေးဘူးလားကွာ'

အောင်နိုင် ခေါင်းစိုက်စပြုလာပြီ။

'ဘယ်သိမလဲကွာ၊ ငါဆိုတဲ့ မိုက်သားက ငါ့ကို စောင့်မယ်လို့ အမိပွာယ်ကောက်တာကိုး၊ ငါ့လက်ထဲမှာ ငွေရှိလာတဲ့နေ့ ပေါ့'

အောင်နိုင် အရက်သောက်လျှင် တစ်ခါမျှ မအန်ဖူးချေ။ ယခုတော့ စိတ်လျှော့ပြီး အန်ချလိုက်တော့မည်သို့ရှိသည်။ သူတို့ ဝိုင်းကို သိမ်းကြသည်။

အောင်နိုင်ကို ကားပေါ်တွန်းတင်ကြသည်။ သောင်းထိုက်က ရွှေ ရှင်းသည်။

စားပွဲပေါ်တွင် ထမင်းဟင်းများသည် လက်ရာမပျက် ကျန်ခဲ့ သည်။

❑

# ၁၃

မိုးစက် မိုးငွေ့တို့ မကွယ်ပျောက်တတ်သေးသော နေ့တစ်နေ့မှာ မြရင်စိန်နှင့် သောင်းထိုက်တို့ လက်ထပ်လိုက်ကြလေသည်။

သူတို့နှစ်ဦးသည် မည်သူတစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်ချက် တိုက်တွန်းချက်မျှ မပါဘဲ နှစ်ဦးသဘောတူ ပေါင်းသင်းလိုက်ကြသည်။ သူတို့သည် ဘယ်ရုံး ဘယ်ဌာနကိုမှ မသွား၊ မည်သည့်စာချုပ်ကိုမျှ မချုပ်ဆိုဘဲ အတူနေထိုင်လိုက်ကြခြင်း ဖြစ်၏။ သူတို့ ချစ်ခြင်းကို ခွင်းမည့်သူမရှိ၊ သူတို့ကို တန့်ကွက်မည့်သူ မရှိ၊ သူတို့နှစ်ယောက်အကြောင်းကို ရေကြီးခွင့်ကျယ်လုပ်ကာ လက်တို့ ပြောမည့်သူလည်း မရှိ။

သောင်းထိုက်သည် သူ့အိပ်ရာလိပ်နှင့် သေတ္တာကိုဆွဲကာ မြရင်စိန်တို့အိမ်ကို ပြောင်းလာ၏။ ဤသို့အားဖြင့် သူတို့နှစ်ယောက်သည် ပုဆိုးတန်းတင် အကြင်လင်မယား အဖြစ်သို့ ရောက်ကြလေသည်။

ကိုအောင်စိန်သည် လည်းကောင်း၊ မြရင်ကြည်နှင့် ကလေးများသည် လည်းကောင်း သောင်းထိုက် ရောက်လာခြင်းကို ဝမ်းပန်းတသာ ကြိုဆိုကြသည်။ သူတို့အတွက် အင်အားတစ်ရပ် တိုးလာခြင်းဖြစ်သည်။

အနိုက်အတန့်အားဖြင့်တော့ သူတို့ဘဝသည် သာယာလျက်ရှိလေသည်။ သောင်းထိုက်က ကြင်စဦး ဇနီး မြရင်စိန်ကို မော်လမြိုင်သို့ ခေါ်လာ

ခဲ့သည်။ သူတို့အတွက် ပျားရည်ဆမ်းခရီးသည် သူတို့ဘဝတွင် အင်မ အရေးပါသော အရပ်ဒေသပင် ဖြစ်လေသည်။

ခရီးလမ်းတစ်လျှောက်သည် သာယာလှပလျက် ရှိ၏။ စိမ်းစိုဖွံ့ဖြိုး သော သစ်ပင် တောတန်းများ၊ လန်းဆန်းသော ပျိုးပင် ကိုက်ခင်းများ ရစ်ခွေ စီးဆင်းနေသော မြစ်ငယ် ချောင်းငယ်များဖြင့် သဘာဝအလှသည် အစွမ်းကုန် ထောက်ပလျက်ရှိ၏။ မြရင်စိန်သည် သောင်းထိုက်၏ ရင်ခွင် ကို မှီကာ ကန့်ကလျ စကားတွေ ကြွယ်လျက်ရှိသည်။

'အစ်မ မြရင်ကြည်ကလေ ကလေးတွေ အများကြီးမွေးမှာ ကြောက် တယ်တဲ့၊ သူ့ အခု ကလေးတစ်ယောက် ထပ်မွေးတော့မယ်၊ သူ စိတ်ညစ် နေတယ်လေ။ ညီမကော စိတ်မညစ်ဖို့ အားပေးရတာပေါ့၊ မွေးပေးပေါ့ ဟုတ်ပူလား၊ ဖြစ်လာသမျှ ရင်ဆိုင်ပေါ့၊ တစ်နေ့ကျရင် သားပျော့ သမီးရ တစ်လှေကြီးနဲ့ ဘယ်လောက် ပျော်စရာကောင်းသလဲ'

သောင်းထိုက်သည် မြရင်စိန်ကို တိုး၍ ဖက်ထား၏။

'ညီမကကော ကလေးတွေ အများကြီး မွေးမယ်လား'

'မွေးမယ်လေ၊ သူ့ဟာသူ ရလာတာကို မတားပါဘူး၊ ဘာလို့ တားရ မှာလဲနော်၊ သူကောဟင် မလိုချင်ဘူးလား'

'အများကြီးတော့ မလိုချင်ဘူး'

'ဘာဖြစ်လို့'

'ဟာ ကလေးတွေ အများကြီး မွေးပြီးရင် ညီမက ပုံပျက်ပန်းပျက်နဲ့ အဘွားကြီးဖြစ်သွားမှာပေါ့၊ စိတ်ပျက်စရာကြီး'

'သွား၊ အဲဒါ သူများကို တကယ်မချစ်လို့'

သူတို့အတွက် အလွန်သေးငယ်သော အကြောင်းအရာလေးများသည် ပင် ငြင်းခုံစရာ အနိုင်လုစရာ၊ သဝန်တိုစရာဖြစ်၍ နေ၏။ ပျော်ရွှင်

ကြည်နူးရမယ့် ကာလလေးမှာ ဘဝရှေ့ရေးကို လေးလေးနက်နက် မတွေး ချင်သေးပေ။ လူ့ဘဝ၏ ပျော်စရာ အစိတ်အပိုင်းသည် နည်းလွန်းလှ၏။ လက်လွှတ်ခံ၍ မဖြစ်ချေ။

အရာရာတိုင်းသည် သူတို့အတွက် ရယ်မောစရာ၊ ပျော်ရွှင်စရာ ဖြစ်၍ နေလေသည်။ သူတို့ရှေ့မှာ အိပ်ငိုက်နေသူသည် သူတို့အတွက် ရယ်စရာ ဖြစ်၏။ တစ်စုံတစ်ယောက်၏ ချောင်းဟန့်သံ၊ နှာချေသံသည်လည်း ရယ်စရာဖြစ်၍ နေ၏။ လမ်းတစ်လျှောက်မှ မုန့်သည် ရေသည် ထမင်းသည် တို့ကို စုံစေအောင် ခေါ်၍ မနားတမ်း ဝယ်စားခဲ့ကြသည်။ တစ်လောကလုံး သည် အဆင်ပြေလျက်ရှိ၏။

အောင်နိုင်သည် သူတို့နှစ်ယောက်ကို ကျောခိုင်းကာ ခုံတန်းပေါ်တွင် ငိုက်မျဉ်း၍ လိုက်ပါလာလေသည်။ အောင်နိုင်၏ စိတ်တို့သည် လွင့်ပါး ပျံ့လွင့်နေပုံရ၏။ သူက ခန္ဓာကိုယ်ရော စိတ်ပါ အစွမ်းကုန်လွှတ်ပြီး လူ့လောကကို ပျံ့ဝဲကြည့်ချင်သည်ဟု ဆိုသည်။ သူ့ကို မိဘများဆီ ပြန်ဖို့ တိုက်တွန်းကြသော်လည်း သူ မပြန်တော့ပေ။ တစ်နေရာတည်းတွင် အခြေတကျ နေထိုင်လိုစိတ်လည်း သူ့တွင် မရှိတော့ပေ။ လူတွေ လှုပ်ရှား သွားလာနေသည်ကို ကြည့်ပြီး သူတို့အားလုံး ဘာအတွက် သည်မျှ ပင်ပန်း ကြီးစွာ ရုန်းကန်နေကြပါလိမ့် ဟူသော အတွေးမျိုးကိုလည်း မကြာ မကြာ ထုတ်ဖော် ပြောတတ်သည်။ သူ့ခါးကြားတွင် ပုလင်းပြားလေးတစ်လုံး အမြဲ ကပ်ပါနေ၏။ သူ မသိသော အဖြေများသည် ထိုပုလင်းပြားလေးထဲတွင် ရှိလေရော့သလား မသိ။

လောလောဆယ်အားဖြင့်တော့ သောင်းထိုက်က စိတ်ပင်ပန်းစရာ အားလုံးကို မေ့ထားသည်။ သူတို့လက်ထဲတွင် ငွေတချို့ရှိ၏။ ပစ္စည်းတချို့ ရှိ၏။ သူတို့သည် တစ်ချိန်လုံး ငွေများ ပစ္စည်းများနှင့် လုံးထွေးရစ်ပတ်နေ၏။ သို့သော် တကယ်တမ်း သူတို့ ပိုင်ဆိုင်သောငွေမှာ အသွန်းထွက်မျှသာ၊

သို့သော် ထိုငွေများကို သူတို့ စွန့်လွှတ်၍မဖြစ်။ သူတို့အတွက် ရှေ့ဆက်ရမည့် ခရီးသည် ထိုငွေစက္ကူများပေါ်မှာ ရှိနေ၏။

သည်တစ်ပတ် မြရင်စိန်ပါလာ၍ သူတို့ ဝေးဝေးလံလံ မသွားတော့ပေ။ ပေါက်ကမြိုင်မှာပင် နေသည်။ မုန့် ကျွက်မရောတို့ဘက် အလည်သွားကြသည်။ မြရင်စိန်ကို ဈေးတကာ စုံအောင် လိုက်ပြသည်။ လမှတန်းဈေး ကျွက်မနဲ့ဈေး လမိုင်းဈေး မိုင်ခါဈေး နေ့ခင်းတစ်နေ့ မြရင်စိန်ပါသည်။ သံသရာမှာ ဝင်ရောက်လည်ပတ်ဖို့ လိုချင် လိုပေပါမည်။ ယခုကတည်းကပင် မြရင်စိန်သည် အသင့်ဖြစ်နေပြီ။ ကလေးတွေ တစ်လျှောကြီး မွေးရင်သည်ဆိုသော မြရင်စိန်သည် ဗိုက်တစ်လုံးဖြင့် ပစ္စည်းစုံအောင် လိုက်ဝယ်နေပေပြီ။ သည်တစ်ခြန်လျှင် သူ ဆိုင်ထွက်ရမည် မဟုတ်လား။

'သိပ်လဲ မလောဘမတက်နဲ့၊ အရင်တစ်ပတ်က သတုံ့မှာ ရှာတယ်'

အောင်နိုင်က သတိပေးသည်။

'ဒီလိုပစ္စည်းတွေဟဲ ဖမ်းသလား'

မြရင်စိန်က သူ့ဝယ်ထားသော ပလတ်စတစ် ပန်းကန်ခွက်ယောက်များ၊ အလှကုန်ပစ္စည်းများကို ပြ၍ ပြောသည်။

'ဖမ်းချင်တော့ဆိုရင်တော့ ဘာမှ မချန်ဘူး။ အချိုမှုန့်တစ်ထုပ်တောင်ဆွဲတယ်'

သောင်းထိုက်တို့ကတော့ သူတို့ သယ်နေကျ ပစ္စည်းတွေကိုပင် သယ်သည်။ ယခင်က ဆုံးရှုံးထားသော တန်ဖိုးများအတွက် ကာမိအောင် ဖြန့်ထုပ်နေရသည်။

မြရင်စိန်ကလည်း ဈေးရောင်းဈေးဝယ်ဆရာ မလိုက်နိုင်တော့။ သူတို့က တမြားပိန်းကလေးတွေကို ပိုက်ဆံတွေ ကိုယ်မှာပတ်ဖို့ ပေးသောအခါ သူမ

ကြိုး ပတ်လိုက်သေးသည်။ သူ့ကိုယ်ပေါ်မှာ ကိုက် ၂၀ ခန့် ပတ်လိုက်
ကာ သူသည် ယောက်ျားချင်း ရက်ပိုင်းအတွင်းမှာပင် ကိုယ်ဝန်ဆောင်
မိန်းမသား တစ်ယောက်သဖွယ် ဖြစ်သွားလေသည်။

အသားခန်းသည် ပျားရည်ဆမ်း။

အချိန်ခဏသည် တကယ့်ဘဝလမ်းပင် ဖြစ်တော့၏။ ယခုတော့ မြိုင်စိန်သည် ချစ်သူကို မှီ၍ ထွေ့မနေနိုင်တော့ပေ။ အတွေ့အကြုံ မရှိသေး၍ ထိတ်လန့်ကြောက်ရွံ့နေသော မျက်နှာလေးဖြင့် တွဲဆောင့်မှာ ထိုင်လိုက်ရလေသည်။ ဘောင်းထိုက်ကလည်း သူ့အပါးမှာ ကလူကျီစယ်မနေနိုင်တော့ပေ။ ထုံးစံအတိုင်း အခြေအနေအရပ်ရပ်ကို နားစွင့်ကာ ဟိုမှသည် ထနေရလေသည်။

မြိုင်စိန် အနားမှ မိန်းမဖော်များကတော့ ရယ်ကာမောကာ စကားပြောနေကြလေသည်။ သူတို့ထဲတွင် ဖွံ့ဖွံ့ထွားထွား ငယ်ငယ်လှလှလေးတွေလည်း ပါသည်။ သားသည် အမေ၊ အဘွားအိုတွေလည်း ပါသည်။ သူတို့သည်ကား သည်ခရီးကို နေ့စဉ် သွားနေကျဖြစ်၏။ မော်လမြိုင်မှ ကိုက်ထိုသည် သူတို့အတွက် အိမ်ဦးနှင့် ကြမ်းပြင်။ သည်မြို့ နှစ်မြို့ကြားမှာ သူတို့အတွက် တစ်နေ့တာ ထမင်းစားဖို့ ငွေကို ရှာဖွေဆောင်ကြဉ်းရသည်။ သူတို့အတွက်မူ ထိုထက်ပို၍ လူ့ဘဝကို အဓိပ္ပာယ်ဖွင့်စရာ အထူးမလိုတော့ပေ။ သူတို့ မျက်နှာပေါ်တွင် တစ်စုံတစ်ခုအတွက် မျှော်လင့်ခြင်း၊ အားတက်ခြင်း၊ မက်မောခြင်း ဟူသည် မရှိတော့၊ အခြေအနေကိုကြည့်၍ နေထိုင်ခြင်း၊ အဆင်သင့်ဖြစ်နေခြင်း၊ သမားရိုးကျအလုပ် တစ်ခုကို စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ လုပ်ဆောင်နေရခြင်းဟူသော အဓိပ္ပာယ်တို့ကိုသာ ရှာတွေ့နိုင်ပေမည်။

ရထားသည် မှန်မှန် ခုတ်မောင်းလျက်ရှိ၏၊ ယောက်ျားသားတို့သည် ရန်သူကို မျက်ခြည်မပြတ် စောင့်ကြည့်နေသော ကင်းစောင့်သမားများ

သဖွယ် နား မျက်စိကို ဖွင့်ထားကြ၏။ မိန်းမများသည်ကား စိုးရိမ် ထိတ်လန့်မှုကို သိုသိပ်သိမ်းဆည်းကာ အိပ်စက် ငိုက်မျဉ်းကြလေသည်။ ဆယ်ကျော်သက်ရွယ် ပိန်ပိန်သေးသေး ကောင်မလေးတစ်ယောက်သည် ရင်ခေါင်းအထိ ရောက်နေသော သူ့ကိုယ်ပေါ်မှ ပိတ်စများကို လက်ဝါးလေးဖြင့် အသာဖိရင်း အသက်ရှူမမှန်ဘဲ ငိုနေသည်။ မိန်းမကြီး တစ်ယောက်မှာ ကိုယ်ပေါ်မှ အဝတ်အများ၏ အပူရှိန်ကြောင့် နဖူးပြင်ပေါ်တွင် ချွေးသီးချွေးပေါက်များကျကာ မူးဝေမိန်းမောလျက် ရှိလေသည်။

'သထုံတဲ့'

အားလုံး၏ မျက်လုံးများ ပြူးကျယ်ပိုင်းစက်လာကြသည်။ သထုံတွင် ဖမ်းမည်လော၊ လန့်နေကြလေသည်။ မြရင်စိန်၏ ရင်သည်လည်း တထိတ်ထိတ် ခုန်၍ လာလေသည်။ အခြားမိန်းမတွေက အကြောင်းမဟုတ်၊ သယ်စပ္ပါ မရှုံးသာရှိမည်။ သူမှာ သူတို့ထုပ်စု သယ်လာသော ပစ္စည်းအားလုံးအတွက် ပူပန်နေသည်။ တစ်ခေါက်အတွက် ရသည့်ငွေက စားလောက်ရုံ တစ်ခေါက်မိသွားလျှင် တစ်သက်လုံးအတွက် ထိုင်ငိုဖို့ရှိ၏။

သထုံဘူတာကို ဝင်တော့မည်။ ရထား ရပ်သွားသည်။ ဘုရား ဘုရား

ရထားကြီးက ညည်းညူသွား၏၊ အလဲမချိုးသေးလို့ ဆိုပဲ၊ ခရီးသည်တွေ၏ ရင်ခုန်သံသည် တစ်ယောက်နှင့် တစ်ယောက် လှမ်း၍ ကြားနေရသည်ဟု ရှိတော့သည်။ ခဏကြာမှ ရထားကြီး ဝင်ခွင့်ရလေသည်။ သထုံတွင် ရှာဖွေသူ မရှိ၊ ပြိုကျလုဆဲ တံတားပျက်ကြီးတစ်ခုကို ဘေးကင်းစွာ ကျော်ဖြတ်နိုင်ခဲ့သော ရထားကြီးပေါ်မှ ခရီးသည်တစ်ဦး၏ ခံစားချက်မျိုးကို ခံစားလိုက်ရလေသည်။

ကျိုက်ထိုဘူတာ ဝင်သည်အထိ အေးအေးဆေးဆေးပင်၊ မိန်းမများသည် တစ်ကိုယ်လုံး ချွတ်မချွတ်တစ်မည် ပိတ်စများကို တစ်ရစ်ပြီး တစ်ရစ်ချွတ်ကာ သူတို့အတွက် ကျသင့်ငွေကိုယူပြီး ဆင်းသွားကြလေသည်။

ယခုမှပင် မြရင်စိန်ရင်မှာ ပေါ့သွားသည်။ သောင်းထိုက်လည်း သူ့နားမှာ လာထိုင်နိုင်ပြီ။ မြရင်စိန်သည် ခင်ပွန်းမျက်နှာကို ပီတိပြုံးဖြင့် ကြည့်ကာ သူ့ရင်ကို ဖိပြီး ပခုံးကို တွန်းပြ၏။ ထမင်းထုပ် တစ်ထုပ်ကို ဝေကာ နှစ်ယောက်အတူ စားကြသည်။ ဟင်းဖတ်ကိုလုရင်း တခစ်ခစ် ရယ်မောကြ၏။ ရေတစ်ခွက်ကို နှစ်ယောက်အတူ သောက်ကြသည်။ လက်နှင်းကတ်ကို အတူထပ်ပြီး ဆေးသည်။ သောကတွေ ခဏ ကွယ်ပျောက်သွားလေသည်။

ခရီးသည်များသည် ပစ္စည်းများကို နေရာတကျ ပြန်လည် ထုပ်ပိုးသိမ်းဆည်းကြ၏။ သူတို့ဘေးမှ မိန်းမကြီး နှစ်ဦးကို ကြည့်၍ ရယ်မိကြသည်။ ရုတ်တရက်ကြည့်လျှင် သူတို့မှာ ဘာပစ္စည်းမျှပါသည်ဟု မထင်ရ။ နို့မှိုသာမန် ခရီးသွားများဟု ထင်မှတ်ရာရှိသည်။ ခဏကြာသော် ထမင်းချိုင့်အံထဲမှ စွပ်ကျယ်အင်္ကျီများ ထွက်လာ၏။ လုံချည်ကို ခေါက်ထားသည့် ပုံသဏ္ဌာန်အတိုင်း ချုပ်ထားသော အိတ်ကလေးထဲမှ စပို့ရှပ်များထွက်လာသည်။ အင်္ကျီခေါက်များကြားမှ အချိုမှုန့်ထုပ်များကျလာသည်။ ခြင်းနှစ်ခု ထပ်ထားသည့်ကြားမှ ပါတိတ်လုံချည်များ ထွက်လာသည်။ နည်းသည့် ပစ္စည်းတွေ မဟုတ်။

ရန်ကုန်ရောက်လျှင် ဈေးကောင်းရအောင် ဦးစွာ ပြေးကြရသည်။ ပစ္စည်းချင်းတူ၍ အဝင်များလျှင် အရောက်နောက်ကျသူ ဈေးနှိမ်ခံရမည်။ ထို့ကြောင့် အသင့်ဖြစ်အောင် ပြင်ဆင်ကြ၏။ ကတ်ဆက်များကို ဘူးခွံများထဲ စနစ်တကျ ထည့်သည်။ စွပ်ကျယ်များ၊ ဘောင်းဘီများကို သူ့ပလတ်စတစ်အိတ်နှင့်သူ လှလှပပ ထည့်သည်။ ရထားကြီး ခုတ်မောင်းသံနှင့်အတူ တရှုရှု လှုပ်ရှားနေကြလေသည်။

စစ်တောင်းမြစ်ကို ကျော်ဖြတ်လာ၏။ တာကလေးကြော်ရောင်းသည့် ကောင်လေးတစ်ယောက် တက်လာသည်။ မြရင်စိန်က ခေါ်ပြီး တာကလေး

ကြော် ထယ်သည်။ မြရင်စိန် ပိုက်ဆံ မပေးနိုင်မီ ကောင်လေးသည် သူ့ထံမှ ထပြေး၏။ မီးရထားတွဲစောင့်က သူ့နောက် ပြေးလိုက်သွားသည်။ ရထားပေါ်မှာ အစားအသောက် မရောင်းရသည်ကို မသိလေသလော။ ကောင်လေး လွှတ်ပါစေဟု မြရင်စိန် ဆုတောင်းနေ၏။

ကောင်လေးက ရထား အဆင်းအတက် တံခါးပေါက်နားရောက်သွားသည်။ တွဲစောင့်သည် သူ့နောက်က ထက်ကြပ်ပါသွား၏။ ကောင်လေး တွဲပေါ်က ခုန်မဆင်းနိုင်မီမှာပင် တွဲစောင့်သည် ကောင်လေး၏ ကုပ်ကို ဇိခနဲ လှမ်း၍ ဆုပ်မိလိုက်လေသည်။

❖ ❖ ❖

ရန်ကုန်မြို့၏ ညချမ်းသည် တစ်မျိုးတစ်ဖုံ ပြန်လည်၍ စည်ကားလာသည်။ အနော်ရထာလမ်းတစ်လျှောက်တွင် ညဈေးတန်းလေး ဖြစ်ပေါ်နေ၏။ လူတွေ တိုးဝှေ့ သွားလာနေကြလေသည်။

သည်လိုနေရာမျိုးမှာတော့ ကိုအောင်စိန်က လျှင်သည်။ တစ်နေရာရအောင် ယူလိုက်နိုင်သည်။ သူရသည့် နေရာကလည်း နေရာကောင်း။ ဆူးလေမီးပွိုင့်နားမှာ။ သူက စွပ်ကျယ်အမျိုးမျိုး၊ စပို့ရှပ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး ထိုင်ရောင်းသည်။ မြရင်စိန်က အလှကုန်ပစ္စည်း အမျိုးမျိုး ရောင်းသည်။ သံချောင်းကလည်း သူတို့နှင့် အဖော်ရနေပြီ။ သံလုံးသည် အိမ်တွင် နေရစ်ကာ သူ့အမေ မီးဖွားမည့်အချိန်ကို စောင့်နေ၏။ သောင်းထိုက်သည် သူ့အလုပ် သူလုပ်ရင်း မြရင်စိန်တို့ ရောင်းဖို့ ပစ္စည်းများကို သယ်လာလေသည်။

အခြေအနေသည် ပြန်လည်ကောင်းမွန်စပြုလာသည်။ ထမင်းစားဖို့ မှန်မှန်ရနေသည်။ ပိုသမျှငွေကို တစ်ကျပ်ပါအောင် စုကြသည်။ အခြေအနေ

မနေ့လာလျှင် ဆယ်ရပ်ကွက်ဈေးမှာ ဆိုင်ခန်းတစ်ခန်း ရအောင် ယူမည်။ မြရင်စိန်တို့က ရောင်း၊ သောင်းထိုက်က သယ်ပေးမည်။ မြရင်ကြည်က အိမ်စောင့်၊ အားလုံး အကွက်စေ့နေ၏။ ထိုအတွက် သောင်းထိုက်ကော မြရင်စိန်ပါ ကြိုးစားသည်။ ကိုအောင်စိန်ကလည်း စွမ်းအားရှိသမျှ သူ့ဘက်က တာဝန်ကျေအောင် လုပ်သည်။ အရွယ်ထောက်ပြီး ကောင်းကောင်း ကျန်းမာသော်လည်း စိတ်ဓာတ်တော့ မကျ။ သူ့ဘဝက စိတ်ဓာတ်ကျရှုံးလည်း ဖြစ်၊ မိန်းမနှင့် ကလေးတွေ တာဝန်က သူ့တာဝန် မဟုတ်လား။

'လာပါ လာပါ ယိုးဒယားဖိနပ်တွေ ဆယ့်ခြောက်ကျပ်၊ စွပ်ကျယ်တွေ ဆယ့်နှစ်ကျပ်၊ မိတ်ကပ်ဘူးတွေ တစ်ဆယ်၊ ဈေးတွေ ကျနေတယ်နော်၊ ဝယ်ထား'

သံလုံးသည် အသံစူးစူးလေးဖြင့် အားပါးတရ အော်ရောင်းသည်။ လူတွေသည် တိုးဝှေ့လျှောက်သွားရင်း လှည့်ကြည့်သည့်အခါ ကြည့်သည်၊ ရပ်ကြည့်သည့်အခါ ကြည့်သည်၊ ကိုင်ကြည့်သည့်အခါ ကြည့်သည်၊ မေးကြည့်သည့်အခါ မေးကြည့်ပြီး ဝယ်သည့်အခါ ဝယ်သွားကြလေသည်။ ဘာပဲဖြစ်ဖြစ် ဈေးရောင်းသူဆိုသည်မှာ လူစည်ကားမှ အရောင်းသွက်သည်။ ကြည့်သူများမှ ဝယ်သူများသည်။

ရုပ်ရှင်သိမ်းချိန်အထိ သူတို့ စောင့်၍ရောင်းကြသည်။ ဈေးသိမ်းပြီး အိမ်ပြန်တော့ ဆယ်နာရီကျော်ပြီ။ အိမ်အဝင်လမ်းသည် မှောင်လျက်ရှိ၏။ လူတွေ အိပ်မောကျကုန်ပြီ။

အိမ်ထဲဝင်လိုက်တော့ သံလုံးကို မျက်စိအဝိုင်းသားနှင့် တွေ့ရသည်။ မြရင်စိန် စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေသည်။

'ဒေါ်လေး၊ အမေ မွေးတော့မယ်ဗျ'

'ဟဲ့ ဝိုက်နာရင် သုံးဘီးကားခေါ်ပြီး ဆေးရုံသွားဖို့ ဆိုထားသ မသွားဘူးလား'

'အမေက ဝိုက်သိပ်နာတယ်၊ မသွားနိုင်တော့ဘူးတဲ့'

'ဟဲ့ ဘယ်မလဲ'

ကိုအောင်စိန် ပျာယာခတ် သွားသည်။ မြရင်ကြည် တစ်ယောက် အံကို တင်းတင်းကြိတ်ပြီး ညည်းလျက်ရှိသည်၊ ကားမြေးခေါ်ပြီး မြရင်ကြည် ကို ပွေ့ချီသွားသည်၊ ကလေးက ထွက်မလာသေး။ တော်ပေသေး၏ ဆေးရုံရောက်တော့ မြရင်ကြည်ကို အရေးပေါ်ပြုစုကြရသည်၊ မိခင် ဝမ်း ထဲမှ ကလေးသည် အသက်မရှိတော့ပြီ။ ခက်ခက်ခဲခဲ မွေးထုတ်ရသ သည်။ မြရင်ကြည်သည် သွေးတွေသွန်လျက်ရှိ၏။ ကိုအောင်စိန် မေးကြော ကြီးများ တင်းလျက်ရှိသည်။ မြရင်စိန်သည် ဆေးရုံ ဆင်ဝင်အောက်မှ ဆောက်တည်ရာမရ ငိုကြွေးလျက်ရှိလေသည်၊

'မြရင်ကြည်ရယ်၊ နင်သေရင် လူ့လောကမှာ ငါ ဘယ်လိုနေရမလဲဟဲ့'

နောက်နေ့မနက် ဆေးရုံ ခုတင်ထက်မှာ မြရင်ကြည်ကို မိန်းမေ လျက်သား တွေ့ရ၏။

'မြရင်ကြည် အစ်မ'

မြရင်စိန်က တိုးတိုး ခေါ်သည်။

မြရင်ကြည်သည် သူ့ကို ခပ်စိမ်းစိမ်းကြည့်နေသည်၊ မြရင်စိန် ထိတ် လန့်သွား၏။

'မြရင်ကြည် နင် ဘာစားချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ ငါ့ကို တစ်ခု ပြောပါဟယ်၊ ငါတို့ နင့်ကို ပစ်မထားပါဘူး၊ တို့ နင့်အတွက် အလုပ်လုပ် နေကြတာ'

မြရင်ကြည်၏ အကြည့်ကို မခံနိုင်၍ မြရင်စိန် ငိုမိပြန်သည်။ မြရင်ကြည် ခေါင်းခါပြ၏။ မြရင်ကြည် ပြုံးပြ၏။ သို့သော် မြရင်ကြည် မျက်လုံးများက မှုမဲ့တော့။ မြရင်ကြည်သည် ခွေးလေ ဖောက်ပြား၍ စိတ်ပျောက်သွားပြီလော။

မည်သို့ဆိုစေ၊ မြရင်ကြည် သေကံမရောက်၍ သူတို့ ဝမ်းသာကြရသည်၊ ဈေးရောင်းရာမှ ပြန်လာတိုင်း ငူငူငိုင်ငိုင်ကြီး ထိုင်ပြီး သူတို့ကို ငေးကြည့်နေတတ်သော မြရင်ကြည်ကို ခွင့်လွှတ်ထားကြရသည်။ ကိုအောင်စိန်သည် ဇနီးသည်ကို လျစ်လျူရှုကာ ထမင်းဝင်ချက်တတ်၏။ ကလေးများသည် မိခင်မျက်နှာကိုကြည့်ကာ တိတ်တဆိတ် သွားလာလှုပ်ရှားကြ၏။ မည်ကြားထဲ စိတ်မထင်လျှင် မြရင်ကြည်သည် ကိုအောင်စိန့်ကို လက်ညှိုး ငေါက်ငေါက်ထိုးကာ 'ရှင် ထွက်သွား၊ ရှင် ထွက်သွား'ဟု နှင်ချတတ်သည်၊ သောင်းထိုက်သည် တစ်ရက်ခြားဆိုသလို ပြန်ရောက်လာတတ်၍ တော်ပေသေးသည်၊ သောင်းထိုက်ရှိနေလျှင် မြရင်ကြည် ငြိမ်၏၊

သူတို့ အိမ်ထောင်စုလေးသည် ဒယီးဒယိုင်ဖြင့် ခရီးဆက်ရပြန်လေသည်။

❖ ❖ ❖

'နေရာကောင်းကောင်းမှာ ဆိုင်ကလေးတစ်ခုခုသာ တည်နိုင်ပြီဆိုရင်လေ ကလေးနှစ်ယောက်နဲ့ပဲ ဈေးထွက်ရောင်းမယ်၊ အစ်ကိုအောင်စိန်ကို အစ်မနဲ့ အိမ်မှာထားခဲ့ရမယ်၊ ဒါမှ အစ်မအတွက်လည်း စိတ်ချရ ကိုအောင်စိန်လည်း နားရမယ် အစ်မကိုလေ သူ့ရောဂါပျောက်အောင် ဆေးကောင်းကောင်း ကုပေးချင်တယ်'

မြရင်စိန်သည် ဘောင်းထိုက်ရင်ခွင်ကို မှီရင်း ရှေ့ရေးအတွက် တွေ ပြောနေလေသည်။ ဘောင်းထိုက်ကတော့ သူ့ဘဝမှာ ကျရောက်လာသော မညည်းမညူ ထမ်းဆောင်သော မြရင်စိန်၊ စိတ်ရင်းနှလုံးကောင်းသော မြရင်စိန်၊ သတ္တိရှိသော မြရင်စိန်ကို ရင်ခွင်မှာထားကာ သူ့အကြံအစည် များကို ပြောသင့် မပြောသင့် စိတ်ကူးလျက်ရှိသည်။

'သားတွေ သမီးတွေနဲ့ တိုးလို့တွဲလောင်း မဖြစ်ခင်မှာ အခြေ အောင် ကြိုးစားထားရမယ် မဟုတ်လား အစ်ကိုရယ် ဟင်၊ ပြောစမ်းပါဦး ဘာတွေ စဉ်းစားနေလဲ'

မြရင်စိန်သည် ပုံပုံမှုပင် အရာမထင်သေးသော သူ့ ဝမ်းဗိုက်ကို ပွတ်သပ်၍ ပြောလိုက်လေသည်။ ဘောင်းထိုက်က သဘောကျစွာ ရယ်မော နေ၏။

'ကလေးကဖြင့် ဘယ်ဆီနေမှန်း မသိသေးဘဲ အရှုံးမထားပါနဲ့ ကောင်မလေးရယ်၊ ဒီမှာ ဘာလုပ်ရင် ကောင်းမလဲလို့ အကြံဉာဏ်ထုတ် နေတာ'

'ဘာအကြံဉာဏ်တွေလဲ ပြောစမ်းပါဦး'

'ဒီအတိုင်းဆိုတော့ ကိုယ်တို့မှာ ရတာနဲ့ သုံးတာနဲ့ ကုန်ရော မဟုတ် လား။ ဘယ်မှာစုမိလို့လဲ၊ ညီမ ညစျေးထွက်ရောင်းတာလည်း ကိုယ်မကြိုက် ချင်ဘူး၊ နောက်ဆို ဈေးရောင်းလို့လည်း မဖြစ်တော့ဘူး။ ဆိုင်မြန်မြန်ဖွင့်မှ ဖြစ်မယ်'

'ဟုတ်တယ်လေ၊ ဒီကလဲ အဲဒါ ပြောနေတာပဲဟာကို'

'ဟုတ်ပါတယ်၊ ကိုယ်ပြောချင်တာ ကိုယ်လည်း မော်လမြိုင်နဲ့ ရန်ကုန် ကူးရတဲ့အလုပ် သိပ်မလုပ်ချင်တော့ဘူး။ ညီမနဲ့အတူတူ ဆိုင်ထွက်ချင်တယ်

ဒီတစ်ခါ တစ်ခေါက်လောက် သေသေချာချာလုပ်လိုက်ပြီးရင် ကိုယ်နားလို့ ရပြီ'

မြရင်စိန် နည်းနည်း စိတ်ဝင်စားလာသည်။

'အစ်ကိုက ဘာလုပ်မှာလဲ၊ ဟိုဘက် ကူးဦးမလို့လား၊ တစ်ခါ ခံရပြီးပြီဆို'

သောင်းထိုက် စဉ်းစားနေသည်။

'မဟုတ်ပါဘူး၊ အောင်နိုင်နဲ့ လိုက်သွားမလားလို့'

'ကိုအောင်နိုင်နဲ့ လိုက်သွားမယ် ဟုတ်လား၊ ပီနံကိုလား၊ မသွားပါနဲ့ အစ်ကိုရယ်၊ စိတ်မချဘူး'

'ဒီတစ်ခေါက်ပဲလေ၊ နောက်မသွားတော့ဘူး'

'ဖြစ်ပါ့မလား အစ်ကိုရယ်'

'ဖြစ်ပါတယ်၊ အောင်နိုင် ပါသားပဲ၊ ဒါမှလဲ ကိုယ်တို့ မျှော်မှန်းထားတဲ့ အတိုင်း မြန်မြန်ဖြစ်မှာ မဟုတ်ဘူးလား'

မြရင်စိန် တွေ၍ စဉ်းစားနေသည်။ တစ်ဖက်ကလည်း သောင်းထိုက်ကို လွှတ်ရမှာ စိတ်မချပေ။ တစ်ဖက်ကလည်း သောင်းထိုက် ပြောသလို တစ်ခေါက်လောက် ဟန်ကျသွားလျှင် နောင်ရေးအတွက် စိတ်အေးရဖို့ ရှိသည်။ သူ့ခေါင်းထဲမှာ ဟိုဘက် ဒီဘက် လွန်ဆွဲလျက် ရှိနေသည်။

'သွားမယ်ဆို မြန်မြန်သွားမှဖြစ်မယ် ညီမရဲ့ တော်ကြာ ညီမ မွေးကာနီးမှဆိုရင်'

'စဉ်းစားသေးတာပေါ့ အစ်ကိုရယ်နော်'

မြရင်စိန် ချီတုံချတုံ ဖြစ်နေလေသည်။ သောင်းထိုက် မော်လမြိုင်ကို ထွက်သွားဆဲ၊ မြရင်စိန်က ကိုအောင်စိန်ကို တိုင်ပင်သည်။

'သွားပစေပေါ့၊ သူပြောသလိုတစ်ခေါက်တည်းနဲ့ အလုပ်ဖြစ်သွားရင် နေ့ခင်း အေးအေးဆေးဆေး လုပ်စားရုံပဲ၊ ငါလည်း ကလေးတွေအတွက် အားတင်းပြီး လုပ်နေပေမယ့် မလုပ်နိုင်တော့ဘူး မြရင်စိန်၊ ငါ့သားတွေကိုလည်း ဒီအလုပ်တွေ မခိုင်းချင်တော့ဘူး၊ ငါလိုပဲ ပျံကျသမားဖြစ်သွားမှာစိုးတယ်၊ လေလွင့်သွားမှာလည်း ကြောက်တယ်၊ သူတို့ကို ကားမောင်း စက်ပြင် သင်တန်းလေး ဘာလေး တက်ခိုင်းချင်တယ်၊ ဘောင်းထိုက် သွားမယ်ဆိုရင် ငါပါ လိုက်သွားချင်တယ်'

'အစ်ကို လိုက်လို့တော့ ဘယ်ဖြစ်မလဲ'

'အေးလေ၊ ငါကလည်း မလိုက်ပါဘူး၊ ဒါပေမယ့် သူသွားရင် ငါ့လက်ထဲရှိသမျှ ပေးလိုက်မယ်'

အခြေအနေသည် ဟိုဘက်ကို အလေးသာလျက် ရှိသည်၊

'ပြီးတော့ နင် စဉ်းစားကြည့်၊ ဘောင်းထိုက်လည်း အမြဲ ဒီလို ကူးချည် သန်းချည်သွားနေလို့ မကောင်းတော့ဘူး၊ အရင်တုန်းက လူပျိုလူလွတ် မဟုတ်လား၊ ခုတော့ သားနဲ့မယားနဲ့ နှစ်ယောက် အတူတူလုပ်ကိုင်စားရင် ပိုကောင်းတာပေါ့ဟာ'

မြရင်စိန် ခေါင်းညိတ်မိသည်။ ဘာပဲဖြစ်ဖြစ် စွန့်စားရပေမည်။ သူတို့ အားလုံးမှာ မြရင်ကြည်မှ လွဲ၍ တစ်ယောက်မှ အနား မနေရ၊ ကလေး နှစ်ယောက်သည်လည်း ကိုအောင်စိန်ပြောသလိုပင် လမ်းပေါ်မှာ ပျံကျ ဖြစ်နေကြပြီ၊ အငယ်ကောင်သည်ပင် ရုပ်ရှင်ရုံမှာ မှောင်ခိုလက်မှတ် တိုးတတ်နေပြီ၊ တစ်ချိန်မှာ အပေါင်းအသင်းများက ခါးပိုက်နှိုက်ဖြစ်မသွားဘူးဟု မပြောနိုင်ပါပေ၊

အခြေတကျမရှိသူများအတွက် အခြေကျဖို့ အရေးသည် အလွန်ခက်၏၊ အခြေကျဖို့ကိုပင် မနည်းကြိုးစားရဦးမည်၊ ငွေကြေးချမ်းသာသူများ

သည် ပိုမိုချမ်းသာလို၍ ငွေနောက်လိုက်ကြသည်။ ဆင်းရဲသူများမှာလည်း ပို၍ ဆင်းရဲမသွားစေဖို့ ငွေနောက်လိုက်ကြရပြန်သည်။

ယခုတော့ မြရင်စိန် စဉ်းစားရပြီ။

❖ ❖ ❖

'ဟဲ့ကောင်မလေး လာစမ်း၊ နင့်ဗိုက်ကြီးက တစ်ယောက်တည်းမှ ဟုတ်ရဲ့လား'

မြရင်စိန်သည် ခုတင်ပေါ်တွင် သက်သက်သာသာ လဲလျောင်းရင်း သူ့ဗိုက်ကို အစမ်းသပ်ခံ၏။

'အမြွှာပူးလားဟင် ဆရာမကြီး'

'လိုချင်လို့လား'

'သိပ်လိုချင်တာပဲ ဆရာမကြီးရယ်၊ အမြွှာပူးလေးဆိုရင် ကောင်းမှာပဲ'

မြရင်စိန်ကား သားဦးမိခင်တို့၏ ထုံးစံအတိုင်း ရှုး၍နေ၏။ ခုတင်ပေါ်မှ ဆင်းပြီး ထဘီကိုပြင်ဝတ်ကာ မေးလိုက်သေးသည်။

'အမြွှာပူးဟုတ်လားဟင် ဆရာမ'

'မဟုတ်ပါဘူးအေ'

မြရင်စိန် စိတ်ပျက်သွားသည်။ သူ့ဗိုက်လေးကို သူ ငုံ့ကြည့်၏။ ကလေးက ထွားတယ်ထင်ပါရဲ့။ သူ့မျက်နှာမှာ ပီတိပြုံးဖြင့် ဝေနေသည်။

ဆေးရုံရှေ့တွင် သောင်းထိုက် စောင့်နေသည်။

'ဆရာဝန်မကြီးကပြောတယ် အစ်ကိုရဲ့၊ ဗိုက်ထဲက ကလေးကလေ အမြွှာပူးလား မသိဘူးတဲ့'

မြရင်စိန်က အပိုထည့်၍ ပြောလိုက်သည်။

'ဟေ တကယ်လား'

'ဝမ်းမသာဘူးလား အစ်ကိုရဲ့'

'နှစ်ယောက်မွေးရရင် ညီမ ပင်ပန်းမှာပေါ့'

'အို ဘာဖြစ်လဲ အစ်ကိုရဲ့၊ နောက်တော့ နှစ်ယောက်ပြိုင်တူကြီးလာမှာ၊ ဘယ်လောက်ကောင်းလဲ၊ ဒါပေမယ့် အမြွှာပူး မဟုတ်ပါဘူးလေ'

'အခုန ပြောတော့ အမြွှာပူးဆို'

'မဟုတ်ပါဘူး၊ ထင်တာပြောတာ'

'အရူးကျနေတာပဲ'

လင်နှင့်မယားတို့၏ ကြည်နူးပျော်ရွှင်မှုမျိုးဖြင့် သူတို့ ရယ်မောကြသည်။ မိခင်လောင်းတစ်ယောက်၏ နူးညံ့သော မျက်နှာလေးဖြင့် လှနေသော မြရင်စိန်ကို သောင်းထိုက် တစိမ့်စိမ့်ကြည့်မိသည်။ သို့သော် တစ်ဖက်ကလည်း သားနှင့် မယားနှင့် အခြေတကျနေနိုင်ဖို့အရေးကို အကွက်ချရင်း သူ့ရင်ထဲမှာ ပူလောင်နေသည်။

'ညီမမွေးဖို့ ဘယ်လောက်လိုသေးလဲ'

'သုံးလလောက် လိုတာပေါ့၊ ဘာဖြစ်လို့လဲ'

သောင်းထိုက် ငြိမ်နေသည်။

'လ ရင့်လာရင် ညီမ ဈေးရောင်းလို့ မဖြစ်တော့ဘူး၊ ကိုယ်လည်း ပစ္စည်းတွေ ဈေးကျလို့ သိပ်မကိုက်တော့ဘူး၊ ကလေးတစ်ယောက် မမွေးခင် ငွေရအောင် ရှာထားမှ ဖြစ်မယ်'

မြရင်စိန် သောင်းထိုက် မျက်နှာကို ကြည့်သည်။ သောင်းထိုက် တစ်ခုခုကို ဆုံးဖြတ်ပြီး လုပ်တော့မည်ဆိုတာ သိနေသည်။

'အစ်ကို ဟိုကို သွားတော့မလို့လား'

မြရင်စိန် တိုးတိုး မေးသည်။

'ဒီတစ်ခါ အောင်နိုင် ပြန်လာပြီးရင် လိုက်သွားမယ်'

မြရင်စိန် မျက်နှာ မကောင်းလှပေ။

'ဘယ်လောက်ကြာမှာလဲ'

'မကြာပါဘူးကွာ၊ လေးရက် ခရီးလောက်သွားရတာ၊ အဆင်ပြေရင် ချက်ချင်းပြန်လာမှာပေါ့'

'ညီမ မွေးကာနီးရင်တော့ အစ်ကို အနားမှာရှိနေရမယ်နော်'

အရာရာကို သတ္တိနှင့်ရင်ဆိုင်တတ်သော မြရင်စိန်က ပဋိသန္ဓေဆောင်ရသော မိန်းမတို့၏ အားငယ်မှုမျိုး ဝင်နေလေသည်။

'ရှိမှာပေါ့ကွာ၊ ဒါကြောင့် ဒီကြားထဲမှာ အဆင်ပြေအောင် ကြိုးစားရမှာ'

အိမ်တွင် အခြေအနေသည် ပြန်၍ ကျပ်တည်းလာ၏။ ကိုအောင်စိန်သည်လည်း ကျန်းမာရေးအခြေအနေမကောင်းလှ၊ အားစိုက်ခွန်စိုက် အလုပ်မလုပ်နိုင်တော့။ ကလေးနှစ်ယောက်သည် သူတို့အတွက်မုန့်ဖိုးကို သူတို့ဘာသာ ဖြစ်သလိုနည်းဖြင့် ရှာ၍နေကြ၏။ မြရင်ကြည်ကိုကား နည်းနည်းမျှ ထည့်တွက်၍မရ၊ အစားမမှန် အအိပ်မမှန်ဖြစ်ကာ သူ့ အတွက်ပင် စိုးရိမ်နေရလေသည်၊ မြရင်စိန်ကိုယ်တိုင်ကလည်း အဖြိဘဝကလောက် ဈေးကို ခေါင်းတည်မောင်းတည် မရောင်းနိုင်တော့ပေ၊ သူ့မှာ မွေးလာမည့်ကလေးအတွက် ပူပင်သောကရောက်ခြင်း၊ လင်သားအတွက် စိတ်ရတက်မအေးရခြင်းတို့ဖြင့် တကယ့်မိန်းမကြီး ဖြစ်နေလေပြီ။

တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို ပြန်ရောက်လာတတ်သော ဘောင်းထိုက်ထံမှလည်း 'အဆင်မပြေဘူး' ဟူသော အသံကိုသာ ကြားနေ

ရသည်။ နောက်တစ်ခေါက်မှာ အောင်နိုင် ပါလာသည်။ သူတို့ ခရီးအတွက် ပြင်ဆင်ကြသည်။ မြရင်စိန်ကတော့ စိတ်ကိုလျှော့ပြီး သူတို့ စီစဉ်သမျှသာ ထေးနေသည်။ အနာဂတ်မှာ ဘာတွေဖြစ်လာမည်နည်း။ ကောင်းလာမည်လား ဆိုးလာမည်လား မသိနိုင်ပေ။

'ဒီတစ်ခါ ခရီးထွက်ရတာ ကိုယ့်အတွက် စိတ်အလှုပ်ရှားဆုံးပဲ'

သောင်းထိုက်ကလည်း ပြောသည်။

'ဒါ နောက်ဆုံးအခေါက်ပဲ။ နောက်ဆိုရင် ဆိုင်ဖွင့်ပြီး အေးအေးဆေးဆေး ထိုင်ရောင်းရုံ ရှိတော့တယ်'

အနာဂတ်သည် အမှောင်လေလော၊ အလင်းလေလော။ ဘာပဲဖြစ်ဖြစ် ခါတိုင်းလိုပင် အခြေအနေအားလုံးကို အသင့်ရင်ဆိုင်ရန် မျှော်လင့်စောင့်စား နေရုံသာ ရှိလေသည်။

□

၁၄

မြူးနှင်းတို့ ပါးလျားစပြုပြီ။

မြရင်စိန် ရင်တွင်းမှ ကလေးငယ်သည်ပင် လူလောကသို့ ဝင်ရောက်ခွင့် ရရန် ရုန်းကန်တွန်းထိုးလျက်ရှိပြီ။ ထွားကျိုင်းသန်မာဟန်တူသော ရင်သွေး၏ လှုပ်ရှားမှုကို စိတ်အသိဖြင့် ခံစားရင်း မြရင်စိန် ကြည်နူးလို၏။ သို့သော် ယခုတော့ မြရင်စိန် မကြည်နူးနိုင်ပြီ။

သောင်းထိုက်ထွက်သွားသည်မှာ တစ်လပင် ပြည့်တော့မည်။ မြရင်စိန် ရင်မှာ ပူလောင်နေရချေပြီ။ သောင်းထိုက် ပြန်လာဖို့သင့်ပြီ မဟုတ်ပါလား။ မျှော်လင့်စောင့်စားရုံမှတစ်ပါး အခြားဘာကိုမျှ မလုပ်နိုင်သောအခါ မြရင်စိန် ရင်မောရ၏။ မျက်ရည်ကို မခင်တွယ်တတ်သည့်တိုင် ယခုတော့ တွေဝေမိလျှင် ငိုချင်လာသည်။ မေ့ထား၍မရ။ မတွေးဘဲနေ၍မရ။ ဘဝနှင့်ယှဉ်သော ကိစ္စကို အဘယ်မှာလျှင် ပေါ့ပေါ့ဆဆထား၍ ရပါမည်နည်း။ ကိုအောင်စိန် ကတော့ နှစ်သိမ့် အားပေးသည်။

'ရောင်းရေဝယ်တာဆိုတာ အဆင်မပြေတဲ့အခါလည်း ရှိသပေါ့၊ အခြေအနေအရ ကြာနေတာ ဖြစ်မှာပါ၊ အောင်နိုင်လည်း ပါသားပဲ'

မြရင်စိန်ကတော့ ရင်လေးလျက်ရှိ၏။ ပစ္စည်းကလည်း ပုံကြီးလိုက် ရသည်။ [illegible]
[illegible]

မြရင်စိန်တို့မှာ လောလောဆယ် ထမင်းစားဖို့အတွက်လည်း ရှာရသေးသည်။ ကိုယ်ဝန်လည်းရင့်လာသော်လည်း မြရင်စိန် မနားနိုင်။ အခြေအနေသည် တစ်စ တစ်စ ယိမ်းယိုင်လာ၏။ အထူးသဖြင့် မြရင်စိန် မီးဖွားရမည့်ရက် နီး၍ နီး၍ လာခဲ့ပြီ။

ပထမဆုံး စုံစမ်းသည့်အနေဖြင့် မြရင်စိန် ဦးခင်မောင်သောင်းထံသို့ သွားသည်။

'သူတို့ အဲဒီအထိသွားသလား ကျွန်တော်မသိဘူးဗျာ၊ တောင်ပေါ်ဘက်ကတော့ စုံစမ်းဖို့လွယ်တယ်။ ကျွန်တော်တို့လူတွေ ရှိတာပဲ၊ အဲဒီဘက်တော့ မသိဘူး'

မြရင်စိန် စိတ်မောစွာ ပြန်လာခဲ့ရသည်။

အောင်နိုင်တို့ တိုက်ခန်းကိုလည်း တစ်ခေါက်ရောက်သေးသည်။

'ဟာဗျာ ကျွန်တော်တို့လည်း အဲဒါ စုံစမ်းနေတာ၊ ကိုအောင်နိုင့်အမေကြီးလည်း လိုက်လာတယ်ဗျ၊ သူ့သားကို သိပ်တွေ့ချင်နေတယ်၊ ဒီတစ်ခါလာရင် သူတို့မြို့ကို ပြန်ခေါ်သွားတော့မလို့တဲ့'

ကိုခင်ဇော်ကလည်း တွေ့တွေ့ချင်း ဆီးပြောသည်။ မြရင်စိန် ဘယ်မှာ စုံစမ်းရမည် မသိတော့။ တောင်ဥက္ကလာမှ သောင်းထိုက်အခေါ်ကို သတိရပြန်သည်။ သို့သော် သူတို့လည်း သိနိုင်စရာ အကြောင်းမရှိ။

သောကသည် ဆတက်ထမ်းပိုး တိုးပွား၍ လာလေသည်။ တစ်သက်တာတွင် မကြုံဖူးသော စိတ်ဆင်းရဲမှုမျိုးကို ကြုံတွေ့ရသည်။ ဘဝတစ်လျှောက်လုံး ခွဲသတ္တိဖြင့် အားတင်းခဲ့သမျှ သည်တစ်ခါ ဝုန်းဝုန်းကျွံ ရသည်။ အနာဂတ် မျှော်လင့်ချက် အဆောက်အဦအားလုံးလည်း ပြိုကျ ပျက်စီးကုန်ပေပြီ။

မြရင်စိန် သောကဝိစီးနေ၍ ဈေးမရောင်းနိုင်တော့ပြီ။ ကလေး နှစ်ယောက်နှင့် ကိုအောင်စိန်သည် မြရင်စိန်ကို ညာတာစွာ စောင့်ရှောက် ပါ၏။ သို့သော် သူတို့မှာ တစ်နေ့တာ ထမင်းနပ်မှန်ဖို့ကို ကြိုးစားပမ်းစား ရှာနေရပေပြီ။ ယခင်လက်ကျန် ပစ္စည်းလေးတွေမှာလည်း ကုန်လုနီးပြီ။ သံလုံးသည် သူ့အစွမ်းအစဖြင့် လှည့်ပတ်၍ရသော ဆပ်ပြာတုံးလေးတွေ၊ သွားတိုက်ဆေးဘူးလေးတွေကို လမ်းဘေးမှာ အော်ရောင်းပြန်သည်။

မြရင်ကြည်၏ တွေဝေညှိုးမှိုင်းသော မျက်လုံးများသည် မြရင်စိန်ကို အခါမလပ် ငေးစိုက်ကြည့်ရှုနေ၏။ မြရင်စိန်၏ ပြည့်ဖောင်းသော ဝမ်းဗိုက် ကို သူ စူးစမ်းသည်။ မိန်းမသားတို့၏ မိခင်စိတ်သည် သူ့အသိဉာဏ်ကို ပြန်လည် ဖွင့်လှစ်ပေးဟန်တူသည်။

'မြရင်စိန်၊ နင် ကလေးမွေးတော့မယ်နော်'

မြရင်စိန် မျက်ရည်ကြားမှ ခေါင်းညိတ်၏။

'နင်ကလေးမွေးလာရင်လေ အာမှ မကြောက်နဲ့ ငါရှိတယ် သိလား။ နင် ဘာလို့ ငိုငိုနေတာလဲ၊ နင် ကလေးမွေးရမှာ မကြောက်ဘူးဆို'

မြရင်စိန်သည် မှုမမှန်သော မြရင်ကြည်ကို ကြည့်ကာ စိတ်ဆင်းရဲမှု ကို မျိုသိပ်ပြီး ခေါင်းညိတ်ပြပြ၏။

'နင်မကြောက်ပါနဲ့ဟယ်၊ ငါတစ်ယောက်လုံး ရှိသားပဲ၊ နင့်ယောက်ျား ဘယ်သွားနေတာလဲ၊ ကြာလှပြီ ပြန်မလာတာ၊ နင် အားမငယ်ပါနဲ့၊ နင် ကလေးမွေးရင် ငါ နင့်အနားမှာ နေမှာပေါ့'

❖ ❖ ❖

မြရင်စိန်သည် ရေနစ်သူမှာ မြက်တစ်ပင်ကိုပင် အားကိုးရာအဖြစ် ဖိုတွယ်သကဲ့သို့ အစ်မ မြရင်ကြည်၏ ရင်ခွင်ထက်မှာ မျက်နှာအပ်ပြီး အားငယ်တကြီး ငိုကြွေးမိလေသည်။

သောကလွှမ်းသော နေ့ရက်တို့သည် ရှည်ကြာလွန်းချေ၏တကား။

မြရင်စိန် နောက်ဆုံးသတိရသည်က ဗိုလ်ကျော်ဖြစ်သည်။ သောင်းထိုက်တို့ သွားသည့်ကိစ္စ ဗိုလ်ကျော် သိရမည်။ သူသည် သောင်းထိုက်တို့မကြာခဏ ပစ္စည်းမှာတတ်သည် မဟုတ်လား။

မြရင်စိန် စောစီးစွာပင် အိမ်မှထွက်၍ ဗိုလ်ကျော်ဆီ လာခဲ့၏။ ဗိုလ်ကျော့်ဆိုင် သူ မရောက်မီ စောင့်နေရသေးသည်။ ဗိုလ်ကျော်က မြရင်စိန်ကို တွေ့တော့ ချက်ချင်း မျက်နှာပျက်သွားသည်။

'မြရင်စိန်၊ နင် နေကောင်းတယ်နော်'

ဗိုလ်ကျော်သည် မြရင်စိန်၏ ပြည့်ဖောင်းစွင့်ကားနေသော ဝမ်းဗိုက်ကြီးကို ကြည့်ကာ မသက်မသာ မေးလိုက်သည်။

'ငါလား စိတ်ရော လူရော နေမကောင်းပါဘူးဟယ်၊ ဗိုလ်ကျော် နင် သောင်းထိုက်တို့ ဟိုဘက်သွားတာ သိတယ် မဟုတ်လား၊ နင် ပစ္စည်းတွေ မှာလိုက်သေးလား၊ သူတို့သတင်း မရဘူးလား ဟင်'

ဗိုလ်ကျော် မြရင်စိန်ကိုကြည့်ကာ ငိုင်နေသည်။

'ပြောစမ်းပါဟယ်၊ နင် သိတယ်မဟုတ်လား၊ ငါ့မှာ သေလား ရှင်လားလည်း မသိရ၊ ဘယ်ကိုလိုက်ရမှန်းလည်း မသိရနဲ့ စိတ်ဆင်းရဲလှပြီ ငါ့ကို ကူညီစမ်းပါဦးဟယ်၊ ငါ ဘယ်ကို လိုက်ရမလဲ၊ သူတို့ ဘာဖြစ်နေကြပြီလဲ'

မြရင်စိန် မျက်လုံးအိမ်မှ မျက်ရည်ပူတို့ စီးကျလာ၏။

'မြရင်စိန် နင် မငိုပါနဲ့ဟယ်၊ နင့်မှာလဲ မပေါ့မပါးနဲ့၊ ငါ တတ်နိုင်သလောက် ကူညီပါ့မယ်၊ ငါ စုံစမ်းပေးပါ့မယ်'

'နင် နည်းနည်းလေးမှ သတင်းမကြားဘူးလားဟယ်'

ဝိုလ်ကျော် ခေါင်းကို ခါရမ်းသည်။

မြရင်စိန် ငိုပြန်သည်။

'ငါ အခု ကလေးမွေးရကာနီးပြီ၊ ရှိသမျှငွေလေးလဲ သူ့နောက်ပါသွားတယ်'

'ဒီအတွက် နင့်ကို ငါ ကူညီပါ့မယ်'

'ဟင့်အင်း၊ ဒီအတွက်က ကြံဖန်ရှာလို့ရပါတယ်၊ ငါသိချင်တာ သူ ဘယ်ရောက်နေလဲ၊ အဖမ်းခံနေရသလား၊ သူ ဘယ်တော့ပြန်လာမှာလဲ၊ ငါ အဲဒါပဲ သိချင်တယ် ဝိုလ်ကျော်ရယ်'

ဝိုလ်ကျော် သက်ပြင်းချသည်။

'ငါ သိရသလောက်တော့ ဟယ်'

ဝိုလ်ကျော် တိုးတိုးပြောသည်။

'နင် ဘာတွေသိလဲ ပြောစမ်းပါဟယ်'

'ငါလဲ စုံစမ်းတာပဲ၊ ငါ့ငွေလည်း နည်းနည်းပါသွားတယ်လေ၊ သူတို့ မော်လမြိုင်က ဘယ်နေ့ထွက်လဲတော့ မသိဘူး၊ စက်လှေတစ်စင်းမိတဲ့ သတင်းတော့ ကြားရတယ်၊ သူတို့ပါလား မပါလား မသိဘူး'

'ဘယ်တုန်းကလဲ'

'ကြာပြီလေ၊ အထွက်မှာ ကတည်းက မိတာ၊ ပစ္စည်းတွေကော လူတွေကော'

မြရင်စိန် ရင်ထဲမှာ တလှိုက်လှိုက် တုန်လာသည်။

'အဲဒီသတင်း ဘယ်ကရသလဲ ဟင်'

'ငါ သတင်းစာထဲမှာ တွေ့တာပဲ၊ မော်လမြိုင်ကလူတွေ လာတော့လည်း ပြောတယ်'

'သူတို့ပြောတဲ့အထဲမှာ သောင်းထိုက်တို့အကြောင်း မပါဘူးလား ဟယ်'

ဝိုလ်ကျော် မတတ်သာတော့ပြီ။ မြရင်စိန်ကို ဖွင့်မပြောရှ၍ မဖြစ်တော့။

'အေး၊ သောင်းထိုက်ရော အောင်နိုင်ရော ပါသွားတယ် မြရင်နို့'

မြရင်စိန် ခေါင်းကို ငုံ့ချလိုက်သည်။ ဘဲကို တင်းတင်းကြိတ်လိုက်သည်။ မျက်ရည်စများသည် ပါးပြင်ပေါ်မှ ရင်ညွန့်ဆီသို့ တလိမ့်လိမ့် စွန်ဆင်းသွားလေသည်။

ဝိုလ်ကျော်သည် ဆူညံနေသော ကာက်ဆက်မှ ခလုတ်ကို လှမ်း၍ ပိတ်လိုက်ပါလေသည်။

❖ ❖ ❖

ရှိသမျှပစ္စည်းဥစ္စာတွေ ဆုံးရှုံးသွားသည်ကို မမှု၊ သောင်းထိုက်ကို မြရင်စိန် တွေ့လိုလှသည်။ ဘယ်မှာ သွားတွေ့ရမည်နည်း၊ ဘယ်ကို လိုက်ရမည်နည်း။

မြရင်စိန်တို့မှာ အသိုင်းအဝိုင်း မရှိ၊ နေဥစ္စာ ငွေကြေးမရှိ၊ ဩဇာ အာဏာ လုံးဝမရှိ၊ အင်အားမရှိ၊ လူ့ဘဝကို ဝင်ရောက်လာကတည်းက ဝမ်းရေးပြဿနာကို လုံးပန်းခဲ့ရသည်၊ ဆင်းရဲခြင်းကို ရင်ဆိုင်ခဲ့ရသည်၊ ဘဝကို ရေဆန် လှော်ခတ်ခဲ့ရသည်၊ အလှည့်အပြောင်း အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။ သည်တစ်ခါလောက် ကစဉ့်ကလျားဖြစ်တာတော့ မကြုံဖူးသေး။

မြရင်စိန် စိတ်မလျှော့သေး။

ဦးခင်မောင်သောင်းဆီ တစ်ခေါက်ထပ်သွားသည်။ သည်ကိစ္စ သူတို့

မှုရသိရမည် မဟုတ်ပါလား။

'ဒီတစ်ပတ် သူတို့အစီအစဉ်နဲ့ သူတို့သွားတာပဲ၊ ဒီက ဘာပစ္စည်းမှ လည်း ပါမသွားဘူး'

နောက်ဆုံး နှုတ်ပိတ်စကား။ ပြဿနာက တက်နေပြီဆိုတော့ သူတို့ဆီ နိုင်နိုင်ကြွက်လျှောက် ရောက်လာမှာကို စိုးဟန်တူသည်။ နောက်အခေါက် မှာတော့ မြရင်စိန်ကို အတွေ့မခံတော့။

သောင်းထိုက်နှင့် တစ်နာရီမျှပဲဖြစ်စေ တွေ့လိုလှသည့်ဆန္ဒ မြရင်စိန် မှာ ပြင်းထန်လျက်ရှိသည်။ မော်လမြိုင်ကိုထွက်ပြီး စုံစမ်းဖို့ပြင်သည်။

'မသွားပါနဲ့ မြရင်စိန်ရယ်၊ နင့်မှာ နေ့စေ့ လစေ့ကြီးနဲ့'

ကိုအောင်စိန်က အတန်တန်တားသဖြင့် မြရင်စိန် လက်လျှော့လိုက် ရသည်။ ကိုအောင်စိန်သည် ပါးရိုးများ ငေါထွက်လာသည်အထိ မြရင်စိန်တို့ အတွက် ပြန်လည်ရှုန်းကန် ရှာဖွေနေရသည်။ မြရင်ကြည်သည် သူ့ညီမကို တစ်ပြန် မျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်နေလေသည်။

ရင်သွေးငယ်၏ လူ့ဘဝအတွင်း ဝင်ရောက်လာမည့် ရက်သည် နီးကပ် လာ၏။ သာယာကြည်နူးခဲ့ရသည့် နေ့ရက်များသည် ဟိုအဝေးဆီတွင် ကျန်ရစ်ခဲ့ကြပြီ။ လူ့ဘဝကို အသစ်တစ်ဖန် ပြန်စလိုစိတ်များ မြရင်စိန် ရင်မှာ တဖွားဖွားပေါ်လာသည်။ အိပ်မက်တွေပဲ ဖြစ်ပါစေတော့။ အိပ်မက် ဆိုးမှ လန့်နိုးရသူ၏ ဝမ်းသာပြင်းမျိုးဖြင့် ဝမ်းသာလိုက်ချင်သည်။

မွှော်လင့်ချက်တို့ တစ်စ တစ်စ ကုန်ခန်းလာသည်။ စိတ်ကို တဖြည်း ဖြည်း လျှော့လိုက်သည်။ ဝမ်းဗိုက်တွင်းမှ ကလေးငယ်ကို သောကဖြင့် ကြိုလင့်မိသည်။ ဝမ်းမှ တရစ်ရစ် နာလာစဉ်မှာပင် မြရင်စိန်၏ စိတ်ဝိဉာဏ ပွင့်လွင့်နေ၏။

'နာမည်ပြောပါ'

'မြရင်စိန်'

'အသက်'

'၂၆ နှစ်'

'အဖေနာမည်'

'ဦးအောင်ဘ'

'ခင်ပွန်းနာမည်'

'ကိုသောင်းထိုက်'

'အလုပ်အကိုင်'

မြရင်စိန် တိတ်ဆိတ်နေသည်။ ဝမ်းဗိုက်ကိုပွတ်၍ ညည်းနေ၏

'ခင်ပွန်းက ဘာလုပ်သလဲ မမြရင်စိန်'

မြရင်စိန် မျက်လုံးအိမ်ဝယ် မျက်ရည်တို့ ဝဲလာသည်။

'ဈေးသည်ပါ'

တုန်ယင်စွာ ဖြေလိုက်သည်။

'လက်မှတ်ထိုးဖို့ အိမ်ကလူ ပါတယ်နော်'

မြရင်စိန် မျက်ရည်ကျပြန်သည်။

'ကျွန်မအစ်မ အပြင်မှာ ရှိပါတယ်'

မြရင်စိန်ကို အပေါ်ထပ်သို့ ခေါ်သွားကြသည်။ ဆေးရုံ၏ ပြ တစ်လျှောက်မှာ လျှောက်ရင်း အပြင်ကိုငေးမျှော်ကြည့်မိသည်။ သူသာရှိလျှ အများတကာ ယောကျ်ားတွေလို ဆင်ဝင်အောက်မှာ ခြေစုံရပ်ပြီး စောင့် မှာပဲ။ မြရင်စိန် တွေးမိပြန်၏။

ဝမ်းထဲမှ ရင်သွေးငယ်သည် အစွမ်းကုန် ရုန်းကန်စပြုစ၏။ မြရင်စိ သည် မျက်ရည်ကြားမှ အံတင်းတင်းကြိတ်ထားသည်။

'ဘာဖြစ်လို့ ငိုနေသလဲ၊ မငိုနဲ့နော်'

မြရင်စိန်ကို ပွေးခန်းထဲ ခေါ်သွားကြသည်။ တစ်မိနစ်ကို တစ်ကမ္ဘာ ထင်ရသော ဝေဒနာကို ခါးစည်း၍ ခံရပြန်၏။ အားကိုတင်းသော်လည်း မျက်ရည်များသာ ပါးပြင်ပေါ် လိမ့်ဆင်းလာကြသည်။ ကလေးငယ်သည် လူ့လောကထဲကို ဝင်ရောက်ရန် ငြင်းဆန်နေချေပြီတကား။

'ဟဲ့ ညြော် ဘာဖြစ်လို့ ငိုနေရသလဲ၊ စိတ်ကို တင်းမှပေါ့၊ ကဲ အသက်ဝဝရှူ၊ အဲ ဟုတ်ပြီ ဟုတ်ပြီ'

မြရင်စိန်သည် သူ၏ ခွဲသတ္တိများကို ပြန်လည်၍ စုစည်းလိုက်၏။ သောကဗျာပါဒတို့ကို ဇွတ်အတင်း နှင်ထုတ်လိုက်၏။ ဘဝကို အရှုံးမပေးသော မာန်မာနကို တံခွန်ထူပစ်သည်။ လောကတွင်း ဝင်ရောက်လာမည့် လူသားတစ်ယောက်ကို ကြိုဆိုရန် ကြီးမားသော အင်အားတစ်ရပ်ကို ဖိုက်ထုတ်လိုက်သည်။

တစ်ခဏအတွင်းမှာပင် ရင်သွေးငယ်၏ လက်ရုံးကိုဆန့်တန်းကာ အော်ဟစ်မြည်ကြွေးလိုက်သံကို ကြားရလေသည်။

◆ ◆ ◆

'မြရင်စိန် ကိုသောင်းထိုက်၊ မြရင်စိန် ကိုသောင်းထိုက်'

ဆေးရုံမှာတော့ ကလေးအမေအမည်နှင့် အဖေအမည်ကို ယှဉ်တွဲ၍ ခေါ်နေကျ။ သို့မှသာ နာမည်တူရှိလျှင် မမှားနိုင်။ မြရင်စိန်နားထဲမှာမူ ထိုသို့ခေါ်သံ ကြားလိုက်ရတိုင်း သောကလှိုင်းတို့ တလိပ်လိပ်တက်လာသည်။

'မြရင်စိန် ကိုသောင်းထိုက်၊ ဒီအခန်းထဲမှာရှိသလား'

ဆရာမအသံက စူးစူးဝါးဝါးပေါ် ထွက်လာသည်။

'ရှိပါတယ်ရှင့်'

'ရှိရင်လဲ ထူးမှပေါ့၊ ကလေးနို့လာတိုက်နိုင်ပြီနော်'

ကလေးတဲ့။ မြရင်စိန်ရင်မှာ ဟာခနဲ ဖြစ်သွားပြန်သည်၊ ရင်သွေးကိုပင် မကြည့်ရသေးပါကလား၊ ကလေးကိုမြင်လျှင် သူ့ရင်မှ ဝေဒနာကို ချုပ်တည်းခြင်းငှာ မစွမ်းမည်ကို စိုးသည်။ သို့သော် ခဏချင်းမှာပင် သူ့စိတ်ကို ပြန်တင်းသည်။ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် သူ့သားကို သူ မွေးရမည်။ ငယ်မူငယ်သွေးဖြင့် ပြည့်ဝစဉ်ကထားရှိခဲ့သော အားမာန်တွေ ဘယ်ပျောက်ကုန်ပြီနည်း။

ကလေးငယ်ကို နို့တိုက်ဖို့ အိပ်ယာလိုက်သောအခါတွင်မူ သူ့ရင်မှာ မကြုံဖူးသော တန်ခိုးသတ္တိဖြင့် တရှိန်ရှိန်ပျံ့နှံ့လာလေသည်၊ ဒို့ ချစ်စရာ့ သားယောကျ်ားလေးပါလား။ သည်လိုခွန်အားရှိသော သားတစ်ယောက်နှင့် သည်တစ်ဘဝသာမက ဆယ်ဘဝပင် ရင်ဆိုင်ရစေဦးတော့ ဘာလို့ကြောက်ရမည်လဲ။

ကလေးငယ်သည် နို့ရည်မပြည့်တတ်သေးသော အမိနို့ရည်ကို အငမ်းမရ စို့၏။ လူသည် မွေးဖွားစကပင် အာဟာရမှီဝဲဖို့ကို အလိုလိုသိလေသည် တကား။ ထို့နောက် သူသည် ဘဝတစ်လျှောက်လုံး သူ့ဝမ်းကိုဖြည့်ရန် ကြိုးပမ်းရပေဦးမည်။ လူ့လောကကို ဝင်ရောက်လာသူတို့တွင် ကုသိုလ်ကံ အကြောင်းတရားသည် ကိုယ်နှင့်အတူ ကပ်၍ ပါလာပေလိမ့်မည်။ ချမ်းသာ ကြွယ်ဝသူ၏ဝမ်း၌ ဝင်စားရသူသည် လူ့ဘဝကိုချမ်းသာခြင်းဖြင့် စပေမည်၊ ဆင်းရဲချို့တဲ့သူ၏ ဝမ်း၌ သန္ဓေတည်ရသူသည် လူ့ဘဝ၏ ခက်ခဲကြမ်းတမ်းမှုကို ဦးစွာ ရင်ဆိုင်ရပေမည်၊ မိမိ၏ ကြိုးပမ်းအားထုတ်မှုဟူသည်လည်း ဘဝအခြေခံကိုမူတည်၍ အောင်မြင်မှု ဆုံးရှုံးမှုတို့ကို ဖြစ်ပေါ်စေပေလိမ့်မည်

သာအခြေခံကောင်းဘဲနှင့် ကြိုးပမ်းအားထုတ်မှုဖြင့် အောင်မြင်ချမ်းသာသော သူ ရှိကောင်းရှိမည်။ သို့သော် အခွင့်အလမ်းဟူသည်မှာ ပြီးပြည့်စုံသူတို့အတွက်သာ ပို၍ ဟင်းလင်းပွင့်လျက် ရှိပေသည်တကား။

ကလေးငယ်သည် အမိရင်ခွင်ထက်တွင် ငြိမ်းချမ်းစွာ အိပ်ပျော်သွား၏။ မျက်ဝန်းအစုံသည် အပြစ်ကင်းစွာ မှေးမှိတ်လျက် ရှိပြီ။ ကလေးကို ဆရာမလက်သို့ ပြန်အပ်လိုက်သည်။ ထိုအခိုက်မှာပင် ခေါင်းထဲမှာ မိုက်ခနဲ မူးဝေ သွားတော့သည်။

'အား မူးလိုက်တာ အစ်မရယ်'

'ကဲ လာ လာ'

သူ့ကို အခန်းထဲ ပြန်လည် တွဲခေါ်သွားကြသည်။ ဆရာဝန်က လာရောက် စစ်ဆေးသည်။

'သွေး သွင်းဖို့လိုတယ်၊ အိမ်ကလူလာရင်ပြော၊ သွေးသွင်းရမယ်လို့ သွေးအစား ပြန်လှူနိုင်မလား'

မြရင်စိန် မျက်စိအစုံကိုမှိတ်၍ ခေါင်းခါသည်။

'မင်း ယောကျ်ား ညနေကျရင် လာမယ်မဟုတ်လား၊ ပြောပြပေါ့'

မြရင်စိန် ခေါင်းခါပြန်သည်။

'သွေးသွင်းမှ အားရှိမှာပေါ့၊ သွေးအား သိပ်နည်းနေတယ်လေ၊ အိမ်ကို ပြောပြ၊ ဆွေမျိုးထဲမှာ သွေး အစားပြန်ပေးနိုင်မယ့်လူ မရှိဘူးလား'

'ဟင့်အင်း၊ ကျွန်မမှာ ဆွေမျိုးမရှိဘူး'

မြရင်စိန် ခေါင်းကိုတွင်တွင်ခါပြီး ပြောလိုက်သည်။ သူ့ခဲအို လူမမာနှင့် စိတ်မငြိမ်သော အစ်မသည် ဘယ်မှာလျှင် သွေးကို ဖောက်ထုတ်ပေးနိုင်ပါမည်နည်း။

'မင်း ယောကျ်ားကော'

'သူ မရှိဘူး'

'တောင် မင်း ယောက်ျား မရှိဘူးလား၊ ခရီးထွက်နေလို့လား'

မြရင်စိန် ခေါင်းကို သွက်သွက်ညိတ်လိုက်သည်။ ဆရာဝန်က တစုံ တစ်ရာကို ညွှန်ကြားပြီး ပြန်ထွက်သွားလေသည်။

ခေါင်းထဲတွင် ရီဝေလျက်ရှိ၏။

❖ ❖ ❖

ဧည့်သည်တွေ တဖွဲဖွဲ ဝင်၍လာ၏။

ရောဂါ အနာတရရှိသူများ မဟုတ်၍ လူနာများကလည်း ပြုံးပြုံး ရွှင်ရွှင် ရှိပါပေသည်။ သတင်းမေးသူကလည်း ဝမ်းမြောက်ရွှင်လန်း၍ နေသည်။ မင်္ဂလာသတင်းပင် မဟုတ်ပါလား။ ကလေးအမေများသည် သူတို့၏ ရင်သွေးတစ်ယောက်ဖွားမြင်ခြင်း အတွေ့အကြုံကို ဂုဏ်ယူ ဝင့်ကြွားစွာ ပြန်လည်ပြောပြနေကြသည်။ ခင်ပွန်းသည်တို့သည် သူ့ဇနီးများကို တယုတယ ကြင်ကြင်နာနာ ဆက်ဆံကြသည်။ ပြည့်စုံကြွယ်ဝ သူတို့သည် အင်အားရှိစေမည့် စားကောင်းသောက်ဖွယ်တို့ကို အလျှံပယ် ယူဆောင်လာကြသည်။

မြရင်စိန်က အပြင်ဘက် စင်္ကြံပေါ်မှာထုတ်ထားသော သူ့ခုတင်လေး ပေါ်မှာ ငြိမ်သက်စွာပင် လဲလျောင်းနေသည်။ ဝင်လာသော ဧည့်သည် များကို ကိုယ်နှင့်မဆိုင်သလို အကြောင်းသား ငေးကြည့်နေမိသည်။ ဧည့်သည်ချိန် တစ်ဝက်ကျိုးကာနီးမှ သဲလုံးသည် ထမင်းချိုင့်လေးကိုင်၍ ရောက်လာလေသည်။

မြရင်စိန်သည် သူ့အစ်မချက်ပေးလိုက်သော ဟင်းခါးနှင့် ထမင်းကို မြိန်ယှက်စွာ စား၏။ ငရုတ်ကောင်းနှင့် ငါးပိကဲသော ဟင်းရည်သည် သူ့ လည်ချောင်းတစ်လျှောက် ပူလောင်စွာ ကျဆင်းသွားသည်။ မြရင်စိန် ထမင်းစား၍ မပြီးခင်မှာပင် ဂိုလ်ကျော် ရောက်လာလေသည်။

'သူတို့သတင်း ဘာကြားသေးလဲ ဟင်'

ဝတ္ထုရှားအရ သတင်းလာမေးသော ဂိုလ်ကျော်ကို မြရင်စိန်က သူ သိလိုသည်ကိုသာ မေးမိပြန်သည်။

'သူတို့အမှုကို ဘယ်တကိုင်မလဲတော့ မသိဘူး မြရင်စိန်၊ ခုတော့ ဆော်လမြိုင်မှာပဲ ရှိလိမ့်မယ်'

'ငါ သူ့ကို သွားတွေ့ချင်လိုက်တာဟယ်'

'နင် နေကောင်းတော့သွားပေါ့ မြရင်စိန်'

ဘာပဲဖြစ်ဖြစ် ကြုံလာသမျှကို နှစ်ယောက်အတူ ပြေး၍ ရင်ဆိုင် လိုက်ချင်စိတ်များ တဖွားဖွားပေါ်လာသည်။ ယခုတော့ သူတို့မျှော်မှန်းခဲ့ သော အနာဂတ်အဆောက်အဦကြီး သည်လည်း ကွဲအက်ကြေမွ၍ သွားပေပြီ၊ မည်သည့် အခြေအနေကို ရောက်သည်ဖြစ်စေ နှစ်ယောက်အားနှင့်သာဆိုလျှင် မြရင်စိန် မကြောက်။

'ဦးခင်မောင်သောင်းက ဘာလို့ ခေါင်းရှောင်နေတာလဲဟယ်၊ သူတို့ နည်းနည်းတော့ ကူညီဖို့ကောင်းတာပေါ့ ငါပြောတာ ဟုတ်တယ် မဟုတ်လား ဂိုလ်ကျော်'

'သူတို့ကိုတော့ ထည့်မတွက်နဲ့ မြရင်စိန်၊ သူတို့ကတော့ သူတို့ဘေးကင်း အောင် ရှောင်နေမှာပဲ'

'တကယ်တော့ ငါတို့တွေက ထမင်းတစ်လုတ်စားရဖို့ မလုပ်ချင်ဘဲ လုပ်နေရတဲ့ သူတွေပါဟယ်၊ ဘယ်တော့မှလည်း ကြီးပွားချမ်းသာလာမှာ မဟုတ်ပါဘူး၊ ခံရတာရှိတော့သာ ခံရတာပါ'

မြရင်စိန်က သူ့ရင်ထဲမှာရှိတာကို ပြောနေမိသည်။ မျက်ရည်တွေလည်း ဝဲလာသည်။

'နင် မငိုပါနဲ့ဟာ၊ သွေးနုသားနုနဲ့၊ ငါတတ်နိုင်သမျှ ကူညီပါမယ်၊ ဘောင်းထိုက် သတင်းကိုလည်း စုံစမ်းပေးပါ့မယ်၊ ဒီမှာ မြရင်စိန်၊ ဒီတစ်ခါတော့ ငါကူညီတာ လက်ခံပါနော်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့ စေတနာနဲ့ကူညီတာပါ'

ဗိုလ်ကျော်က ငွေစက္ကူအချို့ကို မြရင်စိန် ခေါင်းအုံးနားမှာ ချထားခဲ့ပြီး တစ်ပြိုင်တည်း လှည့်ထွက်သွားသည်။ မြရင်စိန် ငေး၍ ကျန်ရစ်၏။

ဧည့်သည်အချို့သည် ကလေးမွေးထားသော အခန်းရှေ့တွင် ကလေးကြည့်ရန် တိုးဝှေ့နေကြလေသည်။

❑

# ၁၅

အဖြစ်အပျက်အားလုံးသည် အိပ်မက်သဖွယ် ပိုးတဝါး ဖြစ်နေကြလေသည်၊ သို့သော် အိပ်မက်မဟုတ်သည်က ခက်လှ၏။ အိပ်မက်ထဲတွင် အမြင့်ကို ခဲယဉ်းစွာတက်ပြီး ခြေချော်ကျသည့်အခါ အေးခနဲ စိမ့်ခနဲ ဖြစ်သွားတတ်သည်။ ထိုအချိန်မျိုးတွင် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးတတ်သည်၊ တထိတ်ထိတ်ခုန်သော ရင်သည် 'ငါ အိပ်မက် မက်နေတာပါလား' ဟုသော အသိကြောင့် အတိုင်းမသိ ဝမ်းမြောက်ရစမြဲပင်။ ယခုတော့ အိပ်မက်မဟုတ်၊ ချောက်ထဲကို တစ်ဆင့်ပြီး တစ်ဆင့် လိမ့်ကျခဲ့ပြီ၊

အစပထမပိုင်းတွင် အားလုံး ချောမောစွာရှိခဲ့သည်ပင်။ နောက်ဆုံးစွန့်စားခြင်းအဖြစ် သူတို့ စွန့်စားခဲ့ကြသည်၊ သည်တစ်ခေါက် အဆင်ပြေလျှင် သူတို့ အတွက် တစ်သက်လုံး အဆင်ပြေဖို့သာ ရှိတော့သည်။ သူတို့အဖို့ သားနှင့် မယားနှင့် အတည်တကျနေကာ အေးကင်းရှန်ကင်း ဈေးရောင်းစားဖို့သာ ရှိတော့သည်၊ အောင်နိုင်ကလည်း သည်လောကကို စွန့်ခွာကာ ဗိုဘရပ်ထဲ ပြန်တော့မည်။ မိဘသဘောတူသည့် မိန်းကလေး တစ်ယောက်ကို ယူပြီး အေးအေးဆေးဆေး နေရုံသာ၊

သွေးမိုးသားမိုးဆိုလျှင် ခိုသာသေး၏။

ယခုတော့ အနေသာအချော စဉ်းစားလျှင် ညစ်သူ့ရှိမှန်း သိသာသည်။ ရန်ကုန်မှာ ပစ္စည်းဝယ်ကာတည်းက သူတို့ခြေလှမ်းကို သိနေသူတွေ ရှိရမည်။ အကျိုးတွေ မဟုတ်တော့ဘူးဆိုတော့လည်း အတို့ကအထောင် လုပ်ချင်သူတွေ ရှိပေမည်။ ကိုယ့်ပစ္စည်းလွတ်အောင် သူများပစ္စည်းကို လက်ညှိုးထိုးချင် ထိုးပေမည်။ အခေါက်ခေါက်အခါခါ သွားလာနေသူတွေ လွတ်သွားကြ၏၊ တစ်ခေါက်တလေ ပွပေါက်တိုးမလားဟု ထလုပ်သည့် သူတို့လိုကောင်တွေ မိသွားသည်။ ဘာတတ်နိုင်မည်လဲ။

လေပြင်းတိုက်လျှင် အကိုင်းအခက်တို့တသာလျှင် ဦးစွာ ကျိုးကျ၏။

တကယ်တော့ သူတို့အဝသည် အမှောင်မှာလျှောက်ရင်း အသွတစ ချောက်ထဲကျရသည့် အဖြစ်။ အစကတော့ သည်လမ်းကို ရှောင်ရှောင် ချွေးသောက် မထင်မှတ်ဘဲ လျှောက်ခဲ့မိခြင်း။ နောက်တော့လည်း ထမင်း စားရေး အလုပ်တစ်ခုအဖြစ် မှီတွယ်လာသည်။ နှောင်တရသည့်အခါ လည်း ရှိ၏။ လောဘတက်မိသည့်အခါလည်း ရှိ၏။ သည်တစ်ချီ ဟန်ကျ လိမ့်နိုး သည်တစ်ခါ တစ်သက်ဖာ ဖူလုံလိမ့်နိုးဖြင့် မျှော်လင့်ချက်သံသရာ မှာ ကျင်လည်ရင်း ရှေ့သို့ ခွတ်တိုး ဝင်မိခဲ့ကြသည်။ တကယ်တမ်းတော့ သူတို့မှာ မည်သည့်အခါမှ ဟန်ကျမလာခဲ့ကြ။ နေဖို့ စားဖို့ထက် ပိုမို ဘာမှ အရာမထင်ခဲ့ကြ။ ယခုတစ်ခါ လွတ်မြောက်၍ ရှေ့ဆက်မိလျှင် လည်း အကြောင်းထူးမည်တော့ မဟုတ်။

သောင်းထိုက်ကတော့ ယနေ့အထိ သူသည် တရားဥပဒေကို ဆန့်ကျင်သည့်အလုပ်ကို လုပ်ခဲ့သည်ဟု မိမိကိုယ်ကို မယုံကြည်နိုင်သေး။ အများပြောကာလိုမှပင် သူသည် ရောင်းဝယ် စားသောက်နေသူဟုသာ ခြေသိမ့် တွေးထင်ခဲ့၏။ တိုင်းပြည်ကို ရောင်းစားလိုစိတ်၊ လူမျိုးကို သစ္စာဖောက်လိုစိတ် သူ့တွင် အလျှင်းမရှိ။

သူတို့ကို ပုဒ်မ ၂၄ (၁) အရ အရေးယူခြင်း ခံရလေသည်။ သူတို့ အုပ်စုနှင့်အတူ ရွှေချောင်း ငါးသောင်းဖိုး အမိခံလိုက်ရသည်။ သူ့ဝေစု ကတော့ အနည်းငယ်မျှသာ၊ ကျန်သည့် လူတွေကလည်း ကိုယ်ပိုင်ပစ္စည်း နည်းသည်။

စ ထွက်ကတည်းက အဆင်မပြေလှ။ ပီနံဘက်သွားဖို့ အစီအစဉ် သည် ရုတ်တရက် ပျက်သွား၏။ အောင်နိုင်နှင့် ဦးခင်မောင်သောင်းတို့ အရောင်းအဝယ် မဖြစ်၍ အောင်နိုင်က အစိမ်း မဝယ်တော့ဘဲ အဝါဝယ် သည်၊ ခရီးလမ်းကြောင်းကိုလည်း ပြောင်းလိုက်သည်။ သို့သော် အထွက် မှာပင် အမိခံရ၏။ ဇာသပြင်မှာ စစ်ဆင်ရေးနှင့် တိုးသည်။ သွားပေရော။

သောင်းထိုက် ကိုယ်ပေါ်မှာ ဘာမျှမတွေ့၊ အောင်နိုင့် ကိုယ်ပေါ်မှာ နှစ်ခု တွေ့သွားသည်၊ သို့သော် အုပ်စုနှင့် လာသည့်ကိစ္စ မျှမျှတတ ခံဖို့သာ ရှိသည်၊ အောင်နိုင်က သူ့ကို ဇွတ်အတင်း ဆွဲထုတ် ဖယ်ရှားပေးသည်။

'မင်း လွတ်နေတာပဲ၊ ရှောင်လိုက်စမ်းပါ၊ မင်းမှာ နောက်ပိုင်းက ရှိသေးတယ်၊ ငါက တစ်ကိုယ်ရေသမား'

သောင်းထိုက်ကတော့ ကိုယ်လွတ် မရုန်းချင်၊ အောင်နိုင်က ဇွတ် ပြောသည်။

'မင်း ဝန်ခံစရာ မလိုဘူး၊ မင်းကိုယ်ပေါ်မှာ ဘာမှ မတွေ့တာ'

သို့သော် သောင်းထိုက် ပေကတ်ကတ် လုပ်နေ၍ ရောပါသွားသည်၊ အချိန်တွေ လွန်လာသည်၊

သောင်းထိုက် အတွေးမှာ မြရင်စိန် မျက်နှာကို မြင်ယောင်လာ၏။ ဖိုင်မှာ မီးတောက် ဒီဇင်ဘာ ပြစ်နေမည့်အရေးကို တွေးမိလာသည်။ သောင်းထိုက် နေမချိတော့ပြီ၊ မိသားစုတစ်စု၏ အသက်ရှင်ရေးသည် သူ့အပေါ်မှာ များစွာ မူတည်နေပေပြီ။

တစ်စ တစ်စ စိတ်ဓာတ်ကျဆင်းလာသော သောင်းထိုက်ကို အောင်မို့က အကြိမ်ကြိမ် နားဝင်အောင် ပြောသည်။ သောင်းထိုက် အံကိုတင်း၍ ခေါင်းညိတ်ရသည်။ နောက်တစ်ကြိမ်စစ်ဆေးတော့ သောင်းထိုက်အတွက် အာမခံရသည်။

သူသည် မိခင်လက်မှ လွှတ်ခဲ့ရစဉ်ကလိုပင် ငွေငါးဆယ်မျှနှင့် သူ့ဘဝသို့ ပြန်ဝင်လာခဲ့လေသည်။

❖ ❖ ❖

'ဒါ ရှင့်ကလေး ဟုတ်တယ်နော်'

'ဟုတ်ပါတယ်'

သူနာပြုဆရာမက ကလေးကို မြရင်စိန့်လက်ထဲ ထည့်ပေးသည်။

'တစ်ယောက်တည်းလား၊ အိမ်ကကြိုသူရှိလား'

'ရှိပါတယ် ဆရာမ'

ကလေးငယ်ကို ချီပွေ့၍ မြရင်စိန် ထွက်လာခဲ့သည်။ မြရင်ကြည်သည် ပြုံးကျယ်သော မျက်ဝန်းအစုံဖြင့် သွေးသိမနှင့် ကလေးကို စောင့်နေ၏။ သူတို့နှစ်ယောက် ဆေးရုံ ဓာတ်လှေကားမှ ဆင်းလာကြသည်။

'ကလေးကဟယ်၊ သောင်းထိုက်နဲ့တူလိုက်တာ လွန်ရော'

မြရင်ကြည်၏ စကားကြောင့် မြရင်စိန် မျက်နှာညှိုရပြန်သည်။ မြရင်ကြည်ကတော့ ဘာမျှမသိတတ်။

'အခုနေများ သောင်းထိုက်တွေ့ရင်လေ ဝမ်းသာလိုက်မယ့်ဖြစ်ခြင်း'

ဆေးရုံရှေ့မှ တစ်လှမ်းချင်း ထွက်ခဲ့ကြသည်။

'ဘတ်စ်ကားစီးလို့တော့ မဖြစ်ဘူးတယ်၊ သုံးဘီးငှားမှ'

'နှင့်မှာ ပိုက်ဆံပါလား'

မြရင်ကြည် သွေဘော်လီ အိတ်ကပ်ထဲ လက်နှိုက်ကြည့်သည်။ ငါးကျပ်တန်တစ်ရွက် ပါလာသည်။ 'ကိုအောင်စိန် ပေးလိုက်တာ'ဟု နှုတ်မှလည်း ပြောသည်။ ကားတစ်စီး သူတို့ဘေးကို ထိုးဆိုက်လာသည်။

'အစ်မ ဘယ်သွားမလဲ'

'ဝွတ္တလစ်ကို'

'တစ်ဆယ်ပေးဗျာ'

ကားက ကိုယ်ပိုင်ကားလေး။ ဆေးရုံမှဆင်းသူများသည် အဆင်သင့်ရှိသော ကားကို ငွေပေါပေါပေး၍ စီးကြရမြဲ၊ မြရင်စိန် ခေါင်းခါလိုက်သည်။

'ကျွန်မတို့မှာ ငါးကျပ်တည်း ပါတာတော့'

မြရင်ကြည်က ပြောလိုက်သည်။ ကားက ပြန်ကွေ့သွားသည်၊ နောက်တစ်စီး လာပြန်သည်။

'တော်ပါပြီဟယ်၊ ဒီကားတွေ မစီးပါနဲ့၊ ငါ သုံးဘီးစောင့်တားဦးမယ်'

မြရင်ကြည်ကပြောပြီး လမ်းတစ်ဖက်သို့ ကူးသွားသည်၊ မာဇဒါကားလေးသည် မြရင်စိန်နားမှာ ရပ်လိုက်သည်။ ကားထဲမှ လူများသည် မြရင်စိန်ကို သေသေချာချာ ကြည့်နေကြသည်။ နောက်တော့ လူတစ်ယောက် ဆင်းလာသည်။

'ဗိုလ်ကျော်'

မြရင်စိန်က ရေရွတ်လိုက်သည်။ ဗိုလ်ကျော့်မျက်နှာ ပြုံးနေသည်။ နောက်တစ်ယောက် ဆင်းလာသည်၊ ကားမောင်းသူ ကိုကြည်မောင်။

'ကိုကြည်မောင်'

မြရင်စိန် နှုတ်ခမ်းတွေ တုန်လာသည်၊

နောက်ဆုံးလူကို မြရင်စိန် ကြည့်မိပြီ။ ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ မျက်လုံးတွေ ပြာလာသည်။ ခေါင်းသည် တရိပ်ရိပ် မူးလာသည်။ မြရင်ကြည်သည် လမ်းတစ်ဖက်မှ ပြန်ပြေးလာသည်။

'မြရင်စိန် မြရင်စိန်'

ကလေးကိုချီယူပြီး မြရင်စိန်ကို ကားပေါ် ပွေ့တင်ကြရလေသည်။ အတန်ကြာမှ မြရင်စိန် မျက်လုံးများ ပွင့်လာသည်။ မျက်ရည်များကြားမှ အားယူ၍ ပြုံးလိုက်သော မြရင်စိန်၏ အပြုံးကို မြင်ကြရလေသည်။ သူသည် သောင်းထိုက်၏ လက်မောင်းတစ်ဖက်ကို တင်းတင်းဆုပ်ထားလိုက်သည်။

သူတို့အားလုံးသည် အနိုင်အခဲတစ်ခုကို မျိုချထားရသလို ရင်ထဲမှာ လေးလံလှသော်လည်း သူတို့မျက်နှာကိုတော့ တတ်အားသမျှ အပြုံးနှင့် ဖုံးကွယ်ထားကြလေသည်။ မြရင်စိန်အဖို့တော့ သောင်းထိုက် ပြန်ရောက်လာသည့်အတွက် ဘာမဆို ရင်ဆိုင်ပုံပြီ။ နောက်ဆုံး ဘဝကို အစကပြန်စရေဦးတော့ သူ မမှုပြီ။

သူတို့ဆေးရုံရှေ့မှ ထွက်ခွာလာကြသည်။ မြရင်စိန်သည် သောင်းထိုက်ကို မှီ၍ လိုက်လာ၏။ မြရင်ကြည်သည် ကလေးကိုချီရင်း ပါးစပ်မှလည်း စကားတွေ တတွတ်တွတ် ပြောလာလေသည်။

'ငါ့စိတ်ထဲကတော့ အထင်သား၊ ခုနေများ သောင်းထိုက် ရောက်လာရင် ဘယ်လောက် ကောင်းမလဲလို့ ခုကြည့် ရောက်လာတာ သောင်းထိုက် နင် အဖမ်းခံရတယ်ဆို၊ ခု လွတ်လာပြီပေါ့ ဟုတ်လား'

သောင်းထိုက်က ပြုံးရွှယ် ခေါင်းညိတ်လိုက်သည်။

'နင် ထောင်မကျဘူးပေါ့နော်'

အားလုံး တိတ်ဆိတ်နေကြသည်။ မြရင်ကြည်သည် သူ့အမေးနှင့် သူ ဖြေသူမရှိဘဲ တစ်ယောက်တည်း စကား ပြောလာလေသည်။

'ကံကြီးပေလို့ပေါ့နော်၊ ထောင်မကျတာ တော်ပါသေးရဲ့၊ တော်ပါသေးရဲ့၊ နို့မဟုတ်ရင်တော့ အခက်ပဲ၊ ထောင်မချတဲ့ ပြန်လွှတ်လိုက်တာ မောင်မင်းကြီးသားတွေ ကျေးဇူးကြီးပါပေတယ်၊ ကျန်းမာကြပါစေတော်၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ'

မြရင်ကြည်၏ အသံသည် တစ်ကားလုံးကို လွှမ်းခြုံ၍ သွား၏။ သောင်းထိုက်နှင့် မြရင်စိန်သည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ မချိပြုံး ပြုံးမိကြလေသည်။ သူတို့အဖို့တော့ ဘဝကို ဘယ်လိုပြန်စရမည် မသိသေး၊ ရင်မောလှ၏။

မြရင်စိန်ကတော့ အမေရှိစဉ်က ဘုရားရှိခိုးအပြီး မေတ္တာပို့သလိုပင် တစ်လောကလုံး ရှိရှိသမျှ သတ္တဝါအားလုံးကို ကျန်းမာ ချမ်းသာ၍ ဘေးဘယာ ဝေးကွာပါစေကြောင်း မေတ္တာ ပို့လိုက်ချင်မိလေသည်။

၂၈ ၅ ၁၉၇၈။ — မိုးမိုး (အင်းလျား)